မောင်မောင်ထွန်းအောင်

(ကျန်းမာရေး)

နာမည်လေးက မနှင်းဆီ

နှင့်

မဓွေးဝင်းဝေ | တို့မျှ

မောင်မောင်ထွန်းအောင်

(ကျန်းမာရေး)

နာမည်လေးက မနှင်းဆီ

နှင့်

မဂ္ဂဇင်းဝတ္ထုတိုများ

ဟိန်းထက်စာပေ

ဤတာဝန်အရေးသုံးဝါး

ပြည်ထောင်စုပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အောင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ အောင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ဟိန်းထက်စာပေ

စာမူခွင့်ပြုချက် ● ၉၄၇/၉၉(၁၂)
မျက်နှာဖုံးခွင့်ပြုချက် ● ၈၂၅/၉၉(၁၂)
အကြိမ် ● ဖေဖော်ဝါရီ၊ ၂၀၀၀
အုပ်ရေ ● ၁၀၀၀
တန်ဖိုး ● ၃၅၀ ကျပ်
ကွန်ပျူတာ စာစီ
စာပြင် စာမျက်နှာဖွဲ့ ● KZaw DTP

ထုတ်ဝေသူ ● A.A. ၁၀၁၃၇၅ ဒေါ်ရွှေအိမ်
တိုင်းလင်း စာပေတိုက်
၈/၆၅ အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်။
ပုံနှိပ်သူ ● ဦးကျော်ဌေး (၀၂၇၇၃)
ရွှေငွေကျော် ပုံနှိပ်တိုက်
အမှတ် ၄၆၇၊ (၆၄) တွက်
စက်မှုဇုန်(၂) တ/၁၇
ဖုန်း– ၅၉၀၀၅၁
မျက်နှာဖုံးပုံနှိပ် ● ကျောက်စိမ်းအေ့ဖ်ဆက်
ဦးကျော်စိန်(မြို–၀၂၉၀၉)
အမှတ်–၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ ● မြတ်မင်းဟန်
မျက်နှာဖုံးဒီဇိုင်း ● မောင်နေကြည်

မာတိကာ

'ကျန်းမာရေးနှင့် ပြည့်စုံသော' ဝတ္ထုတိုများ ၇
ဖတ်ကြည့်ကြစို့ အရပ်ကတို့ ၁၅
လင်းရောင်တင်၏ အမှာ ၁၇
ထီလာစိုးမြင့်ထယ်၏ အမှာစကား ၂၁
အမှာစကား ၂၇
ချစ်ကြိုးနောင် ၂၉
မေတ္တာအားမာန်ရှင် ၆၉
နာမည်လေးက မနှင်းဆီ ၁၁၉
မျှော်လင့်နေခြည် ၁၆၇
ထိုခဏ ၁၈၃
မနက်ဖြန်တိုင်းလွမ်းပါရစေ ၂၀၅
တမ်းတခြင်းမျက်ဝန်း ၂၃၉
တစ်ခြမ်းပဲ့ပြေတတ် ၂၇၇
မွေးဝန်းတစ်ပွင့် ၂၉၃
အကြင်နာ ၃၂၁

'ကျန်းမာရေးနှင့် ပြည့်စုံသော' ဝတ္ထုတိုများ

(၁)

မောင်မောင်ထွန်းအောင်(ကျန်းမာရေး)။

ဤကလောင်အမည်ကို မြင်ဖူးနေခဲ့သည်မှာ ကြာပြီ။ ကြာလိုက်သည်မှာ မနေ့ တစ်နေ့ကမှ မဟုတ်။ ဆယ့်ငါးနှစ် မက ကြာခဲ့ပြီ။ ကလောင်အမည် မြင်ရခါစက။ 'မောင်မောင်ထွန်းအောင် (ကျန်းမာရေး)' ဆိုသည့် ပုဂ္ဂိုလ်ကို နဖူးပြောင်ပြောင်၊ ခုံခုံဝဝ မျက်မှန်ထူထူကြီးနှင့် လူကြီးတစ်ယောက်ဟု ထင်လိုက်မိသည်။ (ကျန်းမာရေး) ဟူသော နောက်ဆက်တွဲကြောင့်လည်း ဧရာမ ဆရာဝန်ကြီး တစ်ဦးအဖြစ် အမှတ်ယူခဲ့မိသည်။

(၂)

'မောင်မောင်ထွန်းအောင်(ကျန်းမာရေး)' ကို ဆရာဝန်ကြီး တစ်ယောက် သို့မဟုတ် ဆေးလောကမှ ဆေးပညာရှင်ကြီး တစ်ဦးဟု ထင်မှတ်မိခဲ့ခြင်း အတွက် အဆိုး မဆိုသာ။ သူ

ဆေးဆောင်းပါးများကြောင့် 'စာချင်းသိ' နေခဲ့ရသည်။ လူချင်းတစ်ဦးနှင့် တစ်ဦးကား ဘယ်နေရာ ဘယ်နေ့တွင် ဆုံတွေ့ရမည်ဟု မတွေးမိခဲ့။ စာပေလောကကြီးအတွင်း ကိုယ့်ဘဝ ကိုယ့်အခြေအနေအရ လူပ်ရှား ရုန်းကန် နေခဲ့ကြသည်။ ဆန်းတော့အဆန်းသား။ တွေ့မည် တွေ့တော့လည်း စားပွဲ တစ်လုံးတည်းတွင် မျက်နှာချင်းဆိုင် ထိုင်၍ အလုပ်လုပ်ခဲ့ရသည့်ဘဝ၊ လက်ဖက်ရည်ဆိုင် အတူ ထိုင်ခဲ့ရသည့် ဘဝ၊ လမ်းဘေး စာအုပ်ဆိုင်ကလေး များတွင် အတူ မွှေခဲ့ကြသည့် ဘဝ၊ ညပေါင်းများစွာ ညဉ့်နက်သည်အထိ အလုပ်လုပ်ပြီး လေးငါးဆယ် ပေးရသည့် အောက်ဆိုက်ကား၏ ဦးခန်းတွင် စီးခိုင်း၍ အိမ်ပြန်စေခဲ့သည့် ဘဝ၊ ကျွန်တော် မဂ္ဂင်းတစ်ခု၏ တာဝန်ခံ အယ်ဒီတာ၊ သူက နာမည်ရပြီး ပုံနှိပ်လုပ်ငန်းကြီး တစ်ခု၏ ပိုင်ရှင်ဘဝ။ ကရကာ မဂ္ဂင်းကြီး၏ 'အီမှုဆောင်အယ်ဒီတာ ဘဝ...

(၄)

'မောင်မောင်ထွန်းအောင်' နှင့် တွေ့ခါစက သူ လုပ်ငန်းခွင်မှ ညီငယ်များနှင့် ဆက်ဆံပြုမူပုံကို ကြည့်၍ စိတ် တိုတောင်းလွန်း သည်ဟု ထင်လိုက်မိသည်။ တကယ်တမ်း ပေါင်းကြည့်မှ လုပ်ငန်းနှင့် ပတ်သက်၍ သူ စည်းစနစ်ကျနမှု ရှိကြောင်း၊ စစ်တွေသားပီပီ မကြိုက်လျှင် မကြိုက်ကြောင်း ပွင့်ပွင့်လင်းလင်း အားမနာတမ်း ပြောတတ်သူ ဖြစ်ကြောင်း သိရသည်။ အများအားဖြင့် သူ စိတ် ဆိုးနေသည့် အခါတိုင်း ကျွန်တော်ဝင်၍ အကျိုးသင့် အကြောင်းသင့် ပြောရသည်။ ဤအခါများတွင် သူ့စိတ်ကို သူ လျှော့လေ့ရှိသည်။ တကယ်ဆိုရလျှင် စိတ်ဆိုးမိလျှင်လည်း

အများဆုံး ရေးတတ်သည့် စာများကိုသာ ကြည့်ပါ။ အများစုမှာ ဆေးလောကနှင့် ဆက်နွယ်နေသော ဝတ္ထု၊ ဆေးပညာပေး သုတ ဆောင်းပါးများသာ ဖြစ်နေသည် မဟုတ်ပါလော။ ဆေးဝတ္ထု ရေးသည့်အခါ ပိပြင်သည်။ ဆေးဝေါဟာရများ ထည့်သုံးရာ တွင်လည်း ပိုင်နိုင်ပါပေ့။ ဆေး ဆောင်းပါးများ ရေးသည့်အခါ စာရေးကောင်းသည့် ဆရာဝန် စာရေးဆရာကြီးများ၏ လေသံနှင့် မခြားလှ။ အကြောင်းအရာ ကောင်းကောင်းကို အရေးအသား ရှင်းရှင်းနှင့် တင်ပြနိုင်သည်။ အနီးဆုံးညွှန်ပြရလျှင် မြရိပ်ညို မဂ္ဂင်းထဲက သူလက်ရာ ဆေး ဆောင်းပါး 'ဂွတ်ဒ်ဖော်ကင်ဆာ' ကိုဖတ်ကြည့်ပါ။ ဘယ်လို လူမျိုးတွေ ကင်ဆာ ဖြစ်နိုင်သည်ကို အလွယ်တကူ သဘောပေါက်သွားပါလိမ့်မည်။ ဤ ဆောင်းပါးကို သူ ရေး၍ အောင်မြင်သွားချိန်အထိ စာရေးသူ အနေဖြင့် မောင်မောင်ထွန်းအောင်(ကျန်းမာရေး) ကို မမြင်ဘူးသေး၊ မတွေ့ဘူးသေး။ ဆရာဝန်ကြီး တစ်ယောက် သူပိုင်နိုင်သည့် အကြောင်းအရာ တစ်ခုကို လူပိန်း နားလည်အောင် ရေးထားသည့် စာကောင်း တစ်ပုဒ်အဖြစ် အမှတ်တရ သိမ်းထားမိသည်။

(၃)

ဆိုခဲ့သည့်အတိုင်း 'မောင်မောင်ထွန်းအောင်(ကျန်းမာရေး)' ဟူသော ရှည်ရှည်လျားလျား ကလောင်အမည် တစ်ခုကို တို့ကျောင်းသား၊ မိုးသောက်ပန်း၊ ရွှေသွေးနှင့် တခြားမှ ကလေး လူငယ်များ အတွက် ရုပ်ပြစာတ်လမ်းများ၊ ကြက်ခြေနီနှင့် အားကစား၊ အသွေရာ စာစောင်တွေထဲမှ ဝတ္ထုများ၊ မြဝတီ၊ ငွေတာရီ မဂ္ဂင်းထဲမှ သူ၏ ပင်တိုင် အားကစား ဆောင်းပါးများ၊

ခဏမျှသာ၊ စိတ်ဆိုး ပြေလွယ်သည်ကို သတိပြုမိသည်။ သူ့စိတ်တိုသည်ဟုသာ ကျွန်တော် ထင်ခဲ့ မြင်ခဲ့မိသည်။ ဝတ္ထုတစ်ပုဒ် ဖြစ်ဖြစ်၊ အားကစားဆောင်းပါး တစ်ပုဒ် ဖြစ်ဖြစ် သူ ရေးလျှင် စိတ် အလွန်ရှည်သည်။ တစ်ထိုင်တည်း အပြီးရေးနိုင်သည်။ အိမ်မှ ရေးလာမည် ဆိုလျှင်လည်း နောက်တစ်နေ့ လုပ်ငန်းခွင် ရောက်လာလျှင် အပြီးအငြိမ်း ပါလာတတ်စမြဲ။

(၅)

သူက ကျွန်တော့်ထက် အသက်များစွာ ငယ်ပါသည်။ အသက်အရွယ်အရ စာပေနယ်သို့ ကျွန်တော့်ထက် များစွာ နောက်ကျပြီးမှ ရောက်လာသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ဝတ္ထုရေးရာတွင် ကျွန်တော့်ထက် သာသည်။ ဇာတ်လမ်းကျော့ရိုး ကောင်းကောင်းကလေးများကို ရှာတတ်သည်။ တွေ့တတ်သည်။ ရှာတွေ့အောင်လည်း ဖန်တီးတတ်သည်။ ဇာတ်အိမ် လှလှပပ ဖွဲ့တတ်သည်။ အခုနောက်ပိုင်း အရေးအသား လိုင်းပြောင်းချင်လာသည်ထင့်။ လူစရိုက်ပုံကြမ်း (SKETCHES) များ ကြိုးစား ရေးလာသည်ကို တွေ့ရသည်။ အသက်အရွယ်နှင့် အတွေ့အကြုံအရလည်း 'ဘာသာရေး' ဘက် အတော် ကလေး ရောက်လာသည်။ ဘာသာရေး ဆောင်းပါးများ၊ ဘာသာရေး ဝတ္ထုများ ရေးလာသည်။ ဝေပုလ္လ မဂ္ဂဇင်းပါ သူ၏ 'ဓမ္မာရိပ်ကအပြန်' ဘာသာရေး ဆောင်းပါးကို လူကြိုက်များခဲ့၏။ တစ်ခါက ကွန်ပျူတာလုပ်ငန်း တစ်ခုတွင် နာမည်ရ စာရေးဆရာ ဗိုလ်မှူးကြီးတစ်ဦးနှင့် တရားခွေးနွေးနေသံကို ပင် အမှတ်ထင်ထင် ကြားခဲ့ရသည်။ တရားခွေများလည်း ဖွင့်၍

နားထောင်သည်။ တစ်ခါတစ်ရံ စာအုပ်များကို အသံ ကျယ်ကျယ်ဖြင့် ဖတ်ပြီး အသံ သွင်းယူလာတတ်သည်။ လုပ်ငန်းခွင် ရုံးခန်းကလေးထဲတွင် ညနေအောင် ပြန်ဖွင့်ပြတတ်သည်။ ထူးခြားချက် တစ်ရပ်လည်း ရှိသေးသည်။ စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့များတွင် မြဝတီမဂ္ဂဇင်း အယ်ဒီတာ(အငြိမ်းစား) တစ်ဦးနှင့် 'နေမိုးဒီတရားစခန်း' သို့ သူ သွားတတ်ခြင်းပင်။ ထို တရားစခန်းသို့ အလုပ်မည်မျှ များနေပါစေ၊ သူရောက်အောင် သွားတတ်သည်။ အပေါင်းအသင်း မိတ်ဆွေများကိုလည်း မကြာမကြာ သွားရောက် ပို့ပေးတတ်သည်။

(၆)

ဤစာရေးရင်း တစ်စုံတစ်ခုကို သတိရလာသည်။ ဝတ္ထုတစ်ပုဒ်ရေးတိုင်း ပြုတတ်သော ထုံးစံကလေးတစ်ခု၊ အကျင့်ကလေးတစ်ခု၊ ရှင်းရှင်းပြောရလျှင် ကျွန်တော် စိတ် အလွန်ညစ်ရသည့် သူ့ အကျင့်ကလေး တစ်ခုကို အမှတ်ရသွားသည်။ သူ ဝတ္ထုတစ်ပုဒ် ရေးတော့မည် ဆိုလျှင် မရေးမီကပင် ဇာတ်ကြောင်းကို ဖွင့်ပြောတတ်သည်။ တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်၊ အထပ်ထပ် အခါခါ။ လေးကြိမ် ငါးကြိမ်၊ ဘယ်ပုံဘယ်နည်း ပြင်လိုက်လျှင် ကောင်းမလဲဟုလည်း ဆွေးနွေးသည်။ ရေးပြီဆိုလျှင်လည်း မြန်သည်။ ရေးပြီးပြန်လျှင်လည်း တော်တော်နှင့် မလွတ်တတ်၊ လွယ်လွယ်နှင့် စိတ်ကျေနပ်လေ့ မရှိတတ်။ သူ ရေးထားသည့် ဝတ္ထုကို သူကိုယ်တိုင်လည်း အကြိမ်ကြိမ်ဖတ်သည်။ တွေ့ရာလူကိုလည်း သုံးလေးကြိမ်မက ဖတ်ခိုင်းတတ်သည်။ ရေးလိုက် ပြင်လိုက်၊ ပြင်လိုက် ရေးလိုက်

နှင့်။ ဤနည်းဤပုံဖြင့် သူဝတ္ထု လှလှကလေးတွေ မွေးဖွားလာကြသည်။ ပုံနှိပ်စာလုံးဘဝ ရောက်ခဲ့ကြသည်။ ဝတ္ထုရေးလျှင် မောင်မောင်ထွန်းအောင်(ကျန်းမာရေး) ဟူသော ကလောင်အမည်ကို မသုံးသင့်၊ ကလောင်အမည် ခွဲပါလားဟု ကျန်တော် အကြံပေးဖူးသည်။ သူ ခါးခါးသီးသီး ငြင်းပယ်သည်။ စာရေးဆရာဘဝ ရောက်အောင် တွန်းပို့ခဲ့သည့် ဤကလောင်အမည်ကိုသာ သူ ခင်တွယ်သည်၊ မြတ်နိုးနေသည်။

(၇)

စာပေလုပ်ငန်းနှင့် မသက်ဆိုင်သော ဘဝကို ကျန်တော် ရွေးချယ်လိုက်ချိန်မှစ၍ သူနှင့် ကျန်တော် လမ်းခွဲခဲ့ရသည်။ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး တာဝန်ဖြင့်သာ ကျန်တော် မြို့ထဲ ရောက်နိုင်တော့သည်။ (၃၉) လမ်းထဲသို့ ခါတိုင်းလို နေ့စဉ် မရောက်နိုင်တော့။ လူချင်း အတန်ကြာမျှ ဝေးနေခဲ့သည်။ အနေဝေးသော်လည်း သူ စာတွေနှင့်မူ ဝေးမသွားခဲ့။ သူ၏ ကရဏာ၊ စစ်ပြန်၊ လုံမလေး၊ ဇီဝက၊ အလှသစ်၊ ဝေပုလ္လ မဂ္ဂဇင်းတို့ပါ ဝတ္ထု၊ ဆောင်းပါးများကို ဖတ်ဖြစ်သည်။ သူ့ အရေးအသားက ယခင်နှင့် လုံးဝမတူ။

(၈)

တစ်ချိန်ကဆိုလျှင် သူ တတ်နိုင်သရွေ့ မထင်ရှားနေခဲ့သည်ဟု သိရသည်။ သူ စာရေးဆရာ ဖြစ်သည်ကို လူမသိအောင် နေခဲ့သည်။ လူသိအောင် ဘယ်သူ့ကိုမျှလည်း မပြော၊ လူသိအောင်လည်း ဘာတစ်ခုမျှမလုပ်။ ရိုးရိုးကုပ်ကုပ် နေထိုင်သည်။ သူ သန့်သည့် အလုပ်၊ သူဝါသနာပါသည့် အလုပ်ခွင်

တွင်သာ နစ်မျောနေခဲ့သည်။ သို့ရာတွင် ကျွန်တော်နှင့် တွေ့ချိန်မှ စ၍ သူ အပြောင်းလဲကြီး ပြောင်းသွားရပြီဟု ဆိုချင်သည်။ အဆိုးနဲ့ အကောင်း လောကဓံ နှစ်ရပ်ကိုလည်း သူ တစ်ပြိုင်တည်း ခံစားခဲ့ရရှာသည်။ (၃၉) လမ်းထဲက သူ့ အလုပ်ခန်းကလေးတွင် ကျွန်တော် တာဝန်ယူ လုပ်ကိုင်ပေးနေရသည့် မဂ္ဂဇင်းတိုက်ကို (အခန်းငှားခ တစ်ပြား တစ်ချပ်မျှ မယူ) လာရောက် ဖွင့်ထား လုပ်ကိုင်ခွင့် ပြုလိုက်ချိန်မှ စ၍ ကျွန်တော် ချစ်သော စာရေးဆရာ အပေါင်းအသင်းများ နေ့စဉ်လိုလို ရောက်ကြသည်။ သူ့ကို စာရေးဆရာ 'မောင်မောင်ထွန်းအောင် (ကျန်းမာရေး)' ဖြစ်ကြောင်း ပို၍ သိသွားကြသည်။

အထူးသဖြင့် သူ ကိုယ်တိုင်ကလည်း စာတွေ အဆက်မပြတ်အောင် ရေးနေသူ၊ နောက်ပြီး သူက စာရေးဆရာဆိုလျှင် အချိန်မရွေး၊ နေရာမရွေး တရင်းတနှီး တွေ့ဆုံ စကားပြောနေချင်သူ၊ မူလကတည်းက အပေါင်းအသင်း ခင်တွယ်တတ်၊ အနစ်နာခံ ပေါင်းသင်းတတ်သူမို့ သူ့ အခန်းကလေးထဲတွင် နေ့စဉ်လိုလို လူစည်းကားနေတော့သည်။ သူ့ လုပ်ငန်းခွင်ကလေးမှာ 'စာရေးဆရာ ရိပ်သာကလေး' ဖြစ်မှန်းမသိ ဖြစ်သွားခဲ့သည်။

(၉)

ယခုတစ်လော ကျွန်တော့်ကို သူ သတိရ နေလေသလား မဆိုနိုင်။ အမြဲလိုလို ပါးစပ်ထဲတွင် ကွမ်းအပြည့် ထည့်လျက် မျက်မှန်ကြီး တဝင်းဝင်း၊ မျက်နှာထား ပြုံးပြုံးဖြင့် စာရေးနေတတ်သော သို့တည်းမဟုတ် လာသမျှ စာရေးဆရာ၊ ကဗျာ

ဆရာ၊ ပန်းချီဆရာ၊ တေးရေးဆရာနှင့် ဓာတ်ပုံဆရာများကို လမ်းထဲရှိ ဆိုင်ကလေးမှ လက်ဖက်ရည် မှာတိုက်နေတတ်သော သူ ရုပ်သွင်ကို မကြာမကြာ မြင်ယောင်လာမိသည်။ စာပေဗိမာန် စာကြည့်တိုက် ခန်းမထဲတွင် စာရေးဆရာ မြေကွက်ကိစ္စ အစည်းအဝေးတက်ရင်း သူနှင့် မမျှော်လင့်ဘဲ ပြန်ဆုံရသည်။ ပြန်ဆုံတော့ ဘာဖြစ်ရမလဲ။ သူ ဝတ္ထုတိုတွေ စု ထုတ်တော့မည့် သတင်းကြားလိုက်ရသည်။ မကြာမီ ရက်ပိုင်း အတွင်းမှာပင် ကွန်ပျူတာ စီထားပြီး သူ ဝတ္ထုဖိုင်တွဲကြီး ကျွန်တော့်အိမ် ရောက်လာသည်။ ဖတ်ကြည့်စမ်းပါဟုလည်း မဟာတာဝန်ကြီးတစ်ရပ် ပါလာသည်။

(၁၀)

မဂ္ဂဇင်းများတွင် ပုံနှိပ် ဖော်ပြပြီးဖြစ်သော 'မောင်မောင်ထွန်းအောင်(ကျန်းမာရေး)' ၏ ဝတ္ထုကလေးများကို ဖတ်မိသူများက ဗီဒီယို ရိုက်ဖို့ ကောင်းသည်။ ရုပ်ရှင်ရိုက်ဖို့ ကောင်းသည်ဟု ဝေဖန်ကြသည်။ မွဲပြာပုဆိုး ဇာတ်လမ်း ဇာတ်အိမ်များမှ သိသိသာသာ လမ်းခွဲထားသည်ဟု သုံးသပ်ခဲ့ကြသည်။ သူ ကျင်လည်ခဲ့ဖူးသော 'ကျန်းမာရေး' ကို အခြေပြုထားသော သူ စရိုက်မှန် ဖြစ်ရပ်ကလေးများဟု အကဲဖြတ်ထားခြင်း ခံရသည်။ ဤအချက် မှန်သည် မမှန်သည်ကို လေ့လာ သုံးသပ် ဆုံးဖြတ်နိုင်ရေးအတွက် စာဖတ်သူများထံသို့ လက်ဆင့် ကမ်းလိုက်ပါပြီ။

မေတ္တာတရားဖြင့်
မောင်ကြည်သန့်

ဖတ်ကြည့်ကြစို့ အရပ်ကတို့

ရသမြောက်သော စာကောင်းပေမွန်များ၊ အနုပညာမြောက်သော အနှစ်သာရပြည့်ဝသည့် စာပေများနှင့် စာရေးဆရာများ၊ ဂန္ဓဝင်မြောက် လက်ရာများကို ပစ်မထားသင့်ကြောင်း၊ ချီးမြှောက်သင့်ကြောင်း ပလ္လင်ဆောက်၍ ဂုဏ်မြှောက်ကြပါစို့ဟု ကွယ်လွန်သူ ဆရာကြီး ယေျက ရေးသား သတိပေးသွားခဲ့ဖူးပါသည်။

စာရေးဆရာမကြီး ခင်နှင်းယုကလည်း စာပေမှာ နတ်ရှိကြောင်း၊ စာပေကို သစ္စာဖောက်လျှင် နတ်ကွန်းမှာ လည်ချောင်းသွေးနှင့် ယဇ်ပူဇော်ပြီး စတေးခံရမည် ဖြစ်ကြောင်း၊ စာပေနတ်ဆိုသည်မှာ စာဖတ်ပရိသတ် ပြည်သူ ဖြစ်ကြောင်း ရေးသားဖူးပါသည်။

မောင်မောင်ထွန်းအောင်(ကျန်းမာရေး) ၏ စာပေသည် သစ္စာဖောက် စာလား၊ အပေါစား စာလား၊ အကြံအဖန် ဟော်ချက် စာလား၊ ဆုလာဘ် ဟူသော ငါးကို တမင်မျှော်ကိုးပြီး ငါးမျှားသည့် စာလား။ ကျွန်တော် မပြောရဲပါ။ ဆရာကြီးလုပ်ပြီး မပို့လိုပါ။ မပို့တတ်ပါ။

ပလွင်ဆောက်၍ ဂုဏ်မြှောက်ရမလား၊ ချီးမြှောက်ကြမလား။ လည်ချောင်းသွေးနှင့် စတေးပြီး ယဇ်ပူဇော်ရမလား။ ဆုံးမကြမလား။

ကဲ... ဖတ်ကြည့်ကြစို့ အရပ်ကတို့။

မောင်ယဉ်မှူး

လင်းရောင်တင်၏အမှာ

မောင်မောင်ထွန်းအောင်(ကျန်းမာရေး) နှင့် ကျွန်တော်ဟိုး ရှစ်ဆယ်ခုလွန် နှစ်များကတည်းကပင် စတင် ကျွမ်းဝင်ခဲ့ကြသည်။ ထိုစဉ်က ကျွန်တော်သည် မြဝတီ ပုံနှိပ်တိုက်တွင် တာဝန်ထမ်းဆောင်နေဆဲ။ မဂ္ဂင်းတိုက်သို့ သူ ရောက် ရောက် လာသည်။ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းစသည့် မဂ္ဂင်းများ၊ တို့ကျောင်းသားကဲ့သို့ စာစောင်များသို့ စာမူတွေ လာ လာ ပို့သည်။ သူအများဆုံး ရေးဖြစ်ခဲ့သည်မှာ ဆောင်းပါးများ ဟုထင်သည်။

ယခု မဂ္ဂဇင်းပါ ဝတ္ထုများ ပေါင်းချုပ်ထုတ်မည် ဆိုသော အခါ၊ ကျွန်တော် အံ့အားသင့်ရသည်။ ဟုတ်လား၊ ကောင်း တာပေါ့ဟု ဆိုကာ၊ ဝမ်းသာအားရ လက်ဆွဲ နှုတ်ဆက်မိသည်။ ဆောင်းပါးလည်း ကောင်းပါ၏။ သို့သော် အချို့သော ဝတ္ထုများသည် ဆောင်းပါးထက် ပရိသတ်ကို ပို၍ လွှမ်းမိုးနိုင်၏။ သင်ခန်းစာကောင်း ပေးရာတွင် ထိရောက်၏။ ထိုသို့ ခံယူထားသော ကျွန်တော့်အတွက် သူ ဝတ္ထုပေါင်းချုပ် ထုတ်မည် ဆိုသည်ကို ဝမ်းသာမိခြင်း ဖြစ်ပါသည်။

အမှာစာ ရေးပေးပါဟု ဆိုလာသော အခါတွင်ကား ကျွန်တော် ပို၍ ဝမ်းမြောက်ရသည်။ စာအုပ် မဖြစ်မီ၊ သူ့ ဝတ္ထုများကို ကြိုတင် ဖတ်ခွင့်၊ အရသာခံခွင့်၊ အကဲခတ်ခွင့်ရမည် ဖြစ်၍ပင်။ သူနှင့် ကျွန်တော် တစ်ရက် ချိန်းကာ၊ သူ့ စာမူများကို ဖတ်ရှုရန် ယူငင်ရ၏။ အစိမ်းရောင်ဖိုင်ဖြင့် ထည့်သွင်းထားသော သူ့ ဝတ္ထုစာမူများသည် ကွန်ပျူတာ စီပြီးသား အဆင့်သင့် ဖြစ်သည်။ ဖတ်ချင့်စဖွယ် ဖြစ်သည်။

အစိမ်းရောင် ဖိုင်နှင့် လာသော စာမူများ ဖြစ်သောကြောင့် မေတ္တာ ကရုဏာရောင် လွမ်းသော စာမူများ ဖြစ်လိမ့်မည်ဟု အရောင်၏ သင်္ကေတအားဖြင့် ကျွန်တော် ခန့်မှန်း ကြည့်မိသည်။ ဖတ်ကြည့်ပြီး စမ်းကြည့်သောအခါ အမှန်တကယ်လည်း မေတ္တာဝင်္ကေ့ လွမ်းသော ဝတ္ထုများ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရသည်။

မောင်မောင်ထွန်းအောင်(ကျန်းမာရေး) ဟူသော ကလောင်နာမည်နှင့် လျော်ညီစွာပင် သူ အကျွမ်းတဝင်ရှိသော၊ ကျန်းမာရေးနှင့် ပတ်သက်သော ဝန်းကျင် အကြောင်းအရာ အင်္ဂေ့များ လွမ်းသော ဝတ္ထုများဖြစ်ကြောင်း တွေ့ရသည်။ သူ့ ဝတ္ထုများမှာ သုတ၊ ရသ စာပေ အမျိုးအစားဖြစ်၏။

သို့သော်လည်း သုတကို လိုသည်ထက် ပိုမထည့်။ ရသပိုင်း ပျက်လောက်အောင် အထိ မလုပ်။ သူက ပါးရည်နပ်ရည် ရှိသည်။ ပရိတ်သတ်ကို လိုအပ်သည်ထက် ဆရာ မလုပ်ကြောင်း ကျေနပ်စွာ တွေ့ရသည်။ အထူးသဖြင့် သူ၏ ဝတ္ထုများသည် အစ်ကိုကြီး အဖအရာ၊ မိဘမေတ္တာ၊ စေတနာ၊ အကြင်နာ စသည်တို့ဖြင့် ထုံမွှမ်းထားသောကြောင့် သူ့ ဝတ္ထုများသည်

ကျေနပ်ဖွယ်ရာ သန္တာရသ မြောက်သည့် ဝတ္ထုများ ဖြစ်နေကြောင်း တွေ့ရသည်။

ဗြဟ္မစိုရ်တရားသည်၊ ကျွန်တော်တို့၏ လောကကြီးတွင် အရေးကြီးဆုံးသောအရာ ဖြစ်သည်နှင့်အညီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် အလေးဂရု ပြုဖွယ်ရာများကို အခြေခံလျက် ရေးဖွဲ့ထားသော သူ၏ ဝတ္ထုများကို ဖတ်ရှုသုတိုင်း နှစ်သက်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

သူ့ ဝတ္ထုကလေးများ၏ ခေါင်းစဉ်ကိုလည်း ကြည့်ပါဦး။ အကြင်နာ၊ မေတ္တာအားမာန်ရှင်၊ နာမည်လေးက မနှင်းဆီ၊ ချစ်ကြိုးနှောင်၊ တမ်းတခြင်းမျက်ဝန်း... စသည်... စသည် ရိုးစင်းသော ခေါင်းစဉ်ကလေးများသာ ဖြစ်နေ၏။ အရိုးဆုံးသည် အဆန်းဆုံးပင် ဖြစ်သည်ဟူသော အဆိုကို လက်ခံမည် ဆိုပါလျှင် သူ၏ ခေါင်းစဉ်ကလေးများသည် မည်သည့် ကာလတွင်မှ တိမ်ကောမည် မဟုတ်ကြောင်း အမှတ်ပြုမိသည်။

အကြောင်းအရာပိုင်းကလည်း မည်သည့် ဝတ္ထုတွင်မှ အဆန်းထွင်ထားခြင်း မရှိ။ အဖြစ်မှန်ဆန်ဆန် အကြောင်းအရာ ကလေးများကို ရိုးသားစွာ တင်ပြထားခြင်း ဖြစ်၏။ သို့သော် မသိသေးသည့် သုတကို ခံစားရသည်။ မခံစားဖူးသေးသည့် ခံစားမှုမျိုးလည်း ခံစားရသည်။

ဘာပဲဖြစ်ဖြစ်။ ယခု စာဖတ်သူ လက်ထဲသို့ ရောက်နေပြီ ဖြစ်သော သူ့ ဝတ္ထုကို မောင်မောင်ထွန်းအောင်သည် အတတ်နိုင်ဆုံး ကြိုးပမ်း ရေးဖွဲ့ထားကြောင်းမှာ သေချာသည်။ စာကြောင်းတိုင်း၊ စာပိုဒ်တိုင်း၊ စာမျက်နှာတိုင်းမှာ စာရေးဆရာ၏ စေတနာများဖြင့် ထုံမွှမ်းထားကြောင်း တွေ့ရသည်။

ထီလာစိုးမြင့်ထယ်၏ အမှာစကား

စာရေးဆရာ မောင်မောင်ထွန်းအောင်(ကျန်းမာရေး) ရေးသားသော 'နာညည်လေးက မနှင်းဆီနှင့် မဂ္ဂင်း ဝတ္ထုတို များ' စာအုပ်သည် မြန်မာစာပေနယ်တွင် လိုအပ်နေချိန်၌ ထွက်ပေါ်လာသော အဖိုးတန်စာအုပ် တစ်အုပ် ဖြစ်သည်ဟု ကျွန်တော်က ဆိုလိုက်သောအခါ လွန်လွန်းလှချည်လားဟု မေးဖွယ် ရှိနိုင်ပါသည်။

မလွန်လွန်းပါ။

စာရေးဆရာကို အမွမ်းတင်လွန်းလှသည်ဟု ပြောလျှင်လည်း မမှန်ပါ။

အကြောင်းအရာကို ကြည့်၍ လည်းကောင်း၊ ပုံသဏ္ဌာန်ကို ကြည့်၍ လည်းကောင်း စာပေ ဝေဖန်ချက် ထုတ်ရပါသည်။

ကဗျာမှာ အကြောင်းအရာ (content) နှင့် ပုံသဏ္ဌာန် (form) ဟု စည်း နှစ်စည်း ရှိပါသည်။ form နှင့် content

စိတ်ကောင်းမွေးလျှင် စာကောင်းရေးနိုင်သည် ဟူသော ဆရာကြီးဇော်ဂျီ၏ အဆိုအမိန့်အတိုင်း သူ စိတ်ကောင်းမွေးလျက် ရေးဖွဲ့သည့် ဝတ္ထုများဟု ကျွန်တော် ယုံကြည်နေသည်။

ကျွန်တော်တို့ ငယ်စဉ်က ရုပ်ရှင်ကားကောင်း တစ်ကားကို ကြည့်ပြီး သူက မကြည့်ရသေးသူအား ဇာတ်လမ်း အစဆုံး ပြောပြလာလျှင် မကြည့်ရသေးသူက ဆုံးအောင် နားထောင်လိုစိတ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူ သွားကြည့်သည့် အခါ အရသာပျက်မည် စိုးသောကြောင့် ဖြစ်၏။

ယခုလည်း အမှာစာရေးသူ ကျွန်တော့် အနေနှင့်၊ စာရေးသူ၏ ဝတ္ထုများ အကြောင်းကို ရှေ့မှ ကြိုတင်ကာ အများကြီး ပြောရန် မသင့်ဟု ယူဆမိပါသည်။ သို့ဖြစ်၍ ကျွန်တော့် အမှာကို သည်တင် ရပ်ပါမည်။

မောင်မောင်ထွန်းအောင်(ကျန်းမာရေး)၏ ဝတ္ထုများ အစစ အရာရာ ကျန်းမာရေး ကောင်းမွန်ပါစေသတည်း။

ဓေယျတုသမ္မမဂ်လံ
လင်းရောင်တင်

လိုက်လျောညီထွေ ရှိပါမှ ကဗျာကောင်း တစ်ပုဒ် ဖြစ်ပါသည်။ အကြောင်းအရာနှင့် ပုံသဏ္ဌာန် လိုက်လျော ညီညွတ်မှု ရှိပါမှ ပြောင်မြောက်သော တစ်နည်းအားဖြင့် ရသမြောက်သော ကဗျာကောင်းတစ်ပုဒ် ဖြစ်လာပါသည်။ အကြောင်းအရာ အရေးကြီးသလို ပုံသဏ္ဌာန်လည်း လွန်စွာ အရေးပါပါသည်။ အနုပညာ ပစ္စည်းတစ်ရပ် ဖန်တီး ထုတ်လုပ်ရာတွင် အကြောင်း အရာနှင့် ပုံသဏ္ဌာန် အချိုးညီညီ အားပြိုင်မှု ရှိရပါသည်။ တစ်ဖက်ဘက် အားသန်မှုများလည်း ရှိတတ်ပါသည်။ အားသန်မှုများလျှင်လည်း ရသမြောက်ကာ စာကောင်းပေမွန် ဖြစ်လာပါသည်။

ဤမျှ ရှင်းပြနေရခြင်းမှာ စာရေးဆရာ မောင်မောင်ထွန်းအောင်(ကျန်းမာရေး) ၏ 'နာမည်လေးက မနှင်းဆီနှင့် မဂ္ဂဇင်းဝတ္ထုတိုများ' ကို 'မွမ်း' ချင်လွန်း၍ ဖြစ်ပါသည်။

မွမ်းသည် ဆိုရာဝယ် မွမ်းစရာရှိမှ မွမ်းလို့ရပါသည်။ မွမ်းစရာမရှိလျှင် မွမ်းလို့ မရပါ။ ဝရှိမှ ဝိလုပ်ရပါသည်။

နာမည်လေးက မနှင်းဆီနှင့် မဂ္ဂဇင်းဝတ္ထုတိုများတွင် 'ဝ' ရှိပါသည်။ သူညဟု မဖတ်ပါနှင့် ဝလုံးဟု ဖတ်ပါ။ ဝလုံး ရှိပါသည်။ ဝလုံးရှိ၍ ဝိလုပ်နေရခြင်း ဖြစ်ပါသည်။

အထူးသဖြင့် နာမည်လေးကမနှင်းဆီ စာစုတွင် ပုံသဏ္ဌာန် အားကောင်းသည်။ ပုံသဏ္ဌာန်မှာ ရသမြောက်သော ဝတ္ထုဟန် ဖြင့် ပုံဖော်ထားခြင်းဖြစ်သည်။ အရေးအသားကလည်း ရသကို ပီပြင်အောင် ဖော်ညွှန်းနိုင်သဖြင့် မနှင်းဆီ ဝတ္ထုသည် ရုပ်ရှင် ဇာတ်ကားကောင်းတစ်ခု သို့မဟုတ် ဗီဒီယိုကားကောင်း တစ်ခု ကို အရသာခံ ကြည့်နေရသည်နှင့် အလားတူနေတော့သည်။

ပုံသဏ္ဌာန်က ဝတ္ထုဟန်ဖြစ်၍ ကောင်းနေပြီး အကြောင်း အရာက ဆေးရုံပေါ်မှ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပြီး မိဘမေတ္တာနှင့် ကရုဏာရှင် သူနာပြုများကို အဓိက ဖော်ညွှန်းထားသော drama ဇာတ်တစ်ပုဒ် ဖြစ်နေသည်။

စာရေးဆရာသည် သူ မကျွမ်းသော ဝန်းကျင်ကို စာမဖွဲ့ ဘဲ သူ ကျွမ်းဝင်ရင်းရှိသော ဆေးလောကမှ ဆရာဝန်၊ သူနာပြုနှင့် အခြား ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ ကဏ္ဍကို ပွတ်တိုက် တောက်ပြောင်စေရန် မွန်မြတ်သော စေတနာ ရည်ရွယ်ချက်ဖြင့် ဇာတ်လမ်း ဖန်တီး ထုတ်လုပ်လိုက်သဖြင့် ရသမြောက်သော 'အနုပညာပစ္စည်းတစ်ခု' အဖြစ် ပေါ်ထွန်းလာရခြင်းဖြစ်သည်။

'သူမို့ရေးတတ်ပလေ' ဟု စာရေးသူချင်း ကျွန်တော်က စိတ်ထဲက ရေရွတ်မိသည်။

အမှန်ပင် ကျန်းမာရေးနယ်ပယ်က ကလောင် တစ်ချောင်း ဖြစ်သော မောင်မောင်ထွန်းအောင်မို့ ဒီစာစုကို ရေးတတ်လေခြင်း ဟု ကျွန်တော် မှတ်ချက်ချနေခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် တရားသူကြီး ဖြစ်ခဲ့၍ တရားရေး ဆိုင်ရာ စာအုပ်များ၊ ဆောင်းပါးများကို ရေးသားခဲ့ဖူးပါသည်။

မောင်မောင်ထွန်းအောင်(ကျန်းမာရေး) သည် အငြိမ်းစား ယူထားသော ကျန်းမာရေးဝန်ထမ်း တစ်ဦး ဖြစ်၍ ကျန်းမာရေး ဆိုင်ရာ စာပေများ ပြုစုလာခဲ့သည်ကို စိုက်လိုက်မတ်တတ် ဖတ်လာခဲ့ရသည်မှာ ကြာပါပြီ။

သူ့လက်ကို ကျွန်တော်သိသည်။

သူ့အရည်အသွေးကို ကျွန်တော်သိသည်။

ကျွန်တော့်စကားတွေ လွန်လွန်းနေပြီဟုများ ထင်မိပါလျှင် စာဖတ်သူသည် ဤစာစုကို ဆုံးအောင် တစ်အုပ်လုံး ဖတ်ကြည့်ပြီးမှ ကျွန်တော့်အမှာစာကို ပြန်ဖတ်ကြည့်လျှင် ပိုပြီး သဘောပေါက်ပါလိမ့်မည်။

သတ္တဝါများ ကျန်းမာ ချမ်းသာကြပါစေ
ထီလာနိုးမြင့်ထယ်
၁၃-၂-၉၉

သူ့ကလောင်သည် ပြောင်မြောက်သလို သူ့ စေတနာ သည် ဖြူစင် သန့်ရှင်းလှသည်။ ဆေးဝန်ထမ်းများ၏ ဘဝအစုံစုံကို ဝတ္ထုအဖြစ် တင်ပြပြီး တစ်ဆက် တစ်စပ်တည်းသော ကျန်းမာရေး ပညာပေးဆောင်းပါး အရေးများသော ကလောင်ရှင်တစ်ဦး ဖြစ်သည်။

သူ့စာတွေကို တစ်ပုဒ်ချင်း ဝေဖန်ပြလျှင် မူရင်းဖတ်သူတို့ အရသာလျော့အံ့ထင်၍ ချန်ရစ်ခဲ့ပါသည်။

ပုဂ္ဂိုလ်ခင်မှ တရားမင်သည်ဟု မြန်မာ့စကား ရှိပါသည်။

ဤစာစုအဖို့ ပုဂ္ဂိုလ်ခင်ရန် မလိုဘဲ ဤစာစုကို ဖတ်ကြည့်ရုံနှင့် စာစုကို ကြိုက်နှစ်သက်ကြမည်ဟု ယုံကြည်ပါသည်။ ကျွန်တော်လို ပုဂ္ဂိုလ်ခင်ပြီးသူအဖို့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ခြင်းကို လွန်လွန်းသည်ဟု မဆိုသာပါ။

ဝတ္ထုတို စာအုပ်များစွာ ထွက်ခဲ့ဖူးပါသည်။

ကျန်းမာရေး ပညာပေးသော ဝတ္ထုတိုများချည်းသက်သက် တစ်စုတစ်ဝေးတည်း တွေ့ရသော ဝတ္ထုတိုစာစုသည်ကား နည်းပါးလှပါသည်။

ကန္တာရထဲမှာ ပွင့်နေသော 'ဆူးပန်းကလေးတစ်ပွင့်'သည် ရန့်မသင်းသော်မှ ဂုဏ်ထည်လှပါသည်။

ထို့အတူ ရှားပါးသော ကျန်းမာရေး ပညာပေး ဝတ္ထုတို စာစုများထဲမှ စာစုတစ်ခုသည် ဂုဏ်ထည်ဝါလှပါသည်။

မြန်မာစာပေ၏ လပ်ဟာနေသော ကွက်လပ်တစ်ခုကို ဖြည့်စွက်ထားသည့် အဖိုးတန် ရှားပါးစာအုပ်တစ်အုပ်ဟု ဆိုချင်ပါသည်။

စာရေးဆရာများဖြစ်ကြတဲ့
ဆရာမောင်ကြည်သန့်
ထီလာစိုးမြင့်ထယ်
ဆရာလင်းရောင်တင်
ဆရာမောင်ယဉ်မှူးနဲ့
'ကျေးဇူးတင်ထိုက်သူ အားလုံးအား'
ကျေးဇူးတင်ရှိကြောင်း
စကားလေးတစ်ခွန်းပဲ
လို့ကိုလို့ကိုလဲ့လဲ့ ပြောလိုပါတယ်...။

မောင်မောင်ထွန်းအောင်
[ကျန်းမာရေး]

ချစ်ကြိုးနှောင်

မေမေ့သမီး

ဝမ်းသာခြင်း၊ ကြည်နူးခြင်းတို့ဖြင့် ရွှန်းဝေနေသော စိတ်များ သမီးလေး မျက်နှာကြောင့် ချက်ချင်း ညှိုးရော်သွားတော့သည်။

သမီးလေး မျက်နှာပေါ်က အပြုံး အရယ်လေးများ ဘယ်သူခိုးသွားပါလိမ့်။ ဝမ်းသာရမည့် အချိန်၊ ကျေနပ်ပီတိ ဖြစ်ရမည့် အချိန်လေးမှာ သမီးလေးမျက်နှာ ဘာကြောင့်များ ငိုမဲ့မဲ့ ဖြစ်နေပါလိမ့်။

ပြုံးစမ်းပါ သမီးလေးရယ်။ ဝမ်းပန်းတသာနဲ့ ကျေကျေနပ်နပ် ပြုံးလိုက်စမ်းပါကွယ်။ သမီးလေး အပြုံး အရယ်ကလေးတွေကို အမေ မြင်ချင်စမ်းပါဘိ။

ဒေါ်လှိုင် စိတ်တို့ ဖြေညှိမရသော မေးခွန်းများစွာတို့ဖြင့် ဂနာမငြိမ် ဖြစ်နေရှာပြီ။ သမီးလေး မျက်လုံးတွေပေါ် တစ်စုံ

တစ်ရာ တွေ့ရနိုးနှင့် မွေရှာ ကြည့်မိသည်ကလည်း အမော တကော။ ပဟေဠိ ဆန်လိုက်တာကွယ်။

ဒေါလှိုင်တို့တုန်းကဆို ပျော်လိုက်တာမှ ဆတ်ဆတ်ကို ခုန်လို့ရယ်။ အခု သမီးလေး ထားမွန် အလှည့်ကျတော့ အငို မျက်ဝန်းလေးနှင့် နဂိုအလှကို အရုပ်ဆိုး အကျည်းတန်စေ လိုက်တာ။

"အင်း... အမေ့ သမီးလေးတောင် လုပ်ငန်းခွင်ထဲ ဝင်ရ တော့မှာပဲ။ အမေတို့တုန်းကများ သမီးရဲ့၊ ပိုစတင် ကျတဲ့ နေ့များ တစ်စုလုံး တစ်ပြုလုံး ပျော်လိုက်တာမှ အရမ်းပါပဲ။ အမေ့လို သမီးလည်း ပျော်နေမှာပေါ့နော်"

ဖြာဝေကျနေသော သမီးလေး ဆံပင်လေးတွေကို ယုယု ယယ ပွတ်သပ်ပေးရင်းက ဒေါလှိုင် လေပြည်လေး တွေးကြည့် မိသေးသည်။ သမီးလေး သူ့ ခေါင်းကို ငုံ့ထားရာမှ ဒေါလှိုင့် စကားကြောင့် ဆတ်ခနဲ မော့ကြည့်သည်။ ဒေါလှိုင့် လက်များ ထားမွန် ခေါင်းပေါ်ကနေ ပခုံးပေါ် လျော့ကျသွားသည်။

"မပျော်ပါဘူး... သမီး ဘယ်လိုလုပ် ပျော်နိုင်မှာလည်း အမေရယ်၊ သမီး ငိုတောင် ငိုချင်နေတယ် သိလား"

ငယ်ငယ်ကတည်းက မကျေမနပ် ဖြစ်နေပြီ ဆိုလျှင် ပြောနိုတတ်တဲ့ လေသံလေးအတိုင်း တဒိုးဆတ်ဆတ်နှင့် သမီးလေး အဖြေစကားက ဒေါလှိုင့် နှလုံးသားကို ဆောင့်တွန်း လိုက်သလို အခံရခက်သွားသည်။ တအံ့တသြနှင့် နှုတ်ဖျားမှ လည်း "ဟေ့ တော်" ဟူသော အာမေဋိတ်သံ လွင့်စဉ် ထွက် သွားသည်။

ပြုံးရယ်နေသော ဒေါလှိုင့် မျက်နှာလေး တည်လွန်းသွား ပြီကော။ ဒေါလှိုင် ဟန်ပြုံး ပြုံးရယ်နေသေးသည်။

"သမီးပဲ သူနာပြုတစ်ဦး အဖြစ်နဲ့ တိုင်းပြည်ကို အလုပ် အကျွေး ပြုချင်ပါတယ်ဆို။ ခု သမီး ဆန္ဒ ပြည့်ပြီပဲကွဲ့။ ဘာ ဖြစ်လို့များ ငိုချင်ရပြန်တာလဲ"

ဒေါလှိုင် လေသံ မာများ သွားသလား။ မေးပြီးမှ စိတ် မကောင်း ဖြစ်မိသေးသည်။ နှုတ်ဆွံ့နေသလို သမီးလေး နှုတ်ခမ်းလေးတွေ ပိတ်စေ့နေသည်။ သမီးလေး နှုတ်ဖျားမှ ဖွင့်ဟ ထွက်လာမည့် စကားသံကို စောင့်စားနေရသော တဒင်္ဂ ကာလကလေးက ကြာညောင်းလွန်းလိုက်တာ။

အို... ကြည့်... ကြည့်စမ်းပါဦး။ သမီးလေး မျက်ဝန်းမှာ မျက်ရည်ကြည်တွေ စိုရွှဲလို့ပါလား။ မျက်ရည် ဝဲလောက်အောင် ထိ ဝမ်းနည်း ကြေကွဲဖို့ ကောင်းနေလို့လား။ အဖြစ်က ကျေနပ် အားရစရာပါ။

"သမီး အမေ့ကို မကျေနပ်နိုင်ပါဘူး။ သူများလို အဆက် အသွယ် မရှိလို့ ခုလို တောကြီးတောင်ကြား သွားရတယ် ဆိုရင် သမီး ဖြေသာပါတယ်။ ကျန်းမာရေးဦးစီးဌာနက သမီး တို့ကို ပိုစတင် ချတဲ့ လူကြီးတွေက အမေနဲ့ လုပ်ဖော်ကိုင်ဖက် ထွေချည်းပဲ။ အမေ တစ်ခွန်းလေး ပြောရဲနဲ့ ဟောဒီက သမီး၊ အမေနဲ့ အနီးဆုံး နေရာမှာ မရရိုင်ဘူးတဲ့လား။ ခုတော့ အမေ့ ခဲ့... အမေ့ မာနကြောင့်..."

သမီးလေး ထားမွန်၏ အသံလေးတွေ ငိုသံဖြင့် တိမ်ဝင်ပျောက်ကွယ်သွားသည်။ အင်း... ဒါကြောင့်ကိုးဟု ဒေါ်လှိုင် စိတ်ထဲ ရေရွတ်မိသည်။

မျက်နှာကို လက်ဝါးလေး အုပ်ကာ သမီးလေး ဝမ်းနည်းနေတာ၊ ကြေကွဲနေတာ မကြည့်ရက် မမြင်ရက်ပေမယ့် ဒေါ်လှိုင်က ထားမွန်ကို အလိုမကျစွာ ငဲ့စောင်း ကြည့်မိသည်။ ပြီး မျက်နှာထားကို ပြင်ရုံ ဆိုရုံလေး ပြင်ကာ ပြုံးလိုက်သည်။

အပြုံးတို့က သရော်သော အပြုံး၊ ခနဲ့သော အပြုံး၊ ပန်းကလေးပေါ် ဥယျာဉ်မှူး တစ်ဦးရဲ့ အားမလို အားမရ ဖြစ်နေသော အပြုံးမျိုးရယ်။

"အမေ သမီးကို မျှော်လင့်ထားခဲ့တာက သူနာပြု စိတ်ဓာတ်နဲ့ ရင့်ကျက် ပြည့်စုံတဲ့ သူနာပြုကောင်း တစ်ဦးပဲ သမီး။ သူနာပြု အတတ်ပညာကို သင်၊ သူနာပြု ယူနီဖောင်း ဝတ်ပြီး၊ ဟို မသွားချင်၊ ဒီမသွားချင်နဲ့ မြို့ပေါ်မှာ ကြော့ကြော့ကလေး နေချင်တဲ့ သူနာပြုမျိုးမှ မဟုတ်တာပဲ"

"ဒါတော့ ဒါပေါ့ အမေရယ်။ သမီးတို့ ဘဝမှာ ဒီအမေနဲ့ ဒီသမီး နှစ်ယောက်တည်း ရှိကြတာပဲ။ အမေနဲ့ အဝေးဆုံး အရပ်မှာ တာဝန်ထမ်းဆောင်ရမယ် ဆိုတော့ အမေပဲ စဉ်းစား ကြည့်လေ"

"အို... သမီးရယ်၊ သမီး ဒီသင်တန်း တက်ဖြစ်အောင် အမေ တိုက်တွန်းခဲ့တာမှ မဟုတ်တာပဲကွယ်။ သမီးသဘော၊ သမီး ဆန္ဒ တစ်ခုတည်းနဲ့ပဲ မဟုတ်လား။ အစကတည်းက

သမီး ဒါတွေကို ထည့်စဉ်းစားဖို့ ကောင်းတာပေါ့။ သမီးတို့ပဲ သင်တန်းတက်တုန်းက ဘယ်နေရာပို့ပို့ သွားပါ့မယ်လို့ ကတိခံဝန်ချုပ် ချုပ်ပြီးမှ တက်ခဲ့တာပဲ မဟုတ်လား"

သမီးလေး ငိုင်ကျသွားသည်။

အလှတရား များစွာတို့ဖြင့် တင့်တယ် လှပစေလိုသော ဆန္ဒနှင့် အလှတရားကို ပိုင်ဆိုင်ခွင့် ရပြီးမှ ဖြစ်ပေါ်လာသော သမီးလေး ဆန္ဒတို့က ပြဒါးတစ်လမ်း သံတစ်လမ်းနှယ်။

ဆန္ဒလေးနှစ်ခု ညှိလို့မှ ရပါဦးမည်လား။

စကားမပြောဖြစ်ဘဲ နှစ်ဦးသား ငေးမော ကြည့်နေဖြစ်ကြသည်။ ဒေါ်လှိုင် စိတ်တို့ ကုန်ဆုံးခဲ့ပြီးသော ကာလများဆီသို့ ရောက်နေ၏။

နဂိုကတည်းက သမီးကို ဒေါ်လှိုင် သူနာပြုဆရာမ တစ်ဦး ဖြစ်စေချင်သည်ကတော့ဖြင့် အမှန်။ လူငယ်တစ်ဦး၏ ဇီဇနှင့် လွတ်လပ်ခွင့်ကို မဟန့်တားလို၍သာ ဆယ်တန်း အောင်စက တက္ကသိုလ် ဆက်တက်လိုပါက တက်ပါဟု သမီးကို ဒေါ်လှိုင် ခွင့်ပြုမိသေးသည်။

"သူနာပြုဆရာမပဲ ဖြစ်ချင်တယ် အမေရယ်" တဲ့။

လိမ္မာလိုက်တဲ့ သမီးကလေး။ အမှေခြေရာကို တစ်ထေရာတည်း နင်းလိုက်လာတဲ့ သမီးကလေး။ သူနာပြုဆရာမကြီး တစ်ဦး ဖြစ်တဲ့ အမေ့ အကူအညီကိုပင် မတောင်းခံ မရယူဘဲ သူ့ အစွမ်းအစနဲ့ပင် သင်တန်း တက်ခွင့်ရအောင် ကြိုးစားရှာသည်။

သမီးလေး သူနာပြုဝင်ခွင့် စာမေးပွဲ ဖြေနေတုန်းကဆို အောင်ကော အောင်ပါ့မလား၊ ဖြစ်ကော ဖြစ်ပါ့မလားလို့ ရင်တထိတ်ထိတ်နဲ့ တွေးပူ ခံစားရသူက ဒေါ်လှိုင်။ သမီးလေး သူနာပြုသင်တန်း တက်ခွင့်ရတဲ့ စာရင်းမှာ 'ထားမွန်' ဆိုတဲ့ နာမည်လေး ထိပ်ဆုံးက ပါလာမှပဲ ဟင်းချက်ကာ ဝမ်းနည်း ဝမ်းသာ မျက်ရည်ကျခဲ့မိသည်။

ပျော်လွန်း၍ ဒေါ်လှိုင် တစ်ယောက် သမီးလေး အကြောင်း တွေ့သမျှ လူကို ပြောမဆုံးပေါင် တောသုံးတောင်နယ်။

သည်သမီးလေး သူနာပြုသင်တန်းကျောင်းသို့ သွားရန် ပြင်ဆင်နေစဉ်ကမူ လိုအပ်တာလေးတွေကို ဝယ်ခြမ်း ဖြည့်စွက် ပေးရင်း ဒေါ်လှိုင် ငိုင်တိုင်တိုင်နှင့် မရွှင်မပျ ဖြစ်နေခဲ့သည်။

ရင်ထဲမှာ တစ်မျိုးပါပဲ သမီးရယ်။

သမီးလေးနှင့် ခွဲရမည် ဆိုတော့လည်း သမီးလေးကို မျက်လုံး အောက်က အပျောက်မခံလိုဘဲ၊ တစ်မှဲ့စိမ့် ကြည့်ကာ ဒေါ်လှိုင် နေချင်လာပြန်သည်။

ဒေါ်လှိုင်လည်း အမေတွေထဲက အမေ တစ်ယောက်ပဲ လေ။ ဆန္ဒသည်က ဆန္ဒ အဖြစ်နဲ့သာ ရင်ထဲတွင် ရှိပါစေတော့။ ဥယျာဉ်မှူး ဆိုတာ ပန်းလေး တစ်ပွင့် ပွဲလယ်တင့်ဖို့ အရာရာ ကို စွန့်လွှတ် အဆုံးရှုံး ခံရမြဲပဲလေ။

"အမေရယ်... သမီးလေး အနေနဲ့ ခွဲနေရမှာ ဘယ်လို ကြီးမှန်း မသိပါဘူး။ အမေ ရန်ကုန်မှာ ရှိတဲ့ ဆေးရုံတစ်ခုခု ကို ပြောင်းခဲ့ပါတော့လားဟင်။ ဒီလိုဆို သမီးနဲ့ အမေနဲ့ နေ့တိုင်း

လိုလို တွေ့နိုင်မှာ။ သမီး အနားမှာ အမေသာ ရှိရင် သမီး သိပ်ကို အားရှိမှာ"

သင်တန်းကျောင်း သွားခါနီး သမီးလေးက သူ့ဆန္ဒကို ခွဲမရဲနှင့် ဖွင့်ဟ တင်ပြလာပါသည်။ သမီးလေး အားငယ် သည် ဆိုလည်း အားငယ်စရာပဲလေ။ သမီးလေးထဲမှ အားငယ်မှု များ ဒေါ်လှိုင့် ရင်ထဲသို့ ထင်ဟပ်လာပြန်သည်။ သမီးလေး ရှိသည့်နောက် ဒေါ်လှိုင် တစ်ယောက် အိပ်မပျော်သော ည ပေါင်းများစွာတို့ကို ဖြတ်ကျော်ရဦးမည် မဟုတ်ပါလား။

မှန်းမှန်းဆဆနှင့် တမ်းတစွာ လွမ်းရပေဦးမည်။

"မေမေက သမီးနဲ့ ရင်အုပ်မကွာ တစ်သက်တာလုံး နေချင်ပေမယ့် အချိန်တန်ရင် သမီးနဲ့ အမေ လမ်းခွဲကြရဦးမှာ ပဲလေ။ တကယ်လို့များ မတော်တဆ အချိန်မကျသေးဘဲ၊ အမေများ တိမ်းပါးခဲ့ရင် အတွေ့အကြုံ ဗဟုသုတ နည်းပြီး၊ လောကကြီးအကြောင်း နားမလည်ရင် သမီး တစ်ယောက် တည်း မျက်စိသူငယ် နားသူငယ် ဖြစ်နေမှာပေါ့။ သမီး အမေ့ အတွက် နောက်ဆံမတင်းနဲ့နော်။ သူနာပြုကျောင်းမှာပဲ ကိုယ်ထူ ကိုယ်ထ နေတတ်တဲ့ အကျင့်ရှိအောင် သူနာပြုကောင်းတစ်ဦး ဖြစ်လာအောင် လေ့ကျင့်ယူနော် သမီး။ ရန်ကုန်နဲ့ ဒီနဲ့က လည်း ဝေးတာမှ မဟုတ်တာပဲ သမီးရယ်"

သမီးကို ထိုသို့ ပြောနေစဉ်က မျက်နှာမှာ ပြုံးနေခဲ့ပေ ယ့် ဒေါ်လှိုင့် ရင်ထဲမှာ ငိုနေခဲ့သည်။ အမေနဲ့ သမီး ပျော်ရွှင် ကြည်နူးခဲ့ကြသော ဟောဒီ အခန်းကျဉ်းထဲမှာ အရာအားလုံး

ဆိတ်သုဉ်းပေတော့မည်။ ရယ်မောသံလေးတွေ၊ အလိုမကျလို့ စူလာတဲ့ နှုတ်ခမ်းစူလေးတွေ၊ ခြေရာဖွဖွကလေးတွေ ပျောက်ကွယ်ပေတော့မည်။

သမီးကို တစ်ယောက်တည်း ခွဲထားလို့ ဖြစ်ပါ့မလား။ စိတ်ကော ချလို့ ရပါ့မလား။ အို... ဟိုမှာ သမီးလို သမီးတွေ အများကြီးပဲလေ။ မိဝေး ဖဝေးနဲ့ အချိန်တန်တော့လည်း သူ့ကိုယ်သူ ထိန်းနိုင် သိမ်းနိုင် သွားကြတာချည်းပဲလေ။

အားတင်းရင်း အားတင်းရင်းက ဒေါ်လှိုင် မျက်ရည်ကျခဲ့ရသည်။ သမီးကို ရန်ကုန် သူနာပြုသင်တန်းကျောင်းသို့ ပို့ပြီး၍ ပုသိမ်သို့ အပြန်ခရီးမှာ ကြိတ်မှိတ်ထားခဲ့သမျှ အတိုးချ၍ ဒေါ်လှိုင် ငိုမိသည်။

တစ်ညတာခရီး ပေမယ်လို့ သမီးဆီကို ခဏ ခဏ မသွားမိအောင် ဒေါ်လှိုင် ကြိုးစားခဲ့ရပြန်၏။ စာကိုတော့ တစ်ပတ်တစ်စောင် ရေးကာ ဆုံးမ သြဝါဒ ပေးခဲ့သည်။ မိန်းကလေးတစ်ယောက်ကို မိခင်နှင့် ဝေးဝေး ထားရတာက လွယ်သည်မှ မဟုတ်တာဘဲ။

ရန်ကုန်မှာ လူရှုပ် လူပွေတွေက များပါဘိနဲ့။

ချစ်သူ ရည်းစားများ တွေ့နေခဲ့ရင်လည်း ဒုက္ခ။ ခုတော့ ဒေါ်လှိုင် ရင်အေးရပြီ။ သုံးနှစ်နှင့် ခြောက်လသော ကာလကို ဘာပြဿနာမှ မပေါ်ဘဲ သမီး ကျော်ဖြတ်နိုင်ခဲ့ပြီလေ။ သမီးလေး အလုပ်မဝင်ရသေးခင် ပုသိမ်ဆေးရုံကြီးမှာ လုပ်အားပေးနေခဲ့သည်။

သူနာပြုဝတ်စုံလေးနှင့် သမီးလေးကို ကြည့်ရ မြင်ရတာ လိုက်ဖက်လွန်း၊ ကျက်သရေ ရှိလွန်းလို့ ကြည့်မဝ ရှုမဝနှင့် ဒေါ်လှိုင်တစ်ယောက် ချမ်းမြေ့နေလိုက်တာ။

"ဒေါ်လှိုင်ရယ်... သမီးလေး အတွက် လိုက်စရာရှိလိုက်ထားနော်။ အော်ဒါ ထွက်ပြီးရင် ဘာမှ ပြောလို့ ဆိုလို့ မရတော့ဘူး" ဟု ရင်းနှီးသော ဆရာဝန်၊ ဆရာမများက အကြံဉာဏ် ပေးလာကြသည်။ အကြံပေးသူတွေကို ကျေးဇူးတင်လှသော်လည်း ဒေါ်လှိုင်က သူတို့ အကြံကို လက်မခံခဲ့။

ဟော ယခု သမီး ကရင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်ရတော့မည်။ သည်အတွက် ဒေါ်လှိုင် ဝမ်းသာသည်၊ ကြည်နူးသည်။ ဒေါ်လှိုင် မသေခင် သမီးလေးကို ကရင်ပြည်နယ်ရဲ့ မြို့ကလေး တစ်မြို့ဆီ ဒေါ်သွား ပြချင်သည့် ဆန္ဒက ပြည့်ခဲ့လေပြီလေ။

သမီးလေး စိတ်ဆိုးချင်လည်း ဆိုးပါစေ။ နာကြည်းချင်လည် နာကြည်းပါစေတော့။ ဒေါ်လှိုင် လည်စင်း ခံပေတော့မည်။

"သမီး... အမေ့ကို ခွဲမထားနိုင်ရက်လို့ပါ။ သမီး အမေနဲ့ ခွဲမနေနိုင်လို့ပါ၊ အမေ့ကို သမီး ချစ်လွန်းလို့ပါ။ နို့မဟုတ်ရင် သမီးကို ဘယ်ပို့ပို့ပါ အမေရဲ့"

အတွေးအိပ်မက်မှ လန့်နိုးသွားသည်။

ကြေကွဲ ဆို့နင့်သော လေတိုးစကားဖြင့် နှစ်ဦးသား တိတ်ဆိတ် ငြိမ်သက်နေမှုကို သမီးလေး ဖြိုခွင်းလိုက်ပြီလေ။

"အမေ့ကို ချစ်လွန်းလို့တဲ့လား သမီးရယ်" ဟု နှုတ်မှ တိုးညင်းစွာ တီးတိုးစကား ဆိုရင်း ကျဉ်းကျပ်နေသော စိတ်ကို ဖြေလျှော့ချလိုက်သည်။

ပြီး ရင်ခွင်ထဲ အတင်း တိုးဝင်လာသော သမီးကို အဆင်သင့်လေး ပွေ့ယူရင်း ဒေါ်လှိုင်က နွေးထွေးစွာ ဖက်ထားလိုက်သည်။ ဝေ့လာသော မျက်ရည်ကြည်လေးတွေကို သမီးလေး မမြင်အောင် မျက်တောင် ပုတ်ခတ်ကာ ထိန်းချုပ်နေသည့် ကြားမှ မျက်ရည်ဥလေး တစ်ဥ ပါးပြင်သို့ လိမ့်ဆင်းသွားသည်။

"သမီးရယ်... သမီးကို အမေလည်း ဘယ်ခွဲထားရက်ပါ့မလဲ။ ဒါပေမဲ့ သမီးက သူနာပြုတစ်ဦး ဖြစ်နေပြီ မဟုတ်လား။ ထားရာနေ စေရာ သွားရတော့မှာပေါ့။ သမီး ဟိုရောက်ရင် ဒေသန္တရ ဗဟုသုတနဲ့ ရိုးသားပြီး သဘောဖြူစင်တဲ့ ပြည်နယ်က သားချင်းတွေရဲ့ အကြောင်းတွေ၊ ပြီးတော့ ဘဝတူ ကျန်းမာရေး ဝန်ထမ်းတွေ၊ ကျန်းမာရေးအသိ မကြွယ်ဝရှာကြတဲ့ သားချင်းတွေ အပေါ် ကိုယ်ကျိုးစွန့် အနစ်နာခံ တာဝန်ထမ်းဆောင်နေကြတာကို သမီးလေး မြင်လာရင်..."

"ပြောလေ မေမေရဲ့... သမီး မြင်ခွင့်ရရင် ဘာဖြစ်မှာမို့လို့လဲ၊ ပြောလေ"

"ဂုဏ်ယူတတ်လာမှာပေါ့ကွယ်"

တိုတုတ်စွာ ပြောပြီး သမီး အပါးမှ ဒေါ်လှိုင် ထရပ်လိုက်သည်။ ဧည့်ခန်းနံရံဘေး လျှောက်ကာ ဟိုရှာသလို သည်ရှာသလိုလည်း လုပ်နေမိသည်။

မျက်လုံးတို့ ဟိုဟိုသည်သည် ဝေ့ယမ်း လှုပ်ရှားနေရာမှ သူနာပြုဝတ်စုံနှင့် ဝင်ကြွားစွာ ပြုံးနေရှာသော ဓာတ်ပုံလေး တစ်ပုံရှေ့ အရောက်တွင် မျက်လုံး အကြည့်တို့က ရပ်တန့်သွားသည်။ မြင်လွှာထဲ ရိုက်ခတ် ဝင်လာသော ရုပ်သဏ္ဌာန်ကို မျက်လုံးအစုံက ဖယ်ခွာရန် ငြင်းဆန်နေကြပါပြီ။

သည်တော့လည်း နှလုံးသားထဲမှ လှိုက်တက်လာသော ခံစားမှုတို့က မျက်ဝန်းကို မျက်ရည်များဖြင့် စိုစွတ်စေသည်။ စီးဆင်းကျလာသော မျက်ရည်ကို သုတ်ကာ သမီးလေးကို မသိမသာလေး စောင်းငဲ့ ကြည့်လိုက်မိချိန်။

အလို... ဘုရားရေ... သမီးလေး ပြုံးနေပါကောလား။ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ တတ်လည်း တတ်နိုင်တဲ့ မေမေ့သမီး။

*

မချစ်ရူးတော့လည်း မူးကို မြစ်ထင်

"လှိုင်ရယ် မောင်တို့ လက်ထပ်ကြရအောင်ပါ။ မောင့်အိမ်ကို ပြောပြီးပြီ သိလား။ မောင့်ဘက်က အတားမဆီး မရှိပါဘူးကွယ်။ လှိုင့် ဖေဖေဆီ စာရေး ဖွင့်ပြောလိုက်တော့နော်"

လှိုင်၏ ရင်ထဲတွင် စိမ့်ကျဉ် အေးစက်သွားရသည်။ ကြည်နူးမှုများ တစ်ကိုယ်လုံးတွင် စိမ့်ဖြာသွားသည်။

"အို... နေပါဦး မောင်ရယ်၊ လှိုင့် ဖေဖေဆီ အကြောင်းမကြားရဲသေးဘူး။ ပြီးတော့ သင်တန်းကလည်း ပြီးသေးတာမဟုတ်သေးဘူးလေ"

"ဒါဖြင့် ဘယ်တော့မှ ပြောမှာလဲ။ မောင်တို့ ဒီလိုပဲ ဇာတ်မျောကြီးအတိုင်း နေသွားကြတော့မှာလား လှိုင်။ မောင့် အချစ်တွေကို မယုံလို့လားဟင်။ မြင်းမိုရ်ထက် မြင့်တဲ့ အချစ်တွေနဲ့ လှိုင့်ကို မောင် ချစ်ခဲ့ရတာပါ။ မောင်က ချစ်ရသူမဟုတ်လား။ မောင် ချစ်တဲ့သူနဲ့ တစ်ခါ တစ်ခါ အတူနေချင်တဲ့ စိတ်က ထိန်းလို့ သိမ်းလို့ မရတော့ဘူး လှိုင်ရဲ့"

မောင်က ချွဲသံဖြင့် ပြောသည်။ မောင့်ကို ကြည့်၍ လှိုင် ရယ်ချင်လာသည်။

"မောင်က လှိုင့်ကို ခု ဗြုန်းစားကြီး လက်ထပ်ရမယ်လို့ ပြောနေတာ မဟုတ်ပါဘူး။ သင်တန်း ပြီးတာနဲ့ မောင်တို့ လက်ထပ်ဖို့ ပြောနေတာပါ။ ခုကတည်းက စီစဉ်ထားမှ ဟိုတစ်ချိန် ကျရင် အဆင်သင့်လေး ဖြစ်နေမှာ"

"လှိုင်တော့ သင်တန်း ပြီးတာနဲ့ မောင်နဲ့ လက်မထပ် ချင်သေးပါဘူး"

"ဘာရယ် လှိုင်"

"ဟို... ဟိုလေ... လှိုင် သင်တန်းပြီးရင် လုပ်ငန်းခွင်ထဲ ဝင်၊ အဲဒီကနေ စတပ်ဖ် ဖြစ်အောင် ကြိုးစားမယ်။ စတပ်ဖ်ကနေ စစ္စတာကြီး ဖြစ်မှ မောင်နဲ့ အတူတူနေမယ်လို့ ဆုံးဖြတ်ထားတာ"

လှိုင်က ပြုံးပြုံးကလေးနှင့် သူ့မောင်ကို စသည်။

"အမလေး... စစ္စတာကြီး ဖြစ်မှ မောင့်ကို လက်ထပ်မယ် ဆိုတော့ တုတ်ကောက်ကလေးနဲ့ သတို့သားကြီး လုပ်ရမှာ ရှက်စရာကြီးကွာ"

မောင်က ရယ်ရယ်မောမောဖြင့် လှိုင့်ကို ဖက်ရင်း ပြောသည်။ မောင့် အပြုအမူကို ကြည့်ပြီး လှိုင်လည်း တဟင်းဟင်းနဲ့ ရယ်နေမိသည်။ တစ်ယောက်ကို တစ်ယောက် တိုးဝှေ့လုဖက်ကြရင်း ပူနွေးသော နှုတ်ခမ်းသား အစုံတို့ အတန်ကြာထိတွေ့သွားကြသည်။

လှိုင်က မောင့် ရင်ခွင်အတွင်းသို့ ပိုမို တိုးဝင်လိုက်သည်။ မောင်၏ ထွေးပွေ့ခြင်းမှာ တင်းကျပ်လာသည်။ မေတ္တာစစ်ဖြင့် နှစ်နှစ်ကာကာ ချစ်ရလေသူ၏ ရင်ခွင်သည် အဘယ်မျှ စိတ်ချရပါသနည်း။

အဘယ်မျှ နွေးထွေး ညှို့သက်လှပါသနည်း။

အဘယ်မျှ ကြည်နူး နှစ်သိမ့်ဖွယ် ကောင်းပါသနည်း။

လှိုင့် မျက်တောင်ကော့ကြီးများ စင်းကျသွားသည်။ လှိုင့် ရင်မှာ တဒိတ်ဒိတ်နှင့် အခုန်မြန်နေရှာသည်။

သင်တန်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များ ဆိုလျှင် လှိုင် တို့နှစ်ဦး ချစ်ခရီးလေး ဆန့်ကြဲမြဲ။ ရွှေတိဂုံ၊ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံတို့သည် ချစ်သူနှစ်ဦး၏ ခြေရာတွေချည်း။

ချစ်လိုက်ကြတာလည်း မိုး ဆိုတာ ဘယ်မှာလဲ၊ လေ ဆိုတာ ဘယ်မှာလဲလို့ မေးရမလောက်ပင်။ ခုကြည့် တိရစ္ဆာန်ရုံထဲမှာ။

"ဟော... မောင် လေးနာရီတောင် ထိုးလုပြီ။ ပြန်စို့နော်"

လွိုင်က နာရီလေးကို အမှတ်တမဲ့ ကြည့်မိရင်းက မောင့် ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။ မောင့် လက်များသည် လွိုင်၏ ခါးကလေးကို သိုင်းဖက်ထားဆဲ။

"အချိန်တွေကလည်း အကုန်မြန်လိုက်တာ လွိုင်ရယ်။ မောင်တော့ ဖြစ်နိုင်မယ် ဆိုရင် လွိုင့်ကို ပြန်တောင် မပို့ချင်တော့ဘူး"

"ဒီလိုတော့ မလုပ်လိုက်ပါနဲ့ မောင်ရယ်။ လွိုင် တောင်းပန်ပါတယ်နော့"

လွိုင်က လက်အစုံကလေးကို အုပ်ကာ တောင်းပန်တိုးလျှိုးသလို ပြောပြီး၊ ချစ်မျက်စောင်းကလေး ဝင့်ကာ ထိုင်နေရာမှ ထရပ်လိုက်သည်။ လွိုင်သည် ကြေနေသော ထဘီတွန့်လေးတွေကို ပြေအောင် သပ်ချရင်း၊ မောင့်ကို ငဲ့ကြည့်မိသည်။ မောင်သည် မြေကြီးကို တုတ်ချောင်းကလေးဖြင့် ခြစ်ကာ ထိုင်မြဲတိုင်း ထိုင်နေသည်။

"ပြန်ကြစို့ မောင်ရယ်... လွိုင်နဲ့ မောင် တစ်နေ့နေ့ တစ်ချိန်ချိန်တော့ အတူနေကြရမှာပေါ့ကွယ်"

လွိုင် ရပ်နေရာမှ မောင့် ဘေးတွင် ဝင်ထိုင်ချလိုက်ပြီး မောင့်ကို ချော့သည်။ မောင် မျက်နှာ ညှိုတိုတိုနှင့် အလိုမကျသည့် အသွင်ဖြင့် လေးတွဲစွာ ထသည်။ လွိုင်တို့ နှစ်ဦး တိရစ္ဆာန်

ရုံထဲက ထွက်လာခဲ့ကြပြီး အပြန်လမ်းတစ်လျှောက် အတွေးကိုယ်စီနှင့်မို့ စကားသံလေးများ ဆိတ်သုဉ်းနေတော့သည်။

လွိုင့်ကို မောင် ရန်ကုန်ဆေးရုံဝင်းကြီး အတွင်းရှိ သူနာပြုဆောင်ထိ လိုက်ပို့ပေးသည်။ ခြံဝ သစ်ပင်ရိပ်အောက်တွင် ခေတ္တမျှ ရပ်လိုက်ပြီး၊ တစ်ဦးကို တစ်ဦး စူးစူးစိုက်စိုက်လေး ပြုံးတူ ကြည့်မိကြသည်။

လွိုင် သက်ပြင်းသဲ့သဲ့ကို ရှိုက်ချလိုက်၏။ လွိုင့် ရင်ထဲ မောဟိုက်လာသည်။

"မောင်ရယ်... ပြန်တော့နော်... **လွိုင်** သွားတော့မယ်"

မပြောလို မနှင်ရက်ပေမယ့် **လွိုင်က** တိုးညင်းစွာ ပြောမိသည်။ ပြီး မောင့်ကို ရုတ်တရက် ကျောခိုင်းကာ လွိုင် အပြေးကလေး ထွက်လာခဲ့သည်။ မောင် ကျောခိုင်း ထွက်သွားမှာကို မကြည့်ရက်လို့ လွိုင်က ဦးစွာ ကျောခိုင်းမြဲ။ လွိုင်သည် အဆောင်သံတံခါးကို ဆွဲဖွင့်လိုက်ပြီး၊ အဆောင်တွင်းသို့ ဝင်ပြီးမှ မောင့်ကို လှမ်းကြည့်မိသည်။

မောင်သည် သစ်ပင်အောက်တွင် ကကြိုးရပ်ကလေး တစ်ရုပ်နယ် ငေးတွေတွေလေး ရပ်နေရှာသေးသည်။ နှစ်ဦးသား မျက်လုံးချင်း ဆုံမိခိုက် မောင်သည် လွိုင့်အား လက်ကလေးကို ဝှေ့ယမ်းပြကာ ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားရှာသည်။ မောင် ကျောခိုင်း ထွက်သွားတာကို မကြည့်လိုပေမယ့် မြင်နေရသောကြောင့် လွိုင် ရင်ထဲတွင် ဆို့နင့် ကြေကွဲသလို၊ ဝမ်းနည်းသလို ခံစားမိသည်။

"လှိုင် မောင့်အပေါ် ချစ်တဲ့ အချစ်တွေများ လှိုင် အသိဆုံးပါ မောင်ရယ်... လှိုင် အသိဆုံးပါကွယ်"

လှိုင် နှုတ်ဖျားမှ တိုးတိုးလေး ညည်းမိသည်။

လှိုင် အဆောင်အပေါ်ထပ်သို့ တက်ရန် လှေကားသို့ လေးတွဲသော ခြေလှမ်းဖြင့် လှမ်းအလာ အဆောင်မှူး ဒေါ်ခင်ညွန့်၏ စူပုပ်နေသော မျက်နှာကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။

လှိုင့် တစ်ကိုယ်လုံး အေးစက်သွားသလို ခံစားလိုက်ရ၏။ လှိုင် တစ်ယောက် မောင်နှင့် ပတ်သက်လာလျှင် အရာရာကို ကြောက်လန့်နေရသူ ဖြစ်နေပြီကော။ မောင် လှိုင့်အပေါ် စိုးမိုးလွန်းလိုက်တာကွယ်။

မောင်ကား တကယ်သိလ်မှ နည်းပြဆရာလေး တစ်ဦးပါ။ ပြည့်စုံ ကုံလုံတဲ့ မိဘနှစ်ပါးမှ မွေးဖွား ဆင်းသက်လာသူ၊ လှိုင်နဲ့က မိုးနဲ့ မြေလို ဘဝချင်း ကွာချင်တိုင်း ကွာခြားလွန်းအားကြီးနေသည်။ လှိုင်သည် တောင်ယာ လုပ်ကိုင်သော ယာသမား မိဘများမှ မွေးဖွားလာခဲ့သူ မဟုတ်လား။ လှိုင့် သူငယ်ချင်း မိသောင်းညွန့်၏ ချစ်သူနှင့် အဆောင်သို့ လာလည်ရင်းက လှိုင်နှင့် မောင် တွေ့ဆုံခြင်း ဖြစ်သည်။ တွေ့စရက်ကို ဥပက္ခာ ပြုနိုင်ရင် ခင်မင်မှုဆိုတာ ဘယ်ကလာ ဖြစ်ပေါ်လာပါ့မလဲ။ ထို ခင်မင်မှုလေးကို အခြေတည်ပြီး မောင်သည် လှိုင်တို့ အဆောင်ကို ရွှေစွန်ညို ဝဲသလို မထွေးလေး လှိုင်အား အမိဖမ်းတော့သည်။

မောင်ကပဲ အပြောကောင်းလို့လား၊ လှိုင်ပဲ အညာလွယ်လို့လား မသိ၊ ခင်မင်သိကျွမ်းပြီး ခြောက်လ အကြာတွင် မောင့်အား လှိုင်၏ အချစ်ဆုံး အချစ်ဦး အဖြစ် လှိုင့် အသည်းဆောင့် တစ်နေရာတွင် နေရာပေးဖြစ်မိသည်။

မတူညီသော ဘဝနှစ်ခုကို ပေါင်းစည်းဖို့ ပန်းလို သီကုံးသူက လှိုင်များ ဖြစ်လေမလား။ မချစ်ဖူးတော့လည်း မူးကို မြစ် ထင်ခဲ့သူက လှိုင်ရယ်ပါ။

*

အပျိုကြီးနှော့ ဈာန်လျှောသွားမယ်

"ညည်းတို့တစ်တွေ ဒီသင်တန်းကို လာတက်နေတာဟာ သူနာပြုဆရာမတစ်ဦး အဖြစ် ခံယူဖို့ သင်တန်းတက်နေကြ ဘာနော်။ ကြင်ယာ ရှာဖို့ လာတဲ့ မိန်းကလေးတွေ မဟုတ်ဘူး ဆိုတာလည်း မြဲမြံမှတ်ထားကြဦး"

အဆောင်မှူး အပျိုကြီးက မလှိုင်တို့ အုပ်စုနှင့် ဆုံမိတိုင်း သည်စကားမျိုး ပြောနေကျ။ ပြောစရာ ဖြစ်လောက်အောင်ကို မလှိုင်တို့ကလည်း မလှိုင်တို့ပဲလေ။ အတွဲကလေး ကိုယ်စီနှင့်။

မလှိုင်တို့ကိုများ အားကျလို့လား၊ ဒါမှမဟုတ် သူ့ဘဝနှင့် တူညီစေချင်လို့လား မသိ၊ ရည်းစား မထားရှိရေးအတွက်

ပြောရမည် ဆိုလျှင် ထမင်းမှေ့၊ ဟင်းမှေ့ ပြောတတ်တဲ့ အာဂ အပျိုကြီးရယ်ပါ။

သူ့ကို လှိုင်တို့ အားလုံးက ချစ်စနိုးနဲ့ မာမီကြီးဟု ခေါ်သည်။

တကယ်တော့လည်း အဆောင်မှူးတွေ၊ နည်းပြဆရာ၊ ဆရာမတွေဟာ လှိုင်တို့လို မိဘနှင့် ခွဲခွာပြီး သင်တန်း လာတက်သူများ အဖို့ မိဘတွေပါပဲလေ။

"အဟင်း... မာမီကလည်း ပညာရှာရင်းက ကြင်ယာပါ စုံတော့ ပိုမကောင်းဘူးလား။ သမီးကတော့ တွေ့ရင် မရှောင်နိုင်ပါဘူး။ သူနာပြုတွေဟာလည်း စက်ရုပ်တွေမှ မဟုတ်တာဘဲ။ လူထဲက လူသားတွေပဲ ဥစ္စာ။ မဟုတ်ဘူးလား မိသောင်း"

"ဟုတ်တယ်... သိပ်ကို ဟုတ်တယ်။ မိသောင်းတို့ကတော့ သင်တန်း ပြီးတာနဲ့ တကယ်ပဲ အထုပ်ကလေး ပိုက်ပြီး မောင့် နောက်ကိုတဲ့ အသွက်ကလေး အပြေးလိုက်မယ်"

နွယ်နွယ်နှင့် မသောင်းညွှန့်တို့၏ အတိုင်အဖောက် စကားကြောင့် မာမီ ဒေါ်ခင်ညွှန့် မျက်နှာပြင် တစ်ခုလုံး နီမြန်းသွားတော့သည်။ ပြီး တပ်ထားသော မျက်မှန်ကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်ပြီး သူတို့ နှစ်ဦးကို စိန်းစိန်းကြီး ကြည့်လိုက်သည်။

မာမီ့ အကြည့်များက ဒေါသဖြင့် စူးရှလွန်းသဖြင့် လှိုင်တို့ တစ်သိုက် မျက်နှာပိုး သတ်ကာ ကုပ်ကုပ်ကလေး ခပ်အေးအေး ထိုင်နေလိုက်ကြသည်။

"ငါက ညည်းတို့ကို သမီးလေးလို ချစ်လွန်းလို့ ပြောနေတာပါအေ။ ညည်းတို့ အချစ်ကိုလည်း ငါ မဖျက်ပါဘူး။ ဖျက်ဦးခွင့်လည်း ငါ့မှာ မရှိပါဘူး။ ခင်ညွှန့်တို့ အလုပ်က အဆောင်ဆောင့်တဲ့ အလုပ်ပဲဟာ"

အပျိုကြီး စိတ်ဆိုးမှန်း သိတော့လည်း နွယ်နွယ်နှင့် သောင်းညွှန့်တို့ မနေနိုင်ကြ။ ဝိုင်းချော့ကြရပြန်သည်။

"မာမီ့ကို ချစ်လို့ စတာများ စိတ်ဆိုးရသလား မာမီရယ်" ဟု မိသောင်းညွှန့်က ချွဲသံဖြင့် နှစ်သိမ့်လိုက်၏။ နွယ်နွယ်လည်း တစ်မျိုး ချော့ပြန်သည်။

"ဒီမှာ နွယ်နွယ့် မျက်နှာကို သေချာကြည့်ကြစမ်း။ ဒီတစ်သက် ယောကျ်ားယူမယ့် မျက်နှာလားလို့"

"ယောကျ်ားတော့ မယူဘူး၊ အိမ်ထောင်ပြုမယ် ဆိုပါတော့"

"တော်စမ်းပါ စောစရယ်၊ နင်ဟာလည်း လူပုသလောက် နေရာတကာ ဝင်ဝင်ရွှပ်တယ်"

နွယ်နွယ် မျက်နှာထား တည်တည်ဖြင့် အရွှန်းဖောက် ပြောနေသည်ကို ကရင်မလေး နော်စောစက ဝင်နောက်လိုက်သဖြင့် လှိုင်နှင့် ထားကြည်တို့က ကျိတ်၍ ရယ်ဖြစ်ကြသည်။

"သမီးတို့ကို မာမီက အိမ်ထောင် မပြုပါနဲ့၊ ချစ်သူထားပါနဲ့လို့ တားမြစ်နေတာ မဟုတ်ဘူး။ သင်တန်းကာလမှာ ချစ်သူ ရည်းစားကို ဦးစားပေးလွန်း နေကြလို့ ပြောနေရတာ"

မာမို့ အသံမှာ အနည်းငယ် ပျော့ပျောင်းသွားသည်။ မာမို့ စကားကြောင့် ငေးမိုင်သွားသူမှာ ယုယုလှိုင်ပင် ဖြစ်သည်။

"ကဲ... ကြားလား... ယုလှိုင်၊ မာမိက သင်တန်းကာလမှာ ချစ်သူကို ဦးစားမပေးရဘူးတဲ့"

နွယ်နွယ်က လှိုင့်ကို လှမ်းစလိုက်သည်။

"ကိုမြင့်ဆွေကြီးကို လှိုင့်ရဲ့ ချစ်သူ အဖြစ်က ပြတ်စဲကြောင်း မနက်ဖြန် သတင်းစာထဲ ကြော်ငြာထည့်ရရင် မကောင်းဘူးလား"

အရယ် အစ သန်သော စောစက ဝင်နှောက်လိုက်ပြန်သည်။

စလျှင် မျက်ရည် လွယ်တတ်မှန်း သိ၍ သူတို့တစ်တွေက လှိုင့်ကို စကြမြဲ။ လှိုင် သူတို့ကို မကြည့်တော့ဘဲ၊ ခေါင်းကလေးကို ငုံ့ထားလိုက်သည်။

"ဟေ့... ဟေ့... သမီးတို့တစ်တွေ မဟုတ်သေးပါဘူး။ မာမီက ဒီလို မဆိုလိုပါဘူး။ ချစ်သူ ထားမိပြီ ဆိုရင်လည်း ထားကြပေါ့။ ဒါပေမဲ့ စည်းနဲ့ ကမ်းနဲ့ ချစ်တတ်ကြဖို့ ပြောနေတာ"

"သိပါဘူး... ရှားရှားပါးပါး ရထားတဲ့ ချာတိတ်ကလေးကိုများ စွန့်ပစ်ရတော့မှာလားလို့။ တော်သေးတာပေါ့ မာမီရယ်"

နော်စောစော၏ စကားကြောင့် ဝိုင်းရယ်ဖြစ်ကြပြန်သည်။

"မိဘ အအုပ်အထိန်းအောက်က လွတ်ကျွတ်ပြီး၊ ဒီလို ဓိန်းဓတ္တေချည်း စုဝေးနေရတဲ့ ခုလို နေရာမျိုးမှာ ကိုယ့်ကိုယ် ကိုယ် ပိုပြီး ဆင်ခြင်ရမယ်။ ပတ်ဝန်းကျင်က တို့များ ဆရာမဆွေကို အထင်အမြင် သေးကြတာတွေ ရှိကြတယ်လေ။ ဆရာမဆွေ စည်းလုတ် ဝါးလုတ် ဖြစ်နေကြတယ်၊ ကိုယ့်မင်း ကိုယ့်ချင်း ထင်တာ ကြဲနိုင်ကြတယ်လို့"

အစပျိုးပြီး ဆုံးမစကားတွေ နားမဆံ့အောင် ကြားရတော့မည်။

"ယောကျ်ားလူနာ တစ်ယောက်ကို ပြုစုရာမှာ သဘောထားဖြူစင်တဲ့ လူနာနဲ့ တွေ့ရင် သူ့ကိုပဲ ကရုဏာ သက်သလိုလို နဲ့ ရိသဲ့သဲ့ အပြုအမူမျိုး ခံကြရတယ် မဟုတ်လား။ အဲ... ခပ်တည်တည်-ပြုစုပြန်တော့လည်း ဝတ်ကျေ ဝတ်ကုန် လုပ်တယ်၊ ဒီဆရာမက ဘဝင်မြင့်တယ် ဆိုကြပြန်တယ်"

အပျိုကြီး မာမီ၏ စကားကို သူတို့တစ်တွေ မရယ်မပြုံးဘော့ဘဲ၊ ကလေးငယ်များနှယ် ငြိမ်သက်စွာ နားထောင်နေကြသည်။

"တကယ်တော့ သူနာပြုဆရာမ ဆိုတာ ကျောသားရင်သား မခွဲခြားကြပါဘူး။ ရောဂါ အကြီး၊ အသေးလိုက် လူနာကို ပြုစုကြတာချည်းပါပဲ။ လူနာတိုင်းကို ပြုစု ယုယဖို့က တို့တွေရဲ့ တာဝန်ပဲဥစ္စာ"

ပြောရင်းနဲ့ မာမီ တံတွေးကို မျိုချနေသည်။ ပြောရ ဟောရ၍ တစ်နေ့လုံး ကုန်သွားမှာလား။ မာမီတို့က ပိုကြိုက်သည်။

"အင်မတန် ပျင်းရိ ငြီးငွေ့စရာ ကောင်းတဲ့ ဆေးရုံပေါ်မှာ လူနာတစ်ဦး မပြောနဲ့၊ သာမန် လူကောင်းတစ်ယောက်တောင် ကြာကြာ မနေချင်ကြဘူး။ ဒီတော့ ရောဂါဝေဒနာကြောင့် ဆေးရုံပေါ်မှာ ဒါမှမဟုတ် သူနာပြုတွေရဲ့ ရင်ခွင်ထက်မှာ ဆေးဝါးကုသရင်း အနားယူနေကြတဲ့ လူနာတိုင်းရဲ့ စိတ်ပျော်ရွှင် ချမ်းမြေ့မှု ရရှိအောင် စွမ်းဆောင်ပေးရမှာက မင်းတို့ တစ်တွေရဲ့ တာဝန်ပဲ မဟုတ်လား"

"မာမီရယ်... ဒီအလုပ်က ထွက်ပြီး နိုင်ငံရေးဘက် ကူးပါလား"

တစ်ချို့ တစ်ချို့ ဖောက်လာလေ့ ရှိသော စောစ စကား ကြောင့် အပျိုကြီးက စောစ၏ ပေါင်တွင်းကြောကို ပယ်ပယ် နယ်နယ် လိမ်ဆွဲလိုက်သဖြင့် တစ်ဖက်သားမှာ ရုန့်မဲ့ပြီး ရယ်စရာဝိုင်းလေး တစ်ခု ဖြစ်သွားရသည်။

"အဟွန်း" နဲ့ မာမီက ချောင်းဟန့်ကာ စကားကို ပြန်ဆက်ပြန်သည်။

"ဆိုလိုတာက တို့များ အလုပ်ဟာ မြင့်မြတ်တယ်။ တို့တစ်တွေဟာ လူနာတိုင်းကို သနားကရုဏာတွေ၊ အကြင်နာတွေ၊ စေတနာတွေ၊ ကိုယ်ချင်းစာမှုတွေနဲ့ ပြုစုခဲ့ကြတယ် မဟုတ်လား။ အဲသလို မြင့်မြတ်လှတဲ့ သူနာပြုလုပ်ငန်းမှာ သမီးတို့ တစ်တွေ ကိုယ်တိုင်ကလည်း မြင့်မြတ်အောင် နေထိုင်တတ်ကြဖို့ အရေးကြီးတယ်။ ဒါဟာ မာမီရဲ့ ဆန္ဒပဲနော်"

"အရေးကြီးဆုံးက သမီးတို့ တစ်တွေဟာ သူနာပြု ဆရာမ ဆောင်းတွေပဲ ရှိသေးတယ်။ သူနာပြုဆရာမ တစ်ယောက် ဖြစ်သေးဘူး။ လာမယ့် စာမေးပွဲကြီးက ဆရာမ တစ်ယောက် ဖြစ်ဆိုက်၊ မဖြစ်ထိုက် ဆိုတာ အဆုံးအဖြတ်ပေးမှာမို့ အချိန်ကုန်ကြိုးစား စာတွေ့နဲ့ လက်တွေ့ကို ထာဝစဉ် ဒွန်တွဲပြီး၊ လေ့လာမှတ်သားဖို့ လိုတယ်။ စာမေးပွဲ ရှုံးတော့ ညည်းတို့ရဲ့ ရည်းစားဆွေမျိုးက မကယ်နိုင်ဘူးနော်။ သင်တန်းက ထွက်ပြီး ရည်းစားဆောက် လိုက်ရင်လည်း ထောက်ပံ့ကြေးတွေ ပြန်လျော်ရဦးမယ်၊ ကဲ...ဘယ်လောက် စိတ်ပျက်ဖို့ ကောင်းသလဲ"

"ဒါကြောင့် ရည်းစား မရှိသေးသူတွေလဉ်း ရည်စားရဖို့ ကောင်တကြနဲ့။ အချိန်တန်တော့ မင်းတို့ ရင်ခွင်ထဲ လူတစ်ယောက်တော့ ရောက်လာကြမှာပါပဲ။ ရှိပြီးသား သူတွေလည်း ငါဟာ သူနာပြုဆရာမလောင်း အဖြစ်သာ ရှိသေးတယ်။ သင်တန်းကာလမှာ ကိုယ့်ချစ်သူက ချိန်းတိုင်း အတွေ့ခံကြနဲ့။ စာကို ကြိုးစားကြဦး။ အချစ်ကို ဦးစားပေးလွန်းရင် ကိုယ့်ရဲ့ ဦးတည်ချက်တွေမှာ အားနည်းသွားလိမ့်မယ်။ ကြားလား ယုယုလှိုင်"

"လှိုင့်ကိုပဲ ခေါင်းတပ် ပြောရသလား မာမီရယ်"

"အမယ်... အမယ် တို့ကို ခေါင်းတပ်စရာ ဘာအကြောင်း ရှိတာပဲကိုး ယုလှိုင်ရဲ့။ မယ်မင်းကြီးမသာ တတွဲတွဲ ခေါ်ဘဲ"

"တော်ပါ... ငိုချင်တယ်"

"ဖိုးမြင့်ဆွေကြီး လာမှ ငိုပါ အေရယ်၊ တို့က မချော့တတ်ဘူး။ မျက်ရည်ကလေး သုတ်ပေးရအောင်ကလည်း ပဝါ မကိုင်တတ်ပေါင်"

အားလုံးက ဝိုင်းစကြသဖြင့် လှိုင့်မှာ ငိုမဲ့မဲ့ ဖြစ်နေစဉ် စကားအဖျက်သမားလေး နော်စောစက ဖောက်လိုက်ပြန်သည်။

"မာမီက ယောကျ်ားတွေနဲ့ ပတ်သက်လာရင် အမြဲတမ်း ကန့်ကွက်တာချည်းပဲ။ ဧကန္တ မာမီ အသည်းကွဲခဲ့ဖူးတယ်နဲ့ တူတယ်။ ဟုတ်လား မာမီ"

"အိုအေ... ကြံကြီးစည်ရာပါတော်"

"အဲသလို မငြင်းရပါဘူး။ ပြောပြစမ်းပါ မာမီရယ်... ဘာဖြစ်လို့ အပျိုကြီး လုပ်နေရတာလဲလို့"

"ဟုတ်သားပဲ၊ မာမို့ အကြောင်း တစ်ခါမှ သမီးတို့ကို ပြောမပြဘူးနော်။ အတုယူစရာရှိ ယူရတာပေါ့"

တော်တော်ဆိုးတဲ့ ကလေးတွေဟု မာမီက ပြောဆို ရေရွတ်ရင်း ခေါင်းကုတ်နေသည်။ သည်အုပ်စု အကြောင်းကို သိထားပြီမို့လည်း သူ့အကြောင်းကို စိတ်ကျေနပ်လောက်အောင် ပြောပြရှာသည်။

"မာမီက အချစ်ရေးမှာ ကံဆိုးတယ်လို့ ပြောရမလား၊ ကံကောင်းတယ်လို့ ဆိုရမလား မသိပါဘူး အေတို့။ အလုပ်ဝင်စက လူတစ်ယောက်နဲ့ ချစ်မိကြသေးတယ်။ ဒါပေမဲ့ သူက မာမို့ကို စွန့်ပြေးတယ်လေ။ သစ္စာမရှိဘူး ဆိုပါတော့။ ဒီကတည်းက ယောကျ်ားတွေကို မယုံတော့ဘူး၊ ကြောက်လာတယ်"

"အို...အို... ဒါကြောင့်ကိုး"

"ပိုပြီး ကြောက်လာစေတာက ညည်းတို့တစ်တွေ သိလိမ့်မည်။ သားဖွားရတဲ့ မိန်းမ တစ်ယောက်ရဲ့ အဖြစ်ဟာ ဘယ်လောက်များ စိတ်ပျက်ဖို့ ကောင်းသလဲဟင်။ မင်းတို့ ကိုယ်တိုင် ဖွားမြင်ပေးရတဲ့ မိန်းမတစ်ယောက် အကြောင်းကိုပဲ ပြန်တွေးကြည့်စမ်း။ အညစ်အကြေးတွေ ကြားမှာ ကလေးတစ်ယောက်ကို အားအင် ကုန်ခန်းတဲ့ အထိ အသက်ကို လုပြီး ဖွားမြင်ရတာတွေ တွေ့ရဖန် များတော့ လင်ယူချင်စိတ် ကုန်ခန်းလာတယ်။ ဒါကြောင့်လည်း အပျိုကြီး ဘဝနဲ့ နေရတာ အကောင်းဆုံး ဆိုပြီး ခုလို နေတာပေါ့"

"မာမီက ဒီအချိန်လောက်ကိုသာ မြင်နေတာကိုး။ နှစ်ကိုယ်တူ ချစ်ရည်လူးတဲ့ ကာလကိုတော့ မမြင်ဘူးပေါ့"

"တော်စမ်းပါအေရယ်... နားရှက်စရာတွေ"

အပျိုကြီး၏ မျက်နှာမှာ ရှက်သွေးကလေးတွေ ဖြာသွားသည်။

"လှိုင်က ပိုသိလိမ့်မယ်"

"ဟင်းနော်"

လှိုင် နှုတ်ခမ်းကလေး စူပြီး၊ မိသောင်းညွှန့်ကို မျက်စောင်းခဲလိုက်သည်။

"အေး... ယုလှိုင်လည်း သတင်းကြီးတဲ့ မင်းသမီးဖြစ်နေတယ်နော်၊ ကြည့်နေကြ။ မောင်မြင့်ဆွေကိုလည်း ပြောပြဝါ။ တစ်လကို တစ်ခါတန်သည်၊ နှစ်ခါတန်သည်တော့ လာပါ

လို့။ မင်းတို့ကလည်း ကဲလွန်းတယ်။ အားတဲ့ အချိန်တိုင်း အပြင်ထွက်ထွက် လည်နေတာပဲ။ အဆောင်ပိတ်ခါနီးမှ အိုးနင်း ခွက်နင်းနဲ့ ပြန်ပြန်လာတာ ခဏ ခဏ တွေ့နေရတယ်နော်"

မာမီ့ စကားကြောင့် လှိုင် တစ်ယောက် ခေါင်းကိုပင် မဖော်ရဲတော့။ သူ့ ဘေးတွင် ထိုင်နေသော ထားကြည်က လှိုင့်ကို ပွေ့ဖက်ထားသည်။

"ဒါပေမဲ့ မင်းတို့ ချစ်ခြင်းကို မာမီ မဟန့်တားပါဘူး။ လူငယ်တွေ ချစ်ကြ၊ ကြင်ကြတာ မြင်ရတော့လည်း ကြည်နူးသလိုပဲကွယ်"

"အမယ်... မာမီ့နော်... အပျိုကြီး စျာန်လျှောသွားဦးမယ်"

*

အစက မချစ်ခဲ့မိရင် ကောင်းမယ်

"လှိုင် မောင့်ကို လက်ထပ်ဖို့ အလေးအနက်ထား စဉ်းစားပါတော့ လှိုင်ရယ်...နော်။ မောင့်ကို အိမ်က လက်ထပ်ပေးချင်ကြပြီ။ မောင့်မှာ အဆင်သင့် မဖြစ်ရင် သူတို့ စိစဉ်တာကို လက်ခံဖို့ တိုက်တွန်းနေကြတယ်။ နော်... လှိုင်၊ သင်တန်းပြီးတာနဲ့ လက်ထပ်ကြရအောင်ကွာ"

"မောင်ရယ်... လှိုင် မောင့်ကို သိပ်ချစ်ပါတယ်။ မောင်နဲ့ လွဲရမှာလည်း သိပ်ကြောက်ပါတယ်။ မောင်နဲ့သာ တစ်

ဘဝလုံး ဝေးရမယ် ဆိုရင် လှိုင့်ဘဝ ရှင်လျက်နဲ့ သေသူ ဖြစ်ရမှာပါ မောင်ရယ်။ ဒါပေမဲ့..."

"ဒါပေ မမဲ့ပါနဲ့ လှိုင်ရယ်။ လှိုင် မောင့်ကို သိပ်ချစ်တယ် ဆိုရင် သင်တန်းပြီးရင် လက်ထပ်ပါ့မယ် ဆိုတဲ့ ကတိလေး တစ်ခုပဲ မောင့်ကို ပေးပါကွယ်။ မောင်လည်း အိမ်မှာ ပြောရ ဆိုရတာ ကျပ်နေလို့ပါ"

လှိုင် မောင့် ရင်ခွင်မှာ ခေါင်းတိုးဝင်ပြီး ငိုမိသည်။

"လှိုင် ဘယ်လို ဆုံးဖြတ်ရမှာလဲ မောင်ရယ်။ လှိုင် မောင့်ကို လက်ထပ်ပါ့မယ်လို့လည်း ကတိပေးချင်ပါတယ်။ ဒါပေမဲ့ သင်တန်း လာတက်ကတည်းက လှိုင့်မှာ အဖေ့ကို ပေးထားတဲ့ ကတိတစ်ခု ရှိနေပြီလေ။ မောင်လည်း သိသားပဲ။ လှိုင် ခဏ ခဏ ပြောပြသားပဲ မောင်ရယ်"

"ပေးပြီးသား ကတိ ဆိုတာကလည်း ကတိပဲပေါ့ လှိုင်ရယ်။ သေတဲ့လူက သေခဲ့ပြီ မဟုတ်လား။ သေပြီးတဲ့ လူအတွက် ရှင်နေတဲ့ လူက ပေးဆပ်ရမယ် ဆိုရင် ဘယ်တရားပဲ့မလဲ မိဘ ဆိုတာ သားသမီးကို ခွင့်လွှတ်ကြရမြဲပါ။ လှိုင့် ဖေဖေဆီကို စာရေး ပြောပြတော့နော် လှိုင်"

ကြာတော့ မောင့်စကားတွေ လှိုင့် နားဝမှာ ကွယ်လာသည်။ လှိုင့် မိသားစုအကြောင်း၊ လှိုင့်အကြောင်းကို အသိဆုံးပဲ မဟုတ်လား။ မောင် စိတ်ချမ်းသာမှု ရပါစေတော့ ဆိုပြီး လှိုင် စာမေးပွဲ ဖြေပြီးတဲ့နေ့မှာ တိကျတဲ့ အဖြေ ပေးပါ့မည်ဟု မောင့်ကို ကတိပေးမိသည်။

အပြုံးမျက်နှာနှင့် မောင်တစ်ယောက် ပျော်နေသည်ကို ကြည့်ပြီး လှိုင်လည်း ပျော်ရွင်ပါသည်။ ကြည်နူးပီတိ ဖြာလို ပါသည်။

သာယာကြည်နူးဖွယ် ကောင်းသော ချစ်ခရီးလေးမှာ အပြောင်းအလဲတစ်ခု သည်မျှ မြန်မြန်ဆန်ဆန် ဖြစ်ပေါ်လာ မည်ဟု လှိုင် မထင်ခဲ့မိပါ။ သို့သော် ကံကြမ္မာ အလှည့်အပြောင်း က လှိုင်နှင့် မောင်တို့အား လွဲအောင် ဖန်တီးပေးဦးမည်လား ဟူသော စိုးထိတ်သော အတွေးမျိုးဖြင့် လှိုင် အိပ်မပျော်သော ညပေါင်း များစွာကို ကျော်ဖြတ်ခဲ့ရပြီ။

ကံကြမ္မာ ဟူသည် ယုံစား၍ မရသော အကြောင်းတရား ပင် မဟုတ်ပါလား။ တစ်ချိန်တစ်ခါက နှစ်ဦးသား တွေ့ကြပြီ ဆိုလျှင် ချစ်မဝ ရှုမဝနဲ့ အချစ်သည် ချိုမြိန်ခဲ့ဖူးပါသည်။ ထို ချိုမြိန်သော အချစ်တို့ကား ယခုမူ မချိုမြိန်ဘဲ ခါးသက် သက် ဖြစ်လာချေပြီ။ အချစ်သည် ရယူခြင်းလား၊ ပေးဆပ်ခြင်း လား ဆိုတာကိုမူ လှိုင် အမြဲတမ်း တွေးနေမိခဲ့သည်။

မောင် လှိုင့်ကို လက်ထပ်ဖို့ ပြောသည့် အခါတိုင်း လှိုင် တွန့်ဆုတ် တွေဝေခဲ့ရပါသည်။ လှိုင် မောင့်ကို မယုံ၍ မဟုတ် ပါ။ မချစ်၍ မဟုတ်ပါ။ လှိုင့်မှာ မိသားစု ဖြစ်စေချင်သော ဆန္ဒလေးများ ရှိနေပါသေးသည်။ လှိုင် ထမ်းရွက်ရမည့် တာဝန် များ ကျေမှသာ မောင့် ရင်ခွင်မှာ စိတ်အေးချမ်းသာ ခိုဝင်ချင် ပါသည်။

သို့သော် မောင်က သည်အချိန်ထိ လှိုင့်ကို ခွင့်မပြုနိုင် လောက်အောင် မစောင့်စားနိုင်လောက်အောင် မောင့်မှာ အကြောင်းတစ်စုံတစ်ခုများ ရှိနေလို့လား၊ ဒါမှမဟုတ် လှိုင့် အချစ်ကို သံသယဝင်နေလို့လား။ မောင့်ကို ငဲ့၍ ဖေဖေ့ဆီ စာရေးပြောဖို့ လှိုင် ကြိုးစားမိခဲ့သည်။ မရေးဖြစ်ခဲ့ပါ။ မရေးရက် ပါ။ လှိုင့် အချစ်ဆုံး ဖေဖေ လှိုင့်ကြောင့် စိတ်မညစ်စေချင်ပါ။

အခုနေခါ ဖေဖေ့ကို ပြောလျှင် ခွင့်မပေးဘဲ နေမည် မဟုတ် သည်က သေချာပါသည်။ သို့ရာတွင် ကြည်ဖြူစွာ ခွင့်ပြုရခြင်း မျိုးတော့ မဖြစ်နိုင်ပါ။

မောင့်မျက်နှာ တစ်ကွက်လေး ကြည့်ပြီး၊ အရာအားလုံး ကို လှိုင် စွန့်လွှတ်လိုက်ရမည်လား။ မိမိ စိတ်ချမ်းသာမှု တစ်ခုတည်းကိုသာ ဦးစားပေးသည်ဟု ဖေဖေ အထင်လွဲမှား သွားမည် ဆိုလျှင် လှိုင့် တစ်သက်တာတွင် ဖြေသိမ့်နိုင်မည် မဟုတ်မှန်းတော့ သေချာသည်။

ယခုတော့ အချစ်သည် စမ်းမြရေလို မအေးမြတော့ပါ လား။

ရက်တွေကလည်း အကုန်မြန်လိုက်တာ။ စာမေးပွဲ ဖြေရ မည့် အချိန်ကာလတွေလည်း မဝေးတော့ပါလား။ လှိုင် တစ်ခုခုကို ဆုံးဖြတ်ရန် ကောင်းနေပါပြီ။ ဖေဖေ့ဆန္ဒကို သွေဖည်ရမည်လား။

သို့တည်းမဟုတ် မောင့်ဆန္ဒကို သွေဖည်ရမည်လား။

လှိုင် မဆုံးဖြတ်တော့ပါ။ တကယ်တော့ လှိုင်သည် အစက မောင်နဲ့ မတွေ့ခဲ့ရင်၊ အစကတည်းက မောင့်ကို မချစ်မိခဲ့ရင် ကောင်းမယ်။

*

အဖေ့ဆီက စာတစ်စောင်

သမီးလေး ယုလှိုင်

အဖေ စာရေးလိုက်တယ် သမီး။

သမီးရဲ့ စာကို ဖေဖေတို့ ကောင်းမွန်စွာ လက်ခံရရှိ ပါတယ်။ သမီးရဲ့ စာထဲမှာ သမီး ကျန်းကျန်းမာမာနဲ့ ရှိနေ တယ် ဆိုလို့လည်း ဖေဖေတို့ အထူးကို ဝမ်းသာနေကြတယ်။ အမြဲတမ်း နေကောင်းပါစေလို့လည်း ဖေဖေတို့က ဆုတောင်း ပေးပြီးသားပါ သမီးရယ်။

ဖေဖေနဲ့ သမီး အစ်ကိုကြီးတို့လည်း နေကောင်းကြတယ်။ ရွာမှာ မြေပဲနုတ်ချိန် ဆိုတော့ သမီးလေး သိတဲ့ အတိုင်းပါပဲ၊ အဖေတို့ နှစ်ယောက်လုံး မအားကြဘူးကွဲ့။

ဒီနှစ် မြေပဲလည်း အရမ်းအောင်တာပဲ။ သမီး ပြန်ရောက်တဲ့ အချိန်ကျရင် အလှူကလေးတစ်ခု

လုပ်ဖို့တောင် ဖေဖေတို့ စိစဉ်ထားသေးတယ်။ ဒါနဲ့ သမီးကို ဖေဖေ ဝမ်းနည်းစရာ စကားလေးတစ်ခွန်း ပြောရဦးမယ်။ သမီးလေး စာမေးပွဲ ဖြေပြီးလို့ သင်တန်းပြီးရင် သမီးကို အဖေတို့ လာကြိုနိုင်မယ် မဟုတ်ဘူး ဆိုတဲ့ စကားလေးပါပဲ သမီးရယ်။

ဒီအတွက် သမီး ဖေဖေတို့ကို ခွင့်လွှတ်စေချင်တယ်။ အဖေတို့ မအားလွန်းလို့ လာမကြိုနိုင်တာပါ။ သမီးလေး သင်တန်းပြီးတာနဲ့ သူနာပြုဆရာမတစ်ဦး ဖြစ်တော့မှာပေါ့နော်။ အဖေတို့ သိပ်ကို ဝမ်းသာနေကြတယ် သမီးရယ်။

သမီးကို အဖေ စကားလေးတစ်ခွန်း ထပ်ပြောချင်သေးတယ်။ ဟိုတုန်းကလည်း အကြိမ်ကြိမ် ပြောခဲ့စဖူး စကားရယ်ပါ။ မဆန်းပေမယ့် ဖေဖေ အတွက် သိပ်အရေးပါ အရာရောက်နေလို့ပါ။

အဲဒါက သမီးလေးရဲ့ မူလရည်ရွယ်ချက်လေး မပျက်မယွင်းဘဲ၊ အကောင်အထည် ဖော်နိုင်ဖို့ပါပဲ ကွယ်။ အဲဒါကိုပဲ ဖေဖေ ထပ်သတိပေးပါရစေ။ တကယ်လို့ အကြောင်းတစ်ခုခုနဲ့ သမီးရဲ့ မူလရည်ရွယ်ချက် ယိမ်းနွဲ့သွားမယ်လို့ အကြောင်းဖန်လာရင်တောင် သမီးရဲ့ မေမေကို သတိရပါကွယ်။

သမီးရဲ့ မေမေ့မျက်နှာ၊ မေမေ့ အဖြစ်အပျက်တွေကိုသာ သမီးလေး ခေါင်းထဲ ထည့်သွင်း စဉ်းစား

မိခဲ့ရင် သမီး လျှောက်ရမယ့် ဆူးငြောင့်ခလုတ် ဟူသမျှတွေကို ကျော်ဖြတ်နိုင်မှာ အမှန်ပါပဲကွယ်။

ဖေဖေတို့လည်း ငယ်ရာကနေ ကြီးလာကြတာ ပါကွယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ် ဖေဖေ့ဆန္ဒ၊ မေမေ့ အဖြစ်နဲ့ သမီးရဲ့ အစ်ကိုကြီးတို့ရဲ့ မျက်နှာကို ငဲ့ကွက်ပြီး သမီး ဖြစ်ချင်တာထက် ဖြစ်သင့် ဖြစ်ထိုက်တာကို ဦးစားပေး ဆောင်ရွက်စေချင်တယ်။

ဒါပါပဲ သမီးရယ်။ အဖေ ပြောချင် မှာချင်တာ ဒါပါပဲကွယ်။ သမီး ရွာကို ပြန်ဖြစ်မယ့်နေ့ စာရေးဦးနော်။ အဖေတို့ တစ်ယောက်ယောက် လှည်းနဲ့ လာကြိုမယ်။

သမီး စာမေးပွဲ ဖြေနိုင်ပါစေ။ သမီးလေး နေကောင်းပါစေ။

သမီးရဲ့ ဖေဖေ

စာက သည်မျှသာ ဖြစ်သည်။ စာဖတ်အပြီး ရင်တုန် မောဟိုက်စွာ ကျန်ရစ်ခဲ့သည်။ စာရွက် ကိုင်ထားသော လက်များပင် သိသိသာသာကြီး တုန်နေ၏။ မည်မည်ဟာ ရေးထားသော အဖေ့စာသည် နှစ်မျက်နှာပင် မပြည့်သော်လည်း လှိုင်၏ အသည်းနှလုံးကိုမူ ဖမ်းစားနိုင်လွန်း အားကြီးလှသည်။

မောင်နှင့် လှိုင်တို့ အကြောင်းများ အဖေ သိသွားပြီလား။ အို... မသိနိုင်ပါဘူး။ အဖေ့ကို ဘယ်သူတွေ ပြောလို့ သိနိုင်

မှာလဲ။ ရွာနဲ့ ဝေးလွန်းလှတဲ့ နေရာဒေသ အကြောင်းတွေ ဘယ်လိုလုပ် အဖေ သိနိုင်မှာလဲ။ ရွာနဲ့ ရုန်ကုန်ကလည်း အဆက်အသွယ် ပြတ်ပါဘိနဲ့။

မပြောနိုင်ဘူးလေ။ လူ ဆိုတာ ချစ်တဲ့သူ ရှိသလို၊ မနာလို မရှဆိတ်နိုင်သူတွေကလည်း အများကြီးရယ်။ မောင်နှင့် ချစ်နေတဲ့ အကြောင်း၊ မောင်နှင့် အသွားအလာ လုပ်နေတဲ့ အကြောင်းများ တစ်စုံတစ်ဦးက အဖေ့ဆီ အကြောင်းကြားခဲ့ရင်...။

အဖေ့ စာတွင် ပါရှိသော အရိပ်အမြွက်ကို ကြည့်ပြီး ဖြစ်နိုင်စရာ များစွာရှိသည်။ ဖေဖေ့စာ၊ လှိုင့်ကို ချစ်သော၊ လှိုင့်ကို အမြဲခွင့်လွှတ်သော၊ လှိုင့်ကို, အစစအရာရာတွင် ကောင်းစေချင်သော၊ လှိုင့်ကို နားလည်သော ဖေဖေ့ရဲ့ စာ။

လှုပ်ရှား တုန်လှုပ်နေသော အတွင်းစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်နေသည့် ကြားမှ ဖေဖေ့ မျက်နှာရုပ်သွင်ကို ပြေးမြင်လာမိသည်။

လှိုင်သည် ဖေဖေ့စာကို ဖတ်အပြီးတွင် သူ့ဘဝအတွက် ဆုံးဖြတ်ရတော့မည့် အခြေအနေ အရပ်ရပ်ကို ပို၍ နားလည်လာသည်။ အဖေနှင့် အနေဝေးသော်လည်း ဖေဖေ့ စကားသံများကို နားထဲတွင် အတိုင်းသား ကြားလာမိသည်။

"သမီးရယ်... ဖေဖေကတော့ သမီးလေး သင်တန်းပြီးလို့ ဖေဖေတို့ ရွာ၊ ဖေဖေတို့ နယ်မှာ တာဝန်ထမ်းဆောင်ခွင့် မရရင်လည်း အလားတူ ရွာကလေးတွေမှာ တာဝန်ထမ်းဆောင်နေတာ မြင်ရ၊ တွေ့ရရင် ဖေဖေ့ တစ်သက် သေပျော်ပါပြီ။

ဒါမှ သမီးရဲ့ မေမေလို အဖြစ်မျိုး မကြုံရအောင် အဘက်ဘက်က သမီးတို့ တားဆီး ကာကွယ်ပေးနိုင်ကြမယ် မဟုတ်လား”

ဒုတိယနှစ် စာမေးပွဲ ဖြေဆိုပြီး၍ အဖေ့ဆီသို့ အပြန် တက်ကြွ လန်းဆန်းစွာ ပြောခဲ့သော ဖေဖေ့ စကားများ။ စကားဟု ဆိုသည်ထက် ဖေဖေ့ဆန္ဒဟု ဆိုပါလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။

“ညီမလေးရယ်... ကိုကို့အတွက် ဘာဆို ဘာမှ ထည့်မတွက်နဲ့။ ငွေရေးကြေးရေး မပြည့်စုံ မလုံလောက်မှာကိုလည်း ဘာမှ တွေးမပူနေနဲ့။ ညီမလေးသာ မေမေ့အတွက် ဘဝခရီးကို ဖြောင့်ဖြောင့်သွား။ ကိုကိုတို့ ပင်ပန်းလို့ ရင်နှစ်ခြမ်း ကွဲပါစေ။ ညီမလေးသာ...”

အဖေနဲ့ အတူ လယ်ယာခွင်ထဲ ဘဝကို စုံမြှုပ်ကာ ညီမလေးအတွက် ကြိုးစားနေသော အစ်ကို၊ ညီမလေးကို ဦးစားပေးလွန်း၍ ကျောင်းပညာ တစ်ဝက်တစ်ပျက်နဲ့ လယ်ထဲယာထဲ ဆင်းခဲ့သူ။

သည်အဖေနဲ့ သည်အစ်ကိုတို့ လှိုင့်အတွက် အစစအရာရာ အနစ်နာခံခဲ့သည်။ သူတို့ ဖြစ်စေချင်တာကိုကော လှိုင်က ဖြည့်စွက်ဖို့ မသင့်ပေဘူးလား။

“လှိုင်ရယ်... လှိုင့်ကို မောင် မခွဲနိုင်လို့က်တာကွယ်။ မောင်တို့ လှိုင် သင်တန်းပြီးတာနဲ့ လက်ထပ်ကြရအောင်ပါနော်.... လှိုင်”

လှိုင့် တစ်သက် တစ်ဘဝတွင် တစ်ကြိမ်တစ်ခါသာ ဖူးပွင့်ခဲ့သော မေတ္တာပန်းလေး တစ်ပွင့်ကို ပိုင်ဆိုင်ထားသော အချစ်ဆုံးမောင်၏ ခဏ ခဏ ပြောတတ်သော ဆိုစကားလေ။ မောင့်ကို အဖေ၊ အမေ၊ အစ်ကိုတို့ထက် လှိုင်က ပိုချစ်ရပါသည်။

မောင့်ကို လှိုင် သင်တန်းဆင်းတဲ့ နေ့တွင် တိကျသော အဖြေတစ်ခုကိုလည်း ပေးရပါတော့မည်။ မောင်ကလည်း မောင်၊ လောလိုက်တာ။

လှိုင် ပင့်သက်ကို ဆွေးမြည့်စွာ ဖြာမိသည်။ မောင်၏ အပြုံးနှင့် အပြောတို့သည် လှိုင့် ရင်ကို မနွေးထွေးနိုင်တော့ပါ။ ခါတိုင်းလို အရွှန်းအပြက် စကားလေးတွေနဲ့ အလွမ်းသယ်ရန် စိတ်မကူးသာပါ။ အနေအထားအရ ပြတ်သားမှ ဖြစ်တော့မည်။

အမှန်က အချစ်၏ ချိုမြိန်ခြင်းနှင့် ခါးသီးခြင်း အရသာကို မခံရသူတို့သည် ပီတိနှင့် သောကကို ခွဲခြား၍ သိမြင်နိုင်စွမ်း ရှိကြမည် မဟုတ်ပေတဲ့။

ယခု လှိုင် ပီတိနှင့် သောကကို ခွဲခြား သိမြင်နေပါပြီ။

*

တကယ်ဆို ....

လှိုင်က အဝင်၊ မေမေက အထွက်။ လှိုင် မေမေနဲ့ ခွဲခဲ့ရသည် မဟုတ်လား။ လှိုင့်ကို မျက်နှာမြင်စမှာ မေမေဆုံးသည်။ အမေကို လှိုင် မတွေ့မမြင်လိုက်ရပါ။

အမေ ဆုံးတော့ အဖေ အသက်လေးဆယ်ပင် မပြည့်တတ်သေး။ နောက်အိမ်ထောင် ပြုမည် ဆိုလျှင်လည်း ပြုကောင်းသည့် အရွယ်။ သို့သော် အဖေသည် အိမ်ထောင်သစ် မထူထောင်ခဲ့ပါ။ လူငိုတို့ မောင်နှမကို ငဲ့ညှာခဲ့ပါသည်။

လောကတွင် သံယောဇဉ် တွယ်စရာ ဆိုလို့ သည်သမီးနှင့် သည်သားသာ ရှိတော့သည်မို့ သူတို့ နှစ်ဦးကိုသာ အားလုံးထက် ပိုပုံ၍ ချစ်မည်။ ဤသည်ကား အဖေ ပတ်ဝန်းကျင်တွင် ပြောလေ့ရှိသော စကားရယ်ပါ။

သည်တော့လည်း လူငိုနှင့် အစ်ကိုတို့ ဖေဖေကို ချစ်ရပြန်သည်။ လူငိုတို့ မောင်နှမ အဖို့ လက်ညှိုးညွှန်စရာ အဖေဆိုလည်း ဒီအဖေ။ အမေဆိုလည်း ဒီအဖေ။ တစ်ခါတလေတော့လည်း လူငိ သူများတွေကို မနာလို ဖြစ်ခဲ့မိသေးသည်။

သူများသားသမီးတွေ ပျော်ပျော်ရွှင်ရွှင် နေသည်ကို မြင်ရတွေ့ရလျှင် ဝမ်းနည်းသလို ဝမ်းသာသလိုနဲ့ ရင်ထဲမှာ တစ်မျိုးလေး ခံစားရတတ်သည်။ မျက်ရည်ကျမိသည်ကလည်း မကြာခဏရယ်ပါ။

အမေသာ ရှိလျှင်ဟု အစဧျ၍ တမ်းတမိသည်ကလည်း လူငိ ဘဝတွင် အကြိမ်ကြိမ်။ လူငိ ယနေ့တိုင် မှတ်မိနေဆဲ။ လူငိ သိတတ်ခါစ "အဖေရယ်... အမေ ဘယ်မှာလဲ" လို့ မေးတော့ အဖေက အဝေးကြီးမှာတဲ့။ လူငိလေးဖို့ မုန့်သွားဝယ်နေတယ်တဲ့။

အဖေ့ အဖြေကို လူငိ မကျေမနပ် ဖြစ်မိသည်က အမှန်ပါ။ ဒါပေသည့် အဲဒီနေ့ အဖို့တော့ လူငိ ထပ်မမေးဖြစ်တော့ပါ။

လူငိ သတိပြုမိသည်က အမေ့ကို မေးလျှင် အဖေ မျက်နှာမကောင်းလှ။ သည်တော့ လူငိ မမေးရက်တော့ပါ။

အဖေ စိတ်ဆင်းရဲမှာ၊ အဖေ စိတ်မကောင်း ဖြစ်မည် ထင်လျှင် လူငိ ဘာဆို ဘာမှ မပြုရက်။ အဖေသည် လူငိုကို အမေ့အကြောင်း တော်တော်နှင့် မပြောခဲ့ပါ။ လူငိ သူနာပြုသင်တန်း တက်ခွင့်ရသည့် နေ့မှ ဖွင့်ပြောခဲ့သည်။

အမေသည် လူငိုကို အလွန်ချစ်သည်တဲ့။ သူ့ အသက်ကို စွန့်ပြီး၊ လူငိုကို လောကအတွင်း အရောက် ပို့ခဲ့သည်ဟု ဆိုသည်။ လူငိုကို ကိုယ်ဝန်ရှိစက အမေ့မှာ ပျော်လွန်း၍ မစားနိုင်၊ မအိပ်နိုင်တောင် ဖြစ်ရသည်။ လူငိုကို အမေ ဤမျှ ချစ်သည်တဲ့။ အဖေ ပြောပြသည်။ အမေ့ အကြောင်း အဖေ ပြောရင်းနဲ့ အဖေ ငိုသည်။

အဖေ့ကို ကြည့်၍ လူငိ မျက်လုံးအိမ်တွင် မျက်ရည်များဖြင့် ပြည့်နေခဲ့သည်။ တုန်ယင်သော လေသံဖြင့် အဖေ စကားများစွာ လူငိုကို ပြောခဲ့သေးသည်။

"သမီး အမေ ခုလို ဖြစ်ရတာဟာ ကျန်းမာရေး မပြည့်စုံလို့။ အဖေတို့ ရွာမှာ ကျန်းမာရေးဝန်ထမ်း မရှိလို့ မဆုံးရှုံးသင့်ပဲ ရေတိမ်နစ်ခဲ့ရရှာတာ"

လူငိုကို ချစ်သော အမေ။ လူငိုကြောင့် အဖေ့ကိုရော၊ အစ်ကိုရော လူငိုကိုပါ ကျောခိုင်းခဲ့သည်။ လူငိ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ခဲ့။ အမေသည် လူငိုကြောင့် သေခဲ့ရသည် မဟုတ်လား။ လူငိ သူများတွေလို အမေ့အကြောင်း တစ်စွန်းတစ်စ

မဟုဖြစ်ခဲ့။ အမေ့အကြောင်း လာမေးလျှင်လည်း မသိဘူးဟု ပြောဖြစ်ခဲ့သည်။

အမေ့အကြောင်း ဓာတ်ပုံထဲက အမေ့ မျက်နှာ မြင်တိုင်း လှိုင် မျက်ရည်ကျခဲ့ရသည်။ မျက်ရည်ကျမိတိုင်းလည်း ကိုယ့် ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ခဲ့ပါ။

အမေ့လို အဖြစ်မျိုး မည်သည့် မိခင် တစ်ဦးတစ်ယောက် ကိုမျှ မကြုံတွေ့ရလေအောင် တတ်အပ်သော ပညာဖြင့် လှိုင် အစွမ်းကုန် ကာကွယ်မည်ဟု အားတင်းထားခဲ့လေသမျှ ခုချိန် ရောက်မှ ယိမ်းနွဲ့သွားရတော့မည်လား။

ကျေးဇူးရှင် မိဘနှစ်ပါး၏ ဆန္ဒကို လှိုင် ဖြည့်ဆည်းသင့် ပါသည်။ လှိုင်၏ မျက်ဝန်းတွင် မျက်ရည်လေးတွေ ဝိုင်းဝိုင်း လည်လာသည်။ မျက်ရည်ကန်လေး ကျိုးပေါက်တော့မည်။

စာရွက်လေးကို စာအိတ်ထဲ ထိုးထည့် ထားလိုက်၏။ အဖေ့ စာကို ရင်ပေါ် တင်ထားရင်းက အရာရာကို ကြည်ကြည် လင်လင် မြင်လာပြီဟု ထင်မိသည်။

ယခင်ကလို အမြင်မှုန်ဝါး ဆေးသားမပီ၊ မကြည်မလင် မဖြစ်တော့။ ရင်ထဲတွင် နှစ်မြုပ်နေပြီ ဖြစ်သော သံယောဇဉ် တွေ၊ အချစ်တွေ၊ အကြင်နာတွေ အားလုံး လှိုင် သင်ပုန်းချေ နိုင်အောင် ကြိုးစားရတော့မည်။

မောင်သည် လှိုင့်ကို သင်တန်း ပြီးသည်နှင့် လက်ထပ် လိုသည်။ တိုင်းပြည်တာဝန်ကို ကျရာဒေသကနေ တစ်နှစ် တန်သည်၊ နှစ်နှစ်တန်သည် ထမ်းဆောင်ပြီးမှ မောင်နဲ့ လက်

ထပ်ရင် ပိုမကောင်းဘူးလား။ အဖေ့ဆန္ဒကို ဖြည့်ဆည်းရာ လည်း ကျပေမည်။

အင်း... ဟုတ်ပြီ။ မောင် လာရင် ဒီအတိုင်း ပြောကို ပြောမည်။ မောင်လည်း ခေတ်ပညာတတ် လူငယ်တစ်ဦးပဲ။ လှိုင့် ဆန္ဒတွေကို ဆန့်ကျင်မှာ မဟုတ်ပါဘူး။

ရင်ထဲမှာတော့ မကောင်းလှ။ မောင့်ကို သနားမိသည်။ မောင့်ကို ညှဉ်းပန်းခြင်းများ ဖြစ်လေမလား။

အို... မတတ်နိုင်ပါဘူး။ လှိုင့်ကို ချစ်သည် ဆိုလျှင် လှိုင့် ဆန္ဒတွေကို မောင် လိုက်လျောနိုင်မှာပေါ့... နော်။

*

ချစ်၍ ရွာသော မျက်ရည်ပိုး

"ချစ်ကြတယ် ဆိုတာ အဆုံးတစ်နေ့မှာ တစ်ယောက် နဲ့ တစ်ယောက် ပိုင်ဆိုင်ကြဖို့ပဲ မဟုတ်ဘူးလား လှိုင်။ မောင် နားလည်တာက ဒါပဲ လှိုင်ရယ်"

မောင့် စကားများကြောင့် လှိုင် မောင့်အချစ်ကို မယုံမရဲ ဖြစ်လာမိသည်။ ခုပဲ ချစ်လှပါသည်။ လှိုင့်အလိုက္ခ ဘာမဆို လုပ်ပေးပါမည်၊ လှိုင်နဲ့သာ ဆိုလျှင် ဘာမဆို ရင်ဆိုင်ရဲသည်တဲ့။

ဟိုတုန်းက စကားလေးများ။ ခုမှ မောင်က လှိုင့် ဆန္ဒကို ဘာပြုလို့များ ဆန့်ကျင်ဘက် လုပ်နေရတာလဲ။ လှိုင့် ရင်ထဲမှာ အောင့်သက်သက်လေး ခံစားလာရသည်။

မောင့် အကြည့်တွေက စူးရဲလိုက်တာ၊ မောင့် မျက်လုံးတွေထဲ ခက်ထန် ကြမ်းကြုတ်နေလိုက်တာ။ မောင် မျက်နှာနဂိုမျက်နှာနှင့် ဆန့်ကျင်ဘက် ဖြစ်နေလိုက်တာ။

မောင့် မျက်နှာ ကြည့်ပြီး စကားလုံးများ လည်ချောင်းထဲတစ်ဆို့နေသည်။ လှိုင် ခက်ခက်ခဲခဲ ဖျစ်ဖျစ်ညှစ်ညှစ် ထုတ်ရသည်။

ရင်ထဲမှာ မောလိုက်တာကွယ်။

"အင်းလေ... လှိုင်လည်း မောင့်လိုပါပဲ။ ဒါပေမဲ့ မောင်ရယ် လှိုင်ဟာ သူနာပြုဆရာမ တစ်ဦး ဆိုတာကိုတော့ မောင် ထည့်စဉ်းစားဖို့ သင့်လှပါတယ်။ လှိုင် ထမ်းရွက်ရဦးမယ့် တာဝန်တွေက ခု လှိုင့်ကို စောင့်မျော်နေကြပြီလေ"

လှိုင်က အတတ်နိုင်ဆုံး မောင် နားလည်အောင်၊ မောင် လက်ခံလာအောင် လေသံတိုးတိုးဖြင့် ပြောလေ မောင်က ခံပြင်းစွာဖြင့် လှိုင့် အပေါ် ဝုန်းခိုင်းကြလေ။

ကြာတော့ လှိုင် ငိုချင်လာသည်။ ရင်မှာ ဆွေးဆွေးမြည့်မြည့် ဖြစ်လာသည်။ မျက်ရည်များ ရစ်ဝဲ၍ အမြင်များ မှုန်ဝါးလာသည်။

"သူနာပြုဆရာမ တစ်ယောက်ဟာ အိမ်ထောင် မပြုရဘူးရယ်လို့ လှိုင်တို့ သူနာပြု အက်ဥပဒေမှာ ပြဋ္ဌာန်းထားလို့လား"

မောင်က လှိုင့် ပခုံးစွန်း နှစ်ဖက်ကို ဆုပ်ကိုင်ကာ လှုပ်ယမ်း မေးနေသည်။ လှိုင့် အပေါ် နူးညံ့ ယုယခဲ့သော လက်များ ခုတော့ ခက်ထန်လာပါကောလား။

မောင် သည်မျှထိ စိတ်မာန်ဆိုးစရာ မလိုဟု လှိုင် ထင်မိသည်။

"မပြဋ္ဌာန်းထားပါဘူး၊ အိမ်ထောင်ပြုရပါတယ်။ လှိုင်တို့ ပဋိညာဉ်က လူတိုင်းကို ပြုစုရမယ်၊ ယုယရမယ်၊ ကြင်နာစွာ ကူညီရမယ်လို့ပဲ သတ်မှတ်ထားတယ်"

လှိုင့် အသံများ မာလာသည်။ လှိုင်သည်လည်း ချစ်တာဆွေ၊ မုန်းတာတွေ၊ နာကြည်းတာတွေ၊ အာဃာတတွေနဲ့ ခွဲစည်းထားသော လူသားတစ်ဦးပါပဲလေ။ သည်လောက်တော့ ရှိတော့မှာပေါ့။

"ဒါဆို လူတိုင်းကိုတောင် လှိုင်က စေတနာတွေ၊ ကရုဏာတွေ၊ မေတ္တာတွေ ထားနိုင်သေးရင် မောင့်ကို ဘာဖြစ်လို့ မထားနိုင်ရတာလဲ။ လှိုင်ဟာလေ မောင့်ကို လှိုင့် အပေါ် မောင် ချစ်သလို မချစ်ဘူး"

မောင့် အထင်နှင့် မောင့် အမြင်တို့သည် လှိုင့် အသည်းနှလုံးကို မချမ်းမြေ့ခြင်း၊ ပူလောင်ခြင်း ဝေဒနာတွေ အဖြစ် တအုံနွေးနွေးကြီး ပေးဝေနေပါကောလား။

လှိုင့် ထံမှ ငိုရှိုက်သံများ ထွက်သွားသည်။ မျက်ဝန်းတွင် မျက်ရည်တွေ စို့လာသည်။ အံကို တင်းတင်းခဲရင်းက လှိုင် မောင့် အမေးကို ဖြေရန် အားမာန် သွင်းမိသည်။

မိန်းကလေး တစ်ဦး၏ အားမာန် ဆိုတာမျိုးက အများယူဆသလို မျက်ရည်တို့ကို သုတ်သင်ရင်း၊ လှိုင် မောင်နှင့် မျက်နှာချင်း ဆိုင်လိုက်ပါပြီ။

သမင်မျက်လုံး အစုံတို့ကား ကျားသစ်ပျို၏ မျက်လုံး အစုံနှယ် ခက်ထန်လာသည်။ တမ်းတ ပူဆွေးခဲ့ရပါသည်။ နာလိုခံခက် ဒေါသလည်း ထွက်မိပါသည်။

"မောင် ထင်နေလို့ပါ။ လှိုင် မောင့်ကို အသက်နဲ့ ထပ်တူ ချစ်ခဲ့ရပါတယ်။ ချစ်ခြင်းမေတ္တာနဲ့ ပေါင်းစည်း တည်ဆောက် ထားတဲ့ လှိုင့်ရဲ့ ဟောဒီက အသည်းနှလုံးတွေဟာ မောင့် အတွက်ပါပဲ။ ဘယ်သူ့ကိုမှ ခွဲဝေ မပေးနိုင်ပါဘူး။ ကရုဏာ၊ ကြင်နာခြင်း တရားတွေ လွမ်းခြဲနေတဲ့ နှလုံးသား ကျပြန်တော့ မောင် လုံးဝ မပိုင်နိုင်ပါဘူး။ ဝေဒနာရှင်တွေ အတွက်၊ ကျန်းမာရေး မပြည့်စုံတဲ့ လူနာတွေအတွက် အများပိုင် နှလုံးသား ဖြစ်နေတယ်"

အသံတွေ တုန်လှုပ်နေသည်။ အက်ကွဲ ခက်ထန်လာသည်။ မျက်တောင်ကို ပုတ်ခတ်ပြီး၊ မျက်ရည်ကို တားဆီးနေသည့် ကြားက မျက်ရည်တစ်ပေါက် ပါးပြင်သို့ စီးကျသွားသည်။

မောင်သည် လှိုင့် မျက်နှာကို စိန်းစိန်းကြီး ကြည့်ကာ၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ နဖူးကြော ကျဲ့ကာ လှိုင့်ကို အကြာကြီး စိုက်ကြည့်ပြီးမှ-

"ကဲပါလေ ဒါတွေ ခဏာ ရပ်ထားစမ်းပါဦး။ ခု လှိုင်လည်း သင်တန်းပြီးပြီ။ သင်တန်းပြီးရင် ပေးမယ် ဆိုတဲ့ အဖြေ။ အဲဒီ အဖြေကိုပဲ မောင် လိုချင်တယ်"

မောင်က ပြတ်သားလာသည်။ ယောကျ်ားပဲ အသည်းမာနိုင်တာပေါ့။ အချစ်စစ် ဆိုတာ ချစ်လွန်းသူက ပိုခံစားရမြဲပဲလေ။ လှိုင် မောင့်ကို မကြည့်မိအောင် ကြိုးစားပြီး၊ ခေါင်းကို ငုံ့ထားမိသည်။

လှိုင်ကိုယ်တိုင် ဆုံးဖြတ်ထားချက်တွေသည် မောင်၏ မာသော၊ ပျော့သော လေသံကြောင့် ပြောင်းလဲနိုင်စွမ်း ရှိအုံ့မထင်။ ပြောရမည့် စကားကို ပြောမထွက်၍သာ ရင်တစ်ခုလုံး ခြစ်ခြစ်တောက် ပူလောင်သည် အထိ ကြိတ်မှိတ် ခံစားနေရခြင်းသာ ဖြစ်သည်။

"ပြောလေ... လှိုင်။ မောင့်ကို ရှင်းရှင်းပဲ ပြောပါတော့"

အနည်းငယ် ပျော့ပျောင်းလာသလို နားထဲတွင် အခံရသက်သာသွားသည်။ မောင်သည် လှိုင့် ပခုံးလေးကို ဖွဖွကလေး ဆုပ်ကိုင်ပြီး၊ တစ်ကိုယ်လုံးကို သိုင်းခြုံ ဖက်လာသည်။ လှိုင် မောင့် ရင်ခွင်တွင်း တိုးဝင်ပြီး၊ တရှိုက်မက်မက် ငိုတော့သည်။

"လှိုင့် အနေနဲ့သာ မောင်နဲ့ လက်ထပ်ပါ့မယ်လို့ ယတိပြတ် ဆုံးဖြတ်ပါ။ ရန်ကုန်မြို့ပေါ် ဆေးရုံတစ်ခုခုမှာ တာဝန်ကျဖို့ မောင် တာဝန်ယူပါတယ်။ ခေါင်သီ ဝေးလံတဲ့ အရပ်က ဆေးရုံတွေထိ လှိုင် သွားစရာ မလိုပါဘူး။ တကယ်တော့လည်း လှိုင့်ကို အဝေးကြီးမှာ မောင် ခွဲမထားနိုင်ဘူးကွယ်"

"လှိုင်ကလည်း မောင့်ကို မခွဲနိုင်ပါဘူး မောင်ရယ်။ ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လို့လဲ လှိုင်"

"မောင် ကိုယ်တိုင်က အစိုးရဝန်ထမ်း တစ်ယောက်ပါ။ ဝန်ထမ်း ဆိုတာ နိုင်ငံတော်က လိုအပ်လို့ စေလွှတ်ရင် ဘယ်မြို့၊ ဘယ်ဒေသမဆို သွားရောက် အမှုထမ်းရမှာပဲ မဟုတ်လား။ ဝေးဝေး နီးနီး ဘယ်နေရာပဲ ရောက်နေနေ လှိုင်တို့ နှစ်ဦးလုံးရဲ့ အသည်းနှလုံးတွေက အနီးဆုံး အနေအထားမှာပဲ ရှိနေမှာပါ"

"ပြီးတော့ ရန်ကုန်မြို့ကြီး ပြကြီးတွေမှာ ဆရာဝန်၊ ဆရာမတွေ ဆိုတာ ရိုက်သတ်လို့ မကုန်နိုင်အောင် ပေါများပေမယ့် ကျေးရွာ ဇနပုဒ် ရွာအစုတ်ကလေးတွေမှာ မြန်မာ့ ဆေးဆရာတောင် လုံလုံလောက်လောက် မရှိဘူး။ တကယ်တော့ တောက လူတွေလည်း လူပါပဲ မောင်။ သူတို့ဆီမှာ သွားနေရတာ မြို့မှာ နေရတာထက် စိတ်ချမ်းသာမှာပါ။ ပြီး အမေ့လို မသေသင့်ဘဲ သေသွားရတဲ့ လူတွေဟာ တောမှာ အများကြီးရယ်"

"စမ်းတဝါးဝါး တတ်ယောင်ဝါး ဆရာကြောင်တွေ အဝေးကို ပြေးနိုင်အောင် စွမ်းဆောင်ရမှာက အစိုးရရဲ့ ကျန်းမာရေးဌာနက ကျေးရွာ ဇနပုဒ်ပါမကျန် ကျယ်ပြန့်စွာ ကုသမှုတွေ၊ ကြိုတင် ကာကွယ်မှုတွေ ပြုနိုင်ပါမှ ဒီလို ဆရာကြောင်တွေ ပပျောက်သွားလိမ့်မယ်"

"သနားစရာ ကောင်းပြီး၊ ရိုးသားလှတဲ့ တောင်သူဦးကြီးတွေကို ကိုယ်စားပြုပြီး၊ လှိုင် တောမှာ သွားအမှုထမ်းပါရစေလား မောင်။ မြို့ကြီးပြကြီးမှာ ခမ်းနား ထည်ဝါတဲ့ ဆေးရုံကြီးကို အမှီပြုပြီး ခမ်းခမ်းနားနား နေချင်တဲ့ သူနာပြုတွေ

ရှိသလို၊ တောကြိုအုံကြားမှာ ရွှံနွံကို ရုန်းပြီး တစ်အိမ်တက် တစ်အိမ်ဆင်း ပြုစု ယုယချင်တဲ့ သူနာပြုတွေလည်း ရှိပါလား ဆိုတာ လှိုင် ပြချင်တယ်၊ ဂုဏ်လည်း ယူချင်တယ်"

"မောင်နဲ့ မခွဲနိုင်ပေမယ့် လှိုင်ဟာ သူနာပြုဆရာမ တစ်ယောက် ဆိုတဲ့ အသိနဲ့ မောင့်ကို ခွဲသွားရမှာပဲ။ တစ်သက်တာ ခွဲရတာ မဟုတ်လို့ နှစ်နှစ်လောက်တော့ အောင့်အည်းနေစေချင်တယ် မောင်ရယ်... နော်။ ဒီနှစ်နှစ် ပြည့်မြောက်ပြီးတဲ့နောက် လှိုင်နဲ့ မောင် နီးနီးနေရအောင် ကြိုးစားမယ်။ သက်ဆိုင်ရာဌာနကို အသနားခံစာ တင်ပြီး၊ မောင် ရှိရာကို အရောက်လာခဲ့ပါ့မယ်။ ဒီတော့မှပဲ မောင့်ကို လှိုင် လက်ထပ်ပါရစေ"

"တော်ပါတော့ ပြည်သူ့ဆရာမကြီးရဲ့"

မောင်သည် လှိုင့်ကို တွန်းဖယ်ပြီး ထိုင်နေရာမှ အတင်းထသည်။ ဒေါကြီး မောကြီးနှင့် မောင်သည် လှိုင့် မျက်နှာကို ကွက်ကြည့်ကာ အားရစွာ ရယ်နေသည်။ မောင့် ရယ်သံနှင့် နာကြည်း ခက်ထန်မှုများ ရောယှက်ပါလာသည်။ မောင့် ရယ်သံတို့ တော်တော်နှင့် ရပ်တန့်မသွား။

"ပြည်သူ့ဆရာမ တစ်ယောက်ကို ခုမှပဲ တွေ့ဖူးလို့ အံ့သြနေတယ် လှိုင်။ ကိုယ့်ချစ်သူဟာ သံမဏိထက် မာကျောတဲ့ အသည်းနှလုံးပိုင်ရှင် ဖြစ်နေတာကိုး။ တောက လူတွေ အရေးဆိုတော့ ချစ်သူကိုတောင် ပစ်ထားနိုင်တဲ့ သတ္တိတွေကလည်း

ရှိနေပြန်တာပေါ့။ မအံ့သြဘဲ မနေနိုင်တော့ဘူးလေ။ ဟား... ဟား..."

ချစ်သူကို မျက်စိအောက်မှာပဲ ထားချင်တယ်၊ ယုယ မြတ်နိုးချင်တယ်၊ အဝေးမှာ စိတ်မချလို့ မခွဲနိုင်လို့ အတူတကွ နေရအောင် ကြိုးစားခဲ့တယ်။ ဒီကြိုးစားမှုကို အထင်သေး ခံရတယ်။ ရှိပါစေတော့။ တောက လူတွေဟာ မောင့်ထက် အရေးကြီးတယ်၊ တန်ဖိုးရှိတယ်၊ မြတ်နိုးတွယ်တာဖို့ ကောင်း တယ်၊ ကြင်နာဖို့ ကောင်းတယ်လေ။ ဒါကြောင့်ပဲ ပြည်သူ့ ဆရာမကြီးကို မောင် ခွင့်လွှတ်လိုက်ပါပြီဗျ။ သွားပါတော့။ ဒါပေမဲ့ မောင့်ဆီကို ဒီတစ်သက် ဘယ်တော့မှ ပြန်မလာခဲ့နဲ့ တော့။ တောမှာပဲ ခေါင်းချပေတော့ လှိုင်။ ဒီနေ့ ဒီအချိန်က စပြီး မင်းနဲ့ နောက်ဆုံး တွေ့ကြခြင်းပဲ ဆိုတာ မြဲမြံ မှတ်သွား။ အို... တစ်သက်လုံး နောက်ကို ဘယ်တော့မှ မဆုံကြရတော့ ဘူးမှတ်"

"မောင်ရယ်... မောင်... နေပါဦး၊ လှိုင် ပြောပါရ စေဦး"

လှိုင့် အပြောကို မောင်သည် လှည့်၍ပင် မကြည့်တော့။ မောင် ဒေါသတကြီးနှင့် ထွက်သွားတာကို ကြည့်ပြီး၊ လှိုင် မျက်နှာကို လက်ဝါးဖြင့် အုပ်မိသည်။ မျက်ရည်တွေတွေ ကျ လာ၏။ ဟန်ဆောင်ရတာ များလွန်းတော့လည်း သည်လို စိတ်ရှိ လက်ရှိ ငိုပစ်လိုက်ရရင် ပေါ့သည်။ သည်လိုမှ မငိုရ ရင်လည်း ရင်ထဲ တင်းထားခဲ့သည်များမှာ များလွန်း၍ ရင်ပွင့် ထွက်သွားတော့မည် ထင်သည်။

တကယ်တော့ မတူညီသော ဘဝနှစ်ခုကို သီကုံးထားရာ ကဲကြမ္မာကြိုးကို ဖြတ်တောက်ဝံ့သည့် သတ္တိကို ဟန်ဆောင် ပြီး မွေးမြူရတာလောက် အသည်းနာရတဲ့ ဘဝမျိုး မရှိတော့ ပါဘူး။

ကာလ ဆိုတဲ့ ဝိုင်းခြားမှုလေးကိုပင် မစောင့်စားနိုင်တဲ့ မောင့်ရဲ့ စိတ်ဓာတ်ကို ဘယ်လို နားလည်ရမှာလဲကွယ်။

ခိုင်ကျည်တဲ့ စိတ်ဓာတ်၊ ကြံ့ခိုင်တဲ့ ခွဲ ဆိုတာတွေက ဘယ်မှာလဲ။ ထားခဲ့တဲ့ ကတိ၊ ပြောခဲ့တဲ့ သစ္စာစကားတွေကို ချေဖျက် ပျောက်ဆုံးအောင်-လုပ်တဲ့ မောင်။

ကာလများစွာက သစ္စာတရားတို့ဖြင့် ဖွဲ့စည်းခဲ့သော နှလုံးသားသည် စက္ကန့်လေး အနည်းငယ် အတွင်းမှာပင် ကွဲကြေစေခဲ့ပါပြီ။

မောင် လှိုင့်ကို စိတ်ဆိုးသွားပြီကို လှိုင် သိလိုက်ပါပြီ။

မောင့် ကျောပြင်ကို မျက်စိတစ်ဆုံး လိုက်ကြည့်ပြီး၊ လှိုင် ငိုရှိုက်ခဲ့ရသည်။ မောင် လှိုင့်ကို စိတ်နာ၍ အသစ် ရှာသွားလျှင် လည်း လှိုင် ခွင့်လွှတ်ရမည်သာ ဖြစ်သည်။

မဖြစ်နိုင်တော့တဲ့ ကာလမှာ ဖြစ်ချင်လွန်းတဲ့ ဆန္ဒ ဆိုတာ စိတ်ကူးယဉ်ရဲ့ အခြားနာမ တစ်ခုရယ်ပါ။ အိပ်မက် လှလှလေး မက်ပြီး၊ စိတ်ကူးယဉ်ရတာမျိုး လက်တွေ့မှာ ဖြစ်မလာတာက များပါတယ်လေ။

ဟော...ကျပြန်ပြီ မျက်ရည်။

ဘယ်သူ့အတွက် ကျလာတဲ့ မျက်ရည်တွေလဲကွယ်။ ဟင်... ဒါ ဘယ်သူ့အတွက် ကျလာတဲ့ မျက်ရည်တွေလဲကွယ်။ ချစ်၍ ရွာနေသော မျက်ဝန်းပေါ်က မျက်ရည်မိုးလေးတွေ ဘယ်အခါကျမှ စဲပါလိမ့်နော်။

*

ဘယ်လိုဖြေသိမ့်ရမှာလဲကွယ်

ချစ်စိတ်ကို နာကြည်းစိတ်ဖြင့် ဖုံးဖိရင်း မောင့် အကြောင်းကို မတွေးမိအောင် မောင့်ကို မလွမ်းမိအောင် လှိုင် ကြိုးစားခဲ့သည်။

သင်တန်း ပြီးဆုံး၍ ရွာတွင် နေရသော အချိန်ကာလ လေးများသည် လှိုင့်အတွက် ဝမ်းသာခြင်းနှင့် ကြေကွဲခြင်း ခံစားမှုနှစ်ခုတို့ ရောထွေးနေစေကာမူ ဖေဖေ၏ အေးမြသော မေတ္တာရင်ခွင်က အရာရာကို ကျော်ဖြတ်စေနိုင်ရန် လှိုင့်ကို အင်အား ဖြစ်ထွန်းစေခဲ့ပါသည်။

တစ်လ၊ နှစ်လ၊ သုံးလ။

လှိုင် သုံးလတည်းသာ အဖေနှင့် အတူနေခွင့် ရခဲ့သည်။ မိသားတစ်စု ပျော်ရွှင် ကြည်နူးလို့မှ အားမရသေး။ လှိုင့်ကို ကရုဏာပြည်နယ် ဘားအံဆေးရုံတွင် တာဝန်ကျကြောင်း အကြောင်းကြားစာ ရောက်လာသည်။

အဖေ၊ အစ်ကိုနှင့် ရွာကို လှိုင် ဒုတိယအကြိမ် ကျောခိုင်းပြန်ပြီ။ သည်တစ်ခေါက်တွင်မူ လှိုင် ကြေကွဲရမှုန်း မသိ၊ ဝမ်းနည်းရမှုန်း မသိခဲ့သည်က အမှန်ပါ။

အမေ၊ အမေ့အတွက် ဆိုပြီး တာဝန်ကျသည့် နေရာကို မဆိုင်းမတွဘဲ သွားခဲ့မိသည်။ အဖေသည် လှိုင့်ကို မခွဲခွာနိုင် ရက်ပေမယ့် ဟန်ပြုး ပြုံးရင်း လှိုင့်ကို ဆုံးမစကား ပြောခဲ့သည်။

ကြာခဲ့ပါပြီ။ သုံးနှစ်ဆိုသော ကာလတို့သည် ဆေးရုံပေါ်၌ လှိုင် ကုန်ဆုံးခဲ့ရပါပြီ။ တစ်ခါတစ်ခါ လှိုင်သည် ဖေဖေနှင့် အစ်ကိုကို လွမ်းပြီး မျက်ရည်ကျခဲ့မိသည်။ ရံဖန်ရံခါ မေ့မေ့ပျောက်ပျောက် ထားခဲ့သော မောင့်အမူအရာ၊ မောင့် အသံတို့ကို လှိုင့် အာရုံထဲ ဝိုးတဝါး မြင်လာတတ်သည်။

နာကြည်းစိတ်ဖြင့် အကြိမ်ကြိမ် စီးကျခဲ့ရသဖြင့် ခန်းခြောက်လေပြီဟု ယူဆမိသော မျက်ရည်များက ပါးပြင်တွင် တလိမ့်လိမ့် ယိုစီး ကျလာပြန်သည်။

အတိတ်သည် မည်သည့် အကြောင်းကြောင့်မျှ မဟောင်းနွမ်း မပျောက်ပြယ်ပါတကား။

ခုလည်း ဝေးကွာလှသော အတိတ်ဇာတ်လမ်း တစ်ပိုင်း တစ်စသည် အမှတ်ထင်ထင် ပုံရိပ် ထင်နေရာမှ အထီးကျန် ဥဩငှက်၏ ဆွေးမြည့်မြည့် တွန်သံကို နားထဲတွင် သဲ့သဲ့ကလေး ကြားရချိန်တွင် ပြန်လည် ပျက်ပြယ်သွားသည်။

သို့သော် စိတ်တို့က လွင့်ပါး မျောနေဆဲ။

ခပ်ပြင်းပြင်း နင်းကာ ပြေးလာသော ခြေသံတစ်ခု နားထဲသို့ အလုအယက် ပြေးဝင် ရောက်လာချိန် လှိုင် အတွေးပေါင်းစုံနှင့် ငေးမောစွာ ထိုင်နေရာမှ ရုတ်တရက် ထရပ်ပြီးသား ဖြစ်သွားသည်။

ခြေသံတို့ကား လှိုင့် အခန်းရှေ့ အရောက်တွင် လုံးဝငြိမ်သက်သွားသည်။ ခြေသံအစား တံခါးထုသံကို ကြားလာရသည်။ ပါးပြင်အနှံ့ စီးထွေးနေသော မျက်ရည်တို့ကို သုတ်ပြီး တံခါးဝသို့ လျှောက်လာခဲ့သည်။

စစ္စတာကြီး အခေါ်လွှတ်လိုက်ပြီနှင့် တူသည်။ နားရက် ဆိုသော်လည်း အရေးပေါ် လူနာများနှင့် မနိုင်မနင်း ဖြစ်လာပြီ ဆိုလျှင် သည်သို့ ခေါ်နေက၊ လှိုင် သက်ပြင်းကို ရှိုက်ချလိုက်ပြန်သည်။

"ဟေ့... ယုလှိုင်... ယုလှိုင်"

ကြားဖူးနေက၊ ရင်းနှီးလွန်းသော အသံကလေး တစ်သံ။ ပျော်ရွှင်မှုများဖြင့် အပြွှန်းဝေနေတတ်သော အသံလေးတွင် ငိုသံတို့ဖြင့် ရောယှက် ရှုပ်ထွေးနေပါလား။

လှိုင် တံခါးကို အလျင်အမြန် ဖွင့်ပေးလိုက်သည်။ တံခါး အပွင့် ကိုယ်လုံးကလေး တစ်ခု လဲပြိုကျလာ၏။ လှိုင်က အဆင် သင့်လေး ပွေ့ဖက်ထားလိုက်သည်။

ဟန်ချက် ပျက်သွားသော စောစသည် လှိုင့်ကို တင်းကျပ်စွာ ပြန်ဖက်ရင်းက တအင်းအင်းနှင့် ငိုတော့သည်။ သာမန် စိတ်ထိခိုက် ကြေကွဲစရာမျှနှင့် ငိုခဲလှသော နော်စောစ ခုမှ

ဘာကြောင့်များ ရှိုက်ကြီးတငင်နှင့် ငိုနေပါလိမ့်။ စစ္စတာကြီး များ ဟောက်လွတ်လိုက်လို့လား၊ ဆရာဝန် ဆရာမ တချို့နဲ့ များ စကားအချေအတင် ဖြစ်လာလို့လား။ စောစက သဘော ဆောင်းသလောက် မဟုတ်မခံ ဆတ်ဆတ်ကြဲရယ်။

လှိုင် မဝေခွဲတတ်ဘဲ ဖြစ်နေသည်။ စောစကို ခုတင်ပေါ် ရောက်သည် အထိ လှိုင် တွေ့ခေါ်လာခဲ့မိသည်။ အလွမ်းကလေး များ ဘယ်ဆီကို လွှင့်ပြေးသွားပြီမှန်း မသိတော့။ အတိတ်က အဖြစ်သနစ်သည် ပစ္စုပ္ပန်ကြောင့် ပျောက်ဆုံးခဲ့ရပါပြီ။

"စောစရယ်... နင် ဘာဖြစ်လို့ ငိုနေရတာလဲ။ ငါ့ကို လည်း ပြောပြဦးမှပေါ့။ ဘာမှန်း မသိဘဲ နင် ငိုတော့ ငါလည်း ငိုချင်တယ်ဟ"

လှိုင့် စကားကြောင့် စောစ မျက်နှာကလေး မော့လာသည်။ ဤမျှထိ ဝမ်းနည်း ကြေကွဲရတာမျိုး၊ ငိုရှိုက်မှုမျိုး စောစ မျက်နှာပေါ်တွင် မည်သည့် အခါမျှ မတွေ့ မမြင်ဘူး၍ လှိုင့်အဖို့ အထူးအဆန်းလို ဖြစ်နေသည်။

နှုတ်ခမ်းနှစ်လွှာတို့ တဆတ်ဆတ်နှင့် တုန်နေရှာသည်။ နှုတ်ခမ်းတို့က တစ်စုံတစ်ခုကို ဖွင့်ဟ ပြောရန် ဝန်လေးနေဟန် တူသည်။

"ပြောလေ... စောစ။ နင် ဘာဖြစ်လို့ ငိုနေရတာလဲ"

လှိုင့် အမေးတို့သည် ငိုသံဖြင့် ရောထွေးနေပါပြီ။ ပခုံးပေါ် ခေါင်းကလေး မှီတင်ထားရာမှ စောစသည် သူ့ လက်ဝါးလေးကို လှိုင့် လက်ဝါးထဲသို့ ထိုးထည့်လိုက်ပြီး ကျစ်ကျစ်ပါအောင်

ဆုပ်ကိုင်ထားသည်။ အားတင်းဟန် တူသည်။ တံတွေး မျိုချလိုက်သည်ကို မြင်တွေ့လိုက်ရ၏။

"ငါတို့ သူငယ်ချင်း တစ်ယောက်တော့ ရေတိမ်နစ်ရပြီ ထင်ပါရဲ့ ယုလှိုင်ရယ်"

ရင်ကို ဆောင့်တွန်းလိုက်သလို ခံစားလိုက်ရ၏။ ဘယ်သူ၊ ဘယ်သူပါလိမ့်။ စိတ်တို့ လှုပ်ရှားသွားသည်။

"ဟယ်... ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ"

လှိုင့် အမေးကြောင့် စောစသည် ခိုတွဲနေသော မျက်ရည်စတို့ ပျောက်လွင့်သွားအောင် မျက်တောင် မြန်မြန်ခတ်ပစ်လိုက်သည်။

"ထားကြည်... နဲ့ အချစ်ဆုံး ထားကြည်ပေါ့"

"ဟယ်" ဟု အာမေဠိတ်သံ ထွက်သွားပြန်သည်။ လှိုင် ပါးစပ်ဟောင်းလောင်းနှင့် ကြောင်တက်တက် ဖြစ်သွား၏။ ရင်များ တလှပ်လှပ် ခုန်လာသည်။ စောစက လွမ်းစိတ်နှင့် ငိုထားသော မျက်ရည်တို့ ပါးပြင်အနှံ့ စီးကျလာပြန်ပြီ။

သို့သော် ရှိုက်၍ မငိုမိအောင် တင်းခဲထားရသည်။

"ထားကြည် ဘာဖြစ်လို့လဲ စောစရယ်။ နင်ကလည်း ငိုပဲ ငိုနေတာပဲ။ ငါ့ ရင်ထဲ မောလိုက်တာဟာ၊ ငါ့ကိုလည်း ပြောပြပါဦး"

စောစ မျက်ရည်သုတ်သည်။ ပြီး ပင့်သက်ကို ချသည်။ စောစ၏ အပူရပ်ကို ဟန်လုပ်နေသော မျက်နှာက ရှုမြင်စရာ မကောင်းလှ။

"ထားကြည် ဒဏ်ရာတွေ ဗရပွနဲ့ ဒီဆေးရုံကို ခုနက ရောက်လာတယ်။ ဆရာဝန်တွေ အရေးတကြီး ကုသနေလေရဲ့။ ငါ မကြည့်ရက်လို့ နင့်ဆီကို ပြေးလာခဲ့တာ။ သူ... သူ နင့်ကို မေးနေတယ်"

"အလို... ဘုရားရယ်၊ ဒဏ်ရာတွေနဲ့ ဟုတ်လား... ဘာဖြစ်လို့ ဒဏ်ရာ ရလာတာလဲ။ အဲဒါလည်း ထည့်ပြောစမ်းပါဦး။ ငါ့ရင်ထဲ မကောင်းလိုက်တာ စောစရယ်"

ကြားရသော သတင်းစကားက မယုံနိုင်စရာ ကောင်းနေသည်။ ထားကြည် ယခင်တစ်ပတ်ကပဲ သည်ဆေးရုံကို လာသွားသေးသည်။ လှိုင်နှင့် အတူ အိပ်ခဲ့သေးသည်။ သူ့ အမျိုးသား ဗိုလ်ကြီးမွန်အောင် တိုက်ပွဲတွင် ကျရှုံး၍ ဘားအံရှိ တပ်ရင်းသို့ လာခြင်း ဖြစ်သည်။

သမီးလေး တစ်ယောက်နှင့် ထားကြည်။

ယောကျ်ားဆုံး၍ ဝမ်းနည်း ကြေကွဲရမှုပင် မပျောက်ပြယ်သေး။ သူကိုယ်တိုင် ဝမ်းနည်း ကြေကွဲဖွယ် အဖြစ်မျိုးနှင့် တိုးရပြန်ပြီ။

ကံကြမ္မာသည် ပဇာအတွက်ကြောင့် ကံဆိုးမ သွားလေရာ မိုးလိုက် ရွာပါသနည်း။ လှိုင် မတွေးရဲတော့ပါ။

"သူ တာဝန်ကျတဲ့ ရွာမှာ မနေ့က တိုက်ပွဲတွေ အရမ်းဖြစ်လို့တဲ့။ တပ်မတော်စစ်ကြောင်းနဲ့ ရွာက ပြည်သူ့စစ်တွေက တစ်ရွာလုံး သောင်းကျန်းသူ လက်ထဲ မရောက်အောင် ကာကွယ်ကြတယ်တဲ့။ တစ်ဖက်နဲ့ တစ်ဖက် ပစ်ခတ်ကြရင်း

ဒဏ်ရာ ရလာတဲ့ လူနာတွေကို ထားကြည်တို့က အရေးပေါ် ကုသပေးရတယ် ဆိုပဲ”

စောစ အပြောများ လှိုင့် နားထဲသို့ မဝင်တစ်ချက် ဝင် တစ်ချက်နှင့်။ လှိုင့် စိတ်ထဲတွင် ထားကြည်နှင့် ပတ်သက် သမျှတွေကိုသာ အမှတ်ရနေမိသည်။

သင်တန်းကာလ တစ်လျှောက်လုံး တပူးတွဲတွဲနှင့် တွဲ လာခဲ့တဲ့ ထားကြည်။

မိဘနှစ်ပါးလုံး ကွယ်လွန်ပြီး၍ ဦးလေးတစ်ယောက်၏ ထောက်ပံ့မှုဖြင့် သင်တန်းလာတတ်သူ။ သူ မော်လမြိုင် ဆေးရုံ တွင် တာဝန် ထမ်းဆောင်နေရင်းက ဗိုလ်ကြီးမွန်အောင်နှင့် လက်ထပ်ခဲ့သည်။

ထားကြည် သူ့ ခင်ပွန်းသည် တပ်ရင်း ပြောင်းရွှေ့ရ၍ ကရင်ပြည်နယ်သို့ ရောက်လာသည်မှာ မကြာတတ်သေး။ သမီးလေး ထားမွန်ပင်လျှင် နှစ်နှစ်သမီးသာ ရှိသေးသည်။

“သောင်းကျန်းသူတွေက အဝေးပစ် လက်နက်တွေနဲ့ ထင်ရာ မြင်ရာကို စွတ်ပစ်တော့ ရွာလုံးနီးပါး မီးဟုန်းဟုန်း တောက်တော့တာပေါ့။ ဆေးရုံလည်း မလွတ်ဘူး။ အဝေးပစ် လက်နက်ကြီး ကျည်တွေ အဆက်မပြတ် ကျနေတော့ ဆရာဝန်က အစ ကျည်လွတ်မယ် ထင်တဲ့ နေရာမှာ ပုန်းခိုနေရတာပေါ့”

“ထားကြည် တစ်ယောက်သာ လူနာတွေကို တစ်ယောက်ပြီး တစ်ယောက် ကျည် လွတ်မယ် ထင်တဲ့ နေရာကို ရွှေ့လိုက်၊

ဆေးထိုး၊ ဆေးထည့် အစွမ်းကုန် ပြုစုနေတော့တာပဲတဲ့။ ကြောက်ရလန့်ရမှန်းလည်း မသိရှာဘူး။ လူနာတွေ အသက် ချမ်းသာခွင့် ရရင် သူ့အသက် သေရင်လည်း သေပါစေ ဆိုတဲ့ သဘောပေါ့။ သူနဲ့ တာဝန်ကျတဲ့ ဆရာဝန်က အတင့်မရဲဖို့နဲ့ ကျည်လွတ်တဲ့ နေရာမှာ ခိုအောင်းနေဖို့ ပြောနေတဲ့ ကြား က သူ ကိုယ်တိုင် မွေးပေးထားတဲ့ မွေးလူနာတစ်ယောက်ရဲ့ “ကယ်ပါ... ကူပါ” နဲ့ မွေးလူနာကို မီးလောင်နေတဲ့ အခန်းထဲက ခက်ခက်ခဲခဲ ထုတ်ယူပြန်တယ်တဲ့။ ကံကောင်း ချင်တော့ ကလေးရော၊ မိခင်ပါ ဘာမှ မဖြစ်ဘူး ဆိုပဲ။ အေး... ဆွေးလူနာကို ကျည်ကွယ်တဲ့ ခုတင်ပေါ်မှာ ထားပြီး၊ လုံခြုံမယ် ထင်လို့ ပြန်အထွက်မှာ ထားကြည် ကံမကောင်းရှာတော့ ဘူး”

“ဝုန်းခနဲ အသံတစ်သံနဲ့ အတူ ခေါင်မိုးကို ဖောက်ပြီး ဒုံးတစ်လုံး သူ့ရှေ့ တည့်တည့်မှာ ကျလာရော့တဲ့။ အဲဒီအခါကျ ဒဏ်ရာတွေ ဗရပွနဲ့ ထားကြည် ဗုန်းဗုန်းလဲတော့တယ် ဆိုပဲ။ ခုတော့ သူ... သူ...”

စောစက သူ သိခဲ့ရသမျှကို ပြောပြရှာသည်။ လှိုင်တို့ နှစ်ဦး တစ်ဦးကို တစ်ဦး ဖက်ကာ ရှိုက်ကြီးတငင်နှင့် ငိုမိ ကြသည်။

သူနာပြု တစ်ယောက်ရဲ့ ရဲရင့်သောစိတ်ဓာတ်၊ အနစ်နာ ခံဘတ်တဲ့ စိတ်ဓာတ်ကို သွေးနှင့် ရင်း၍ ပြလိုက်တာလား ထားကြည်ရယ်။

"နင့်အတွက် ငါ ဝမ်းသာရ မလား၊ ဝမ်းနည်းရ မလား ဟင်"

ငါ ဘယ်လို ဖြေသိမ့်ရမှာလဲ မိထားကြည်ရယ်။

*

သွေးဖြင့် ရင်း၍

ရုတ်တရက် လှမ်းမြင်လိုက်ရသော ထားကြည် သဏ္ဌာန်ကို ကြည့်ရင်း လှိုင် ရင်ဆို့ တက်လာသည်။

ထားကြည် တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ သွေးပုလင်း၊ အသက်ကယ်ဘူးတို့က ထားကြည် ကိုယ်နဲ့ ဆက်သွယ်လျက်။

ဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ ဘေးမှ နေ၍ စောင့်ကြပ် ပေးနေကြသည်။ အသက်ကို မျှင်းမျှင်းကလေး ရှူရှိုက်နေ၏။

သာမန် လူတစ်ဦး ဆိုလျှင် ခုလို ဒဏ်ရာမျိုးနဲ့ နေရာ တွင်ပင် ပွဲချင်း ပြီးနိုင်သည်။ ထားကြည်က အာဂ ထားကြည်။ သတိတစ်ချက်မျှ မလွတ်သေး။

သူ့ အဖြစ်ကို အကုန်ပြောပြနိုင်ရှာသေးသည်တဲ့။

ထားကြည်၏ ခုတင်ဘေးတွင် ဆေးရုံအုပ်ကြီး၊ ခွဲစိတ် ပါရဂူ၊ နောက် အထူးကုဆရာဝန် နှစ်ဦး။ ပြီး သူနာပြု ဆရာမ အုပ်ကြီး၊ ဆရာမနှစ်ယောက်။

ပြီးတော့မှ ထားကြည် သမီးကလေး ထားမွန်။

သူတို့တစ်တွေ မျက်နှာက ကြေကွဲစွာ ညှိုးနွမ်းနေကြလေသည်။ သမီးလေးမှ အပ ကျန်လူ အားလုံး၏ မျက်နှာ အမူအရာကို ကြည့်ရင်း လှိုင် ထားကြည်၏ အခြေအနေကို သိလိုက်ပါပြီ။

လှိုင်သည် ခုတင်ဘေးတွင် ဝင်ထိုင်လိုက်၏။ စောစလည်း သူ့ ဘေးတွင် ကပ်ထိုင်သည်။ ထားကြည် တစ်ကိုယ်လုံး ဖြူဖျော့ ပြာနှမ်းနေ၏။

ထားကြည် ဘေးစားပွဲပေါ်တွင် ဓာတ်ပုံလေး နှစ်ပုံ။ တစ်ပုံက သူနာပြုဝတ်စုံနဲ့ ရိုက်ထားသော ထားကြည် တစ်ဦးတည်းပုံ။ ကျန်တစ်ပုံက ဗိုလ်ကြီးမွန်အောင်နဲ့ လက်ထပ်ခါစ ရိုက်ထားသော ပုံ။

"ဩော်...ထားကြည်ရယ်"

လှိုင် တိုးတိုးကလေး ရေရွတ်ရင်း ထားကြည် တစ်ကိုယ်လုံးကို သိုင်းခြုံ ကြည့်နေမိသည်။ ဖြူအိ ဝင်းပသော သူ့ အသားအရေများ၊ ဆင်စွယ် လက်မောင်းကလေး တစ်သွယ်၊ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ချစ်မျက်ဝန်း၊ တောက်ပတဲ့ မျက်လုံးအစုံ၊ တင်းတင်းရစ်ရစ် ကြော့ရှင်းဟန်ပို အလှကြွယ်ကလေးတွေ။

ထားကြည် ကိုယ်မှ အဘယ်သူ ခိုးသွားပါလိမ့်။

လှိုင်သည် ထားကြည်၏ သွေးစွန်းနေသော လက်ဝါးကလေးကို ဆုပ်နယ်လိုက်သည်။ ထားကြည်၏ လက်ကလေးများ နွေးလာလိုက်၊ အေးစက်လိုက်နှင့် ပြောင်းပြောင်းလဲလဲ ဖြစ်နေပြီ။

"ထားကြည်"

လှိုင်က ဆို့နင့်စွာ ခေါ်သည်။ ထားကြည်က မလှုပ်၊ ငြိမ်မြဲတိုင်း ငြိမ်နေ၏။

"ထားကြည်ရယ်... ငါ ရောက်လာပါပြီဟာ။ နင့် သူငယ်ချင်း ယုလှိုင်လေကွယ်"

လှိုင်၏ ငိုသံဖြင့် ရောနေသော ခေါ်သံကြောင့် ထားကြည်၏ မျက်တောင်ကလေးများ စတင် လှုးလွန့်လာကြသည်။ မျက်တောင်များကို အားယူ ဖွင့်နေရှာသည်။

"ထားကြည်... ထားကြည်"

ထားကြည်၏ မျက်လုံးများ တောက်ပ ရွှန်းလဲ့မှု မရှိတော့။ မျက်တွင်းနက်နက် အတွင်းမှ အားဖျော့စွာသာ ကြည့်နေရှာသည်။

"ထား... ထားကြည်ရယ်"

ထားကြည် နှုတ်ခမ်းထောင့်ကလေးများ စ ပြုံးလာ၏။ နှုတ်ခမ်းကလေးများ တရွရွနှင့် ခြောက်သွေ့နေကြလေသည်။ ဆရာဝန်ကြီးသည် ထားကြည်၏ နှုတ်ခမ်းလေးပေါ် ဂွမ်းစဖြင့် ရေကလေး ဆွတ်ပေးလိုက်သည်။ ထားကြည် နှုတ်ခမ်းကလေး စူပြီး ဂွမ်းကို အငမ်းမရ စို့သည်။

"လှိုင်... ယုလှိုင်နော်"

"ထားကြည်"

"လှိုင်ရေ... ခုမှပဲ လာခဲ့သလား သူငယ်ချင်းရယ်။ ငါ... ငါ နင့်ကို စောင့်နေတာ"

ထားကြည် အသံတို့က အက်အက်ကွဲကွဲ နှင့်ဆွေးဆွေး။

"နင် ဒီလို ဖြစ်လာမှန်း ငါမှ မသိတာ ထားကြည်ရယ်။ ငါ နင့်အဖြစ်ကို ကြည့်ပြီး၊ ဘယ်လို ဖြေသိမ့်ရမှာလဲဟင်။ သူရဲကောင်းမကြီးရယ်"

ပြောရင်းက လှိုင် မျက်ရည်ဥကလေးများ တစ်ပေါက်ချင်း ပါးပြင်သို့ စီးကျလာပြန်သည်။ စစ္စတာကြီးသည် လှိုင်၏ ပခုံးသားလေးကို ဖျစ်ညှစ် ဆုပ်လိုက်၏။ စိတ်ကို ထိန်းဖို့ တိုက်တွန်းမှန်း လှိုင် သိလိုက်သည်။

"စကားတွေ သိပ်မပြောမါနဲ့နော် ထားကြည်။ နင် သိပ်မောနေမယ်"

"ငါ့ အခြေအနေ ငါ သိနေပါပြီ စောစရယ်။ ငါ့ကို မတားပါနဲ့နော်။ ဆရာဝန်ကြီးများကိုလည်း ကျန်မ တောင်းပန်ပါတယ်။ နောက်ဆုံး အချိန်ထိ ကျွန်မကို လှိုင်နဲ့ စကားပြောခွင့်ပြု..."

"ညြော်...သူငယ်ချင်းရယ်"

ဆရာဝန်ကြီးများက ထားကြည်ကို နားလည်စွာ ခေါင်းညိတ်ပြသည်။ ထားကြည်၏ အခြေအနေကို သူတို့က အသိဆုံးပဲ မဟုတ်လား။

"နင် မှတ်မိသေးလား လှိုင်။ တို့ မာမီကြီး ပြောခဲ့ဖူးတာလေ။ သူနာပြုလုပ်ငန်း ဆိုတာ မွန်မြတ်တယ်၊ သူနာပြုတွေဟာလည်း မွန်မြတ်အောင် ကြိုးစားရမယ် ဆိုတာလေ"

"ငါ မှတ်မိနေတယ် ထားကြည်"

"အေး... ငါ ခု သူနာပြု ဆရာမတွေ မြင့်မြတ်ကြောင်း အသက် အသေခံပြတာ အရေးကြုံရင် ကိုယ်ကျိုးစွန့်ဖို့ ဝန်မလေးကြောင်း သူနာပြုတွေရဲ့ ရဲရင့်တဲ့စိတ်ဓာတ်ကို ပြခဲ့တာ"

"တိုးတိုးပြောပါ ထားကြည်ရယ်... နင့် စေတနာတွေ၊ နင့် မေတ္တာတွေကို လူနာတိုင်းက နားလည် သဘောပေါက်ကြမှာပါ"

ထားကြည်သည် ပြောရင်းက အမောဖောက်လာသည်။ ဆရာဝန်ကြီးများက အတတ်နိုင်ဆုံး၊ အညင်သာဆုံး ပြုစုပေးသည်။ ထားကြည်က ဆရာမလေး တစ်ဦး ချီထားသော သူ့သမီးလေးကို မျက်ရိပ်ဖြင့် တောင်းသည်။ ပြီး သမီးလေး ထားမွန်၏ ခေါင်းကလေးကို သွေးစွန်းနေသော လက်ဖြင့် ခက်ခက်ခဲခဲ ပွတ်သပ်သည်။

"ငါ့အဖြစ်ကို ငါ ဂုဏ်ယူပါတယ်။ ဒါပေမဲ့ ဟောဒီက ငါ့သမီးလေးကို နင့်... နင့်ဆီမှာ အပ်... အပ်ခဲ့ချင်တယ်။ ငါ မျက်လုံးတွေ သိပ်မမြင်ရတော့ဘူး ယုလှိုင်ရယ်"

အသံက တိုးညင်းလွန်းလှသည်။ လှိုင် စိုးရိမ်ကြီးစွာဖြင့် ဒဏ်ရာ လွတ်နေသော သူ့ လက်မောင်းကလေးကို ဆုပ်နယ်လိုက်သည်။

"စိတ်ချပါ။ နင့် သမီးလေး အတွက် ငါ တာဝန်ယူပါတယ်။ ငါလေ နင့် သမီးလေးကို ငါ့ သမီးလေး အရင်းလို ပြုစုပါ့မယ်"

"ငါ... ငါ .... ဝမ်း... ဝမ်း"

ထားကြည် သည်မျှသာ ပြောနိုင်တော့သည်။ ဆရာဝန်ကြီးက ထားကြည်၏ လက်ကောက်ဝတ်ကလေးကို စမ်းပြီး ခေါင်းယမ်းပြလိုက်သည်။ စောစက ခုတင်ဘေးတွင် ခေါင်းကို အပ်ကာ ရှိုက်ကြီးတငင်နှင့် ငိုချလိုက်သည်။

လှိုင် ထားကြည်ကို အငမ်းမရနှင့် ထွေးပိုက်လိုက်သည်။ ထားကြည် အသက်မရှိရှာတော့။

"လုပ်ပါဦး ဆရာကြီးတို့ရယ်... ကျွန်မ သူငယ်ချင်းကို မကယ်နိုင်ကြတော့ဘူးလား။ ထားကြည်... နှင့် အချစ်ဆုံး သူငယ်ချင်းတွေကို ထကြည့်ပါဦး"

အသည်းနှလုံးများ၌ ပြင်းထန် ငိုရှိုက်သံများ ကျွတ်ကျွတ်ညည်သွား၏။

တချို့ မျက်ရည် ဝဲကြသည်။

တချို့လည်း ဖွင့်ဟ ငိုကြသည်။

လူနာများအတွက် အသက်ပေးခဲ့သော ထားကြည် တစ်ယောက်မူကား ထို ငိုရှိုက်သံများကို ကြားနိုင်စွမ်း ရှိတော့မည် မဟုတ်ပါ။

လူနာများအပေါ် သံယောဇဉ် ကြီးမားပြီး၊ စေတနာ မြင့်မြတ်လှသော မိထားကြည်။ သူနာပြုဆရာမ တစ်ဦး၏ ပြည်သူ့ဝန်ထမ်း ဝိသခြင်း၊ ရဲရင့်သော စိတ်ဓာတ်ကို မွေးပြီး လူနာများစွာကို မိမိအသက်ဖြင့် လဲပေးခြင်း၊ မိမိ အသက် အန္တရာယ်ထက် လူနာများ၏ အသက်အန္တရာယ်ကို ရှေ့တန်း တင်ခဲ့သော မိထားကြည်။

ဂုဏ်ယူစရာ ကောင်းပါသည်။

ဒါပေမဲ့... ငါ မဖြေသိမ့်နိုင်ဘူး မိထားကြည်။

*

သမီးလေး ထားမွန်

ထားမွန်သည် ထိုင်နေရင်းက သူ့မေမေကို လှမ်းကြည့်နေသည်။ မေမေသည် သူနှင့် ပတ်သက်၍ တစ်ခုခု ပြောရင်းက စကားစကို လိုရင်းရောက်အောင် မပြောဘဲ တိခနဲ ရပ်သွားလျှင်၊ ဒါမှမဟုတ် တစ်ယောက်တည်း နံရံရှိ မေမေ့သူငယ်ချင်း ဓာတ်ပုံရှေ့တွင် ရပ်၍ အကြာကြီး စိုက်ကြည့်နေလျှင် မေမေ့ ရင်ထဲမှာ တစ်ခုခုတော့ ခံစားနေလိုက်ရပြီဟု ထားမွန် နားလည်ပါသည်။

သည်အခါမျိုးမှာတော့ အလိုက်သိတတ်သော သမီးလေးက ဘာတစ်ခုမှ မမေးဘဲ၊ ရယ်စရာလေးတွေ ပြောကာ မေမေ့သောကကို မေ့လျော့သွားအောင် ကြိုးစားရသည်။ မေမေ့ဘဝအကြောင်း မေးတော့ မေးခဲ့ဖူးသော်လည်း မေမေ ဘာတစ်ခုမျှ ပြောမပြခဲ့။ မေမေသည် အတိတ် အဖြစ်အပျက်တွေကို ပြည်ဖုံးကား ချထားပေမယ့် မေမေ့မှာ ကြေကွဲ လွမ်းမောဖွယ်ရာ အဖြစ်အပျက်တွေ ရှိနေလိမ့်မည်ဟုတော့ သမီးလေး ယုံကြည်မိသည်။

ခုတော့ဖြင့် မမေးရဘဲ မေမေ့အကြောင်း သမီးလေး သိလိုက်ရပါပြီ။ မယုံနိုင်စရာလည်း ကောင်းသည်။ ကြေကွဲဝမ်းနည်းဖို့လည်း ကောင်းသည်။ အသည်းနှလုံးတွေ တစ်စစီဖဲ့ယူလိုက်သလိုလည်း ခံစားလိုက်ရသည်။

မေမေ့ ဒိုင်ယာရီလေး၊ မေမေ့ ဘဝတစ်ခုလုံး နှေစဉ်မပျက် ရေးခဲ့တဲ့ ဒိုင်ယာရီလေး။ မေမေ့ အိပ်ခန်းကို တံမြက်စည်းလှည်း၊ သန့်ရှင်းရေး လုပ်တုန်းက အမှတ်မဲ့ တွေ့ခဲ့ရသည်။ မဖတ်မိဖို့ ကြိုးစားခဲ့သည့်တိုင် ထားမွန် ဖတ်ဖြစ်အောင် ဖတ်မိခဲ့သည်။

"အမေက လူနာတွေအတွက် အသက်စွန့်ခဲ့တဲ့သူ၊ အဖေက တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးခဲ့သူ။ ဒီအဖေနဲ့ ဒီအမေက မွေးလာတဲ့ ဒီသမီးလေးကို ငါဘဝ တစ်ခုလုံး မြှုပ်နှံပြီး ပြုစုမယ်၊ ပျိုးထောင်မယ်။ ဒါမှ တစ်နေ့နေ့မှာ အမေနဲ့ပဲတူတူ၊ အဖေနဲ့ပဲ တူတူ တိုင်းပြည်က အားကိုးလောက်တဲ့ သမီးကောင်းလေး တစ်ယောက် ဖြစ်လာရင် ငါ ကျေနပ်ပြီ"

သည်စာပိုဒ်ကလေးကို ဖတ်ပြီး၊ ထားမွန် ကြက်သီးမွေးညင်းများ ထမိသည်။ တအံ့တသြ ငေးမောနေမိသည်။ ရင်ထဲမှာ ဆို့နင့် ကြေကွဲမှုတွေနဲ့ မယုံမိအောင် စိတ်ကို တင်း၍ မှေ့ပျောက်သွားအောင် မောင်းထုတ်ကြည့်သည်။ မရတော့။

အမေ့ ဒိုင်ယာရီရဲ့ စာမျက်နှာတွေက အသည်းနှလုံးကို ဆုပ်ကိုင်ထားချေပြီ။

ထားမွန် အချစ်ဆုံး မေမေ၊ ထားမွန် အားအကိုးဆုံး မေမေသည် ထားမွန်ကို မွေးစားခဲ့သောအမေ ဖြစ်နေပါကော လား။

ဘုရား... ဘုရား... ဗုဒ္ဓဘုရား... သမီးကို မကယ်နိုင်တော့ဘူးလား။

တထိတ်တလန့်နဲ့ ခိုကိုးရာမဲ့ ဖြစ်မိသည်။ သမီး ဘယ်လို ဖြေသိမ့်ရမလဲ။ အမေ အစကတည်းက ပြောပြဖို့ ကောင်းပါ တယ်။ အို... အမေ့ဘက်က တွေးရင် ပြောလို့ ဘယ်လိုမှ အကျိုးထူး ဖြစ်မလာမယ့် အတူတူ အတိတ်က အကြောင်း တွေကို ပြည်ဖုံးကား ချထားတာ နေမှာပေါ့။ အမေ့ဘက်က မှန်ပါတယ်လေ။

မောင် လက်ထပ်သွားပြီ။ မောင့်ကြောင့် ကြွေခဲ့ရတဲ့ ငါ့ အသည်းနှလုံးမှာ သမီးလေးကို အစားထိုးပြီး ငါ ဖြေသိမ့် မယ်။ သမီးဟာ ငါ့ရဲ့ဘဝ၊ ငါ့ရဲ့ အသည်းနှလုံး။

အမေ့ စေတနာတွေ၊ အမေ့ မေတ္တာတွေကို သိရလေ ထားမွန် နေမထိ ထိုင်မသာနဲ့ တအုံနွေးနွေး ခံစားရလေ။ အမေ့ ဒိုင်ယာရီကို ကြည့်မိတဲ့ မျက်လုံးတွေ၊ အမေ့ ဒိုင်ယာရီ လှန်လှော ကြည့်မိတဲ့ ဒီက လက်တွေ သမီး ဖြတ်တောက်ပစ် ချင်ပြီ အမေ။

ထားမွန် တစ်ညလုံး ကျိတ်ငိုခဲ့ရသည်။ အမေ မသိအောင် တိတ်တိတ်ကလေး ငိုခဲ့ရသည်။ မနက်လင်းတော့ တိုက်တိုက် ဆိုင်ဆိုင် အလုပ်ခန့်စာ ရောက်လာသည်။ ဝမ်းသာမိသည်က တော့ အမှန်။ အမေ့ နှုတ်ဖျားမှ အတိတ်က ဝေဒနာ တစ်ပိုင်း တစ်စ ဖွင့်ဟလာနိုး အမေ့ဆန္ဒကို ဆန့်ကျင်မိသည်။

အမေ မပြော။ အမေ့ ဝေဒနာကို အမေ ကျိတ်ခံစားသည်။ ထားမွန်ဟာ အမေ့သမီးအရင်း မဟုတ်ဘူးဆို အမေ... ဟု ထားမွန် မေးလိုက်ချင်သည်။ နှုတ်ကဖြင့် ထွက်မလာခဲ့။

အို... တစ်နေ့နေ့မှာ သမီးလေးထားမွန် ငါ့ကို မွေးစား အမေလို့ သိသွားရင် ငါ့ကို စွန့်ခွာ ပြေးမလား၊ အချစ်တွေများ လျော့သွားမလား။ အို... ဘုရားသို့ကြွေး မ လို့ သည်တစ်သက် သမီးလေး မသိပါစေနဲ့။

ကြည့်ကြပါဦးရှင်။ အမေ့ ဒိုင်ယာရီထဲမှာ ရေးထားလိုက် တာများ။ သမီး ဘယ်လိုမေးရက်တော့မှာလဲ။ သည် အသက် အရွယ် အထိ သမီးကို တစ်စက်ကလေးမှ အငြိုငြင် မခံခဲ့သော အမေ။ သမီးအတွက် အစစ ငဲ့ညှာခဲ့သော အမေ။ ခု သမီးကို ချစ်လွန်းလို့ အမေ့ ရင်ထဲ မဆံ့အောင် ဝေဒနာတွေ ခံစားနေရ ရှာပါပြီ။

ငါ ဝမ်းသာလိုက်တာ... ငါ့သမီးလေး ငါ ဖြစ်စေချင်သလို သူနာပြုဆရာမ တစ်ယောက်

ဖြစ်လာပြီ ထားကြည်ရဲ့။ နင့် သမီးကို မြင်လှည့် စမ်းပါဟာ။ နင့်ကို ငါ သိပ်သတိရနေတယ် ထားကြည်...။

အမေ ဖြစ်စေချင်တာကို ဖွင့်မပြောဘဲ၊ ရင်ထဲမှာ သိမ်း ထားခဲ့တဲ့ အမေ။ ဟူး... တော်ပါသေးရဲ့။ ဆယ်တန်းအောင် တုန်းကသာ ဒီသူနာပြုသင်တန်း တက်ဖို့ မရွေးချယ်ခဲ့ရင် ငါ့အတွက် အမေ ဘယ်အထိ စိတ်ထိခိုက်ပါ့မလဲ။

ရှိပါစေ... ထားမွန် ရင်ထဲမှာသာ ရှိပါစေတော့။ ထားမွန် ရင်ထဲက အပူမီး အမေ့ထံ မကူးစက်လိုတော့ပါ။ အမေ၏ ပြည်ဖုံးကား ချထားသော အတိတ်က အဖြစ်အပျက်တွေကို ထားမွန် သိပေမယ့် မသိယောင် ဆောင်နေတော့မည်။

မျက်ရည်ကို သုတ်သည်၊ အံကိုကြိတ်သည်။

သိလို့ကော ဘာထူးမှာလဲ အမေရယ်။ ဒီအခြေအနေ ရောက်မှ ချထားတဲ့ ကားလိပ်ကို ပြန်တင်ရင် နှစ်ယောက်လုံး ရဲ့ ရင်ထဲမှာ ဝေဒနာတွေပဲ စွဲကျန်တော့မှာပေါ့။ ဖြူစင်တဲ့ အချစ်ကလေးတွေပေါ် အမည်းစက်လေးတွေ စွန်းထင်းတော့ မှာပါ။ ငါ မမေးဘူး... ဒီတစ်သက် မမေးဘူး။

ခုနက ငါ့ကို မေမေ အထင်သေးသွားသလား မသိဘူး။ သူနာပြုတစ်ဦး အနေနဲ့ ဘယ်ပို့ပို့ လွတ်တာကို မသွားလို့များ အမေ အထင်အမြင်လွဲသွားမှာ အမှန်ပဲ။

ထားမွန် စိတ်ထဲတွင် များစွာသော စာမျက်နှာမှ စကား လုံးများ ရိုက်ခတ်လာသည်။ ထားမွန် အတွေးများ ရပ်တန့်

ပစ်လိုက်သည်။ ထားမွန် ထိုင်နေရင်းက ရပ်လိုက်သည်။ အတတ်နိုင်ဆုံး မျက်ဝန်းမှာ အပြုံးတွေနဲ့ ဝေနေအောင် ကြိုးစား ရင်း အမေ့ဆီကို လှမ်းလာခဲ့သည်။

"ငါ့ရဲ့ မွေးစားအမေက သူနာပြုလုပ်ငန်းအတွက် ချစ်သူ ကို စွန့်တယ်။ ငါ့ မွေးမေမေက လူနာတွေအတွက် အသက် ကို စွန့်ခဲ့သူ။ ဒီအမေ နှစ်ယောက်က မွေးကျွေး ကြီးလာတဲ့ ငါ... ငါ"

ထားမွန် စိတ်ထဲမှ တိုးတိုးလေး ပြောလိုက်မိသည်။

"မေမေ"

ထားမွန် ခေါ်ရင်းကနေ အမေ့ နောက်ကျောကို သိုင်းရစ် ဖက်ထားလိုက်သည်။

"သမီးကို အထင်သေးသွားပြီလား အမေရဲ့။ သမီးဟာ အမေတူ သမီးပါ။ ဘယ်ပို့ပို့ သွားဝံ့တဲ့ သမီးရယ်ပါ။ အမေ့ကို ချစ်လို့ တမင် စကြည့်တာပါနော် အမေ"

"မသေးပါဘူး သမီးရယ်... သမီးကို အမေ အထင်ကြီး ပြီးသားပါကွယ်"

"ဒါဖြင့် ဘာဖြစ်လို့ ငိုနေရတာလဲ မေမေ... ဟင်...၊ သမီး ကရင်ပြည်နယ်က ပြန်လာရင် ကရင်အဘိုးကြီး တစ် ယောက် အိမ်ကို ခေါ်ခဲ့မယ်နော် မေမေ"

"ကြည့်စမ်း... ပေါက်ပေါက်ရှာရှာတွေ ပြောရော့မယ်"

"ဩော်... မေမေကလည်း သမီးတို့နှစ်ယောက်တည်း နေရတာ မဟုတ်လား။ အိမ်မှာ အဘိုးအရွယ် တစ်ယောက်

ရှိတော့ ပိုကောင်းတာပေါ့။ မေမေက ဘာ အတွေးချော်နေတာ တုံး မေမေရဲ့။ ဟား... ဟား... ဟား..."

သို့ ပြောရင်း သူ့ မေမေ၏ ပါးကလေးကို ရွှတ်ခနဲ မွေး လိုက်သည်။

မေမေ့ကို အချစ်တွေ ပိုတိုင်း မေမေ ရွယ်သွမ်းသွေးဖွယ် ဖြစ်အောင် ရွှတ်နောက်ကာ ပြောတတ်သည့် သမီးလေး ထားမွန်။ သမီးလေး ရင်ထဲမှာ ဝေဒနာတွေနဲ့ ကြေကွဲ ဆို့နင့်မှုတွေကို ရင်ထဲ သိမ်းထားရသည်။

သည်တော့လည်း ခါတိုင်းလိုပင် သမီးလေး၏ ပျော်အပြုံး လေးပေါ်တွင် မျောပါရင်း ဒေါ်လှိုင် တစ်ယောက် ကြေကွဲဖွယ် အချစ်၏ လွမ်းရတဲ့ မျက်ရည်လေးတွေ ခန်းခဲ့ရ ပြန်လေပြီ။

အသည်းနှလုံးထဲတွင် သံယောဇဉ် ဆိုတဲ့ ချစ်ကြိုးလေး တစ်မျှင် နှောင်ဖွဲ့ ချည်နှောင်လာပြီ ဆိုမှဖြင့် လူသည် အရာရာ ကို စွန့်လွှတ် ဆုံးရှုံးဖို့ ဝတ်မလေးတတ်ကြပေရာ ချစ်ကြိုး နှောင်ဖွဲ့ ခံရသော ဒေါ်လှိုင် ဘဝတစ်သက်တာတွင် ချစ်လွန်း လို့ ကျခဲ့ရသော မျက်ရည်များကား ခုတော့လည်း...။

❑

[မြန်မာနိုင်ငံသူနာပြုအသင်း နှစ်ပတ်လည်မဂ္ဂဇင်း (၁၉၈၅–၈၆)]

မေတ္တာဘားမာန်ရှင်

(၁)

ကြားတော့ ကြားဖူးသည်၊ ကြုံတော့ မကြုံမိ။ တကယ် ကြုံတွေ့ လာသော့အခါ ကြားဖူးတာ ဖြစ်လာတာလား။ မကြုံ ဖူးသေးတာ ဖြစ်လာခြင်းလား ဆိုသည်ကို ဝေခွဲမရ ဖြစ်နေမိ သည်။ သူ့ စိတ်ထဲတွင် ပိုးမှုကလေး တစ်ခုခု ဖြစ်သွားလျှင် ဟုသော သောကစိတ်သာ လွှမ်းမိုးနေ၏။ သေသေချာချာ နားလည်မိသည်ကား တစ်ခုရှိသည်။ ပိုးမှုကလေးကို ဆေးရုံသို့ ပို့ရမည်။ အချိန်မဆွဲဘဲ ဖြစ်သည့်နည်းဖြင့် မြန်မြန် ရောက်အောင် ပို့ရမည်ဟူသော နားလည်မှုပင် ဖြစ်သည်။ ခက်နေသည်က သည်အချိန်ဆို ရွာတွင် တစ်ဦးတစ်ယောက်မှ မရှိတာတ်။ လုကြီးများ အားလုံး ယာထဲ ရောက်နှင့်နေကြပြီ။ ဈေးရောင်း များကလည်း မိုးမလင်းခင်ကပင် ရွာမှ ထွက်သွားကြပြီ။ သက်ကြီးရွယ်အိုနှင့် ကလေးများကလွဲ၍ ရွာတွင် မိမိကို ကူညီနိုင်

မည့်သူ တစ်ဦးမျှ မရှိ။ အမှန်ဆို မိမိပင်လျှင် သည်အချိန်ဆို တောင်ယာသို့ ရောက်နေသင့်ပြီ။ ပိုးမူကလေး အီလွန်း၍ စောင့်ကြည့်နေ၍သာ မိမိရွာတွင် ကျန်ရစ် နေခဲ့မိခြင်း ဖြစ်သည်။ ဒါကိုပင် ကံကောင်းသည်ဟု ယူဆရမည်။ အကယ်၍ ပိုးမူကို ထားခဲ့ပြီး တောင်ယာထဲ မိမိရောက်နေခဲ့လျှင် သမီးလေး ပိုးမူကို လက်လွတ်ဆုံးရှုံး လိုက်ရမည်မှာ သေချာနေသည်။

"ပိုးမူကလေးကို ဆေးရုံ သွားပို့မည်။ အပါးလာလျှင် လိုက်လာပါ"

ဟု မိမိက အကြီးမကို မှာပြီး ပိုးမူကို စောင်တစ်ထည် နှင့်ပတ်ကာ လွယ်လိုက်သည်။ အားပါးပါး၊ ပိုးမူ ကလေးက အတော့်ကို လေးသည်။ ပိုးမူကလေး ကြီးထွားလာခြင်းကို မိမိ သတိမထားမိခြင်း ဖြစ်သည်။ မည်မျှပင်လေးလေး၊ ပိုးမူ ခန္ဓာကိုယ်လောက်တော့ မိမိ အသာလေး ထမ်းပိုးနိုင်သည်။

သွားရမည့် ခရီးက တောင်တက်လမ်းဖြစ်ပြီး ခရီးက ရှည်သည်။ ကားလမ်းက ဟိုတောင်ကုန်း ၂ ကုန်းကျော်၊ ကမ်းပါး အမြင့်တွင် ရှိနေသည်။ အတက်အဆင်း၊ အကွေ့အကောက် မည်မျှပင်များများ သည်ခရီးကို မိမိ သွားရတော့မည်။ ဘာလိုသေးပါလိမ့်။ ပိုက်ဆံ၊ ဟုတ်ပြီ၊ ပိုက်ဆံ လိုအပ် သည်။ ဝါးကျည်တောက်ကို မှောက်သွန်ချလိုက်မိသည်။ ကျ လာသော ပိုက်ဆံစေ့များထဲမှာ ကျပ်စေ့ တစ်ဆုပ်စာ နှစ်ခါလောက် ပလိုင်းထဲ ထည့်လိုက်၏။ ပလိုင်းတစ်ဖက်၊ ကလေးတစ်ဖက် နှင့် မိမိ တစ်ချိုးတည်း ရွာမှ ထွက်လာခဲ့သည်။

ကားကြုံနှင့် တွေ့ပါမှ မိမိ သက်သာမည်။ ပိုးမူကလေး ဟူသည်း ဆေးရုံသို့ အချိန်မီ ရောက်နိုင်မည်။

"အို... ဘုရားသခင်၊ သမီးတို့ သားအမိကို ကားကြုံ တစ်စီးနဲ့ လိုက်ခွင့်ရအောင် ဆောင်ကြဉ်းပေးတော်မူပါ" ဟု မိမိ တစ်လမ်းလုံး ဆုတောင်းပြီး လာခဲ့သည်။

တောင်ကမ်းပါးယံလမ်းမို့ နှင်းက ထူသည်။ ဘာမျှ မမြင်ရ။ နေ့ခင်းဆို နေရောင်ကြောင့် တစ်ဖက်တောင်မှ ကားဆင်းသာသည်ကို လှမ်းမြင်နိုင်သေးသည်။ ထိုအချိန် တစ်ဖက် ဘောင်ရှိ ကမ်းပါးယံ လမ်းပေါ်မှ မီးရောင်ကို ရုတ်တရက် မြင် လိုက်ရသည်။ ကားမီးဖြစ်မည်။ ကားစက်သံကို မကြား ရသေး။ အဲဒီကားနှင့် ကားကြုံလိုက်ရမည်။ ကားကို ဖြစ် သည့်နည်းဖြင့် တားရမည်။ ဟိုအဆင်းအကွေ့တွင် ကားတိုင်း အရှိန်လျှော့၍ မောင်းတတ်သည်။

ဟုတ်ပြီ၊ အဲဒီအကွေ့တွင် ကားတားတာက အကောင်းဆုံး ဖြစ်မည်။ ကားများက မိမိတို့ တားသည်ကို ရှောင်၍ မောင်း သွားလေ့ ရှိသည်။

ခါတိုင်းဆို အရေးမကြီး၊ ဒီတစ်ကြိမ်တော့ ပိုးမူကလေး အတွက် ဆေးရုံသို့ အမြန်ရောက်ဖို့က အရေးကြီး နေသည်။ ကားကို မရ,ရအောင် တားမည်။ ထိုအကွေ့လမ်းက နဂိုလမ်း ဆက် နည်းနည်း ပိုကျဉ်းသည်။ ထိုနေရာမှ မိမိ ကားကိုတား လျှင် မရပ်ဘဲ မနေရဲ။ ရပ်မှာ သေချာသည်။ ဒီအကြံအတိုင်း လုပ်မည်။ အထက်ကွေ့ဆီသို့ အားခဲ၍ တက်လိုက်သည်။

ပြန်သည်။ ကားမောင်းပြေးလျှင်ဟူသော စိုးရိမ်စိတ်က တဒင်္ဂ အတွင်း ဖြစ်ပေါ်လာ၏။

လမ်းမကြီးပေါ်က မိမိ မဆင်းတော့။ ဒါမှ ကားမောင်း မပြေးနိုင်သည်မှာ သေချာသည်။ ကားက ကမ်းပါးယံ ဘက် ပို၍ဆွဲကပ်သွားသည်။ လမ်းဘေး ရေမြောင်းထဲ ဆောင့်ဆင်း သွားသည်။ တစ်ဖက် မြောင်းနှုတ်ခမ်းကို ရှေ့ဘီး တစ်ဘီး တင်ပြီး ကားစက် ရပ်သွားသည်။

ကားက အကောင်းစား ကားငယ်ထဲက ဖြစ်ပြီး အစိမ်း ရင့်ရောင် ဖြစ်သည်။ မိမိတို့ ရွာက ကားတွေလို အထပ်မပါ။ ကားရှေ့ခန်းမှ လူတစ်ယောက် ဆင်းလာသည်ကို ဦးစွာ တွေ့ လိုက်ရသည်။ ရဲဘော်တစ်ယောက်မှန်း သိလိုက်သည်။ မိမိ ထက် ငယ်မည်-ထင်သည်။ မိမိက သူ့ထံသို့ သွားသည်။ ပိုးမူ ကလေးက အရေးကြီးသည် မဟုတ်လား။

ကားနောက်ခန်းမှ လူတစ်ယောက် ထပ်ဆင်းလာသည်။ သနပ်ခါးထွားကျိုင်းပြီး အရပ်မြင့်သည်။ ယူနီဖောင်း ပေါ်ဝယ် တံဆိပ်တွေ ပါသည်။ ဗိုလ်မှူးလား၊ ဗိုလ်ကြီးလား မိမိ မသိ။ ဘာပဲဖြစ်ဖြစ် ကြောက်စိတ် ကင်းမဲ့နေသည်။ မိမိ ထိုသူထံ ဆက်လျှောက် သွားမိသည်။ ကားနှင့် လိုက်ခွင့်ရအောင် တိုး လျှိုး တောင်းပန်မည်။

*

အေးလွန်းသော ဆောင်းတွင် ချွေးသီးများ စို့နေ၏။ ခရီး ထောက်လာသည်နှင့် အမျှ ပိုးမူ ကိုယ်အလေးချိန်က မိမိကို ပို၍ ပင်ပန်းနွမ်းနယ်စေသည်။

ကားစက်သံကို ကြားရသည်။ ကား ဆင်းလာပြီ။ တဖြည်းဖြည်း နီးလာသော စက်သံနှင့်အတူ ကားကို နှင့်မှုန် ကြားမှ မီးရောင်ကြောင့် ပီပီပြင်ပြင် မြင်လာရသည်။

ကားတားမည် ဆိုလျှင် ပိုးမူလေးကို လွယ်လျက်နှင့် လွတ်မည် မထင်။ ပိုးမူကလေးကို အနီးရှိ ကျောက်တုံးဘေး မှာ အသာကလေး ချထားလိုက်သည်။ ပြီး ခေတ္တ အမောဖြေ ရင်း အသက်ကို ဝအောင် ရှူရှိုက်လိုက်မိသည်။ ရေတစ်ကျိုက် လောက် သောက်ချလိုက်ချင်သည်။ ပလိုင်းထဲတွင် ရေဘူးက ပါမလာ။ လည်ချောင်းထဲ ခြောက်ကပ်ကပ် နိုင်လွန်းသည်။ မျက်လုံးများ မှိတ်ပြီး အသက်ကို ရှူထုတ်၊ ရှူသွင်း ခဏမျှ လုပ်မိသည်။

အမော အနည်းငယ် ပြေသွားသလိုလို၊ ကားသံလည်း အတော်နီးလာသည်။ ကားမီးရောင်များပင် အကွေ့အကောက် များကိုကျော်၍ ချောက်ထဲရှိ နှင်းမှုန်ကလေးများပေါ် ဖြန့်ကြဲ ကျလာသည်။

ကားကို တွေ့ရပြီ။ မိမိ လမ်းမပေါ် ထွက်၍ ကားကို တားသည်။ ကားက အရှိန်မသတ်နိုင်ဘဲ မိမိဆီ ဦးတည်ပြေး လွှား လာနေသည်။ မိမိက ကမ်းပါးယံဘက် တိုး၍ ကပ်လိုက်

(၂)

ဗိုလ်မှူးက စကားကြွယ်ပြီး ဖော်ရွေသည်။ ကြီးငယ် မရွေး ဘက်လိုက်မှု ကင်းသည်။ အားလုံးကို တန်းတူညီမျှ ဆက်ဆံသည်။ စကားကို တိုးတိုးပြောတတ်သည်မှအပ သိုင်းသိုင်း ဝိုင်းဝိုင်း ပြောလေ့ပြောထ ရှိသည်။

ဗိုလ်မှူး ကားပေါ်ရောက်လျှင် "ဘယ်သွားမယ်" ဟူသော အမိန့်က လွဲ၍ နောက်ထပ် ဘာစကားမှ မပြောဆို တတ်ဘဲ တိတ်ဆိတ် တည်ငြိမ်စွာ လိုက်ပါမြဲ ဖြစ်သည်။

ဗိုလ်မှူး၏ အမူအကျင့် အားလုံးကို သိသူတိုင်း နှုတ်ပိတ်၍ ကားပေါ် လိုက်ကြမြဲ ဖြစ်သည်။ ဗိုလ်မှူးကတော်ပင် ဗိုလ်မှူးနှင့် ကားအတူ စီးလျှင် နှုတ်ဆိတ် နေတတ်သည်။ နှုတ်မဆိတ်တတ်သူက ဗိုလ်မှူး၏ တစ်ဦးတည်းသော သမီးငယ်လေးပင် ဖြစ်သည်။ အဖေ့အကြောင်း သိသော အမေက သမီးကို ကားပေါ်တွင် ထိန်းထိန်းသိမ်းသိမ်း ခေါ်သွားတတ်သည်မို့ ဗိုလ်မှူးအတွက် စိတ်အနှောင့်အယှက် တစ်ကြိမ်မျှ မဖြစ်ခဲ့ဘူးသေး။

တစ်ခါတစ်ရံ တပ်ထဲတွင် မိမိတို့ အချင်ချင်းသာ ရှိသောအခါ ဗိုလ်မှူး ကွယ်ရာ၌ ဗိုလ်မှူး၏ ပလာစတာပါးစပ် အကြောင်း ပြော၍ တိုးတိုးတိတ်တိတ် ရယ်ဖြစ်ကြသည်။

သည်တစ်ခေါက် သည်ခရီးတွင် ဗိုလ်မှူးနှင့်မိမိ နှစ်ဦးသာ ပါသည်။ တပ်ရင်းမှ ကား စထွက်ချိန်က စ၍ ဗိုလ်မှူး၏ ပလာစတာ ပါးစပ်သည် လုံးဝ တိတ်ဆိတ်နေ၏။ မနေ့ညနေ

ကပင် ယနေ့မနက် "ဘယ်သွားမည်" အမိန့်ပေးပြီးသားမို့ သွားရမည့် ခရီးကို ဦးတည် မောင်းနှင် လာခဲ့မိသည်။

နေက ခုထိ မပွင့်သေး။ တောင်ပေါ်ဒေသက ပို၍ အေးသည်။ ကားထဲသို့ လေများ လျှပ်ပြေး တိုက်သွားကြသည်။ ဗိုလ်မှူးက ကားတံခါး အလုံပိတ် ထားသည်ကို မနှစ်သက်ဘတ်ပေ။ မိမိ အနွေးထည် ဝတ်လာမိသည်။ သို့သော် ဗိုလ်မှူး မျက်နှာက အေးသည်၊ ပူသည်ကို မပြ။ ပကတိ တည်ငြိမ်နေသည်။

လမ်းက နှင်းများဖြင့် ပိတ်နေ၏။ အဆင်းလမ်းမို့လည်း ပို၍ ဂရုတစိုက် မောင်းနေရသည်။ အကွေ့အချိုးကလည်း များပါဘိ။ ထိုအချိန် ဗိုလ်မှူး ပါးစပ်မှ ထွက်ပေါ်လာသည်။ မိမိက ဗိုလ်မှူးကို လှည့်ကြည့်မိသည်။ ဗိုလ်မှူးက ကားရှေ့ကို လက်ညှိုးထိုး၍ ပြသည်။

"ဟိုမှာ၊ ဟိုမှာ နီးနေပြီ"

ဗိုလ်မှူး အော်ပြောမှ မိမိ တွေ့သည်။ နှင်းမှုန်ကြားထဲ မိမိတို့ ကားရှေ့တည့်တည့် ပြေးလာနေသော အရိပ်တစ်ခု ဖြစ်သည်။ အနက်ရောင် ဝတ်ထား၍ တိုင်းရင်းသူ တစ်ဦးမှန်း ရုတ်တရက် သိလိုက်သည်။ ဂီယာကို မိမိ ဆွဲချလိုက်၏။ ဘရိတ်ကို လျှော့၍ နင်းလိုက်သည်။ မလွတ်သေး၊ ကားကို ဆွဲရမည်။ လမ်းချောက်ဘက်ကိုမူ ကားဆွဲ၍ မဖြစ်။ ဇီဝိန်ချုပ်သွားနိုင်သည်။ ကမ်းပါးယံ ဘက်သို့ ကားကို ပွတ်ကာ

ရပ်လိုက်မည်ဟု စက္ကန့်လေး အနည်းငယ်အတွင်း မိမိ ဆုံးဖြတ်လိုက်သည်။

အနက်ရောင်ဝတ် တိုင်းရင်းသူနှင့်လည်း လွတ်လောက်သည်။ ကားကို ဆွဲချလိုက်၏။ ကားကမ်းပါးယံကို ဦးတည်သွားသည်။ ထိုအချိန် လမ်းဘေး ရေဆင်းမြောင်းကို မြင်လိုက်၍ ကားကို လမ်းမဘက် ဦးတည် ပြန်တည်ဖို့ ကြိုးစားမိသေးသည်။ မိမိ နောက်ကျသွားပြီ။ ကားက ရေမြောင်းထဲ ကျကာ အရှိန်နှင့် တစ်ဖက်သို့ ပြန်တက်သွားသည်။ ရှေ့ဘီး တစ်ဘီးနှင့် နောက်ဘီး တစ်ဘီးက လေထဲတွင် တွဲလောင်းခိုကာ လည်နေပြီး ကျန်ရှေ့ဘီးနှင့် နောက်ဘီး တစ်ဘီးက ရေမြောင်းကို ခွကာ ကားစက် ရပ်သွားသည်။

မိမိ အံ့သြရပါသည်။ ဗိုလ်မှူး ပါးစပ်မှ အသံတစ်ချက်မှ ထွက်မလာခြင်းပင် ဖြစ်သည်။ ကားက အရှိန်ဖြင့် လူပ်ယမ်းနေဆဲ၊ မိမိ ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ ဗိုလ်မှူးကလည်း ကားနောက်ခန်း တံခါးကို ဖွင့်၍ ဆင်းလာ၏။

အနက်ရောင်ဝတ် တိုင်းရင်းသူလေးက မိမိတို့ထံ ပြေးလာသည်။ ဗိုလ်မှူးထံ လျှောက်သွားပြီး စကားတစ်ခွန်း ပြောလိုက်သည်ကို မိမိကြားလိုက်ရသည်။

"ငါ... နင်တို့နဲ့ လိုက်ပါရစေ"

*

(၃)

သည်လမ်း၊ သည်ခရီးကို အကြိမ်ပေါင်းများစွာ သွားလာဖူး၏။ သည်ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် နှစ်နှစ်တာ ကာလအတွင်း မိမိ စီးလာသော ကားကို တားဆီးကာ လမ်းကြုံ လိုက်ခွင့်ပြုရန် တောင်းခံသူ ဒေသခံ ဟူ၍ တစ်ကြိမ်မျှ မကြုံဘူး။ ယနေ့မှ ထူးထူးခြားခြား မိမိစီးလာသော ကားကို စီးနင်း လိုက်ပါခွင့် တောင်းနေသော တိုင်းရင်းသူ တစ်ဦးနှင့်ကြုံတွေ့နေရပြီ။

ကားပေါ်က ဆင်းလာစဉ်က မိမိသည် တိုင်းရင်းသူအား အော်လိုက်ဆူလိုက်မည်ဟု စိတ်ကူးမိသေးသည်။ မိမိတွင် တာဝန်နှင့် အုပ်ချုပ်ရေးအရ ရှိနေသည် မဟုတ်လား။ မိမိထံ တိုးလျှိုးတောင်းပန်စကား ဆိုကာ လူတစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များနှင့် ပင်ပန်း ခွမ်းနယ်နေသော သူ့ ဟန်ပန်နှင့် သောကစိတ်များ လွှမ်းခြုံနေသော မျက်ဝန်းကို ကြည့်ကာ နှုတ်က ပြောလိုက်မည့် စကားက ရင်ထဲတွင် အလိုလို တစ်ဆို့ နေသည်။

ခရီးက အရှိန်မီ သွားရမည့် ခရီး ဖြစ်သည်။ သည်အတိုင်းဆိုလျှင် ထိုခရီးကို မိမိ ရောက်နိုင်တော့မည် မထင်။ စိတ်ပျက်စွာဖြင့် အောင်မိုး မျက်နှာကို လှမ်းကြည့်သည်။ အောင်မိုးက ကားနောက်ဖုံးရှိ ပစ္စည်းခန်းကို ဖွင့်နေသည်ကို တွေ့ရသည်။

ခရီးထွက်လျှင် ဆောင်လေ့ဆောင်ထ ရှိသော ပေါက်ချွန်း တိုကလေးနှင့် ဂေါ်ပြားတိုလေးကို ဆွဲကာ ကားရှေ့သို့ လျှောက် သွားသည်။

အောင်မိုးတစ်ယောက် အနွေးထည်ကို ချွတ်ပြီး ယူနီ ဖောင်းအင်္ကျီကို လက်ခေါက် တင်လိုက်သည်။ ပြီး မြောင်း တစ်ဖက်တွင် တင်နေသော ရှေ့ကားဘီးရှေ့ ကပ်လျက် မြေ ကို စ၍ ပေါက်ချွန်းဖြင့် ပေါက်သည်။ မြေက မမာသော်လည်း ကျောက် ရောနေသဖြင့် အောင်မိုး အလုပ်မဖြစ်။ သူ ခက်ခက် ခဲခဲ ဖြစ်နေ၍ မိမိသည် ပေါက်ပြားတိုကလေးကို ကောက် ကိုင် လိုက်သည်။ အောင်မိုးက မိမိအား ဝင်မလုပ်ရန် တောင်း ပန်သော အကြည့်ဖြင့် မောကြည့်ရှာသည်။ ခက်သည်က ရေ ဆင်းမြောင်းမှာ ခါးတစ်ဖောင်လောက် ရှိသည်။ အောင်မိုး မြေပေါက်သည့် နှုန်းနှင့်ဆို ညမိုးချုပ် သွားသည့်တိုင် ကားက သည်နေရာမှ ထွက်ခွာနိုင်မည် မထင်။

မိမိ စကားအပြန်ကို စောင့်နေသော တိုင်းရင်းသူက မိမိ တို့နှင့် မနီးမဝေးတွင် ဂူဂွကြီး ရပ်နေသည်။ ၁၀ မိနစ်ခန့် အကြာ အောင်မိုးဘေးသို့ သူ ကပ်သွားပြီး အောင်မိုး လက်မှ ပေါက်ချွန်းကို ဆွဲယူလိုက်သည်ကို ရုတ်တရက် တွေ့လိုက်ရ သည်။ ပြီး အောင်မိုးနေရာ အတင်း ဝင်ယူသည်။ အောင်မိုး ကြောင်အမ်းအမ်း ဖြစ်နေ၏။

သူ မြောင်းနှုတ်ခမ်းကို စပေါက်သည်ကို မြင်ရ၏။ သည် မှာတင် မိန်းကလေး၏ အစွမ်းကို မိမိ တွေ့လိုက်ရသည်။

အောင်မိုးလို အမိုက်ခံပြီး ကျောက်တုံးများကို မပေါက်ဘဲ ကျောက်တုံးဘေးမှ မြေသားများကို ပေါက်ချွန်းဖြင့် ပေါက်နေ သည်။ တစ်ဖဲ့မှ တစ်တုံး၊ တစ်တုံးမှ တစ်လွှာချင်း၊ မြေသား များ ဖွာခနဲ ဖွာခနဲ ကွာကျသွားသည်။

မြောင်းထဲသို့ မြေဖို့ပေးရသူ အောင်မိုးပင် တိုင်းရင်းသူ ပေါက်ပေးသော မြေသားများကို မနည်းနိုင်အောင် ကြိုးစား ဖို့နေရသည်။ တစ်နာရီခန့် အကြာ အောင်မိုး လိုချင်သော ပုံစံကို ရသွားသည်။ ရှေ့ဘီးကို လိုမဲ့ချပါက လမ်းမဘက် သို့ အလိုက်သင့် တက်သွားမည့် မြေပေါင်ကို ရလိုက်ပြီ။

အောင်မိုးက တိုင်းရင်းသူအား ဘေးကပ်နေရန် လက် ဟန်ဖြင့် ပြသည်။ ကားပေါ်တက်ပြီး ဘီးလေးဘီးရန်း ဂီယာ ကို သွင်းလိုက်သည်။ လီဗာကို လျှော့၍ လွှတ်သည်။ ကား ဗိုက်နှင့် မြောင်းနှုတ်ခမ်း နှစ်ခါမျှ ပွတ်တိုက်မိသည်။

မရွေးမနှောင်းပင် ကား လမ်းမပေါ်သို့ ချောမောစွာ တက်သွားသည်။ သည်တော့မှ မိမိ သက်ပြင်းတစ်ချက်ကို ချလိုက်နိုင်သည်။ သူ့ မျက်နှာ ဝင်းပသွား၏။ တိုင်းရင်းသူက သူ့ကို ချန်ထားခဲ့မှာ စိုးရိမ်ဟန်တူသည်။ သူ ချထားသော ပလိုင်းကို ကုန်းကောက်ရင်း လမ်းတစ်ဖက်ရှိ ကျောက်တုံးကို မော့ကြည့်သည်။

တိုင်းရင်းသူ၏ လှုပ်ရှားမှုများ ငြိမ်သက်သွား၏။ ခဏ အကြာ ပါးစပ်မှ စူးစူးဝါးဝါး အော်သည်။ သူသည် ချထား

သော ပလိုင်းကို မကောက်တော့ဘဲ လမ်းတစ်ဖက်ရှိ ကျောက်တုံး ဆီသို့ ပြေးသွားသည်။

မိမိရော အောင်မိုးပါ အော်သံကြောင့် တိုင်းရင်းသူ လူပျိုရွားရာသို့ မျက်လုံးအကြည့် ရောက်သွားသည်။ အထုပ်ကို ပိုက်ရင်း သူတို့ထံ ပြန်ပြေးလာသည်။ သူ ပြေးရှိန်ကြောင့် မိမိတို့ နှစ်ဦးရှေ့ အရောက်တွင် ယိုင်လဲမတတ် ဖြစ်သွားသည်။ မိမိက သူ့ကို လဲပြိုကျမသွားအောင် လှမ်းထိန်းပေးလိုက်သည်။

သည်မှာတင် အထုပ်ထဲမှ ကလေးကို မြင်လိုက်ရသည်။ ဦးဆုံး သတိထားမိသည်က ကလေး၏ ပြူးလွန်းနေသော မျက်နှာပင် ဖြစ်သည်။ မျက်လုံးများလည်း ပြူးနေ၏။ အသက်ကို ခက်ခဲ ပင်ပန်းစွာ ရှူနေရှာသည်။ နှာသီးဖျားကလေးမှာ အနည်းငယ် ပြာနေ၏ တစ်ဝက်ခန့် ပွင့်နေသော အင်္ကျီအောက်ရှိ ကလေးရင်ဘတ်မှာ လှိုက်ဖို နေသည်ကို အတိုင်းသား တွေ့မြင်နေရသည်။ ကလေးကိုယ်မှာ ပျော့တီးပျော့ဖတ် ဖြစ်နေသည်။

မိမိ ဖတ်ဖူးသည်၊ ကြားဖူးသည်။ ငါးနှစ်အောက် ကလေးများတွင် ဖြစ်တတ်သော ဆုံဆို့နာ ဆိုသည်မှာ ဒါပဲ ဖြစ်မည်။ ကာကွယ်၍ ရသော ရောဂါ ဖြစ်သော်လည်း ကာကွယ်ဆေးထိုးရကောင်းမှန်း သိဟန် မတူ။ တိုင်းရင်းသူ လက်ထဲမှ ကလေးကို မိမိ ယူလိုက်သည်။ ကလေး အမေက မိမိကို တစ်ခုခု လုပ်ပေးနိုင်မည်လား ဟူသော အားကိုး မျှော်လင့်ချက်ဖြင့် မော့ကြည့်ရှာသည်။ ကလေး ဇတ်ကျိုးကျသွား၏။ စောင်းပြီးကြည့်လိုက်မိသည်။ ထူးပြီးကောင်းမလား။ ကလေး

အမေက သူ့ဘာသာ စကားဖြင့် ခပ်မြန်မြန် ပြောသည်။ မိမိလည်း နားမလည်။ အောင်မိုးလည်း နားလည်ဟန် မတူ။

သူက ပလိုင်းကို ပြေးကောက်ပြီး ပလိုင်းထဲမှ ဓားစူးသေးသေးလေး တစ်ချောင်းကို ထုတ်ယူလိုက်ပြီး လမ်းဘေးတစ်ဖက်သို့ ပြေးတက်သွားသည်။ သူပြန်ရောက် လာသော အခါ သူ့ လက်ထဲတွင် လက်သန်းတစ်ဝက်ခန့်ပင် မရှိသော ငါးပြွန်ကလေး တစ်ခု ပါလာသည်။

မိမိသည် စစ်သား ရင့်မာကြီးတစ်ဦး ဖြစ်သော်လည်း ကလေးအမေ ဘာလုပ်တော့မည်ကို ရိပ်မိလိုက်သည်ကြောင့် ဘုန်လှုပ်ချောက်ချားမိသည်က အမှန်။ ရင်များခုန်ပြီး စိုးရိမ်စိတ်များ ဝင်လာသည်။ အောင်မိုးမှာ အကြီးအကျယ် မျက်နှာချက်နေ၏။

မည်သို့ပင်ဖြစ်စေ၊ သည်အချိန်တွင် ကလေးအမေ၏ ဆန္ဒကို လိုက်လျော ရပေတော့မည် ဖြစ်သောကြောင့် ကလေးကို ကားဘောနက်ပေါ် ပက်လက်လှန် တင်ပေးလိုက်မိသည်။

"အောင်မိုး၊ မင်း ကလေးကိုယ်ကို နိုင်အောင်ထိန်းထား"

အောင်မိုးကို ပြောလိုက်ပြီး ကလေး မေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့်ဆွဲ၍ လည်ချောင်းကို အဆန့်ဆုံး ဖြစ်အောင် ကိုင်ထားပေးလိုက်သည်။ ကလေးမှာ ပျော့တီးပျော့ဖတ် ဖြစ်နေ၍ ထိန်းရသည်မှာ မခက်လှ။

ကလေးအမေက ပထမတော့ ဆသည်။ နောက် ရဲရဲဘင်းဘင်းပင် လည်ပင်းအောက် အပေါ်မရောက်တရောက် အလည်တည့်တည့်ကို သူ့ ဓားဖျားဖြင့် ဆ၍ အလျားလိုက်

လက်မဝက်ခန့် လှီးလိုက်သည်။ သွေးများရဲသွား၏။ နောက် တစ်ကြိမ် ထိုနေရာကိုပင် ထပ်၍လှီးလိုက်သည်။ လည်ချောင်း အတွင်းမှ လေများနှင့်အတူ သွေးများ ရွှူးခနဲ ပန်းထွက်လာသည်။ သည်တော့မှ ကလေးအမေရော မိမိပါ သက်ပြင်းကို ပြိုင်တူ ချလိုက်သည်။

ကလေးအမေက လျင်သည်။ ခပ်မြန်မြန်ပင် ဝါးပြွန်က လေးကို လည်ချောင်းအတွင်းသို့ သွင်းထည့်ပေးလိုက်သည်။ သွေးများ ထွက်နေသေးသော်လည်း လည်ချောင်းရှိ လေပြွန်ကို လေဝင်လမ်း ရသည်မှာ သိသာသည်။ ကလေးအသံက် ရွှူချက် ကောင်းလာသည်။ ကလေး ပြန်လူပ်လာသည်။

ဖြူဖျော့ဖျော့ ကလေးမျက်နှာတွင် သွေးရောင်ကြောင့် ပြန်၍ နီလာသည်။

*

(၄)

ပြည်နယ်ဆေးရုံကြီးသို့ ဗိုလ်မှူးထွန်းရှိန်တို့ကား ရောက်လာသောအခါ ထမင်းစားချိန်ပင် လွန်နေပြီ။ မြို့သို့ မဝင်မီ ကပင် ဗိုလ်မှူးထွန်းရှိန်က သူနှင့် တိုင်းရင်းသူ သားအမိကို ဆေးရုံကြီး ပြင်ပလူနာဌာနတွင် ထားခဲ့ရန်နှင့် သူ့အတွက် အောင်မိုးအား နီးရာဖုန်းဖြင့် ခန်းမသို့ ဖြစ်ကြောင်းစုံကို သတင်းပို့ရန် မှာထားမိသည်။

ပြင်ပလူနာဌာနသို့ မိမိတို့ ဝင်လိုက်သည်နှင့် တာဝန်ကျ ဆရာမ ထ၍ကြိုသည်။

"ဗိုလ်မှူး၊ ကျွန်မ ဘာအကူအညီ ပေးရမှာလဲ"

"ဒီကလေးအတွက်ပါ"

ပြောရင်းနှင့် ကလေးအမေ လွယ်ထားသော စောင်ထဲမှ ကလေးကို လှစ်ပြလိုက်သည်။ "အို" ဟူသော အာမေဍိတ် သံနှင့်အတူ ဆရာမလေး ပါးစပ် ဟသွားသည်။

"ခဏလေး၊ ခဏလေး၊ ဆရာဝန် သွားခေါ်လိုက်မယ်"

သုတ်သီးသုတ်ပျာနှင့် ဆရာမလေး အခန်းထဲမှ ထွက်သွားသည်။ စက္ကန့်အနည်းငယ်အကြာ ဆရာဝန်ရော သူပါ ပြန်ရောက်လာသည်။

ဆရာဝန်မလေးက ကလေးငယ်အား စမ်းသပ်စစ်ဆေးကြည့်သည်။

"မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပါပဲ ဗိုလ်မှူး၊ ဒီလိုသာ မလုပ်ခဲ့ရင် ကလေးအတွက် အသက်ရှင်ပြီး ဒီကို ရောက်လာဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဆရာဝန်မလေးက ထိုသို့ ကောက်ချက်ချသည်။ ဗိုလ်မှူးထွန်းရှိန် ပြုံးနေ၏။ သူနှာပြုဆရာမလေးက တိုင်းရင်းဘာသာစကားဖြင့် တစ်စုံတစ်ခုကို ပြောသည်။ ကလေးအမေက ခေါင်းတညိတ်ညိတ်နှင့် လုပ်နေသည်။

ကလေးကို ဆေးရုံတင်ပြီး ခွဲစိတ်ကုသမှု ဆက်လက် ခံယူဖို့ လူနာဆောင်တွင်းသို့ ပို့ရန် ဆရာဝန်ဝန်က ညွှန်ကြား လိုက်သည်နှင့် ကလေးကို တွန်းလှည်းတွင် တင်ကာ ခေါ်သွားကြသည်။ ကလေးအမေသည် ဗိုလ်မှူးထွန်းရှိန်ကို မေ့ကာ ကလေးနောက်သို့ လိုက်သွားသည်။ နောက်မှ သတိရဟန်ဖြင့် သူ့ထံ ပြန်လျှောက်လာသည်။

"ငါ ကားခ ပေးချင်တယ်"

သူ့ စကားကြောင့် ဗိုလ်မှူးထွန်းရှိန် ကြောင်သွား၏။

"ငါတို့က မင်းကို ကူညီတာပါ။ မလိုပါဘူး"

မရယ်မိအောင် ထိန်းရင်း အရိုးဆုံး စကားလုံးကို ရွေးကာ ဗိုလ်မှူးက ပြောသည်။

"ကားခ အမြဲပေးရတယ်" ဟု ပြောကာ တိုင်းရင်းသူ လေးက ပလိုင်းထဲသို့ လက်နှိုက်လိုက်သည်။ သူ့ လက်ထဲတွင် ပိုက်ဆံစေ့ တစ်ဆုပ် ပါလာသည်။ ဗိုလ်မှူးထွန်းရှိန် အော်မိမတတ် ဖြစ်သွားမိသည်။ နောက်မှ ပြုံးလိုက်ပြီး သူ့ လက်ထဲမှ ပိုက်ဆံစေ့များကို ယူကြည့်လိုက်သည်။

"ဒီလိုလုပ်၊ ငါက ပိုက်ဆံစေ့ စုတာ ဝါသနာပါတယ်။ နှင့်ပိုက်ဆံစေ့ကို ငါဝယ်မယ်။ ဒီလိုဆို နင်ကားခ ပေးပြီးသား လည်းဖြစ်ရော။ ငါလိုချင်တဲ့ ပိုက်ဆံစေ့လည်း ရရော။ မဟုတ်ဘူးလား"

ဗိုလ်မှူးထွန်းရှိန်သည် သူ့ အိတ်ကပ်ထဲရှိ ပိုက်ဆံ အထပ်လိုက်ကို ဆုပ်ပြီး ကလေးအမေ ပလိုင်းထဲသို့ ထည့်ပေးလိုက်၏။ ရင်ထဲမှာလည်း နွေးထွေးသော ခံစားမှုတစ်ရပ် ဖြစ်ပေါ်သွားသည်။

"ဟိုမှာ နှင့်ကို ဆရာမ ခေါ်နေပြီ"

တိုင်းရင်းသူလေးသည် ဗိုလ်မှူးထွန်းရှိန်ကို ပြုံးပြကာ ခေါ်နေသော ဆရာမလေးဆီသို့ အပြေးအလွှား ထွက်သွားသည်။ သူ့ စိတ်ထဲတွင် ရေရွတ်မိလိုက်သေးသည်။

"ဩော်... အမေ၊ အမေ။ အမေတိုင်းဟာ သားသမီးတွေ အတွက် ဆိုရင် အမြဲ သတ္တိတွေ ရှိနေကြတာပါပဲလား။ နှမ်နှမ်ကန်ကန် အသုံးချတတ်ဖို့ပဲ လိုတယ်"

*

(၅)

ဗိုလ်မှူး ဘာကို သဘောကျလာမှန်း မသိ။ ပြုံးပြုံး ပြုံးပြုံးနှင့် ဆေးရုံထဲမှ ထွက်လာသည်။ ပြီး အသင့် ဖွင့်ထားသော ဘီးခါးမှ တစ်ဆင့် ကားပေါ်သို့ တက်ထိုင် လိုက်သည်။ ပက်ကလက်လှန် ကိုင်ထားသော ဗိုလ်မှူး လက်ထဲမှ ဦးထုပ်ထဲတွင် ကျပ်စေ့ လက်တစ်ဆုပ် အခန့်သား ပါလာသည်။

"ဗိုလ်မှူးခင်ဗျား၊ ဆွေးနွေးမယ့် ကိစ္စကို ထမင်းစားပြီး မှ ဆွေးနွေးဖို့ အချိန် ရွေ့ထားပါတယ်"

အောင်မိုးက တယ်လီဖုန်းသတင်းကို ဗိုလ်မှူးအား ပြောပြလိုက်သည်။ ဗိုလ်မှူး ခေါင်းညိတ်ပြသည်။ မိမိ ကားစက်ကို နှိုးပြီး ဆေးရုံဝင်းထဲမှ မောင်းထွက်လာခဲ့သည်။

"အောင်မိုး"

"ဗိုလ်မှူး"

ဗိုလ်မှူးအခေါ်ကို အောင်မိုးက ဖြေပြီး ဗိုလ်မှူးကို သမင်လည်ပြန် ကြည့်ကာ ကားကိုလည်း စက်ရှိန်လျှော့လိုက်သည်။ ဗိုလ်မှူးက ဦးထုပ်ထဲမှ ပိုက်ဆံစေ့များကို မြှောက်ပြ၏။

"ဒီ ပိုက်ဆံစေ့တွေ ဘယ်လောက် တန်တယ်ဆိုတာ မင်း သိရဲ့လား"

ဗိုလ်မှူး အမေးကို မိမိ ဘယ်လိုဖြေရမှန်း မသိ။ ဗိုလ်မှူး ကိုယ်တိုင်ကလည်း မိမိအဖြေကို မျှော်လင့်ဟန်လည်း မတူပေ။

"လေး၊ ငါးရာတော့ ရှိမယ် ထင်တာပဲ။ မင်းအစ်မ ထည့်ပေးလိုက်တဲ့ ပိုက်ဆံ အကုန်ပဲ။ ဒီ ပိုက်ဆံစေ့ကွေကို တန်ဖိုး တစ်ခု အနေနဲ့ သတ်မှတ်ရမယ်ဆိုရင် ဒီထက်မက အများကြီး တန်တယ်ကွ။ ငါတော့ ဒီပိုက်ဆံစေ့တွေကို အမှတ်တရ သိမ်းထားမယ်"

ဗိုလ်မှူးက တိုးတိုးလေး ပြောကာ ပြုံးနေ၏။

ဘုရား၊ ဘုရား၊ ဘာတွေ ဖြစ်ကုန်ပြီလဲ။ ဒီမနက် ဖြစ်နိုင်ခဲသော အရာများ အားလုံး ဖြစ်ခဲ့ပြီး ဖြစ်သည်။ နောက်ဆုံး ကားပေါ်တွင် စကား ပြောလေ့ပြောထ မရှိသော ဗိုလ်မှူးပင် စကားမရှိ စကားရှာ၍ ပြောနေသည်။

မိမိ လီဗာကို ဖိနင်းလိုက်သည်။ ကားက အရှိန်ပြင်းပြင်းနှင့် ပြေးလမ်းပေါ် ပြေးလွှားနေတော့သည်။

❐

[အလှသစ်မဂ္ဂဇင်း (၁၉၉၆၊ ဒီဇင်ဘာလ)]

နာမည်လေးက မနှင်းဆီ

(၁)

ပဟောဋ္ဌိဆန်သော အပြုံးလေးပါပဲ။

သည်အပြုံးလေးကို ဘယ်မှာတွေ့ဖူးပါလိမ့်။ မိတ်ဆက်သိကျွမ်းဖူးတဲ့ စာဖတ်ပရိသတ်တွေထဲကပဲလား။ အယ်ဒီတာ၊ ထုတ်ဝေသူနဲ့ ရေးဖော်ရေးဖက်တွေကော မဖြစ်နိုင်ဘူးလား။

စိတ်ထဲတွင် တစ်ဦးစီကို အပြေးအလွှား ပုံဖော်ကြည့်မိသည်။

ဖွင့်၍ ပွင့်၍ပြုံးသော အပြုံးမျိုးမဟုတ်သော မပွင့် တပွင့် အပြုံးကလေး။ တစ်ခါ မြင်ဖူး တွေ့ဖူးလျှင် ရင်ထဲ စွဲကျန်ရစ်တဲ့ အပြုံး ကလေးနှယ်။ ငါ ဘယ်မှာ တွေ့ဖူးပါလိမ့်။

"ဦး စာရေးဆရာကြီး၊ အိပ်ပျော်နေပြီလား"

ငေးနေဆဲ တွေးနေဆဲ သူ့ အသံကို စတင် ကြားရသည်။ အသံလေးက ချိုအေးလိုက်တာ၊ သည်အသံလေးကို ကြားလိုက်ရလျှင် ရင်ထဲမှာ နွေးထွေးသွားတတ်ပေသည်။

"မအိပ်သေးပါဘူးကွယ်၊ ပြေးဟဲ့ ပြေးဟဲ့နဲ့ လူပ်ရှားသွားလာခဲ့ရသမျှတွေ ခုလို မကျန်းမာလို့ ဆေးရုံပေါ် ရောက်တုန်း ရောက်ခိုက် အတိုးချ နားနေတာပါ သမီးရယ်"

ပက်လက် လှဲနေရာမှ ထထိုင်ကာ သူ့အမေးကို ဖြေမိသည်။ ခြင်းတောင်းလေးကို ဆေးရုံသုံးဗီရိုပေါ် တင်လိုက်သည်။ သူနာပြုယူနီဖောင်းနှင့် မဟုတ်တော့လည်း သူ့ကြည့် ရတာ တစ်မျိုးလေးပဲ။ ပန်းနုရောင် ထက်အောက် ဆင်တူလေးက ဖြူဝင်းသော သူ့အသားအရေနှင့် လိုက်ဖက်တင့်တယ် လိုက်တာ။

လူနာစောင့်များ ထိုင်ရန် ပေးထားသော ခုံကလေးပေါ် သူ့ကိုယ်ကလေးကို အိအိညက်ညက်ကလေး ထိုင်ချ လိုက်သည်။ မွေးရန့်ထုံသင်းနေ၏။

"သမီးတို့ ဘဝထက်တော့ သက်သက်သာသာ ရှိမှာပါနော် ဦး၊ လူတိုင်းဟာ ကိုယ့်ဘဝကိုပဲ ကိုယ်ပင်ပန်းတယ်လို့ ထင်တတ်ကြတာပဲ မဟုတ်လား ဦးရဲ့"

သူက ရယ်ကျဲကျဲနှင့် မျက်လွှာပင့်ကာ ဆိုသည်။

ပေါ်လွင်သောနှာတံ၊ ကြည်လင်သောမျက်လုံး၊ သွယ်တန်းသော မျက်ခုံးနှင့် ပီရိသော နှုတ်ခမ်းတို့မှာ တစ်ခါတစ်ခါ လေးနက်တည်ကြည်သော စကားလုံးပေါင်းများစွာ ထွက်လာတတ်သည်။ တစ်ပြိုင်တည်း အသုံးချကြရသူတွေ ပဲပေါ့။

"ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ဦးရယ်၊ ဦးနှောက်က ဘယ်လိုပဲ သူနာပြုစုမှု လုပ်ငန်းနဲ့ ပတ်သက်လို့ အသိပညာတွေ

ကြွယ်ဝနေနေ ချစ်တတ် ကြင်နာတတ်တဲ့ အသည်းနှလုံးမျိုး မရှိရင်တော့ သူနာပြုဆရာမ တစ်ယောက် ဖြစ်လာကောင်း ဖြစ်လာနိုင်ပေမဲ့၊ သူနာပြုဆရာမကောင်း တစ်ယောက်တော့ ဖြစ်လာမှာ မဟုတ်ဘူး ဦး"

အစက သာမန်မိန်းကလေး တစ်ယောက်ပဲလို့ ကျွန်တော် ထင်နေမိခဲ့သည်။

ခုတော့ ဖြူသွယ်ပျိုနုသလောက် အတွေးအခေါ် အယူ အဆလေးတွေနှင့် တကဲကြွလွန်းလိုက်တာ။

"မနှုးမနပ် ကောင်မလေးတစ်ယောက်က ငါလို နိုင်ငံကျော် စာရေးဆရာကြီး တစ်ယောက်ကို အဘိဓာန်တွေ ပြောနေလိုက်တာဆိုပြီး ဝမ်းထဲကနေ ဦး ကျိတ်ရယ်နေမလား မသိဘူး"

ပြောတုန်းကတော့ တက်တက်ကြွကြွ၊ ဒေါနှင့်မာန်နှင့်၊ ပြောပြီးမှ ရှက်သလိုလို မခို့တရို့လေး ပြုံးပြီး ရယ်နေသည်။ ပန်းနုရောင် နှုတ်ခမ်းလေးနှစ်လွှာကို ဖွင့်ဟ၍ ပြုံးလိုက်သော အပြုံးကလေးကြောင့် သွားဖြူဖြူဖွေးဖွေးလေးတွေက ချစ်စရာ စီရရီ သွယ်တန်းနေသည်ကို တွေ့ရ၏။

ခဏတာ တိတ်ဆိတ် ငြိမ်သက်နေသည်။ နာရီကလေး အား ငုံ့ကြည့်မိ၏။ ကျဲ့ကျဲ့ကလေး ထိုင်နေရာမှ ထရပ်လိုက် သည်။ ခွဲခွာခါနီးတိုင်း၊ နှုတ်ဆက်လမ်းခွဲမည်ပြုတိုင်း အကြည် လင် အတောက်ပဆုံး အပြုံးလေး တစ်ပွင့်ကို ပြုံးပြမြဲ၊ ဟော ခုကြည့်၊ ပြုံးနေပြန်ပါပြီ။

သင့်တင့်သော ငွေကြေးနှင့် အောင်မြင်ကျော်ကြားမှုများကို ပိုင်ဆိုင်ခဲ့သော်လည်း ကျွန်တော့်ဘဝ၌ အားငယ်နွမ်းပါးစွာ နေခဲ့ရသည်။ စိတ်ကျရောဂါ တစ်ခုပဲဟု ကျွန်တော့်ကိုယ် ကျွန်တော် ထင်ခဲ့မိသေးသည်။

အစာအိမ် အချဉ်ပေါက်၍ ရုတ်တရက် ခွဲစိတ် ကုသမှုခံရင်း ဆေးရုံပေါ်မှာ နေနေရသော ကာလတိုလေး အတွင်းမှာ ကျွန်တော်သည် အများကြီး ပြောင်းလဲသွားခဲ့ပြီ။

ကျွန်တော့်ကိုယ် ကျွန်တော် စိတ်ထဲတွင် တစ်ခါမျှ မသိဘူးသော အားမာန်တွေနှင့် ကြည်နူး ဝမ်းသာခြင်း၊ စိတ်ချလုံခြုံခြင်းတည်း ဟူသော ထူးထူးဆန်းဆန်း ခံစားမှု အစုအစုတို့ ကျွန်တော် တစ်ကိုယ်လုံး လွှမ်းခြုံနေသည်။

သူ့သွေးကြောင့်လား၊ သူကလေး အပြုံးကြောင့်လား သူကလေး၏ ယုယကြင်နာမှုတွေကြောင့်လား ကျွန်တော် မသိပါ။

သူကလေးကို မြင်တွေ့နေရလျှင် ကျွန်တော့်စိတ်တို့သည် လန်းဆန်းတက်ကြွလာမြဲ၊ သူကလေး ကွယ်တော့ ရင်ထဲမှာ မောမော ကျန်ခဲ့တတ်သည်။

"ဒါနဲ့ ဦး သမီးကို မေးရအုံးမယ်၊ သူနာပြု တစ်ယောက် ဖြစ်လာရတာ ဝါသနာကြောင့်လား၊ ဟင်"

များပြားလှသော အတွေးများ ဦးနှောက်ထဲ ဝင်မလာခင် ကောက်ကာငင်ကာ မေးခွန်း တစ်ခုကို မေးလိုက်မိသည်။

ရင်ထဲမှာ ဖိုသွား၏။ ဟန့်တားလိုသော စိတ်တို့ကို မနည်းကြီး ထိန်းချုပ်နေရသည်။

"ဦးရယ်၊ ဦးနဲ့ သမီး စကားပြောရတာ ဗဟုသုတလည်း ရတယ်၊ ပျော်လည်း ပျော်တယ်။ ဒါပေမဲ့ ဂျူတီချိန် ပြီးလို့ အိမ်ပြန်နောက်ကျရင် ဖေဖေက မျော်နေမှာတဲ့"

ခြင်ထောင်လေးကို တိုင်တွင် ချည်နှောင်ပေးရင်း ပြောသည်။ ဖခင်ကို တွယ်တာသော သမီးလေးပါလား။

မည်သို့ဖြစ်စေ၊ သူကလေးက အထီးကျန်သော ကျွန်တော့် ဘဝ၏ မီးရှူးတန်ဆောင်ပါပဲ။

"ဦးရယ်၊ သမီး ဦးကို မြင်မြင်ချင်း ဘယ်လို ခင်မင်မိမှန်း မသိဘူး"

"ဩော် သမီးရယ်၊ ဦးနဲ့ သမီးက ဟိုဘဝက သားအဖများ တော်ခဲ့ဖူးသလားမှ မသိတာဘဲကွယ်"

"ဟုတ်မယ်၊ ဟုတ်မယ်၊ ဦးပြောတာ ဖြစ်နိုင်တယ်။ ဒါကြောင့်မို့နဲ့တူတယ်၊ ဦးနဲ့သမီးက သွေးအမျိုးအစားတောင် လာတူနေတာ"

ရယ်မောဖြစ်ကြသည်။ ရင်အစုံတို့ လန်းဆန်းနေ၏။ အမှန်က ခုလို အသက်ရှည် နေနိုင်ခွင့် ရတာကိုက သူကလေး ကျေးဇူးပါပဲ။ သူ့သွေးသာ ကျွန်တော့် ကိုယ်ထဲ မရောက်ရှိခဲ့လျှင် ခုလောက်ဆို ကျွန်တော်သည် သက်ရှိ ပစ္စည်းအဖြစ်မှ ပျောက်ကွယ်ခဲ့သည်မှာ ကြာပြီ။

"အို ဦးရယ်၊ သမီးလေ သူနာပြုစုမှု အတတ်ညာကို ငယ်ငယ်ကတည်းက ဘယ်လို ဝါသနာပါမှန်း မသိဘူး၊ ဆယ်တန်း အောင်တုန်းကဆို ဂုဏ်ထူး ၄ ဘာသာတောင် ပါခဲ့တာ။ အမ်စီ တက်မယ်ဆိုရင် တက်ခွင့် ရတာပေါ့။ ဒါပေမဲ့ သမီး ဆရာဝန် မဖြစ်ချင်ဘူး"

"ဟောဗျ၊ ခုလိုခေတ်ကြီးမှာ ကျောင်းသားတိုင်း ဆရာဝန် ဖြစ်ချင် လိုက်ကြတာ၊ သမီးကျမှပဲ ကြဲကြဲဖန်ဖန်ကွယ်၊ ဆရာဝန် မဖြစ်ချင်ဘူးတဲ့၊ ဘာဖြစ်လို့များလဲ၊ သမီးတို့ မိဘတွေ စီးပွားရေး မပြေလည်လို့လား"

"မဟုတ်ဘူး ဦး၊ ကြွားတာတော့ မဟုတ်ဘူးနော်။ သမီးတို့ ဖေဖေက သိပ်ချမ်းသာတာ။ သားသမီးဆိုလည်း သမီးတစ်ယောက်ပဲ ရှိတာ။ သမီးက လူနာတစ်ဦးကို စမ်းသပ်စစ်ဆေးပြီး ဘာဆေးစား၊ ဘယ်လိုနေ ဆိုပြီး အဆင့်ဆင့် ညွှန်ကြားကုသပေးရတဲ့ ဆရာဝန် အလုပ်ထက် မကျန်းမာတဲ့ လူတိုင်းကို စောနာ၊ မေတ္တာ၊ ကရုဏာ အပြည့်နဲ့ နဖူးတွေ့, ဒူးတွေ့, အနီးကပ် ပြုစုရတဲ့ သူနာပြု အလုပ်ကိုပဲ ပို ဝါသနာပါလွန်းတော့ ဖေဖေတို့ မေမေတို့ဆို ဒေါသပုန်ထလိုက်တာ အရမ်းပဲ"

ကြောင်းကျိုး ယုတ္တိရှိသည် ဟု ထင်ရသော သူ့စကား။

ဒါကြောင့် သူ လူနာတိုင်းကို ဆွေမျိုးရင်ချာလို မည်သူမည်မျှ လုပ်ပေးနေတာကိုး။ ဗီဇနဲ့ ဝါသနာကို အရင်းတည်ပြီး လုပ်ရသော အလုပ်တိုင်းဟာ လူတစ်ဦးစီအတွက် ပျော်စရာ အကောင်ဆုံးပါပဲ။

နာရီလေးကို သူငုံကြည့်၏။ သူပြန်တော့မည်။

နှုတ်ဆက်ပြုံးကလေး ပြုံးပြီး ထိုင်ရာမှ ထသည်။ ခြေသံကလေးတွေ ဝေးသွားပြီ။ သူကလေးနှင့် ပတ်သက်လာလျှင် ကျွန်တော့် ရင်ထဲမှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း အမြဲလိုလို ခံစားရသည်။

စေတနာတွေ၊ မေတ္တာတွေ၊ အယုအယ၊ အကြင်နာတွေနှင့် ဘဝမှာ အတော်ကို အစပ်အဟပ် မတည့်သော ကျွန်တော့် အဖို့ ဆေးရုံက ဆင်းရမည်ကိုပင် ကြောက်နေပြန်ပါပြီ။

ည အိပ်ရာဝင်တိုင်း ဆုတောင်းမိသည်။

ရနိုင်သမျှ အချိန်ကာလကလေးမှာ သူ့ အပြုံးကလေးနှင့် နီးနီးကပ်ကပ် နေပါရစေဟူ၍...။

*

(၂)

ဆုတောင်းမပြည့်ခဲ့ပါ။

မနက်ဖြန် ဆေးရုံက ဆင်းခွင့်ပြုသည်ဟု သမားတော်ကြီးက ပြောသွားသည်။ ကြားစက ရင်ထဲမှာ ကြီးစွာသော တုန်လှုပ်ချောက်ချားမှုနှင့်အတူ ကြေကွဲမှုများ အလိုလို ဖြစ်ပေါ်နေခဲ့၏။

ဂနာမငြိမ်စွာ စိတ်တို့ လှုပ်ရှားနေခဲ့သည်။

ပင့်သက်တစ်ချက် ငြင်းငြင်းရှိုက်၍ မူတ်ထုတ်လိုက်တိုင်း ခန္ဓာကိုယ် တစ်ခုလုံး အားအင်ယုတ်လျော့သွားသည်။ ပြီးလဲ ကျသွားတော့မတတ် ယိုင်နဲ့ သွားသည်ဟု ခံစားရသည်။

အားမာန်တွေ၊ ကြည်နူးမှုတွေ ဘယ်ရောက် ကုန်ပါလိမ့်။

သံယောဇဉ် နှောင်ဖွဲ့စရာ မရှိသော အထီးကျန် ဘဝ ကလေးမှာ အမှတ်မဲ့ ကွန်းခိုရစ်နွယ် နေခဲ့သော မေတ္တာနှောင် ကြိုးကလေး တစ်ပင်က မနက်ဖြန်ကို နှောင့်ယှက် နေလေပြီ။

ရင်ထဲမှာကား ငိုနေ၏။ စကားတွေ မေးခွန်းတွေ များစွာ နှင့် ရစ်ပတ်ရောနှော နေသည်။

"သြော်၊ ဒီတစ်ညပဲ သူ့အပြုံးလေးကို ငါမြင်ရတော့မှာ ပါလား၊ အင်... ငါ... ငါ... သူ့အပြုံးလေးကို ဒီလောက် တောင် ဘာဖြစ်လို့ စွဲလမ်း နေပါလိမ့်"

*

"ဦးက ဆေးရုံက ဆင်းရတော့မှာမို့ သိပ်ပျော်နေပြီပေါ့၊ ဆေးရုံက ဆင်းရင်လည်း အလျင်လို မနေနဲ့နော် ဦး။ အစာ အိမ် ရောဂါနဲ့ ဗိုက်ခွဲထားရတာ မဟုတ်လား။ အစားမှန်မှန် စား၊ အိပ်တာလည်း အချိန်နဲ့အိပ်၊ အို... အများကြီးပါပဲ။ ဦးအရွယ်နဲ့ဆို ကျန်းမာရေးကို အလေးထားသင့်ပြီ"

သူကလေး ဘာမျှ မသိရှာပါလား။ အလျင်လိုပဲ ပြုံးပြုံး ရွှင်ရွှင်နှင့် ပြောနေလိုက်တဲ့ စကားတွေ။ ရင်ထဲ ဝင်ကြည့်စမ်း ပါ သမီးရယ်။ ဦး ရင်ထဲမှာ ကြေကွဲမှုနဲ့ ငိုနေလေရဲ့။

ရင်ထဲမှာ ပဲ့တင်ရိုက်ခတ် နေသည်။ ဝမ်းနည်းစရာ စကား ဆို၊ ကြေကွဲမှု အရိပ်သဏ္ဌာန်တွေကို သူကလေး မသိစေချင် သေမယ့် ဦးနောက်က **အသိကို** ရင်ထဲက ခွင့်မပြုပေ။ သည်တော့...

"မပျော်ပါဘူး သမီးရယ်၊ ဦးရင်ထဲမှာ၊ ဦးစိတ်တွေထဲ မှာ ဘယ်လိုကြီး ဖြစ်နေမှန်း မသိဘူးကွဲ့။ ဦးလေ... ဦး ဘတ်နိုင်ရင် ဗိုက်ကို ထပ်တလဲလဲ ခွဲပြီး ဆေးရုံပေါ်မှာ အကြာကြီး နေချင်သေးတယ်"

"ဟော့တော်၊ ဒါဆို ဦးက ဆေးရုံက ဆင်းရမှာကို ဝမ်းနည်း နေတယ်ပေါ့။ သမီးမြင်ဖူး တွေ့ဖူးသလောက်တော့ ဝေဒနာ ဘစ်ခုနဲ့ ဆေးရုံပေါ်မှာ ကုသခံပြီး ပြန်ဆင်းခွင့်ရရင် ဝမ်းသာ အားရ ဆင်းသွား တတ်ကြတာချည်းပဲ"

အံ့သြခြင်း၊ နားမလည်ခြင်း များစွာနှင့် သူကလေးက ကျွန်တော့်ကို စူးစူးစမ်းစမ်းကြည့်ပြီး ပြောသည်။

ပြောသင့် မပြောသင့် ချင့်ချိန် နေမိသည်။ ဖွင့်အန်လာ တော့မည့် စ ကားကြောင့် သူကလေး တစ်မျိုးတစ်မည် ထင်လေမည်လား။ ဖြူစင်သော မေတ္တာနွယ်လေးပေါ် အစွန်း အထင်း မခံလို။

"အို... ငါ မပြောတော့ပါဘူး။ ဦးဘဝက အထီးကျန်တဲ့ ဘဝပေါ့ သမီးရယ်။ သံယောဇဉ် တွယ်တာစရာ၊ စုံမက် မြတ်နိုးစရာဆိုလည်း ဦးမှာ မရှိပါဘူး။ ဦး သမီးနဲ့ ဆုံတွေ့ရတော့ ဦးဘဝရဲ့ ခြောက်သွေ့မှုကလေးတွေ စိုပြည်လန်းဆန်းခဲ့တယ်။ ခုသမီးနဲ့ ခွဲရတော့မယ်။ ဦး... ဦး... ပျော်နိုင်ပါတော့မှာလား သမီးရယ်"

လည်ချောင်းထဲမှာ စကားလုံးများစွာတို့သည် ဆို့တစ်နေ၏။ အသံမထွက်ဘဲ အသည်းနှလုံးထဲဝယ် ရှိက်ဖိုလေးတွဲ့စွာ ပြောနေမိသည်။ ဆန္ဒများကို ထိန်းချုပ်ရုန်များတော့ မျက်ဝန်းတွင် ပူနွေးစိုစွတ်သော အသိတစ်ခုကို ခံစားလိုက်ရစဉ်...

"ဟာ... ဦး ငိုနေတယ်"

အံ့အားတသင့် မေးလိုက်တဲ့ အသံလေးနှင့် အတူ သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်တို့ တလဲ့လဲ့ တောက်ပပြည့်ရွှမ်းလာသည်ကို တွေ့ရသည်။

ဩော် သူလည်း နှလုံးသားနုနယ်သူပါလား၊ ခံစားတတ်လွန်းသူပါလား။ သည်တစ်ခါ ကျွန်တော့်ရင်မှာ နင့်လာသည်။ ပျော်ရွှင်နေသော သူ့ကိုမှ ဝမ်းနည်းစရာ အပြုအမူလေးတွေ ပြုရလေခြင်းဟု။

သည်တော့ ဆန္ဒကို ဆန့်ကျင်ရန် ကျွန်တော် ကြိုးစားရသည်။ ယိုစီးကျလု မျက်ရည်များကို သိမ်းဆည်းလိုက်သည်။

ခါတိုင်းလို ပြုံးပြုံးရွှင်ရွှင် တက်တက်ကြွကြွ သဏ္ဌာန်မျိုးဖြစ်အောင် အနည်းကြီးကြိုးစားရသည်။

"ခုနက ဆေးရုံပေါ်မှာ ဗိုက်ခဏခဏ ခွဲချင်တယ် ဆိုတာက ဦး ဆေးရုံက ဆင်းရင် စာချုပ်ချုပ်ထားတဲ့ ထုတ်ဝေသူတွေ အတင်းကျိတ်နှိပ် စာရေးခိုင်းတော့မယ်။ ဒီတော့ ဦး ဒီမှာလို ဓိမ်ကျကျ ဘယ်နားနားနေနေ နေလို့ရတော့မှာ မဟုတ်လို့ပါ သမီးရယ်"

"အစက အဲသလိုပြောပါလား၊ ဦးငိုတော့ သမီးလည်း ငိုချင်တာပေါ့လို့"

"ဟောဗျာ၊ ဦးဘယ်တုန်းက ငိုလို့လဲ"

"မညာနဲ့၊ ခုနက ဦးမျက်လုံးမှာ မျက်ရည်တွေ ဝေ့နေတယ်"

နှစ်ဦးသား ရယ်မောဖြစ်ကြပြန်သည်။ လုပ်ငန်း သဘာဝအရ တည်ကြည်ရင့်ကျက်နေပေမဲ့ နှစ်ဆယ်ဝန်းကျင်ဆို တာကလေးပါပဲ။ မျက်ရည်လွယ်တတ်တဲ့ အရွယ်ပါပဲ။

"ဦးပစ္စည်းတွေကို သမီး သိမ်းပေးမယ်နော်၊ မနက်ဖြန် သမီး ညဂျူတီ"

ခေါင်းကလေးကို ကျွန်တော်ညိတ်ပြမိသည်။ သူသည် ဆေးရုံသုံး ဗီရိုရှေ့တွင် ထိုင်ကာ အတွင်းရှိ ပစ္စည်းများကို တစ်ခုချင်း ထုတ်၍ ကျွန်တော်၏ လက်ဆွဲအိတ်ထဲတွင် ထည့်သည်။ အတော်ကလေးကြာကြာ ဟိုပြောဒီပြောနှင့် ထုရပ်

ရန် ခါးကလေးကိုကုန်း၍ အထတွင် သူလည်ပင်းမှ ဆွဲကြိုးလေး တစ်ကုံး အန်ထွက်လာသည်ကို မြင်လိုက်ရသည်။

ပြီးနောက် ခုတင်ပေါ် ထိုင်နေသော ကျွန်တော့်ဘေးတွင် မျက်နှာချင်းဆိုင် လာရပ်သည်။ မြင်တွေ့လိုက်ရသော ပစ္စည်းတစ်ခုကြောင့် လေးလံကြေကွဲနေသော စိတ်တို့ ပွက်ပွက်ဆူသွားသည်။ ခေါင်းထဲမှာ နောက်ကျိလာသည်။ ဇဝေဇဝါနှင့် အတွေးမျှင်များ ယှက်သန်းလာသည်။

"ဒီ ဒီဆွဲကြိုးလေး၊ မနှင်းဆီရဲ့ ဆွဲကြိုးကလေး၊ သမီးကို ငါပေးခဲ့ရတုန်းက မနှင်းဆီရဲ့ အမွေအဖြစ် ပေးခဲ့ရတဲ့ ဆွဲကြိုးကလေး၊ ဟုတ် ဟုတ်တယ်၊ ငါ မျက်စိ မမှားနိုင်ဘူး၊ ဒါဖြင့် သူ... သူ..."

လည်ချောင်းထဲ ခြောက်သွေ့လာသည်။ စကားလုံးတို့ သူ့ထက်ငါ အလျင်လုထွက်ရန် ကြိုးစားနေကြသည်။ လက်ညှိုးတစ်ထိုးထိုးဖြင့် အမူအယာ ပျက်နေသော ကျွန်တော့်ကို အံ့အားသင့်ဖြင့် သူကလေး၏ မျက်လုံးအစုံသည် ဝိုင်းဝိုင်းလည်နေ၏။

"ဘာဖြစ်လို့လဲ ဦး၊ သမီး ကိုယ်ပေါ်မှာ ဘာတွေ့လို့လဲဟင်"

မေးရင်းနှင့်ပင် သူ့တစ်ကိုယ်လုံး ချာချာလည်သည်အထိ သူ ရှာဖွေကြည့်နေ၏။

"ဒီဆွဲကြိုးလေးကို သမီးဘယ်က ရတာလဲဟင်၊ ဦးကို မှန်မှန်ပြောပြစမ်းပါကွယ်"

"ဩော် ဒီဆွဲကြိုးလား၊ သမီးဖေဖေရဲ့ လက်ဆောင်လေ၊ သမီးကို မွေးကတည်းက ဆွဲပေးထားတာတဲ့"

"ဒါဖြင့် သမီးရဲ့ ဖေဖေနာမည်ကကော"

"ဦးမြင့်နိုင်ပါဦး။ အငြိမ်းစားအင်ဂျင်နီယာပါ၊ ဖေဖေ့ကို ဦးသိလို့လား"

"သိ သိတယ်သမီး၊ သမီးရဲ့ဖေဖေနဲ့ ဦးက မိတ်ဆွေတွေပါ၊ မတွေ့ရတာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ။ အင်း... သမီး နဲ့ ဒီလောက် ခင်မင်နေတာတောင် ဦး မမေးဖြစ်ခဲ့ဘူး၊ သမီး ရဲ့ နာမည်ရင်းက ဘယ်လို ခေါ်လဲဟင်"

အများက သူကလေးကို နိုက်တင်ဂေးလ်ဟု ချစ်စနိုးခေါ်ကြသည်။ ကျွန်တော်လည်း သံယောင်လိုက်၍ သည်လိုပဲ ခေါ်ခဲ့ပါသည်။

"သမီးနာမည် မနှင်းဆီပါဦး"

"ဟေ... မနှင်းဆီတဲ့လား"

သူ့နာမည်ကလေး နက်နက်ရှိုင်းရှိုင်း စူးနစ်ဝင်သွားသည်အထိ ခံစားလိုက်ရသည်။ တိမ်မြုပ် ပျောက်ကွယ်နေသော ရတနာသိုက်ကို တူးဖော်ရရှိသလို ကြည်နူးဝမ်းသာမှုများ ရင်ထဲ ပြည့်နှက်သွားသည်။

တစ်ချိန်တည်းမှာ ကျွန်တော့် မြင်လွှာများ ဝါးသွား၏။

*

(၃)

မနှင်းဆီ။

ကျွန်တော့် ဇနီးချော မနှင်းဆီ၊ ဂုဏ်ဓန ပြည့်ဝသော မိဘ တို့မှ မွေးဖွားခြင်း ခံရသော သူသည် မိမိထက် သာလွန်သော ယောကျ်ား တစ်ယောက်ကို ခေါင်းခေါက် ယူနိုင်သော အရည်အချင်း ရှိပါ လျက်နှင့်။

ကျွန်တော်လို တစ်ကောင်ကြွက်၊ တစ်မျက်နှာ စာရေး ဆရာပေါက်စ အထက်တန်းစာရေးငယ်တစ်ဦးကိုသာ ရွေး ချယ် လက်ထပ်ခဲ့ပါသည်။

"မိဘတွေ ပေးစားတဲ့ ဒေါက်တာအောင်အောင်ထွေးကို ယူလိုက်ရင် နှင်းအဖို့ အရာရာဟာ ပြီးပြည့်စုံမယ်လို့ ထင်စရာ အကြောင်း ရှိတယ်လေ။ ဒါပေမဲ့ မပြည့်စုံနိုင်ပါဘူး ကိုကိုထွန်း ရယ်။ လောကမှာ အချစ်ကသာ အရာရာကို ပြီးပြည့်စုံအောင် ဖန်းတီးနိုင်ဆုံးရယ်ပါကွယ်" တဲ့။

သူသည် ဆူးခင်းသောလမ်း၊ မပြည့်စုံသော ဘဝတွင် ပြည့်တစ်ခါ လိုတစ်လှည့်နှင့် အပြုံးမပျက် ကျွန်တော်နှင့် တန်းတူ လျှောက်ခဲ့ပါ၏။

"မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတဲ့ စကားပုံလေး တောောင် ရှိသေးသားပဲကွယ်။ ကိုကိုထွန်း ရတဲ့ လစာနဲ့ လောလောဆယ်မှာ လုံလောက်ပေမဲ့ နောင်ရေးက ရှိသေး

ဘယ်လေ။ ပြီးတော့ သားသားတွေ၊ မီးမီးတွေ အများကြီး မွေးရဦးမှာ။ နှင်းလည်း အလုပ်မလုပ်ဘဲ ဘယ်ဖြစ်ပါ့မလဲ"

ဟန့်တားနေသည့်ကြားက မနှင်းဆီတစ်ယောက် သူ ရထားသောဘွဲ့ကလေးဖြင့် အလုပ် ဝင်လျှောက်သည်။ ကံကောင်းချင်းမသိ၊ ကော်ပိုရေးရှင်းတစ်ခုတွင် အလုပ်ရ ခဲ့သည်။

အလုပ် ပင်ပန်းသည်လည်း မည်သည်၊ အလုပ်က ပြန်လာ သျှင် လျှော်ဟေ့၊ ဖွပ်ဟေ့၊ ချက်ပြုတ်ခြင်း လုပ်ငန်းကို ဒိုင်ခံ လုပ်တတ်သည်။

နွေးထွေးသော အပြုံးနှင့် ယုယစွာ ကျွန်တော့်အား ထွေး ပိုက်ခဲ့၏။ အေးအတူ ပူအမျှ အလိုဆန္ဒ ဖြည့်ခဲ့သည်။ မနှင်းဆီ ရင်ခွင်သည် ကျွန်တော့်အတွက်တော့ စိန်စီသော မေတ္တာ ရင် ခွင်ပါတည်း။

ကြည့်လေ...

"ကိုကိုထွန်း၊ ဒီနေ့တော့ ကိုကိုထွန်း ကြိုက်တဲ့ ဘူးသီး ဟင်းချိုရယ်၊ ပြီးတော့ ကုလားပဲခြမ်းနဲ့ အမဲသားကို ဆီ နိုင်နိုင်လေး ချက်ထားတယ်၊ ဂန်စွန်းရွက် တို့စရာနဲ့ ငါးပိ ရည်လည်း ပါလိုက်သေး"

အရာရာမှာ သူ့အဖို့ ကျွန်တော်ပါပဲ။ အစားအသောက် ကအစ ကျွန်တော့်စိတ်ကြိုက် မဟုတ်လျှင် ဘာကိုမျှ မချက် တော့။

"ကိုကိုထွန်းရယ်၊ နှင်းလည်း ကိုကိုထွန်းဖို့ ရခိုင်လုံချည် တစ်ထည် ဝယ်လာတယ်။ ရုံးက ကိုလှထွန်းအောင် ဆီက လေ။ ကိုကိုထွန်းနဲ့ဆို သိပ်လှပဲ၊ သိလား။ အလှူ မင်္ဂလာ ပွဲတွေ သွားတဲ့ အခါရယ်၊ မဂ္ဂင်းတိုက်တွေ သွားတဲ့ အခါ တွေမှာ ဝတ်ရမယ်နော်"

အဝတ်အစား ဆိုလျှင်လည်း မနှင်းဆီသည် ကျွန်တော့် အတွက်သာ ဦးစားပေးတတ်သည်။ သူနှင့် ကျွန်တော့် ဘဝမှာ ပြီးပြည့်စုံပြီဟု မဆိုနိုင်သည့်တိုင် စိတ်တူ ဆန္ဒတူမို့ တည် ဆောက်မိခဲ့သည်မှာ အမှန်ပင် ဖြစ်လေသည်။

အလုပ်လုပ်၍ စာရေးရ၍ ပင်ပန်းခဲ့သမျှတွေ မနှင်းဆီ အပြုံး၊ မနှင်းဆီ၏ ယုယ ကြင်နာမှုများကို နွေးထွေးစွာ ခံယူရလျှင် ကျွန်တော့်ရင်သည် အလိုလို ကြည်နူးမှုများနှင့် ဝေဆာနေတတ်၏။

မနှင်းဆီ တစ်ကိုယ်လုံး ကျွန်တော် အတပ်မက်ဆုံးက မနှင်းဆီ၏ ဖူးပွင့်၍ ပြုံးသောအပြုံးမျိုး မဟုတ်သည့် မပွင့် တပွင့် အပြုံးကလေးပင်။

မှတ်မှတ်ရရ တနင်္ဂနွေ ရုံးပိတ်ရက် တစ်ရက် ဖြစ်ပါသည်။ မနှင်းဆီ မျက်နှာလေးသည် တစ်မနက်လုံး ဝင်းပနေသည့် ကျွန်တော့် မျက်နှာကို ကြည့်လိုက်၊ မပွင့်တစ်ပွင့်လေး ပြုံးလိုက်နှင့် ရင်ထဲမှာ ပြောချင်တဲ့ စကားလေးတွေ ရှိဟန်တူ ပါသည်။

တစ်ချိန်တွင် မနှင်းဆီသည် ကျွန်တော်ဘေးတွင် ဝင်ပူး ကပ်ထိုင်ကာ မျက်နှာ စေ့စေ့ကြည့်ပြီး အလှပဆုံး အပြုံးလေး နှင့် ပြုံးကြည့်ပြန်သည်။

သနပ်ခါးရနံ့လေး သင်းပျံ့မွှေးကြိုင်နေ၏။

အားမလိုအားမရနှင့် ကျွန်တော်သည် မနှင်းဆီ၏ ကိုယ် ကလေးကို ရင်ခွင်တွင်းသို့ ဆွဲသွင်းကာ နွေးထွေးစွာ ဖက် ထားလိုက်သည်။

ပြီး ပါးမို့မို့ကလေးကို မွှေးကြူပစ်လိုက်မိသည်။

"ကိုကိုထွန်း"

"နှင်းလေး"

"နှင်းတို့ ထီပေါက်နေပြီ သိလား"

"ဘာ၊ ထီပေါက်တယ်၊ ဟုတ်လား။ မနောက်စမ်းပါ နဲ့ ကွယ်။ ထီဖွင့်ရက်လည်း မဟုတ်ဘဲနဲ့များ။ ပြီးတော့ ထီကော ဘိုးရဲ့လား"

"နောက်နေတာ မဟုတ်ပါဘူး ကိုကိုထွန်းရယ်၊ နှင်းတို့ ဘကယ်ကို ထီပေါက်နေတာ၊ တကယ်ပါ"

"ဟောဗျ၊ ထီးပေါက်သွားတယ်၊ ဟုတ်..."

"ကိုကိုထွန်းနော်၊ ဒါဆို မပြောတော့ဘူး"

"ကိုကိုထွန်းက အလကား စတာပါကွယ်။ ကဲ၊ ပြော လေ"

"ဟို... ဟိုလေ ကိုကိုထွန်း"

အသံလေးတွေက တိမ်ဝင်သွားသည်။ ပါးမို့မို့လေးများ နီမြန်းသွား၏။ ခေါင်းကလေးငုံ့ကာ ကျွန်တော့် လည်ပင်းကို ဖက်ပြီး ပါးကို တစ်ချက်နမ်းသည်။ ပြီးတော့မှ တိုးတိုးညင်း ညင်းကလေး...

"တကယ်နော်"

"အဟုတ်"

"ဝမ်းသာလိုက်တာ နှင်းလေးရယ်၊ ဒီနေ့က စပြီး ကျန်းမာရေးကို ဂရုစိုက်ရမယ်နော်၊ အိမ်အလုပ်တွေကိုလည်း သိပ်မလုပ်နဲ့တော့၊ အားလုံးကို ကိုကိုထွန်းပဲ လုပ်မယ်"

မနှင်းဆီ၏ တစ်ကိုယ်လုံးကို ဝမ်းသာအားရ ရင်ခွင်တွင်းသို့ ဆွဲသွင်းကာ ပါးမို့မို့လေးများကို ယုယကြင်နာစွာ တစ်ဖွဲချင်း နမ်းမိ၏။ ထိုအနမ်းများက အကြင်နာ၊ မေတ္တာ၊ သံယောဇဉ်များနှင့် ပေါင်းစည်းထားသော ကရုဏာအနမ်း များသာဖြစ်သည်။

"ကိုပို့၊ ကလေးက ဘယ်နေမှန်း မသိသေးဘဲနဲ့များ..."

"အို...၊ ဒါကတော့... ဒီလို... ဒီလိုဗျာ"

ဟန်ကလေးနှင့် ဗိုက်ပူပူ အမျိုးသမီးများကဲ့သို့ လုပ်ပြ တော့ မနှင်းဆီက ရွက်ရွက်နှင့် ကျွန်တော့် ရင်ကို ထုသည်။ ပြီး သဘောကျစွာ ရယ်သည်။ ရင်သွေးကလေးကို ပုံရိပ်ဖမ်း ကာ ကျွန်တော်တို့နှစ်ဦး ပျော်ရွှင်ခဲ့ကြသည်။ ဗိုက်ကို ဆေးရုံ တွင် အပ်၊ ညှာန်ကြားသမျှကို တစ်သဝေမတိမ်း လိုက်နာ။

မွေးဖွားချိန် လိုအပ်မည့် ပစ္စည်းများကို စုဆောင်း၊ လိုအပ် သော ကျန်းမာရေးအသိ၊ ကျန်းမာရေးပညာများကို လေ့လာ၊ ကိုယ်ဝန်ဆောင် တစ်ဦး၏ လိုအပ်သော အစာအာဟာရနှင့် ဆေးဝါးများကို ဂရုတစိုက် စားနေသည့်ကြားမှ...

ကိုယ်ဝန် ၃၂ ပတ် သို့မဟုတ် သန္ဓေသား ၈ လ ပြည့် ပြီး တစ်နေ့၌...

*

ကြည်နူးမှုများ ရုတ်ချည်းပျောက်ကွယ်ခဲ့ရပါပြီ။ ရင်သွေး ငယ်အတွက် နှစ်ဦးသား၏ ရင်ထဲ၌ ပျော်ရွှင်ဖွယ်၊ ကျေနပ် ဖွယ်၊ ရယ်ချင်ဖွယ်များအစား ပူပန်သောက စိတ်ကလေးများ က နေရာယူ မင်းမူခြင်း ခံနေရလေပြီ။

သွေးသွန်ခြင်းက ရပ်သွားသည် မရှိ။ ဆေးရုံပေါ် တက် ရောက် ကုသခံယူနေသည်မှာ တစ်လခန့် ကြာခဲ့ပြီ။ ပထမ ဆုံးနေ့ သွေးသွန်စဉ်က ကိုယ်ဝန်ပျက်ကျသည်ဟု ထင်ခဲ့ကြ သည်။ ရင်သွေးအတွက် နှမြောတသ ကြေကွဲမှု ဖြစ်ခဲ့ကြသည်။ လိုအပ်သော အတွင်းအပြင် စစ်ဆေးပြီးမှ ထွက်ပေါ်လာသော အဖြေကြောင့် အနည်းငယ် စိတ်အေးရသည်။

သို့သော်....

မနှင်းဆီသည် မလွဲမသွေ ဗိုက်ခွဲ မွေးဖွားရမည်ဟု ဆို သည်။ မနှင်းဆီ ဗိုက်ထဲရှိ သန္ဓေသားငယ်သည် ရိုးရိုး အချင်း တည်ရာ၌ တည်ရှိမနေဘဲ သားအိမ်အနောက်ဘက် နံရံတွင်

တည်ရှိနေခြင်းကြောင့်ဟု သားဖွားမီးယပ်ပါရဂူက ပြောသည်။

ဆေးရုံက ဆင်းခွင့် မရတော့။ လိုအပ်သော ပြုစုကုသမှုကို ခံယူရင်း ကိုယ်ဝန်ပတ် ၃၈ ပတ် တင်းသို့ ရောက်ရှိရန် စောင့်မျှော် နေရသည်၊ ဆရာဝန်၊ ဆရာမများ မနှင်းဆီအား အချိန်ပြည့် စောင့်ကြည့် ပြုစုလျက်။

မနှင်းဆီ၊ တကယ့် မနှင်းဆီ။

အကယ်၍ ခွဲစိတ်မွေးဖွားမှုအတွက် ဘယ်လိုပဲ အန္တရာယ်များကြောကြ၊ သူဗိုက်ထဲက ရင်သွေးငယ်ကို လူလောက အလယ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ပါလျှင် ကျေနပ်ပါပြီဟုလည်း ပြောသေးသည်။

မနှင်းဆီ ရင်ထဲ၌ မိခင်စိတ်က လွှမ်မိုး နေလေပြီ။

မနှင်းဆီအတွက် စိုးရိမ်ပူပန်လိုက်တာ။

အို... ကျွန်တော့်ကြောင့်၊ ကျွန်တော့်အတွက်ကြောင့် မနှင်းဆီသည် ကြုံတွေ့ခံစားနေရသော ဝေဒနာ အစုံစုံကို ဥပေက္ခာ ပြုနေပါကလား။

ချစ်သော မနှင်းဆီရယ်။

*

(၄)

"ဦးဘဏ်ထွန်း"

ခေါ်သံကြောင့် မနှင်းဆီ ရုပ်သွင် ပျောက်ကွယ် သွားသည်။ အတွေးမျှင်များ ပြတ်သွားတော့ ကျွန်တော် ထိုင်နေရာမှ ထရပ်မိ၏။

ဆရာမလေးက ခပ်နွမ်းနွမ်းလေး ပြုံးပြနေသည်။ သူ့ကို ကြည့်ရသည်မှာ တစ်စုံတစ်ခုကို ပြောဆိုရန် ဝန်လေးနေဟန် တူသည်။

"ဆရာမ၊ ကျွန်တော့်ဇနီး မွေးပြီးပြီလား"

"ဟုတ်ကဲ့ရှင့်၊ မွေးပြီးပါပြီ"

"ဟာ ဝမ်းသာလိုက်တာ ဆရာမရယ်၊ ယောကျ်ားလေးလား၊ မိန်းကလေးလား ဟင်"

"မိန်းမလေးပါ၊ အသား ဖြူဖြူဖွေးဖွေးနဲ့ ဝဝတုတ်တုတ်ကလေး၊ ချစ်စရာ ကောင်းလိုက်တာ၊ ရှင်ဆို အရမ်းချစ်မှာပဲ"

ဆို့တစ်နေသော ရင်ထဲမှ အပူလုံးကြီးသည် ခုမှ လျှော့ခနဲ ကျဆင်းသွားသလို ရင်ထဲ၌ အတော်ပင် ပေါ့ပါး သွားလေသည်။ နွမ်းနယ်မှုများ ခဏချင်းပင် ပျောက်ကွယ် သွား၏။

ကျွန်တော့်တို့ဘဝမှာ သမီးလေးတစ်ယောက် တိုးလာပြီ။ သမီးလေး နောင်ရေးအတွက် အလုပ်ပိုမိုကြိုးစားရဦးမည်။

ကျွန်တော်ရယ်၊ မနှင်းဆီရယ်၊ သမီးလေးရယ်။

အို ပျော်စရာကြီးပါလား။ ကျွန်တော် လွန်စွာပင် ပျော်ရွှင်ကြည်နူးနေမိသည်။

ခဏချင်းပင် မနှင်းဆီအား သတိရလာသည်။ မနှင်းဆီ ဘယ်လိုနေလဲ၊ နေကောင်းရဲ့လား၊ သတိကောရပြီလား၊ အခြေအနေ ဘယ်လိုနေသေးလဲ မသိဘူး မဖြစ်ဘူး၊ မဖြစ်ပါဘူး။

မနှင်းဆီအတွက် စိုးရိမ် ပူပင်မှုလေးများက တားမရဆီးမရနှင့် စိတ်ကို တပ်လှန့်ရှိုးဆော်လာခဲ့၏။

"ဆရာမ၊ ဆရာမရယ်၊ ခဏနေပါဦး"

ကျွန်တော့် အပါးမှ ထွက်ခွာသွားပြီဖြစ်သော ဆရာမလေးအား ခပ်သုတ်သုတ်လေး ပြေးလိုက်ရင်း လှမ်းခေါ်မိသည်။

"ဆရာမ၊ မနှင်းဆီ၊ မနှင်းဆီ အခြေအနေကော ကောင်းရဲ့လား ဆရာမ"

သူသည် သက်ပြင်းတစ်ချက်ကို ရှိုက်နေ၏။ မျက်နှာက မသိမသာ ညှိုးနွမ်းကျနေသည်။ တံတွေးကို မျိုချလိုက်၏။

"ပြောပါ ဆရာမရယ်၊ ပြောပါ။ ကျွန်တော့်ဇနီး အခြေအနေ"

"ဟုတ်ကဲ့၊ ကျွန်မ ပြောပါ့မယ်။ စိတ်တော့ မကောင်းပါဘူးရှင်၊ ဒီစကားကို ကျွန်မ မပြောချင်ပေမဲ့ ပြောရပါလိမ့်မယ်။ ရှင့်ဇနီး မနှင်းဆီ ရှင့်သမီးလေးကို မွေးပြီး ခွဲစိတ်

ကုသမှုမှာ အခက်အခဲ အနည်းငယ်ကြုံလို့ ၁၀ မိနစ် အကြာမှာ ဆုံးသွားရှာတယ်"

"ဗျာ..."

အာမေဋိတ်သံ ကျယ်လောင်စွာ ထွက်သွားခဲ့သည်။

မျက်လုံးများ မိုက်ခနဲ ပြာမှိုင်းသွား၏။ အရာအားလုံးသည် ချာချာလည်နေပြီ။ ကိုယ့်နားကိုပင် ကိုယ် မယုံသလို၊ အဖြစ်က မယုံနိုင်စရာ ကောင်းလောက်အောင် မြန်ဆန်လွန်းလှသည်။

စိတ်တို့ အထိန်းချုပ်မဲ့ လွတ်သွား၏။

"မနှင်းဆီဆုံးပြီ၊ ဟုတ်လား ဆရာမ၊ မနှင်းဆီ"

အသံများ အက်ကွဲ ဆို့နှင့် နေလိမ့်မည်။ ငိုရှိုက်သံများ ရောထွေး၍ တုန်ယင်သွားမှန်း သိလိုက်သည်။ ဆရာမလေးက ကျွန်တော့်ကို စိတ်မကောင်းစွာ ကြည့်နေ၏။

"ကျွန်မတို့လည်း စိတ်မကောင်းပါဘူးရှင့်။ စိတ်ကို နည်းနည်းလောက် ထိန်းချုပ်ထားပါဦး၊ ရှင့်မှာ သမီးလေးက ရှိနေသေးတယ်လေ။ ပြီးတော့ လုပ်ဆောင်စရာတွေ အများကြီး ကျန်သေးတယ်၊ ရှင် ဆန္ဒရှိရင်ပေါ့။ ဆရာဝန်ကြီးက ခွင့်ပြုမိန့် ပေးထားတယ်။ ရှင့်ဇနီးကို လိုက်ကြည့် ချင်တယ် ဆိုရင် ခုပဲ ကျွန်မနောက် ကိုလိုက်ခဲ့ပါနော်"

ပါးပြင်တွင် မျက်ရည်များ စီးဆင်းကျလာသည်။ စီးကျနေသော မျက်ရည်များကို သုတ်မိ၏။ မနှင်းဆီ၏ ကြေကွဲ

ဖွယ် အဖြစ်ကို မမြင်လိုသော်လည်း အချစ်ဆုံး၏ မျက်ဝန်းကို မြင်လိုလှသည်။

ခြေလှမ်းများ သွက်နေသလိုပဲ။ အင်အားများ ကုန်ခန်းနေသော်လည်း ခြေလှမ်းများက သိသိသာသာ သွက်နေသည်။

"ဟောဟို အခန်းထဲမှာ ရှင့်ဇနီး ရှိတယ်။ ကျွန်မကို ခွင့်ပြုပါဦးနော်"

ခုတင်ပေါ်တွင် မနှင်းဆီ လဲလျောင်း အိပ်စက်နေသည်။ သူကို မြင်တွေ့နေရသည်မှာ အသက်ရှင်လျက် တွေ့နေရသလို စိတ်ထဲမှာ ထင်နေမိသဲ့။ တွေဝေခြင်း၊ ငေးမောခြင်း၊ စိတ်ပူခြင်း၊ ဝမ်းနည်းခြင်း လုံးဝ ကင်းစင်နေသော မနှင်းဆီ၏ အပြုံးလေးအား အချိန်အတော်ကြာကြာ စူးစိုက်ကြည့်နေမိသည်။

မနှင်းဆီ၏ နှုတ်ခမ်းပေါ်တွင် အမြဲဆောနေသည့် အပြုံးကလေးက ရှိနေဆဲပင်။

ချိုမြသော အပြုံး၊ အေးငြိမ်သော အပြုံး၊ မည်သည့် အခါမှ မှေးမှိန်မသွားတဲ့ အပြုံး၊ ဘဝ၏ နောက်ဆုံးစက္ကန့်အထိ ကျွန်တော် အတပ်မက်ဆုံးဖြစ်သော မနှင်းဆီ၏ အပြုံးတစ်ခုလည်း ရှိနေဆဲပင် တွေ့မြင်နေရသည်။

"အဖြစ်ဆိုးလှချည်လား နှင်းရယ်။ ကိုကိုထွန်း ရင်ခွင်ထဲက ဘာဖြစ်လို့ စောစီးစွာ ထွက်ခွာသွားရတာလဲ။ နှင်း မရှိရင် ကိုကိုထွန်း ဘယ်လိုနေခဲ့ရမလဲ မနှင်းဆီရယ်"

ဝမ်းနည်းကြေကွဲစွာ ရှိုက်ရင်း နှုတ်မှ တတွတ်တွတ် ပြောဆိုနေမိသည်။ သူ၏ အေးစက်စ ပြုံနေပြီဖြစ်သော မျက်နှာပြင်ကို အငမ်းမရ နမ်းနေမိသည်။

ကျွန်တော့် အသည်းနှလုံးတွေ၊ ကျွန်တော် တပ်မက်သော ဘဝတွေ၊ နှစ်ဦးစလုံး၏ ပျော်ရွှင်ချမ်းမြေ့မှုဟူသမျှတွေ မနှင်းဆီနှင့် အတူ ရောယှက်ပါသွားပြီဟု စိတ်ထဲတွင် ခံစားနေရသည်။

မျက်လုံးဖြင့် မငိုနိုင်တော့၊ အသံထွက်အောင် မငိုရှိုက်နိုင်တော့။ သို့သော် ကျွန်တော့် အသည်းနှလုံးဖြင့် ငိုနေမိသည်။

*

(၅)

မငိုမပြုံးလေးနှင့်။

ဝိုင်းစက်စက် ဖြူဖြူဖွေးဖွေး၊ မျက်နှာကလေးပေါ်တွင် မျက်ခုံးမွေးလေးက မျှင်မျှင်သေးသေး၊ မျက်လုံးလေးတွေက မနှင်းဆီအတိုင်း၊ နှာခေါင်းလေး ချွန်နေသည်က ကျွန်တော့်လို ပါးလွှာသော နှုတ်ခမ်းလေးက မနှင်းဆီ နှုတ်ခမ်းလေးနှင့် တစ်ထေရာတည်း။

သမီးလေးကို မနှင်းဆီ မြင်ရလျှင် မည်မျှထိ ချစ်ရှာမည်နည်း။ ကျွန်တော် မသိနိုင်တော့ပါ။ မနှင်းဆီကို တမ်းတမိသည်။

"သမီးလေး ကြီးလာလို့ မေမေကောလို့ မေးရင် ငါ ဘယ်လို ဖြေရမလဲ။ ဩော်... ကံဆိုးလိုက်တဲ့ သမီးရယ်"

နှုတ်မှ ညည်းတွားကာ ဖောင်းအိနေသော ပါးကလေး နီတျာတျာ ကလေးကို တစ်ဖက်တစ်ချက်စီ ညင်သာစွာ နမ်းလိုက်မိသည်။

ရင်ထဲမှာ နွေးထွေးသွား၏။ တစ်ဖန် မနှင်းဆီအား သတိရလာသောအခါ ပူလောင်လာပြန်သည်။ မျက်ရည် မကျမီ အောင် မနည်းထိန်းရသည်။ မျက်တောင်များကို ပုတ်ခတ် ပုတ်ခတ်နှင့်။ ရင်မှာ အေးလာလိုက် နွေးသွားလိုက် ဖြစ်နေသည်။

"အဟွတ် အဟွတ်"

ဒေါက်တာမလေး၏ တမင်ချောင်းဆိုး ပြလိုက်သော အသံကြောင့် ပြန့်လွင့်နေသော အတွေးပေါင်းစုံတို့ ပျောက်ကွယ်သွားကြသည်။

ကျန်တော် သူတို့ကို ပြုံးပြမိ၏။

"ကဲ ဦးဘဏ်ထွန်း၊ နောင် လိုအပ်ရင်လည်း ကျန်မဆီ အချိန်မရွေး လာနိုင်ပါတယ်။ လိုအပ်တာရှိရင် ကျန်မတို့ အစစ ကူညီပါမယ်။ ကျန်မနာမည် ဒေါက်တာ စောမြခိုင်ပါ"

"ကျေးဇူးပါပဲ ဒေါက်တာ၊ ဒါနဲ့ ဆရာမလေးကော"

"ဟုတ်ကဲ့၊ ကျန်မနာမည် ဖြူဖြူမြင့်ပါ"

"ဒေါက်တာကိုရော၊ ဆရာမကိုပါ သိပ်ကျေးဇူးတင်ပါတယ်။ အစကနေ အဆုံးအထိ ကူညီခဲ့တဲ့ ဆရာမလေး ကျေးဇူးကိုတော့ ဒီတစ်သက် ကျန်တော်မမေ့ပါဘူး"

"ဩော် ဒါက ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတိုင်းရဲ့ ပြည်သူတွေအပေါ် ထားရှိတဲ့ မေတ္တာနဲ့ စေတနာတွေပါ"

"လေးစားပါတယ် ဆရာမ၊ ဒေါက်တာ ကျွန်တော့်ကို ခွင့်ပြုပါအုံးနော်"

သမီးလေးကို ချီမကာ ဆရာဝန်၊ ဆရာမများ အခန်းထဲက ထွက်ရန် ထရုပ်လိုက်သည်။ ကြာကြာနေ၍မဖြစ်။ မနှင်းဆီ၏ ကြွင်းကျန်ရစ်ခဲ့သော အရိပ်သဏ္ဌာန်လေးတွေသည် ဆေးရုံပေါ်မှာ တစ်ပုံတစ်ပင်ကြီး။

တစ်နေရာသို့ အရောက်တွင် သုတ်သီးသုတ်ပျာနှင့် ဆရာမလေး တစ်ဦး ကျွန်တော်တို့ထံ ပြေးလာနေသည်ကို မြင်တွေ့ လိုက်ရ၏။ ခဏအကြာတွင် သူ ကျွန်တော်တို့ထံ ရောက်ရှိလာသည်။

"ဟော၊ မစံပယ် ဘာဖြစ်လာလို့လဲ၊ မောကြီးသုတ်ပျာနဲ့ ပြေးလာလိုက်တာ"

ဒေါက်တာ စောမြခိုင်က ဆီး၍မေးလိုက်သည်။ သူက ချက်ချင်း မဖြေနိုင်သေး။ ခဏကြာမှ ပြောသည်။

"ဒေါက်တာ၊ ဟို ကလေးဆုံးသွားတဲ့ အမျိုးသမီးရဲ့ အခြေအနေက စိုးရိမ်စရာ ဖြစ်နေပြီ။ ဖြတ်သွားတဲ့ ဆရာမတိုင်းကို သူကလေး ပေးကြပါ။ နို့တိုက်ပါရစေနဲ့ ပူဆာနေတယ်။ ကျွန်မတို့လည်း ဘာလုပ်ရမှန်း မသိဘူး။ ဒေါက်တာ ခဏလိုက်ကြည့်ရင် ကောင်းမယ် ထင်တယ်"

"ဟေ၊ ဟုတ်လား။ ဦးဘာဏ်ထွန်း ကျွန်မတို့ကို ခွင့်ပြုပါ နော်"

ကျွန်တော် ခေါင်းညိတ်ပြမိသည်။

သူတို့ ကျွန်တော်ကို နှုတ်ဆက်ကာ လာခေါ်သော ဆရာမလေး နောက်သို့ လိုက်သွားကြသည်။ ကျွန်တော်လည်း သူတို့အား မျက်စိတစ်ဆုံးကြည့်နေမိ၏။ ခြေလှမ်းများကား ရပ်နေရာမှ ခွာထွက်ရန် ငြင်ဆန်နေကြသည်။

*

ပွေ့ချီထားသော သမီးလေးကို ငုံကြည့်မိသည်။

ရင်ခွင်ထဲက သမီးလေးသည် နို့ဆာ၍ထင်သည်။ လက်ချောင်းကလေးများကို စုပ်နေ၏။ လက်ဝါးကလေးသည် လျှာရည်များဖြင့် ချဲ့နေရှာသည်။

ပါးစပ်ကလေးနှင့် လက်ဝါးကလေးကို လက်ကိုင်ပုဝါဖြင့် သုတ်ပေးမိသည်။ ပါးစပ်ဟဟကလေးမှ လက်ချောင်းကလေးများကို နှုတ်လိုက်တော့ သမီးလေးက ငိုတော့သည်။

ဘယ်လို ချော့ရမှန်း မသိ။ နို့တိုက်ရအောင်ကလည်း ဘယ်မှာလဲ နို့။ ရင်ထဲ ခိုကိုးရာမဲ့ မွန်းကျပ်လာပြန်သည်။

ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ။ စိတ်ထဲတွင် မတင်မကျနှင့် ရပ်နေမိသည်။ ထိုအချိန် အသိအာရုံထဲတွင် ထိုးဖောက်ဝင်လာသော ဆရာမ ပြောသွားသည့် စကားလေး များစွာထဲက "ကလေးဆုံးသွားတဲ့ အမျိုးသမီး" တဲ့။

သည်စကားစုက ကျွန်တော့် ရင်ထဲ၌ ပဲ့တင်ရိုက်ခတ်လာသည်။ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ချက်ချင်းပင် ကျွန်တော် ချလိုက်မိ၏။

ရင်သည် အနည်းငယ် ပေါ့ပါးသွားသည်။

မြင်တွေ့လိုက်ရသော မြင်ကွင်းက ကြေကွဲစရာ။

*

ခုတင်ပေါ်ရှိ အမျိုးသမီးက ဝတ်ထားသော အင်္ကျီကို ဝင့်၍ တွဲလောင်းနေသည့် တောင့်တင်းနေသော နို့သီး အစုံကို ဖျစ်ညှစ်ပြနေသည်။

ဖြူဖွေးသော နို့ရည်များက စီးကျနေ၏။

ဒေါက်တာစောမြခိုင်က ခုတင်ဘေးရှိ ယောကျ်ားကြီး တစ်ယောက်ကို ခေါ်၍ ရပ်နေသော ကျွန်တော့်ဘက်သို့ ခေါ်ဆောင် လာနေသည်။

"ရှင့်ဇနီးရဲ့ အခြေအနေက ဒီအတိုင်းဆိုရင် သိပ်မကောင်းဘူး။ ကလေး ဆုံးသွားတာကို အတတ်နိုင်ဆုံး သူမသိအောင် လှည့်ဖျားကြည့်ရမယ်။ သွေးနှုန့် သူ့စိတ်တွေ တစ်ခုခု ဖြစ်သွားနိုင်တဲ့ အခြေအနေမျိုးနဲ့ ကြုံနေတယ်။ ကလေး တစ်ယောက် အစားထိုး ကုသဖို့ ဆိုတာကလည်း လောလော ဆယ်မှာ မဖြစ်နိုင်သေးဘူး"

"ဒုက္ခပါပဲ ဒေါက်တာရယ်၊ ကျွန်တော်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး"

ကြားလိုက်ရသောစကားကြောင့် ကျွန်တော့်ရင်ထဲတွင် နှင့်နှင့်မြမြ ဖြစ်သွား၏။ ဆုံးဖြတ်ချက်တစ်ခုကို ချပြီးမှ တွန့်တိ နေသလို၊ ဝင်လာပြီးမှ ထွက်သွားရတော့ မလိုလိုနှင့်။

နားထဲတွင် ခပ်သဲ့သဲ့ကလေး ပြန်ကြားလာသည်။ ရုံ သွင် သဏ္ဌာန်ကိုလည်း မြင်တွေ့လာရသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"နှင့်ကြောင့် ငါ့ သမီးလေး သေရတာ၊ နင်မကောင်း လို့။ ငါ့ သမီးအစား နှင့် သမီးကို ငါတို့ကို ပေးရမယ်"

"အို မပေးဘူး၊ ငါ သူတို့ကို မပေးနိုင်ဘူး"

ကျွန်တော့် တစ်ယောက်တည်း အော်ပြောမိသည်။

မနှင်းဆီအား အသုဘ ချသောနေ့ ကြံတောသုသာန်ထဲ မှာ မနှင်းဆီ၏ မိခင်က စားတော့ ဝါးတော့မတတ် ငိုလည်းငို သူတို့၏ ငွေဂုဏ် ဓနအင်အားနှင့် တစ်နည်းမဟုတ် တစ် နည်း ကျွန်တော့် ရင်ခွင်က လုကြလိမ့်မည်။

သမီးလေးကို သူတို့ အသိုင်းအဝန်းထဲ အဝင်မခံလို၊ လူတန်းစားအမြင် မကြည်သော၊ ငွေ ဂုဏ် ဓနမောက်မာသော သူ တစ်ဦးအဖြစ်နှင့် ကျွန်တော့် သမီးလေးကို ဘယ်တော့မှ မမြင်စေရဘူး။

ရင်ထဲမှာ အင်အားချင်း ပြိုင်နေကြသည်။

"သမီးရယ်၊ ဖေဖေ့ကို ရက်စက်တယ်လို့ မထင်ပါနဲ့ နော်။ နှင်းရယ် ကိုကိုထွန်းကို ခွင့်လွှတ်ပါကွယ်"

မည်သို့ဆိုစေ... ။

ကလေး ဆုံးသွားရှာသော မိခင်၏ သနားစရာ မြင်ကွင်း က ကျွန်တော့်စိတ်ကို အနိုင်ယူ လွှမ်းမိုးနေလေပြီ။ ကျွန်တော် ခြေလှမ်းကို တစ်လှမ်းချင်း လှမ်းဝင်ခဲ့၏။

"ဒေါက်တာ"

ခေါ်သံကြောင့် အားလုံးက ကျွန်တော့်ကို လှည့်ကြည့် ကြသည်။ အားလုံးသော မျက်လုံးများတွင်လည်း နားမလည် ခြင်းနှင့် အံ့သြမှုများ ရောယှက်နေသည်။ ခပ်နွမ်းနွမ်းလေး ဘစ်ချက် ကျွန်တော်ပြုံးမိသည်။

"ကျွန်မ သမီးလေးလား ဟင့်၊ ပေးပါရှင်၊ သမီးလေး နဲ့ဆာနေရော့မယ်"

အမျိုးသမီးသည် ချီထားသော ကလေးနှင့် အတူ ပြုံး လျက် ရပ်နေသော ကျွန်တော့်အား လက်ညှိုးညွှန်ကာ သူ့ ကလေး အထင်ဖြင့် ပြောနေရှာသည်။

သူ၏ တောင်းပန်တိုးလျှိုးသော မျက်လုံးညိုညိုများက ကျွန်တော့်စိတ်ကို ညှို့ယူလိုက်သလို ခံစားလာရသည်။ မြင်လွှာ ပေါ်တွင် ထိုအမျိုးသမီး၏ မျက်ဝန်းက ကွယ်သွား၏။ မနှင်းဆီ မျက်နှာ ပေါ်လာသည်။

ယခုကဲ့သို့ အဖြစ်မျိုးနှင့် မနှင်းဆီတစ်ယောက် ကြုံခဲ့ ရပါမူ ကျွန်တော် အသို့ရှိမည်နည်း။ စိတ်ထဲတွင် ကိုယ်ချင်း စာနာသောစိတ်၊ မေတ္တာတရားကို အလေးအနက်ထားသော စိတ်များက ပြည့်လျှံလာသည်။ ရုတ်ချည်းပင် ပြောသင့်၊

မပြောသင့် ချင့်ချိန် မနေတော့ဘဲ စကားများစွာတို့ကို ပြော လိုက်မိသည်။

"ဆရာဝန်ကြီးက မှာလိုက်တယ် ဒေါက်တာ၊ ကလေးကို သူ့မိခင်နဲ့အတူ ထားနိုင်ပြီလို့။ ခင်ဗျားက သိပ်ကံကောင်း တာပဲ၊ ကြည့်စမ်းပါဦး သမီးချောချောလေးကို အစ်မကြီးက မွေးပေးထားလိုက်တာ၊ ကျွန်တော်ဆို သိပ်ဂုဏ်ယူမိမှာပါ"

ပြောပြောဆိုဆိုနှင့် သမီးလေးအား တစ်ချက် နမ်းကာ လက်ဝါးဖြန့် တောင်းခံနေသော အမျိုးသမီး၏ ရင်ခွင်ထဲသို့ ကလေးအား ထည့်ပေးလိုက်သည်။

ဆုံးရှုံးရပြီဟူသော အသိက ကျွန်တော့် နှလုံးသားကို ထုခွဲလိုက်သလို နာကျင်သွားသည်။

သို့သော် လောလောဆယ်တွင် ကျွန်တော် ကျေနပ်မိ သည်။

သူသည် ဝမ်းသာအားရ လှမ်းယူပြီး သူ၏ ပိုင်ရှင်မဲ့ ဆူဖြိုးနေသော နို့သီးများကို ဖွင့်ဟလိုက်သည်။ သမီးလေး သည် သဘာဝ အသိကြောင့် ထင်၏၊ နို့သီးခေါင်းနှင့် ထိလာ သော သူ့နှုတ်ခမ်းကလေးကို ဖွင့်ဟကာ အငမ်းမရ စို့နေသည် ကို မြင်တွေ့ရ၏။

အလှပဆုံး ပန်းချီးကား တစ်ချပ်သဖွယ် မြင်ကွင်းက တင့်တယ်ခဲ့ညားသွားပေသည်။

*

"စိုးရိမ်စရာ အခြေအနေ တစ်ရပ်ပဲကို ကြုံတင်ကာကွယ် ပေးလိုက်တဲ့ ရှင့်ရဲ့မွန်မြတ်တဲ့ စေတနာနဲ့ လုပ်ရပ်တွေက ဘကယ့်ကို လေးစားဂုဏ်ယူထိုက်တဲ့ လူမှုရေး သမိုင်းတစ်ခု ပါပဲလား ဦးဉာဏ်ထွန်းရယ်"

ဒေါက်တာစောမြခိုင်က ကျွန်တော့်အား ဝေဆာသော အပြုံးများဖြင့် နှစ်သိမ့်နေ၏။ ရင်ထဲတွင် မချိလှ။ သို့သော် ကျွန်တော် ပြုံးမိသည်။

"ဒီမှာ ခင်ဗျာ၊ ကျွန်တော့်ရဲ့ သမီးလေးကို သမီးလေး အရင်းလို စောင့်ရှောက်ပါလို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော့် အနေနဲ့ ဒီသမီးလေးကို မမွေးနိုင်လို့တော့ မဟုတ်ပါဘူး။ ခုနက မြင်ကွင်းအတွက် ကျွန်တော့်သွေး၊ ကျွန်တော့်သမီးနဲ့ ရင်းနှီးပြီး ပေးအပ်လိုက်တဲ့ မေတ္တာတရားပါ"

"ဒါကိုတော့ စိတ်ချပါဗျာ၊ ကျွန်တော့်မှာ သား သမီး တစ်ဦးမှ မထွန်းကားခဲ့ပါဘူး။ ခုဟာ အရွယ်လွန်မှ မွေးတဲ့ ပထမဦးဆုံး ကလေးပါ။ ခင်ဗျားလို ကိုယ်ချင်းစာနာစိတ် ပြည့်ဝတဲ့ လူတစ်ဦးရဲ့ စေတနာကို လေးလေးနက်နက် ထိန်းသိမ်းပြီး ခင်ဗျားအနေနဲ့လည်း သမီးလေးနဲ့ အချိန် မရွေး တွေ့ဆုံ နိုင်ပါတယ်။ အိမ်ကိုလည်း ဝင်ထွက်သွားလာ နိုင်ပါတယ်။ ကျွန်တော့် နာမည် မြင့်နိုင်ပါ၊ အင်ဂျင်နီယာ၊ ရော့... ဒါက ကျွန်တော့် အိမ်လိပ်စာကတ်"

သူပေးသော လိပ်စာကတ်ကို လှမ်းယူရင်း သူလက်ကို ကျွန်တော် ဖျစ်ညှစ်မိသည်။

"ကျေးဇူးလည်းတင်တယ်၊ သိပ်လည်း ဝမ်းသာတယ် ဦးမြင့်နိုင်၊ ကျွန်တော့် သမီးလေးကို တွေ့ချင်မြင်ချင် လွန်းလို့ ဦးမြင့်နိုင်တို့ဆီ ရောက်လာသည့်တိုင် သမီးရဲ့ အဖေရင်း တစ်ဦး အနေနဲ့ မလာဘဲ အခြား ပုဂ္ဂိုလ်တစ်ဦး အဖြစ်နဲ့ လာ ခဲ့ပါ့မယ်"

"ဘယ်လို အခြေအနေမျိုးနဲ့ပဲလာလာ ကျွန်တော်ကတော့ ခင်ဗျားကို အမြဲဆီးကြိုလျက်ပါ"

သူသည် လှိုက်လှဲဝမ်းသာနှင့် ပြောနေ၏။ ကျွန်တော်သည် တိုက်ပုံအိတ်ကို နှိုက်လိုက်ပြီး ဆွဲကြိုးလေး တစ်ကုံးကို ထုတ်ယူလိုက်မိသည်။ ပြီးတော့...

"ဒါက သူ့အမေရဲ့ နောက်ဆုံးအမွေပါ၊ သမီးလေးကို ကိုယ်နဲ့မကွာ ဆွဲပေးထားဖို့ မေတ္တာရပ်ခံပါတယ်။ ပြီးတော့ သမီးနာမည်လေးကိုလည်း မနှင်းဆီလို့ မှည့်ခေါ်ပါဗျာ"

"မနှင်းဆီတဲ့လား၊ သိပ်လှတဲ့ နာမည်လေးဗျာ"

ဝေဆာစွာ ပြုံးနေသော အပြုံးကို တုံ့ပြန်ပြုံးနေရသော ကျွန်တော့် အပြုံးတို့က အားပျော့နေပေလိမ့်မည်။

"ကြည့်စမ်းပါဦး ဒေါက်တာရယ်၊ အမေ ငတ်နေတဲ့ ရင်သွေးကလေးနဲ့ ရင်သွေးငတ်နေတဲ့ အမေကြီးတို့ တွေ့နေလိုက်ကြတာ"

အခန်းထဲကို လှမ်းကြည့်ပြီး အားပါးတရ ပြောလိုက်သော ဆရာမလေး ဖြူဖြူမြင့်၏ စကားက ကြားရသူအားလုံး၏ ရင်ထဲဝယ် ချမ်းမြေ့လွန်းလိုက်တာ။

ကျွန်တော်လည်း တဒင်္ဂ ပျော်ရွှင်ဖြစ်ခဲ့၏။ စောစောက ရင်ထဲ၌ ကြည့်နူးဆွတ်ပျံ့မှု အားလုံးကို အသည်းနှလုံးထဲတွင် ကိန်းအောင်း ထားနိုင်လောက်သည့် စွမ်းအား ခန်းခြောက် သွားပြီထင့်။

ရင်ထဲတွင် ဝမ်းနည်းကြေကွဲမှုများ လှိုင်းထလာကြသည်။ အိမ်သို့ပြန်ရောက်လျှင် ကျွန်တော့်ပတ်ဝန်းကျင်က လူတွေ သမီးလေးအား လာကြည့်ကြပေဦးတော့မည်။ ရုံးက ရဲဘော်ရဲဘက်တွေ၊ စာပေရောင်ရင်း မိတ်ဆွေတွေ သတင်းမေးကြဦးမည်။

အထူးသဖြင့် မနှင်းဆီ၏ ဆွေမျိုးမိဘတွေ။

သူတို့ သူတို့ကို ကျွန်တော် မည်သို့ရင်ဆိုင်ရမည်နည်း။

ကျွန်တော် မသိတတ်တော့ပါ။ ဤဆေးရုံတွင် မနှင်းဆီနှင့် သေကွဲ ကွဲခဲ့ရသည်။ ယခုတစ်ဖန် သမီးလေးနှင့် ရွှင်ကွဲကွဲရ ပြန်ပြီ။ ဝေဒနာ နှစ်ရပ်လုံးက ရင်သားအစုံကို ကိုင်လှုပ် နေလေပြီ။

စီးကျလာသော မျက်ရည်ကို ဟန့်တား၍ မရတော့။ စက်ဘီဝရံတာပေါ်တွင် ကျောမှီပြီး တရှိုက်မက်မက် ငိုမိသည်။

ကျွန်တော့်ကို သူတို့ စိတ်မကောင်းစွာ ကြည့်နေကြပေလိမ့်မည်။

သို့သော်...

အမိမဲ့ ကျွန်တော့်သမီးလေးအား ယုယကြင်နာစွာ ထွေးပိုက်ပြီး ကျွန်တော့် ရင်ခွင်ထက် အဆပေါင်းများစွာ သာလွန်သော၊ ရင်သွေးငတ်သော မိခင်၏ ရင်ခွင်ထဲတွင် ထားနိုင်ခဲ့ပြီဟူသော အသိတရားက ဆို့နှင့် အက်ကွဲစွာ မြူးကြွနေသော ရင်ထဲက ဝေဒနာတချို့ကို ပျောက်ပြယ်စေခဲ့သည်။

ထိုအသိကြောင့်ပင် လေးလံသော ကျွန်တော့် ခြေလှမ်းများသည် အားလုံးကို ကျော်ခိုင်း၍ အနည်းငယ် ရွှေ့လျားနိုင်ပေတော့သည်။

ရှေ့လျှောက်ရမည့် ဘဝခရီးကား စမ်းတဝါးဝါးနှင့်။

ကျွန်တော်၏ ပစ္စုပ္ပန်သည် အမှောင်၊ ကျွန်တော်၏ အနာဂတ်သည်လည်း အမှောင်။

*

(၆)

ဖျတ်ခနဲ လန့်နိုးလာသည်။

နောက်ဆုံးတော့လည်း ကျွန်တော် ရင်မဆိုင်ချင်သော သည်တစ်နေ့ကို မလွဲမသွေ ရင်ဆိုင်နေရပါပြီ။

ကြမ္မာဂြိုဟ်ဆိုးသည် ပဇာအတွက်ကြောင့် ကျွန်တော့် အား နှိပ်စက်နိုင်ရက်တာလဲ။ လောကတွင် ကြေကွဲဖွယ် အဖြစ်သနစ်ကို ကြုံတွေ့ ခံစားဖို့ လူဖြစ်လာရတာလား။

ဘဝကလေးတစ်ကွေ့၏ အလှည့်အပြောင်းတွင် ချစ်မြတ်နိုး တွယ်တာရသော ချစ်ဇနီးနှင့် ဝေးကွာခဲ့ရဖူးသည်။

ဆုံးရှုံးရသော ဇနီးအတွက် ကိုယ်ပွားတစ်ခုကို အသက်ပေးချစ်မယ်လို့ ကြေကာရှိသေး၊ တစ်ဦးတစ်ယောက်၏ ဒုက္ခအတွက် အသည်းနှလုံးကို ထုခွဲခြင်း ခံခဲ့ရဖူးသည်။

သည်မျှနှင့် အားမရသေး။

ဘဝဇာတ်ဆရာကြီးသည် အနှစ် ၂၀ ကျော်မျှ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော ရတနာသိုက်ကို တူးဖော်ပြပြီးမှ လောက ဇာတ်ခုံအလယ်တွင် ငိုခြင်းနှင့် အလွမ်းဇာတ်ကို ကခိုင်း နေပြန်ပြီ။

သမီးကို သမီးမှန်းသိပြီးနောက် ခံစားရသော ဝေဒနာတွေ၊ အဖေမှန်း သိလို့ ဖေဖေကြီး ဖေဖေကြီးနဲ့ တစ်ခွန်းလောက်မျှ အခေါ်ခံလိုက်ရလျှင် အသည်းနှလုံးတွေ တုန်ခါသွားအောင် ဝမ်းသာလိုက်မည်ဖြစ်ခြင်း။

သမီးလေး... သမီးလေး... လို့ တတွတ်တွတ် ခေါ်ပြီး သူကလေးကို ရင်ခွင်ထဲမှာ ထွေးပိုက် ထားချင်လိုက်တာ။

မဖြစ်ဘူး၊ မဖြစ်ပါဘူးလေ။ နုနယ်ဖြူစင် သန့်ရှင်းတဲ့ သမီးလေး၏ ဝမ်းသာဖွယ် ခံစားမှုတွေပေါ် ကြေကွဲဖွယ် ပုံရိပ် မထင်ဟပ်စေချင်။

သည်တော့ အသည်းကွဲအောင် ခံစားရုံမှအပ ဘယ် အရာမျှ ရှိဦးမလဲ။ သမီးလေးနှင့် ကျွန်တော်သည် အမည်ခံ ဘပ် မရသော မေတ္တာလမ်းပေါ်တွင် ခရီးတွဲ ဆုံတွေ့ခွင့် ရခဲ့သည်။

ဘဝလမ်းက တခြားစီရယ်။

မေတ္တာလမ်းဆုံ၊ ဘဝလမ်းခွဲ၊ ထိုအခါ ရင်ထဲမှာ ဝေဒနာ။

"ဦး သမီး မရောက်မချင်း စောင့်နေနော်။ ဖေဖေ့ကို လည်း ခေါ်လာမှာ။ ဦးကိုတွေ့ရင် ဖေဖေ သိပ်ဝမ်းသာမှာပါ။ မိတ်ရင်း ဆွေးရင်းနဲ့သာ တွေ့ရမယ်ဆိုရင် ဖေဖေက သားမွေးမယားမွေးဆိုတဲ့ လူစားမျိုး။ ဦးကို သမီးတို့ အိမ်တိုင်ရာ ရောက်လိုက်ပို့ပေးမှာနော်။ ဒါမှ နောင်ဆို ဦးဆီ သမီးတို့ အလည်လာလို့ရမှာ"

ပဲ့တင်ရိုက်ခတ် လာပြန်ပြီ။ သမီးလေး သေသေချာချာ မှာခဲ့သော စကားတွေ၊ ညတုန်းက သမီးလေးသည် သူ့ဖခင် ဦးမြင့်နိုင်အား ကျွန်တော်နှင့် တွေ့ဆုံရပုံကို ပြောပြလိမ့်မည်။

သူ ဘယ်လိုခံစားရမည် မသိ။

သူ့ဘဝထဲက သမီးလေးကို ဘုဏ်ထွန်းဆိုသော ကျွန်တော်က ဆွဲထုတ်ယူရန် ကြိုးစားနေပြီလား၊ သံသယစိတ်တွေနှင့် သူ တွေးမိကောင်း တွေးမိလိမ့်မည်။ သူ့စိတ်တွေ တဒင်္ဂအတွင်း လှုပ်ရှားနေလိမ့်မည်။

သုညဟာ သုညလိုပဲနေတာ ကောင်းပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တစ်ယောက်တည်း။ ကျွန်တော့် ကြောင့် ကျွန်တော့်သမီးလေး၊ ပြီးတော့ သမီးလေးနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်။ ကျွန်တော် စိတ်ချမ်းသာမှုထက် သူတို့သူတို့၏ စိတ်ချမ်းသာမှုကို ရှေ့ရှုသင့်သည်။ ငဲ့ကွက် ညှာတာသင့်သည်။

သည်တော့ ကျွန်တော် ပင့်သက်တစ်ချက် ရှိုက်မိ၏။

လက်ဆွဲအိတ်တို့ကို ပခုံးပေါ် လွယ်တင်လိုက်သည်။ သူကလေး မလာခင် အသွက်ကလေး ပြေးနှင့်မှ တော်ပေမည်။ ဒီလိုမှ မလုပ်ရင် မလိုလားအပ်သော ဝေဒနာတွေ အသီးသီး၏ ရင်ထဲမှာ ခံစား ဖြစ်ပေါ်ကုန်ကြလိမ့်မည်။

စွန့်လွှာထွက်သွားရမည် ဆိုသော်လည်း ရင်ထဲမှာ တသိမ့်သိမ့် တငြိမ့်ငြိမ့်နှင့်။ မျက်ဝန်းအစုံတွင် ပူနွေးသော မျက်ရည် စီးကြောင်းလေးတွေ အိုင်ထွန်းဖြစ်ပေါ် နေပေပြီ။

နှစ်ပတ်ခန့် ဝမ်းသာမှုတွေ၊ ကြည်နူးမှုတွေ၊ လှိုက်ဖိုမှုတွေနှင့် အိပ်စက်ဖူးခဲ့သော ခုတင်လေးကို စူးစိုက်ကြည့်မိသည်။ နှလုံးသား၏ တောင်းဆိုချက် လိုအပ်ချက်ကို ဥပက္ခာပြုကာ ခုတင်လေးကို မျက်ကွယ်ပြုလိုက်မိပြီ။

ပြီးသည်နှင့် ကျွန်တော် နောက်သို့ လှည့်ကြည့်တော့။ လူနာဆောင်တွင်းမှာ ဘေးဘီ လူနာတွေကိုပင် နှုတ်ဆက်မနေတော့ဘဲ ကတိုက်ကရိုက်နှင့် ထွက်လာခဲ့သည်။

ထောင့်ချိုးလေး တစ်ချိုးကို အကွေ့ လှမ်းနေသော ခြေလှမ်းတို့ တွန့်ခနဲ ရပ်တန့်သွားသည်။ ဆရာဝန်၊ ဆရာမများ၏ သီးခြား အခန်းလေးကို လှမ်းမြင်ရတော့ ဦးနောက်ထဲမှာ အတွေးကလေး တစ်ခု ပေါ်လာသည်။

"သမီးလေး လည်ပင်းမှာ အမြဲရှိနေတဲ့ ဆွဲကြိုးလေးက မနှင်းဆီကို မင်္ဂလာဦး ညတုန်းက ငါကိုယ်တိုင် ဆင်မြန်းပေးခဲ့ဖူးတဲ့ ဆွဲကြိုးလေး၊ အဲဒီနေ့ကပဲ ငါ့ကို မနှင်းဆီ လက်စွပ်တစ်ကွင်း လက်ဆောင်ပေးခဲ့တယ်။ ငါ တစ်သက် လုံးဝ

မချွတ်ဘဲ ဝတ်ထားခဲ့တဲ့ လက်စွပ်၊ ဟုတ်ပြီ။ သမီးလေးမှာ အဖေ၊ အမေ နှစ်ဦးလုံးရဲ့ ကိုယ်ပွားလေး တစ်ခုစီတော့ ရှိသင့်တယ်”

စိတ်ကူးကလေးနှင့် အတူ တစ်ကြိမ်တစ်ခါမျှ မချွတ်ခဲ့ဘူးသော လက်စွပ်၊ မြတ်မြတ်နိုးနိုး တယုတယနှင့် ဆင်မြန်းခဲ့သော သည်လက်စွပ်၊ ကျန်တော် ညင်ညင်သာသာ ဆွဲချွတ်လိုက်မိသည်။

ရှေ့မှာ ထမီစိမ်းစိမ်းနှင့် ဆရာမကြီးတစ်ဦး။ စာအုပ်ကြီးများကို လှန်ရင်း၊ ဖတ်ရင်း တစ်ယောက်တည်း အလုပ်ရှုပ်နေသည်ကို လှမ်းမြင်ရသည်။ သူ့ကိုပဲ အကူအညီ တောင်းရမှာပဲ။

ဆရာမကြီးထံ ရှေ့ရှု၍ ကျန်တော်လျှောက် လာခဲ့မိသည်။

ရင်ထဲမှာတော့ ယတိပြတ် အတွေးကလေးနှင့်။ လက်ထဲတွင် လက်စွပ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

“ဆရာမ၊ ကျွန်တော် အကူအညီ တစ်ခု လိုချင်လို့ပါ”

“ဟုတ်ကဲ့ ပြောပါရှင်၊ ကျွန်မ ဘာအကူအညီပေးရမလဲ”

ရင်ထဲမှာ ဒိတ်ခနဲ တုန်ခါသွားသည်။ ချိုမွှေသော စကားလေးနဲ့ အတူ စောင်းငဲ့ မော့ကြည့်လိုက်သော မျက်နှာကြောင့် ကျွန်တော့် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ဟနေသောနှတ်ခမ်းကလေး ပိတ်မသွားသေး၊ ဆရာမကြီးက စူးစူးစမ်းစမ်းနှင့် ကျွန်တော်ကို ကြည့်နေသည်။ တစ်

နေရာရာမှာပဲ သူ့ကို ကျွန်တော် တွေ့ဖူးခဲ့သည်။ ဘယ်နေရာ မှန်းတော့ ကျွန်တော် တွေးဆ မရသေး။

“ရှင်... ရှင် ဦးဘဏ်ထွန်း မဟုတ်လား”

“ဗျာ”

အာမေဋိတ်သံတစ်ချက် နှုတ်မှ လွတ်ခနဲ ခုန်ပေါက်ထွက်သွား၏။ ကျွန်တော့် နာမည်ကိုပင် သိနေသော သူတစ်ဦးသည် တော်ရုံတန်ရုံ ရင်းနှီးဖူးသော အထဲကတော့ မဖြစ်နိုင်တော့။

“သေသေချာချာ ကြည့်စမ်းပါဦး ဦးဘဏ်ထွန်းရယ်၊ ရှင် ကျွန်မကို ခုထိ တကယ် မမှတ်မိသေးဘူးလား။ ဟိုကျန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်က သားဖွားဆေးရုံပေါ်က အဖြစ်တွေကို ရှင် မေ့သွားပြီနဲ့တူတယ်။ ကျွန်မ ဖြူဖြူမြင့်လေ”

လက်ခနဲ အလင်းတန်းလေးတစ်ခု ဦးနှောက်ထဲ ဖြတ်သန်းသွားချိန် ဇရာဖမ်းစားသော အရိုပ်လက္ခဏာမှအပ ကျန်တာအားလုံး မပြောင်းလဲသေး။ နုပျိုသော နေရာများ၌ ရင့်ကျက်မှုလေးတွေ ကူးပြောင်းရုံမှလွဲ၍ အားလုံးက နဂိုရည်အတိုင်း။

“ဩော်... မှတ်မိပြီ၊ မှတ်မိပါပြီ။ တိုက်ဆိုင်လိုက်တာ ဆရာမရယ်၊ ကျွန်တော် ဒီလူနာဆောင်မှာ နှစ်ပတ်ကျော် ဆောင် ကုသမှု ခံယူနေရတာ။ ဒီနေ့ပဲ ဆေးရုံက ဆင်းတော့ ဇလို့။ ဒါနဲ့ ဆရာမကို အလျင်နေ့တွေက မတွေ့မိသလိုဘဲ နော်”

သူကိုတွေ့တော့ မနှင်းဆီ၏ အရိပ်သဏ္ဌာန်တွေ ကျွန်တော့် မြင်လွှာထဲ မြင်ယောင်လာမိသည်။ ဆရာမကြီးသည် ကျွန်တော့်ကို မင်သက်စွာ ကြည့်နေရှာသည်။ သူ့အတွက် ကျွန်တော်သည် လူထူးလူဆန်း တစ်ဦး ဖြစ်နေလိမ့်မည်။

"ကျွန်မ ဒီနေ့ပဲ ဂျုတိဝင်တာလေ။ ကျွန်မ အလုပ်ရဲ့ ဆွေးနွေးပွဲ တက်နေရလို့ ရှင် မတွေ့တာပါ။ ဩော် ဒါနဲ့ ရှင့်ကို မေးရဦးမယ်။ ရှင့်သမီးလေးနဲ့ တွေ့ခွင့်ရသေးလား ဟင် သမီးလေးတဲ့။

ရင်ထဲမှာ တုန်ခါလှိုက်မော သွားသည်။ ဘယ်လို ဖြေရမှန်းကို ရုတ်တရက် အဖြေရှာမရ။ ဘဝ၏ တစ်စိတ် တစ်ဒေသကို သိနေသော သူ့ကို ကျွန်တော် မညာလို။ ပြောထိုက် ပြောသင့်သည်ဟု ကျွန်တော် ယုံကြည်သည်။

"ဟိုတုန်းကတော့ မတွေ့ခဲ့ပါဘူး ဆရာမရယ်"

"ဒါဖြင့် ခုတွေ့တယ် ဆိုပါတော့"

"ဟုတ်... ဟုတ်ကဲ့။ အင်း... ကျွန်တော်... ကျွန်တော် သမီးလေးကို ဒီဆေးရုံပေါ်မှာပဲ ကျန်းမာရေးဝန်ထမ်း တစ်ဦး အနေနဲ့ တွေ့ခွင့်ရခဲ့တယ် ဆရာမ။ ဆရာမ မှတ်မိမလား မသိဘူး။ ကျွန်တော် သမီးလေးကို ပေးခဲ့တုန်း က ဆွဲကြိုးလေး တစ်ကုံးလေ။ အဲဒီဆွဲကြိုးကလေးကို မြင်ခဲ့ရ လို့ သမီးလေးမှန်း သိခဲ့တာ"

"ဩော် ဦးဉာဏ်ထွန်းရယ်၊ ဒါဆို သူက ရှင့်ကို အဖေ မှန်း မသိဘူးပေါ့"

"ဟင့်အင်း၊ သိလို့ကော ဘာ အကျိုးထူးတွေများး ဖြစ်လာမှာလဲ ဆရာမ။ သမီးလေးရင်ထဲမှာ လက်ရှိ အဖေနဲ့ အမေ ဟာ မွေးစားတဲ့ အဖေ အမေလို့ သိသွားရင် သမီးလေးရင်ထဲမှာ ဘယ်လိုခံစားရမလဲ။ သမီးလေးကို မွေးစားခဲ့ရတဲ့ သူတွေကကော။ ဩော် ဆရာမရယ်၊ ဒီအခြေအနေလေးတွေ ရောက်တော့မှပဲ မထူးတော့ပါဘူးဗျာ။ သမီးလေးဘဝ၊ သမီးလေးရဲ့ ပတ်ဝန်းကျင်အတွက် ကျွန်တော်ကပဲ၊ ဟောဒီ ကျွန်တော်ကပဲ..."

သည်မျှသာ ပြောနိုင်တော့သည်။ သူ့ထက်ငါ အရင်လူဆင်းလာကြသော မျက်ရည်များက အလုအယက်နှင့်။ကျွန်တော် အသံမထွက်ဘဲ ငိုနေမိသည်။

"ခု သမီးလေး ဦးမြင့်နိုင်ကို သွားခေါ်တယ်။ သူ့အဖေနဲ့ ကျွန်တော်က'မီတ်ဆွေတွေလို့ ပြောခဲ့မိတယ်လေ။ ကျွန်တော့် အမှားပါ။ ဦးမြင့်နိုင်တစ်ယောက် ခုလောက်ဆို သမီးဇောနဲ့ ရင်ထဲမှာ သောက ပွေနေရော့မယ်။ သူနဲ့ ဆရာမ တွေ့ရင် ပြောပေးပါနော်။ အရင်အတိုင်း နေပါလို့"

"ဩော် ဦးဉာဏ်ထွန်းရယ်၊ ရှင့်ဘဝမှာ ဆုံးရှုံးစွန့်လွှတ်ခဲ့ရတာ များလှချည်းလား။ ရှင့်လိုလူမျိုးတော့ ရှားပါတယ်။ ကဲ ကဲ၊ ရှင့်ကို ဘာအကူအညီ ပေးရမလဲ ပြော"

စိတ်မကောင်းစွာ ညည်းညူနေသည်။ ယောကျ်ား ရင့်မာကြီး တစ်ယောက်တောင် မျက်ရည်လေး တစမ်းစမ်းနှင့် ဖြစ်နေရင် နှလုံးသား နုနယ်သော မိန်းမသားတစ်ဦး အဖို့တော့...

ကြည့်... ကြည့်။ သူမျက်ဝန်းတွင် မျက်ရည်တို့ ရစ်ဝဲ ကွန်းခိုနေကြချေပြီ။

"ဒီလက်စွပ်ကလေးကို သမီးလေးအတွက် ပေးလိုက်ချင်တယ်။ သမီးလေးရဲ့ စေတနာ၊ သမီးလေးရဲ့ မေတ္တာနဲ့ ယုယကြင်နာမှုတွေကို ဂုဏ်ပြုတဲ့ အနေနဲ့ ဦးဘဏ်ထွန်း ဆို တဲ့ လူကြီး တစ်ယောက်က ပေးခဲ့တယ်လို့ ပြောပေးပါ ဆရာမ။ အချိန် သိပ်မရတော့ဘူး။ နာရီပိုင်းလေး အတွင်း မှာ သူတို့ ရောက်လာတော့မှာ။ ကျန်တော့်ကို သွားခွင့်ပြု ပါဦးနော်"

လက်စွပ်ကလေးကို လှမ်းပေးရင်း ပြောမိသည်။ ကျန်တော် ရပ်နေရာမှ ခြေလှမ်းပြင်လိုက်၏။ ဆရာမကြီးက စိတ် မကောင်းစွာနှင့် ကျန်တော့်အား လိုက်ပို့ရှာသည်။

နွမ်းလျလျနှင့် ဆေးရုံလှေကားကို ဖြတ်ကျော်ဆင်းခဲ့၏။ ဆေးရုံဆင်ဝင်အောက် ရောက်တော့ တံခါးစောင့် ဝန်ထမ်း လေးကို ဆရာမကြီးက ကားတစ်စီး ငှားပေးရန် ပြောသည်။

ဆရာမကြီးက မေးခွန်းတွေ မေးမဆုံး။

လုပ်ငန်း အခြေအနေတွေ၊ နေရေးထိုင်ရေး၊ အို အစုံပါပဲ။ တစ်ခု ချန်ထားရုံမှအပ ကျန်တာအားလုံးကို ကျန်တော် ဖြေ မိသည်။

အဲဒါက ကျန်တော့် လက်ရှိအိမ်လိပ်စာ။

သုံးဘီးကားလေးတစ်စီး ထိုးဆိုက်လာသည်။ ဝန်ထမ်း ကောင်လေးက ကျန်တော့် ထံမှ အထုပ်အပိုးတွေကို ကား နောက်ခန်းတွင် တင်ပေးရှာသည်။

နံနက်ခင်း နေခြည်သည် သစ်လွင် တောက်ပနေ၏။ ဘန်းကျင်နှင့် အခိုက်အတန့် အဆက်ပြတ်နေခဲ့သော နှစ်ပတ် ကျော် ကာလအတွင်း ပထမဦးဆုံး ဆေးရုံနံ့ မသင်းသော ပြင်ပလေကို ရှူရှိုက်မိသည်။

အေးမလိုလိုနှင့် ရင်ထဲမှာ ပူလောင်လိုက်တာ။

ဆရာမကြီးအား ကျန်တော် ပြုံးပြ၏။ ကားထဲသို့ ကျန်တော် ဝင်ထိုင်မိသည်။ ကားတံခါးကို ပိတ်ရန် ဟန်ပြင် လိုက်စဉ် ဆရာမကြီးက...

"နေပါအုံး ဦးဘဏ်ထွန်းရယ်၊ ဒီဆေးရုံမှာ ဆရာဝန်တွေ ဆရာမကြီးတွေ အများကြီးပဲ၊ ဘယ်သူ့ကို ကျန်မက ရှင့် လက်စွပ်လေးကို ပေးရမလဲ။ ရှင့်သမီးလေး နာမည်လေးတော့ ကျန်မ ကို ပြောပြခဲ့သင့်တာပေါ့"

"ဩော်.... တုတ်ပေသားပဲ၊ နာမည်လေးက မနှင်းဆီ ပါ"

*

(၇)

ကောင်းကင်တွင် မိုးသားမြူတိမ် ကင်းစင်နေသည်။

နိုးထခါစ ရန်ကုန်မြို့တော်၏ လမ်းမများသည် သန့်သန့် ရှင်းရှင်းနှင့် ကျက်သရေရှိလှသည်။

လမ်းမကြီးတစ်လျှောက် လှမ်းမြင်နေရသည့် မီးပွိုင့် အားလုံး မှိတ်တုတ် မှိတ်တုတ် အချက်ပြနေသည်။ လိမ္မော် ရောင်တော့ မဟုတ်။ အဝါရောင်သက်သက်။

ခုချိန်ဆို သမီးလေးတို့ သားအဖတစ်တွေ ဆေးရုံပေါ်
ရောက်နေရော့မည်။ သမီးလေး မျက်ရည် ဝဲချင် ဝဲနေမည်
သမီး ဒေါကလေးဖောင်းပြီး ပြစ်တင်ပြောချင် ပြောနေမည်

ဘာကြောင့်လဲ။ ဘာဖြစ်လို့လဲ။

တစ်ချိန်လုံး သမီးလေး၏ မေတ္တာ စေတနာ အကြင်နာ
တွေကို မေးခွန်းလေးတွေ ထုတ်နေမိခဲ့သည်။

ခုမှ ကျွန်တော် သိရပါပြီ။

သွေး။

ဟုတ်ပါသည်။ သွေးပါ။ သွေးဆိုတာမျိုးက ဝေးဝေးနိုင်
တစ်နေ့ကျတော့ စကားပြော တတ်သည် မဟုတ်လား။

သို့အတွက်ကြောင့်လည်း အဖော်မဲ့ တစ်ယောက်တည်း
ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းအိမ်အပြန် ကားလေးပေါ်တွင် ကိုယ့်
ကိုယ်ကိုယ် လိမ်ညာထားသမျှ အတိုးချပြီး နဂိုဝသီအတိုင်း
ပွင့်ပွင့်လင်းလင်း ခံစားပစ်လိုက်သည်။

ရင်ထဲမှ ငိုသံများကို သမီးလေး ကြားသိနိုင်တော့မည်
မဟုတ်ပေ။ ပါးပေါ်မှ မျက်ရည်တို့ကို ဆွယ်တာလက်ဖြင့်
သုတ်မိသည်။

သမီးရယ် တကယ်လို့များ နောင်ဘဝသာ ရှိခဲ့မယ် ဆို
ရင်လေ။

❑

[မြန်မာနိုင်ငံသူနာပြုအသင်းနှစ်လည်မဂ္ဂဇင်း (၁၉၈၄-၈၅)]

ဟိန်းထက်စာပေ

မျှော်လင့်နေခြည်



ကောင်းကင် တစ်ပြင်လုံး ချက်ချင်း မည်းမှောင်သွား သည်။ မိုးသား တိမ်တိုက်များက လွှင့်မျော နေ၏။ မိုးသင်းရနံ့ များ သင်းပျံ့နေမြဲ။ လျှပ်စီးကြောင်းတွေက လင်းခနဲ လက် ခနဲနှင့်။ မိုးကြိုး ပစ်လိုက်သံက သည်းပျက် မတတ်။ လေပြင်း တိုက်ခတ် လာ၏။ သက်ရှိတချို့ ဝရုန်းသုန်းကားဖြစ်သွား သည်။

လမ်းထဲတွင် လူတချို့ အပြေးအလွှား။ မိုးရေထဲ သီချင်း ကလေးဆိုရင်း မြူးပျော်နေသော ဖိုးတေတို့ ကလေးတစ်သိုက် ဘေလုံး ကန်နေကြသည်။ လွတ်လပ်မှုရဲ့ အရသာကို ခံစား ကြည့်ချင်လိုက်တာ။ နေခြည်... နေခြည်မှာတော့ တွေးရင်း နှင့် မတားဆီးနိုင်သော မျက်ရည်များ စီးကျသွားသည်။

လေအဝှေ့တွင် မိုးစက်ကလေးများ ရောပါလာ၏။ မကြာမီ မိုးရွာတော့မည်။ စေ့ထားသော တံခါးများက ဝုန်း

ဒိုင်းကြဲနေ၏။ မာန်မာန ကြီးမားစွာဖြင့် ရွာချလိုက်သော မိုးရေစက်များက သွပ်မိုးထားသော ခေါင်မိုးပေါ် သံစုံတီးဝိုင်း တီးသလို။

ခြံဝိုင်းအတွင်း သစ်ပင်စုံတို့ ယိမ်းတိုက်နေသည့် အငြိမ့်သမ လေးများလို ဘယ်တိမ်းညာယိမ်းဖြင့် သိုင်းကွက် နင်းနေကြ သည်။ တဖုန်းဖုန်းနှင့် သရက်သီးများ ကြွေကျသံ ကြားရ၏။ ဖေဖေ အရက်နှင့် မြည်းရန် ကောက်ပေးလိုက်ရရင် ကောင်း မလား။ ချဉ်စုတ်စုတ်နှင့် သွားကျိန်းလိုက်တာ။ သစ်ပင် အားလုံး လေအတွေ့တွင် ပြိုလဲမကျအောင် ပင်ချင်း ယှက်ကာ အံတင်း ခံနေကြသည်။

ကြမ္မာဆိုးအတွက် လောကမံ လေပြင်းအား တွန်းလှန်ပုံ က အားရှိစရာ။ စာကလေးတစ်သိုက် မိုးလေပြင်းကြား သိုက်မြဲသို့ ပျံပြေးလာကြသည်။ စလိ စလိနှင့် စိုနေသော တောင်ပံခတ်သံများလည်း ကြားရ၏။ မျက်မှန်းတန်းမိနေ သော စာမကြီး နေခြည်ကို လှမ်းကြည့်သည်။

"ခုမှ ရင်အေးရတယ် နေခြည်ရယ်၊ ကလေးတွေ အစုံ ပါလာလို့."

ပြတင်းပေါက်က လှမ်းကြည့်လိုက်တော့ ကြွေကျနေ သော ဆယ့်နှစ်ရာသီ ပန်းပွင့်ကလေးများက် မိုးရေထဲ မျောနေ ကြပြီ။ နေခြည် ပန်းပွင့်ကလေးတွေကို ဆယ်ယူထားလိုက် ချင်သည်။ မိုးက အငြိုးတကြီးနှင့် ရွာနေဆဲ။ လေကလည်း မာန်နှင့် ဟန်နှင့် ပြင်းပြင်းတိုက်ဆဲ။ အဖေနှင့် အမေက

မိုးအေးအေးနှင့် အနုပညာစျာန် ဝင်စားကာ ငြိမ့်နေကြပေ လိမ့်မည်။ နေခြည် တံခါးအားလုံး ပြေးလွှားပိတ်လိုက်သည်။

သည်နှစ်ကျောင်းဖွင့်လျှင် နေခြည် ငါးတန်း တက်ရတော့ မည်။

သည်နေ့ နေခြည် ၁၂ နှစ်ပြည့် မွေးနေ့တဲ့လေ။ နေခြည် နှင့် တစ်နေ့တည်း၊ တစ်ရိုန်တည်း မွေးခဲ့သော ကောင်းမြတ်က မိုးလုံလေလုံ တိုက်ကြီးထဲတွင် မွေးနေ့ပွဲ ကျင်းပနေသည်။ ဖေဖေ နှင့် မေမေက နေခြည့် မွေးနေ့ကို သတိရဟန် မတူ။ သည် သမီးလေး တစ်ယောက်အတွက် စုတ်တံနှင့် ကလောင်ကို တစ်နေ့တာ သိမ်းဆည်းကာ သားအမိ သားဖ သုံးယောက် မွေးနေ့ ပါတီလေး ကျင်းပလိုက်ရရင် ပီတိဖြာရမည့် ဖြစ်ခြင်း။ စိတ်ကူး နှင့် ပီတိကို စားကြည့်သည်။ ငန်သလား၊ ချိုသလား ခွဲခြား မသိ။ နေခြည် မျက်ဝန်းထဲ မျက်ရည်ဝိုင်းကလေးများ ထလာ သည်။

နေခြည်... လူမှန်းသိတတ်စ အရွယ်ကနေ ယခုအချိန် ထိ မေမေက နေခြည့် ပါးဖွေးဖွေးကို မနမ်းဘူးသေး။ ဖေဖေလည်း သည်သို့နှယ်သာ။ ဖေဖေနှင့် မေမေတို့၏ အနမ်းများသည် ပိုးသားလို ချောမွေ့ပြီး ကတ္တီပါစလို နူးညံ့နေလေမည်လား။ အနမ်းအရသာကို နေခြည် ခံစားကြည့်ချင်သည်။

တချို့ မိဘတွေ။ သူတို့သားသမီးတွေရဲ့ ပါးဖောင်း ဖောင်းလေးတွေကို မွေးကြူတာ မြင်လိုက်ရရင် နေခြည် မျက်လွှာ ကို ချကာ ခေါင်းငုံ့ထားမြဲ။ အနမ်းကလေး တစ်ပွင့်အတွက်

နေခြည် ညအိပ်ပျက်ပေါင်းလည်း များခဲ့ပြီ။ ညတိုင်းလိုလို အနမ်းကလေးများကို စောင့်ရင်း အမှတ်မထင် အိပ်ပျော်သွား၍ တစ်ရေးနိုးခိုက် ပါးပြင်ကို ကိုင်စမ်းမိသည်ကလည်း အကြိမ်ကြိမ်။ အနမ်းခြေရာကလေးများ ကျန်ရစ်ခဲ့မည် အထင်နှင့် ပါးကလေး နှစ်ဖက်ကို လက်ဝါးလေးနှင့် စမ်းရင်း မျက်ရည်ကျရသည့် ရက်ကလည်း နည်းတာမှတ်လို့။ အနမ်း၊ အဲဒီ အနမ်းကလေးများကို လိုချင်ပါလျက် မမျှော်လင့်ရဲတော့ပေ။

မမေ့ကို နာကြည်းသလို ဖြစ်လာသည်။ နာကြည်းမှုကို ဘာနှင့် နှိုင်းပြရင် ကောင်းမလဲ။ စိတ်ကောက် စိတ်ဆိုးတာနှင့်လည်း မတူ။ ကြာတော့ ရင်ထဲမှာ နာပြီး မာကျောကျောနှင့် ဒဏ်ရာတစ်ခုခု ရနေသလိုပင်။ မိဘနှစ်ပါး ဝါသနာပါရာ အလုပ်ကိုယ်စီ လုပ်၍ ကြည်နူးချမ်းမြေ့ ပီတိဖြစ်နေချိန်။ နေခြည်တစ်ယောက် ကြောင်ကလေးရွေဝါကို ဖက်ထွေးကာ မျက်ရည်စမ်းစမ်းနှင့် ဖြစ်နေမိသည်။

မိုးကဖြင့် တဝုန်းဝုန်းနှင့် ရွာလို့ ကောင်းတုန်း။

*

နေခြည်အဖို့ လောကကြီးထဲသို့ အဖော်အသင်း ကင်းမဲ့စွာ တစ်ဦးတည်း ရောက်ရှိလာသူမို့ ပျင်းခြောက်ခြောက်ကြီးရယ်။ ညီမလေးပဲ ဖြစ်ဖြစ်၊ မောင်လေးပဲ ဖြစ်ဖြစ် မမေဘာဖြစ်လို့ မမွေးသေးမှန်းလည်း မသိ။ မမွေးတာဘဲ ကောင်းပါတယ်လေ။ နေခြည် တစ်ယောက်တောင် ဂရုစိုက်ဖို့ အချိန်မပေးနိုင်တာ။ နှစ်ယောက် သုံးယောက်ဆို ပိုဆိုးသွားမှာပေါ့။

နေခြည် ဖေဖေ့ကို ကပ်ခွါချင်သည်။ မေမေကိုဆိုးနွံ့ချင်သည်။ ဖေဖေ့ ပုဆိုးစကို ဖြစ်စေ၊ မေမေ့ ထဘီစကို ဖြစ်စေ ဆွဲကိုင်၍ သွားလေရာ တကောက်ကောက် လိုက်နေချင်သည်။ မေမေ တစ်ပတ် တစ်ခါလောက် စာပေတိုက်တွေ သွားတတ်သည် မဟုတ်လား။

ဒါပေမဲ့... ဒါပေမဲ့ပေါ့လေ မျက်ရည်သုတ်၍ ခေါင်းငုံ့ထားရံသာ။

ငါ့နား... မလာစမ်းနဲ့၊ ညည်းဟာညည်း တခြားသွားငိုစမ်း၊ ညည်းကို ငါ ပြောနေသားပဲ၊ သွား...မရှုပ်ပါနဲ့လို့။ ငါ့နားကို လာငိုဖို့ စိတ်မကူးနဲ့နော်။ ထပ်ပြီးတောင် ရိုက်လိုက်ဦးမယ်။ ဟောဒီ အမေနဲ့ အဖေ ဒီလောက် ကြိုးစားနေဘာ ညည်းဖို့ သိရဲ့လား"

ပန်းချီဆွဲတာ၊ စာရေးတာက ငွေရှာသည်တဲ့လား။ နေခြည် ငွေမလိုချင်ပါဘူး မေမေရယ်လို့ ပြောလိုက်ချင်ပေမယ့် မပြောဝံ့ပြီ။ ဖေဖေ့ ပန်းချီဆွဲခန်းထဲ ဝင်မိ၍ အကြိမ်းအမောင်း၊ အအော်အငေါက်ကြောင့် ကျခဲ့ရသည့် မျက်ရည်ကို မေမေ့ရင်ခွင်ထဲသို့ တိုးခွေ့ကာ မျက်ရည်သုတ်ခွင့် မရခဲ့ပါ။ နေခြည် အဖြစ်က ငိုချင်သလို ငိုနိုင်ခွင့် မရသည့် အခြေအနေမျိုး၊ ကျောင်းနေဖက် သူငယ်ချင်း မိဘများ၏ ချစ်ခင်

ကြောင်နာမှု၊ ယုယမြတ်နိုးမှုလေးများကို ဖြစ်နိုင်မည်ဆိုလျှင် နေခြည် ခွက်ကလေး ကိုင်ဆွဲကာ တောင်းခံလိုက်ချင်ပါသည်။

မေမေသည် မည်သည့်အခါမှ နေခြည်ကို ကျောင်းသို့ လိုက်ပို့ပေးခြင်း မရှိသလို လာကြိုခြင်းလည်း မရှိပေ။ ကျောင်းဆင်း၍ စာသင်ခန်းထဲက အထွက် ကြိုနေသော သူငယ်ချင်းများ၏ မိဘများကိုကြည့်ကာ မနာလိုသလို ဖြစ်မိသေးသည်။ ဘွားဘွားရှိတုန်းကဆို ဘွားဘွားကလာကြိုတတ်သေးသည်။ သားအချစ် မြေးအနှစ် ဆိုသလို ဘွားဘွားက နေခြည်ကို ငုံထားမတတ် ချစ်သည်။ ဘွားဘွားရှိတုန်းက ဖေဖေ အရက်ကို အတိုင်း အဆဖြင့်သာ သောက်သည်။ မနှစ်က ဘွားဘွား ဆုံးတော့ နေခြည်အဖို့ လမင်းတစ်စင်း ကွယ်သွားခဲ့သည်။

နေခြည်တစ်ယောက် ကျောင်းကားပေါ်တွင် ဆူညံ ပူညံ ပြောနေကြသော ကျောင်းတက်ဖော် သူငယ်ချင်းများ အကြားတိတ်ဆိတ်စွာ လိုက်ပါတတ်မြဲ။ သည်နှစ်လည်း သည်အတိုင်းပဲ နေမှာပါပဲလေ။ ကျောင်းကအပြန် ခြံဝင်းဝတွင် ဖေဖေ ဖြစ်စေ၊ မေမေဖြစ်စေ ကြိုနေစေချင်သည်။ ခြံဝင်းထဲ ဝင်လိုက်မိသည်နှင့် တစ်နေ့တာ လွတ်လပ် ပေါ့ပါးနေခဲ့သော စိတ်များ လေးလံ ထိုင်းမှိုင်း သွားတတ်သည်။ အိမ်ထဲတွင် စက်ရုပ် ကလေးနှယ် သွားလာ လှုပ်ရှားရတော့မည်။

ဘွားမြနှစ် ရှိတုန်းကဆို အဝတ်လဲ၊ ရေချိုး၊ သနပ်ခါးလိမ်း၊ ထမင်းစား၊ အိမ်အလုပ်ပြီးသည်နှင့် အိပ်ရာဝင်ရ

တတ်သည်။ တစ်အိမ်လုံးလည်း ဘွားမြနှစ် ခြေ၊ ဘွားမြနှစ် လက်။ ဘွားမြနှစ်ကို လွမ်းလိုက်တာ။

အနုပညာဖန်တီးသည့်အခါ ဆိတ်ငြိမ်ဖို့ လိုသည်တဲ့။ အနုပညာဆိုတာ ဘာလဲ။ နေခြည် အနုပညာဆိုသည့် ဝေါဟာရကြီးကို ဝါးစားပစ်ချင်နေတာ ကြာပြီ။ သည် အနုပညာကြောင့် ဖေဖေနှင့် မေမေတို့၏ ဥပေက္ခာပြု ခံနေရခြင်းပဲလေ။

"မိဘနှစ်ပါးကို ဘုရားနှင့် တစ်ဂိုဏ်းတည်း ထားပြီး ရိုသေ ကိုင်းရှိုင်းရမယ်"တဲ့။ ဘွားဘွား မှာခဲ့သည့် စကားများ။ နေခြည် ကိုင်းရှိုင်းချင်လိုက်တာ။ ဖေဖေနှင့် မေမေကို ခြေဆုပ်လက်နယ် ပြုချင်လိုက်တာ။ သည်အခွင့်အရေးမျိုး မရပြန်တော့လည်း နေခြည်အဖို့ ကြေကွဲ ဆို့နင့်ရုံက လွဲလို့ ဘာဆို ဘာမှ အဓိပ္ပာယ် မရှိသလိုလို။ ဖေဖေက သူ ဝါသနာပါသည့် ပန်းချီရေးဆွဲခြင်းကို ပြုလုပ်နေရလျှင် ကျေနပ်နေတတ်သည်။ ဖေဖေ ရေးဆွဲထားသော ပန်းချီကားနှင့် ဝတ္ထု မျက်နှာဖုံးများကို သူငယ်ချင်းများက ချီးကျူးကြလျှင် နေခြည် မဲ့ပြုံးကလေး ပြုံးပြမြဲရယ်။

ဖေဖေရဲ့ အောင်မြင်မှုကို ဂုဏ်မယူတတ်လို့ သမီးမိုက်လို့ ခေါ်ကြမလားရှင့်။ မေမေက လုံးချင်းလောကတွင် အောင်မြင်နေသော စာရေးဆရာမ တစ်ဦးဖြစ်ပြီး ပုလင်းဖင်ကွဲလောက် ထူသော မျက်မှန်ဖြင့် အမြဲလိုလို စာရေးနေတတ်သည်။ မိဘနှစ်ပါးလုံး တိုင်းသိပြည်သိ အနုပညာရှင်

များ ဖြစ်နေပြန်တော့လည်း နေခြည်မှာ ကွက်လပ်ကလေး များစွာဖြင့် ရှင်သန်နေရတော့သည်။

ဖေဖေ ပန်းချီရေးနေချိန်၊ မေမေ စာရေးနေချိန်များ တွင် နေခြည်အနေဖြင့် အသက်ပင် ပြင်းပြင်း မရှူရဲအောင် ခြေသံလုံလုံဖြင့် သွားလာ လှုပ်ရှား နေရတတ်သည်။ သတိထား လျှောက်ခါမှ တစ်ခုခုနှင့် ဝင်တိုးကာ 'ဒိုင်းခနဲ ဂျိန်းခနဲ' မြည်သွားတတ်ရာ "အတွေးပျက်လိုက်တာ၊ ဒီလောက်တောင် နမော်နမဲ့နိုင်တဲ့ ကောင်မလေး လာစမ်း" ဟုနားရွက်ကို လိမ်ဆွဲကာ ဖေဖေ သို့မဟုတ် မေမေက ပြစ်ဒဏ် တစ်ခုခု ပေးတတ်သည်။

ရူးတယ်လို့ပဲ ခေါ်ကြမလား။ အပြစ်တစ်ခုခု အပေး ခံရရင် ငိုချင်တာထက် ကြည်နူးမှုက ပိုသည်။ မိဘတွေရဲ့ အထိအတွေ့က ရင်ကို နွေးထွေးစေတာ မဟုတ်လား။ နာတာ ကို ကြိတ်ခံပြီး စပ်ဖျဉ်းဖျဉ်း လက်ဝါးပြင် အရသာက ရင်ထဲ မှာ နာတာထက်စာရင် အရသာ ရှိသလိုလို ကြည်နူးပီတိ ဖြစ်ရပါဘိ။

ဟိုတုန်းက နေခြည်တို့ အိမ်တွင် အိမ်ဖော် ခဏ ခဏ ပြောင်းတတ်သည်။ စာရိတ္တကြောင့်တဲ့၊ ပျင်းလို့တဲ့၊ စွဲချက် တွေက အမျိုးစုံပါပဲ။ နောက်ဆုံး ဘွားနှစ် တစ်ယောက်သာ မြဲသည်။ ဘွားနှစ်က နေခြည်ကို အရမ်းချစ်သည်။

ပုံပြောကောင်းပြီး အိပ်ရာဝင် တေးကလေးများ ဆိုပြ တတ်သည်။ ဘွားနှစ် တောပြန်တုန်းကဆို နေခြည် ငိုလိုက်

ရတာ။ ကျောင်းဖွင့်အမီ ပြန်လာမည်လို့တော့ ပြောသွား သား။ ဟိုအိမ် မသွားရ၊ ဒီလူနှင့် မဆော့ရဆိုတဲ့ စည်းကမ်းများ ကြောင့်လည်း ပို၍ပင် အထီးကျန်စေသည်။ ငေးတတ်၊ မှိုင်တတ်၊ ငိုင်တတ်လာသည်။ တစ်ယောက်တည်း ငိုချင်လည်း ငိုနေ တတ်သည်။ ရွှေဝါက နေခြည်နှင့် ရောပြီး ငိုရမှန်း မသိ။ ကြာတော့လည်း နေခြည့်နှလုံးသား များ တင်းကျပ်နေရာမှ မာကျောသော သဏ္ဌာန်သို့ ပြောင်းလဲကာ တစ်စစီ ကြေမွလာ သလို ခံစားနေရသည်။

*

မနှစ်က မေမေ စာပေဆု တစ်ဆု ရလိုက်သေးသည်။ မေမေ ရေးသော ဝတ္ထုတစ်ချို့ကို ဗီဒီယိုနှင့် ရုပ်ရှင်များလည်း ရိုက်ကြသည်။ မေမေ့မှာ စာပေ ဂုဏ်သိက္ခာက လွဲရင် တခြား မက်မော တွယ်တာ မြတ်နိုးမှုမျိုးလည်း မတွေ့ရ။ စားတာ သောက်တာ ရောင့်ရဲတတ်သော်လည်း ဝါသနာပါသည့် စာရေး ခြင်းကိုမူ အလွန် လောဘကြီးသည်။

ဖေဖေသည်လည်း ရောင်စုံ စုတ်ချက်များနှင့် လောကဓံ၏ အလှတရားကို ရှာဖွေ တင်ပြတတ်သူမို့ ဖေဖေ့ ပန်းချီကားများ နိုင်ငံတကာသို့ ခြေဆန့်သွားတတ်သလို ဖေဖေ တစ်ကိုယ် တော် ပန်းချီပြပွဲ လုပ်တိုင်းလည်း ပွဲတိုင်းလိုလို အောင်မြင်တတ် သည်။

အောင်မြင်မှု နောက်သို့ ခွေနပဲကြီးစွာဖြင့် လိုက်ကြရာတွင် ဖေဖေနှင့် မေမေ နှစ်ဦးစလုံး မာရသွန် အပြေးသမားနှယ် မမောနိုင်၊ မပန်းနိုင်ဖြင့် မျဉ်းပြိုင်နှစ်ကြောင်း ပြိုင်လျက် ပြေးနေတတ်သည်။ အနုပညာသမားချင်းမို့ အဖေနှင့် အမေက တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိကြသော်လည်း အနုပညာ၏ ရသကို မခံစားတတ်သော နေခြည် အဖို့မူ နေနှင့် လ ရှိနေသော်လည်း အလင်းရောင်ကို မခံစားရသည်က အမှန်။

"ကိုယ်ငယ်ငယ်က ပန်းချီသာ ရေးဆွဲနေရရင် ထမင်းမေ့၊ ဟင်းမေ့နဲ့ တစ်ကမ္ဘာလုံးကို အမှတ်မရသလောက်ဘဲ၊ ကိုယ့်မိဘတွေကလည်း လုံးဝ မနှစ်သက်ကြဘူး။ လူကြီးတွေ မနှစ်သက်ကြပေမယ့် ကိုယ်က ပန်းချီပညာကို ကိုယ့်ဘဝထက် မြတ်နိုးတွယ်တာနေတော့ အခက်ပေါ့။ ဘယ်အထိ များလဲဆိုရင် ကိုယ်ပန်းချီ ရေးဆွဲနေတာ မြင်ရင် တွေ့တာနဲ့ လိုက်ပေါက်တာပဲ။ ကိုယ် သည်းမခံနိုင်တဲ့ တစ်နေ့ မိုးတက်မီးလောင်တာပေါ့။ အဲဒီနေ့ကပဲ ကိုယ်မန္တလေးက ထွက်လာခဲ့တာ။ ရန်ကုန် အနုပညာရပ်ဝန်းမှာ ဒုက္ခအဝဲဖုံဖုံနဲ့ မျောပါနေတုန်း မင်းနဲ့ ကိုယ်တို့ရဲ့ဘဝ ပေါင်းစပ် ဖန်တီးမှု နေ့ရက်ကလေးတွေ ဖြစ်လာတာပေါ့"

အဆိုပြန်နေသော ဖေဖေ့ မျက်နှာမှာ အပြုံးရိပ် သမ်းနေသည်။

"ရှင် မှတ်မိသေးရဲ့လား။ ကျွန်မတို့ မင်္ဂလာဆောင်တုန်းကလေ ရှင်က ပန်းချီဆရာ၊ ကျွန်မက စာရေးဆရာမ ဒီ

အိမ်ထောင်စု လူမွေးပြောင်မလား စောင့်ကြည့်ရသေးတာပေါ့လို့ မှကြားတကြား ပြောသွားကြတဲ့ ပါးစပ်တွေကို ကျော်ကြားမှုကြောင့် ရလာတဲ့ ကြွယ်ဝမှုနဲ့ အနိုင်ယူ ပြချင်နေတာ၊ အနုပညာသည်တိုင်း မွဲတေရမယ်ဆိုတဲ့ စတိုင်လ်ကို ကျွန်မ လုံးဝ လက်မခံဘူး။ ရှင်လည်းပဲ အရိုက်ကို လျှော့သောက်ဦး။ အသည်းကျွမ်းလို့ အသည်းကင်ဆာ ဖြစ်လို့ သေသွားတဲ့ မသာတွေ နည်းသလား"

ဖေဖေနှင့် မေမေသည် ရေးဟောင်းနှောင်းဖြစ်များကို ပုံပြင်သဖွယ် ပြောဆိုရင်း ကြည်နူးနေတတ်ကြသည်။ မေမေက ခွေနပဲကြီး၏။ ခက်ထန် မာကျောသယောင် ရှိသည်။ စကားဝိုင်းတွင် နေခြည်၌ နာမည် ပျောက်နေတတ်သည်။ တကယ်ဆို တစ်ဦးတည်းသော သမီးလေး၏ နာမည်က ပါးစပ်ဖျားတွင် မချတမ်း ပြောနေရမှာပေါ့။

မိဘနှစ်ပါး၏ ကြည်နူးသာယာမှုကို နေခြည် ချောင်းချောင်း ကြည့်ဖူးပါရဲ့။ မိဘနှစ်ပါးကြား တိုးဝင် မရပ်တည်နိုင်သဖြင့် ကစားဖော် ရွှေဝါလေးရဲ့ ခေါင်းကလေးကို ပွတ်သပ်ပေးရင်း အံကြိတ်နေခဲ့မိသည်က အကြိမ်ကြိမ်။

မိုးက ဝုန်းဒိုင်းကြဲပြီး အားနှင့် မာန်နှင့် ရွာနေသည်။ ပန်းကလေးတွေ ကြွေကျပြီး ရေထဲ မျောပါကုန်တော့မှာပါလား။

မည်သူမှ မသိအောင် ခြံထဲဆင်းပြီး ဆယ့်နှစ်ရာသီ ပန်းကလေးများကို တစ်ပွင့်ချင်း လိုက်ကောက်ရင်း နေခြည် တစ်

ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းလာသည်။ ဒူးကလေး နှစ်ချောင်း တဆတ်ဆတ် တုန်နေသည်။ အသက်ရှူ မဝသလိုလည်း ခံစားလာရ၏။ နေခြည် မတ်တတ်ရပ် မနေနိုင်တော့၊ အပင်ခြေရင်းတွင် မှီလျက်ထိုင်ချလိုက်သည်။

မိုးက ရွာသွန်းနေမြဲ။ လေလည်း တိုက်ဆဲ။

မျက်လုံးထဲမှာ အရောင်အားလုံး ဝိုးဝါးလာသည်။ တညောင်ညောင်နှင့် ရွှေဝါလေး၏ အော်ခေါ်သံများကို မကြားတစ်ချက် ကြားတစ်ချက် နေခြည် မျက်လုံးကို မှိတ်ပစ်လိုက်၏။ လောကအားလုံး မှောင်မည်းကျသွားသည်။

မျက်ရည်ဥလေးများ စီးကျလေရောထင့်။ ထိုမျက်ရည်များက မိုးရေစက်ကလေးများနှင့် အတူ မျောပါသွားလိမ့်မည်။

*

"ကိုယ်အပူချိန် များပြီး သတိမေ့နေတဲ့ သုံးရက်လုံးမှာ 'ဖေဖေကြီးကို မုန်းတယ်၊ မေမေကြီးကို မုန်းတယ်' လို့ ရေရွတ်နေခဲ့တယ်နော်။ ဒါကိုထောက်ရင် ကလေးမှာ စိတ်ပိုင်းဆိုင်ရာ ဝေဒနာ တစ်ခုခုကို ခံစားနေရသလိုပဲ"

ကလေးအထူးကု ဆရာဝန်ကြီး၏ မှတ်ချက် စကားကြောင့် မျက်စိမျက်နှာ ပျက်သွားသူတို့မှာ ပန်းချီဆရာနှင့် စာရေးဆရာမ လင်မယားပင်။

"ကျွန်တော်တို့ အမှားပါ၊ တစ်ဦးတည်းသော သမီးလေးကို ယုယကြင်နာဖို့ထက် ကိုယ့်အနုပညာ ဖန်တီးမှုကို အဓိက

ထားခဲ့မိတဲ့ ရလဒ်တွေပေါ့ ဆရာရယ်၊ မိဘနှစ်ပါးရဲ့ ရင်ခွင်မှာ နွဲ့ဆိုး ဆိုးရင်း နေရမယ့် အချိန်မှာ ကလေးက တစ်ယောက်တည်း ပဲ့ထွက် နေခဲ့တယ်"

"သမီးလေးအတွက် လိုအပ်ရင် ကျွန်မတစ်သက်လုံး စာမရေးတော့ပါဘူး။ အားလုံးကို စွန့်လွှတ်ဖို့လည်း အဆင်သင့် ဖြစ်နေပါပြီ"

"အောင်မြင်ကျော်ကြားတဲ့ မိဘတွေက မွေးဖွားလာတဲ့ ကလေးတချို့ဟာ တစ်ခါ တစ်ခါ ခုလိုပဲ အထီးကျန်တတ်ကြပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ စိတ်အထူးကု ဆရာဝန်နဲ့တော့ ပြကြည့်သင့်တယ်"

နေခြည် ဘာဖြစ်လို့လဲ၊ ကြောင်ကလေး ရွှေဝါကော၊ ပန်းပွင့်လေးတွေကော။ အော်ပြီး မေးနေမိသော်လည်း အသံက ထွက်မလာ။ နှာခေါင်းထဲ ဘာတွေ ထည့်ထားပါလိမ့်။ နားထဲ တိုးဝင်လာသော စကားသံများကြောင့် နေခြည် မျက်လုံးကို အတင်းဖွင့်ရန် ကြိုးစားကြည့်သည်။ မှောင်ဆဲ၊ မှောင်ပိန်းနေဆဲပါပဲလေ။

အမှောင်ထဲက အလင်းတန်းကလေး။ အဲဒီ အလင်းတန်းကလေးကို နေခြည်... နေခြည် မျော်လင့်နေမိတာ ကြာပြီကော...။

❑

[လုံမလေးမဂ္ဂင်း၁၉၉၇-ခုနှစ်]

ထိုဒဏ



အမေသည် ဘုရားဝတ်ပြုပြီးတိုင်း သာဓုခေါ် အမျှပေးဝေပြီး ကြေးစည် ထုလေ့ ရှိသည်။ ကြေးစည်သံ လွင်လွင်လေးက ရင်ကို အေးမြစေ၏။ တစ်နေကုန် စားဝတ်နေရေးအတွက် ပင်ပန်းတကြီး ရှာနံကန် လူပ်ရှားခဲ့ရသမျှ အမေ့ ကြေးစည်သံလေးက ရင်အမောကို ပြေပျောက်စေသည်။ ကြည်နူးမှု အရသာကိုလည်း ခံစားရတတ်ပါသည်။

ထိုညက မိုးတစိမ့်စိမ့်နှင့် ရွာနေပါသည်။

စာရေး စာဖတ်ပြီး အိပ်ရာဝင် နောက်ကျတတ်သော ကျွန်တော့်အတွက် ဇနီးဖြစ်သူက ရေနွေးအိုး ထားပေးခဲ့ပြီး အိပ်ရာထဲ ဝင်သွားသည်။ မနက် ကျောင်းသွားမည့် ကလေးနှစ်ယောက်လည်း တခေါခေါနှင့် အိပ်ပျော်နေကြပြီ။ စာတစ်ပုဒ် ရေးချင်သော်လည်း အတွေးများ လွင့်ပျံ့နေ၍ မရေးဖြစ်။ ရေနွေး ပူပူလေး မှုတ်သောက်လိုက်၊ ဆေးလိပ်တိုလေးကို

ကောက်ဖွာရင်းနှင့်သာ အချိန်က ကုန်မှန်းမသိ ကုန်သွားသည်။ အပြင်မှာ မိုးတွေ ရွာကောင်းဆဲ။

အရာအားလုံး တိတ်ဆိတ် ငြိမ်သက် နေကြသည်။ ဆရာတော် ဦးသာသနာဘိဝံသ၏ 'အတ္တာဒိဋ္ဌိပယ်သတ်တရားတော်' ကို ဖတ်ဖြစ်သွားသည်။ အသက် ၄၀ ပြည့်ပြီး ကတည်းက ထေရဝါဒ ဗုဒ္ဓစာပေများကို နှစ်ခြိုက်မြတ်နိုးစွာ လေ့လာဖြစ်သည်။ ငါးပါးသီလနှင့် ရှစ်ပါးသီလ စသည်တို့ကို လည်း အခါအားလျော်စွာ စောင့်ထိန်းတတ်ခဲ့သည်။ ခန္ဓာ ကိုယ်မှာ ဖြစ်ပေါ်နေသည့် ထိမှု၊ သိမှု နာကျင်မှုကိုလည်း ရှုခဲ့ မှတ်ခဲ့ ဖူးသည်။ ဟိုတုန်းက ရမ်းခဲ့ မိုက်ခဲ့ ကြမ်းခဲ့ ဖူးသည်။ ဘဝမှာ ပြင်မရသော အမှား တချို့ကိုလည်း ကျူး လွန်ဖူးသည်။ ခုတော့လည်း အသက်အရွယ်ကြောင့် ထင်ရဲ့။ အရာရာကို 'သတိ' နှင့် ထိန်းကာ ဘဝမှာ အချိုးပြေပြေ နေတတ်လာသည်။

ကြောင်ကလေးရွေဝါသည် ရေစိုစိုနှင့် ပွတ်သီးပွတ်သပ် လာလုပ်သည်။ နာရီကို လှမ်းကြည့်လိုက်တော့ ည ၁၂ နာရီ ထိုးလုပြီ။

တရားကြောင့် ရုပ်နှင့် နာမ်ကို သိလာသည်။ ရုပ်နာမ်ကို ရုပ်နာမ်လို့ အမှန်မသိဘဲ ငါပဲ၊ သူပဲ၊ လူပဲ၊ နတ်ပဲ စသည်ဖြင့် ကိုယ့်ကိုယ်ကိုယ် ထင်မှတ် စွဲလမ်းနေကြသည်။ ရုပ်နာမ် မှန်သမျှ အနိစ္စပဲဟု ဆရာတော်က ဟောထားသည်။

တဟွပ်ဟွပ်နှင့် အဆက်မပြတ် ချောင်းဆိုးသံ ကြားလိုက် ရသည်။ "ချောင်းတွေ အရမ်း ဆိုးနေပါလား။ အမေ အဆုတ် အအေးမိပြီနဲ့ တူတယ်..." စိတ်ထဲက ရေရွတ်ဖြစ်သည်။

ချောင်းဆိုးသံ တိတ်ဆိတ်သွားပြီးနောက် အမေ့ အိပ်ခန်းထဲမှ ညည်းသံလိုလို ကြားလိုက်ရသည်။ အမေ ဘာများ ဖြစ်ပါလိမ့်။ မနက်က နေကလေးထွက်တော့ ခေါင်း လျှော် ရေချိုးတာတော့ တွေ့လိုက်ရသည်။ ရေကြိုက်သော အမေသည် ရေကြောင့်ပင် အမြဲလိုလို ဒုက္ခများတတ်ပါသည်။ ခုလည်း ဖျားများနေသလား။ အိပ်ရာဝင်ခါနီးထိ ရွှင်ရွှင်ပျပျပဲလေ။

အမေ့ထံ ရောက်သွားသော စိတ်ကို စုစည်းကာ တရားကို ဆက်ဖတ် ဖြစ်သွားသည်။ ညည်းသံများက တဖြည်းဖြည်း စိပ်လာသည်။ ရှေ့ဆင့် နောက်ဆင့်ပင် "အောင့်တယ်၊ မွန်းလိုက်တာ၊ ငါ မခံနိုင်တော့ဘူး" ဟု အော်သံကြောင့် အမေ့ အိပ်ခန်းထဲ ပြေးဝင်ဖြစ်သွားသည်။

'ညောင့်' ခနဲ မြည်ကာ... ကြောင်ကလေး ရွှေဝါထပြေး သွားသည်။ ညိုပြာလည်း အမေ့ အခန်းထဲသို့ စိုးရိမ်တကြီး ရောက်လာသည်။ မြင်ကွင်းက မချိတင်ကဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ချင်စရာ။ အိပ်ရာ၊ ခြင်ထောင်များကား ဖိုးရိုးဖားရား၊ ကိုးရိုးကားရားကြီး၊ အိပ်ရာပေါ်မှာ အမေ လူးလိမ့်နေရှာသည်။

လေဝင်လေထွက် ကောင်းအောင် အိပ်ခန်းတံခါးကိုဖွင့် လိုက်တော့ မိုးစက်ကလေးများ တိုးဝှေ့ ပြေးဝင်လာသည်။

"အမေ မခံနိုင်တော့ဘူး။ အမေ သေတော့မယ်..."

ရင်ထဲက... သိမ့်ခနဲ ခုန်သွားသည်။

"ဘာဖြစ်လို့လဲ အမေ... အမေ သတိထားပါဦး..."

ညိုပြာ...ပျာယာခတ်နေပြီ။ ယပ်တောင်တစ်ချောင်း ပြေးဆွဲကာ သက်သာလို သက်သာငြား မျက်နှာရှေ့ ယပ်ခတ်ပေးသည်။ အမေက ထလိုက်၊ အိပ်လိုက်၊ မှောက်လိုက်၊ လှဲလိုက်နှင့် ဝေဒနာ သက်သာဖို့ ကြိုးစားတာ တွေ့ရသည်။ မွန်းကျပ်မှုက ဘယ်ရွှေထောင့်မှနေနေ သက်သာ ဟန်တော့ မပြပေ။

"အသက်ရှူ မဝဘူး... မွန်းလိုက်တာ သားရယ်.."

အမေ့စကား ကျွန်တော့်ရင်ထဲ ခါသွားသည်။ ပရုတ်ဆီလိမ်းပေးရ ကောင်းနိုး၊ လျက်ဆား လျက်ခိုင်းရ ကောင်းနိုးနှင့် တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်နေသည်။ မွန်းတယ်၊ အောင့်တယ် ဆိုပြီး သေသွားသည့် လူတွေကလည်း ဒုနှင့် ဒေး။ အမေ့မှာ နှလုံးရောဂါ မရှိမှန်း သိနေ၍သာ စိတ်သက်သာရာ ရသွားသည်။

နေ့လယ်က နှလုံးသမား သူငယ်ချင်း အသုဘကို လိုက်ပို့ခဲ့ရသေးသည်။

အမေ့ တစ်ကိုယ်လုံး ချွေးသီးများ သီးနေ၏။ ကိုယ်တိုင် ဝင် ခံစားလိုက်ချင်သည်။ အမေ့လို ခံစားရမှု ပြင်းထန်လွန်းပုံကို မကြည့်ရဲသလို ဖြစ်လာသည်။ တမင် နှိပ်စက် ညှဉ်းပန်းသလို ဖြစ်နေသည်။ အသက်ရှူဖို့ ကြိုးစားရင်း ပိန်ပိန်သေးသေး အမေ အင်အား ကုန်ခန်းစ ပြုနေပြီ။ စိုးရိမ်စိတ်က ရင်မှာ ပြင်းစွာ လှိုင်းထနေချေပြီ။ ကျွန်တော်တို့ မိသားစု အတွက် ကြမ္မာဆိုးက ရုတ်ချည်း ဖြစ်ပေါ်လာသည်။ အတွေ့

အကြုံသစ်လည်း ဖြစ်သည်။ အမေ့ကို ကြည့်၍ စိတ်ထဲ၌ ကြောက်ရွံ့မှုဖြင့် နပန်းသတ်နေခဲ့သည်။

အဆုံးသတ်အဖြေ မည်သို့ ရှိလေမည်နည်း။

"ဒီအတိုင်း ကြည့်နေလို့ ဖြစ်ပါမလား... ဟိုဘက်လမ်းက အထူးကု ဆရာဝန်ကြီးကို သွားပင့်ရင် ပိုအဆင်မပြေဘူးလား..."

ညိုပြာ စကားကြောင့် ရင်းနှီးစွဲ ဆရာဝန်ကြီးကို သတိရသွားသည်။ သူ အိပ်များနေမလား...၊ ညဂျူတီ ကျ၍ ဆေးရုံများ ရောက်နေမလား...။ စိတ်ထဲ မတင်မကျ ဖြစ်သွားသည်။

"အမေ့ကို ဂရုစိုက်ထား... ကိုယ် ဆရာဝန် သွား ခေါ်မယ်"

ညမှောင်မှောင် မိုးအေးအေးနှင့် သုတ်သီးသုတ်ပျာ လျှောက်လာ နေသော ကျွန်တော့်ကို အိမ်အောက်ထဲ အိပ်နေသော ခွေးက ထိုး၍ဟောင်သည်။ ကြောက်စိတ်ဖြင့် ခြေလှမ်းများ ရပ် တန့်သွား၏။ ဖတ်ထားခဲ့သော အနှိစ်၊ ဒုက္ခ၊ အနတ္တ တရား များလည်း ဘယ်ဆီ ရောက်သွားမှန်း မသိလိုက်တော့။

ဆရာဝန် တိုက်ခန်းရှေ့ ရောက်တော့ တံခါးကို မဝံ့မရဲနှင့် ခေါက်မိသည်။ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် အဆက်မပြတ် တဒုန်းဒုန်းခေါက်မှ...

"ဘယ်သူလဲဟေ့" ဟု မေးသံနှင့်အတူ... အိပ်ခန်းမီး လင်းသွားသည်။

"ကျွန်တော်ပဲဆရာ...ဗလပါ အမေ မွန်းတယ် မွန်းတယ်နဲ့ အသက်ရှူ မဝ ဖြစ်နေလို့ ဆရာ့ကို လာပင့်တာပါ"

"ဩော်... စာရေးဆရာကြီးကိုး... ညကြီးမိုးချုပ်ဗျာ"

တော်သွားသေးသည်။ ဆရာဝန်ကြီး အိမ်မှာ ရှိနေလို့ နို့မဟုတ်ရင် အခက်ပူရချည့်။ ငါးမိနစ်လောက် ကြာတော့ ဆရာဝန် အိပ်ခန်းထဲက ထွက်လာသည်။ ဝမ်းသာမှုဖြင့် တံတွေးကို မျိုချဖြစ်သွားသည်။

"ကျွန်တော်လည်း ဂျူတီဖြုတ်လို့ ခုမှ ပြန်ရောက်တာ.. အိပ်မလို့ ကြံကာ ရှိသေးတာ"

ဆရာဝန်ကြီး ညည်းတွားသည်။ မိုးရေထဲ နှစ်ယောက်သား အိမ်ဘက်သို့ လျှောက်ဖြစ်သည်။ လေပြင်းကြောင့် တစ်ကိုယ်လုံး ရွဲရွဲစိုနေပြီ။ မိုးကလည်း တစိမ့်စိမ့်နှင့် ရွာကောင်းတုန်း။

အမေက... ကျယ်ကျယ်လောင်လောင်နှင့် ...အော် ညည်းဆဲ၊ အမေ့ခမျာ တစ်ခါတစ်ရံ ဝေဒနာကို အလွန် ရုန်းရဟန် တူသည်။ ပြင်းထန်သော လက္ခဏာကြောင့် ခံရချက် ဆိုးရွာပေလိမ့်မည်။ အမေ့ သွင်ပြင်ကြောင့် ဆရာဝန်ကြီး ခပ်ရွဲ့ရွဲ့ ဖြစ်သွားဟန် တူသည်။ နားကြပ်နှင့် ထောက် သွေးပေါင်ချိန်ပြီး ဖြစ်ခဲ့ဖူးသော ရောဂါရာဇဝင် တချို့ကို မေးသည်။ သက်ပြင်းရှိုက်သံ တိုးတိုးတိတ်တိတ် ကြားလိုက်ရသည်။

"နှလုံးခုန် သိပ်မြန်နေတယ်ဗျာ... သွေးပေါင်လည်း ကျတယ်"

ပြောရင်းနှင့် ဆရာဝန်ကြီး စဉ်းစားခန်း ဖွင့်သည်။

"ဆေးရုံ တင်လိုက်ရင်တော့... အကောင်းဆုံးပဲ... ကိုဗလ"

"ဗျာ" ထူးဖြစ်သွားသည်။ စကားကြောင့် စိတ်ကို ပို၍ လှုပ်ရှား သွားစေသည်။

"ဆရာရယ်... အသက်ရှူ ဝအောင် ဆေးတစ်လုံး လောက်တော့ အမေ့ကို ထိုးပေးခဲ့ပါ"

အမေက...အသက်ကို အားယူရင်း တောင်းပန်စကား ဆိုသည်။ အမေ့ရုပ်သွင်ကို ကြည့်၍ ကျွန်တော်ပင် အသက်ရှူ မဝ ဖြစ်နေသည်။ ညိုပြာ မျက်နှာညှိုးနေပြီ။ ဆေးရုံ တင်ရမည်ဆိုတော့ ခြေဖျားများ အေးစက် သွားသေးသည်။

"မဖြစ်လို့ပါ အမေရယ်... အမေရင် အရမ်းကျပ်နေတယ်လေ"

ဆေးအိတ်ကို ပိတ်၍ ဆရာဝန်ကြီး အိမ်ရှေ့ ထွက်လာသည်။ အမေ မျက်ရည် စီးကျသွားသည်။

"ကျွန်တော် ဆေးစာ ရေးပေးလိုက်မယ်။ ကားတစ်စီး ငှားပြီး ဆေးရုံ သွားလိုက်ပါ... ကြာရင် မကောင်းဘူး"

သူ စကားကြောင့် ရင်ထဲ ဒိန်းခနဲ မြည်ကာ မိုက်ခနဲ ဖြစ်သွားသည်။

"လမ်းမှာ တစ်ခုခု ဖြစ်မှာစိုးလို့ သောက်ဆေးဖြစ်ဖြစ် တစ်ခုခု ပေးသွားပါလား ဆရာ..."

"မွန်းတယ် အသက်ရှူ ခက်လိုက်တာ...၊ အာရုံပြုလို့ မရဘူး"

လူနာကို ပစ်၍ အသည်းမာမာဖြင့် ဆရာဝန် ထွက်သွားသည်။ သူ့ကို ထီးမိုး၍ စိတ်မပါတပါဖြင့် လိုက်ပို့ဖြစ်သည်။ မိမိကိုယ် မိမိ ယုံကြည်စိတ်ချမှု အားနည်းသွားသည် ထင်၏။ စိတ်ထဲမှာ အမေ့ ဝေဒနာ သက်သာအောင် တစ်ခုခု လုပ်ပေးသွားစေချင်သည်။

သူ့ အိမ်ရှေ့ ရောက်တော့ "မြန်မြန်သွားနော် ကိုဗလ" ဟု ပြောပြီး တံခါးကို ဆောင့်ပိတ်လိုက်သည်။ ရင်ထဲမှာ ဟာသွားသည်။ အပြန်လမ်းတွင် ခြေလှမ်းများ နှေးကွေးလှသည်။

ဆေးရုံတင်ရင် လိုအပ်မည့် ငွေကြေးကို တွက်ချက်ဖြစ်သည်။ အိမ်တွင် ငွေလက်ကျန်က နည်းနေသည်။ ငွေကြေး လုံလုံလောက်လောက် ပါမသွားရင် ဆေးရုံ၌ အခက်တွေ့လိမ့်ဦးမည်။ အထူးကု ဆေးခန်းတွေကို မစဉ်းစားရ။ လူတစ်ကိုယ်လုံး ပါးပါးလွားလွား ဖြစ်သွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် အမေ့ကို လက်လွတ် ဆုံးရှုံးခံ၍မဖြစ်။ ဘဝမှာ အမေ၏ မေတ္တာရိပ်သည်သာ အအေးမြဆုံး။ စက္ကန့်လေး တစ်စက္ကန့်အတွင်း ဗြုန်းဆို ဖြစ်ပျက်သဘော ဆောင်သွားနိုင်သည်။ နေ့လယ်က အသုဘမြင်ကွင်း မျက်စိထဲ ထင်လာတော့ ကျောထဲ စိမ့်သွားသည်။ ဆိုင်းတွေနေ၍ မဖြစ်။ အရေးပေါ်သွားပြီး ငွေလိုရင် တောင်ဒဂုံစက်မှုဇုန်မှ မိတ်ဆွေဆီ ဖုန်းဆက်ပြီး အကူအညီ တောင်းသင့် တောင်းရမည်။ မိုးလင်းရင်

"ကျုပ် မပေးရဲဘူးဗျာ... ကျုပ် ဆေးထိုးဆေးပေးလို့ အမှားအယွင်း တစ်ခုခု ဖြစ်သွားရင် လူနာအတွက် မကောင်းဘူး။ ကျုပ်လည်း နာမည်ပျက်မယ် ဆေးရုံကိုသာ အမြန်သွားလိုက်ပါ။ တတ်နိုင်ရင်တော့ ဗဟိုစည်တို့၊ ဆာကူရာတို့ တစ်ခုခု တင်လိုက်ပေါ့..."

"ဟုတ်... ဟုတ်ကဲ့ ဆရာ..."

ဘာမှ မပြောသာပါ။ စိတ်ထိခိုက်စွာ ညှိုးငယ်ပြီး သူ့ကို ကြည့်နေမိသည်။ မမြင်ရသော ကြမ္မာက ဘေးချင်းယှဉ် လိုက်ပါ လာသည်။ ညီပြာက ဆရာဝန်ကြီးကို စာအိတ်လေးတစ် အိတ် ကမ်းပေးလိုက်သည်။ ခြေကြွခ ထင်သည်။ စာအိတ်ကို ကောက်ထည့်ပြီး ဆရာဝန်ကြီး အိမ်ပြန်သွားသည်။ သူ့ကျောပြင်ကို ကြည့်၍ "တားမရရင်လည်း သွားပေါ့ ဆရာရယ်" ဟု ပြောဖြစ်သွားသည်။ အသံကတော့ ထွက်မလာ အမေ့ကို စောင်းငဲ့ကြည့်လိုက်တော့ မျှော်လင့်ချက် ကုန်ဆုံးသွားလို့ အရုပ်ကြိုးပြတ်သလို ခွေကျနေသည်။

အမေ အံကြိတ်တာ တွေ့လိုက်ရ၏။ အသက်ရှင်ဖို့ အတွက် အားမာန်တွေ ထင်ပါရဲ့။ အမေ ဖွဲကြီးသည်။ တော်ရုံနှင့် မာန်မလျှော့တတ်။ သည်အတွက် အမေ အသက်ရှင် နေဦးမည်ဟု မျှော်လင့်မိသည်။

ညီပြာ နှုတ်ခမ်းတွေ လှုပ်နေ၏။ ဘုရားဂုဏ်တော် တစ်ခုခု ရွတ်နေဟန် တူသည်။ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုတွေကို အမှတ်ရဖို့ အမေ့ကို ပြောနေရှာသည်။

တစ်ခုခု ထုခွဲ။ ဒါမှမဟုတ် ငွေစုဘဏ်က ရှိတာ အကုန်ထုတ်ရုံသာ။

အိမ်ကို ရောက်တော့ သမီးကြီးက ထီးကို လှမ်းယူသည်။ သမီး နိုးနေရှာပြီကိုး။ ညိုပြာက အထုပ်အပိုး ပြင်နေသည်။ တကယ်ပဲ အမေ့ကို ဆေးရုံတင်ရတော့မှာပါပဲလား။

"ဆရာဝန်ကြီးမို့ အားကိုးမိပါတယ်၊ နည်းနည်းပါးပါး ဝေဒနာ သက်သာအောင် ဆေးကုပေးမလား အောင်မေ့တယ်၊ ခုတော့"

"ညိုရယ်... သူခမျာ မိုးထဲ ရေထဲ လာစမ်းသပ် ပေးသွားတာကိုပဲ ကျေးဇူးတင်ရမှာ၊ ဆေးထိုးဆေးပေး မဖြစ်လို့ ပေးမသွားတာပေါ့၊ အမေ့အတွက် အကောင်းဆုံးဖြစ်ဖို့ တစ်ခုပဲ ခေါင်းထဲ စဉ်းစား"

ရေစိုအဝတ်ကို လဲဝတ်ရင်း... ညိုပြာကို နှစ်သိမ့်လိုက်ရသည်။ ဆေးရုံသွားရင် အိမ်နားပါးနီး တစ်ယောက်ယောက် နေခဲ့သွားရဦးမည်။ အဝတ်အစား လဲပြီးတာနှင့် အမေ့ဘေးဝင် ထိုင်ဖြစ်သည်။

"အမေ ကျွန်တော်တို့ ဆေးရုံ သွားရအောင်နော်'

"သားရယ်... အမေ့ကို တကယ်ပဲ ဆေးရုံတင်တော့မှာလား... အိမ်မှာ သက်သာအောင် လုပ်လို့ရရင် လုပ်ပေးပါ သားရယ်... ဘာပဲဖြစ်ဖြစ် အမေ အိမ်မှာပဲ နေချင်တယ်"

အမေ့စကားကြောင့် ကျွန်တော်နှင့် ညိုပြာ မျက်လုံးချင်း ဆုံသွားသည်။ သမီးကြီးက ငိုမဲ့မဲ့ ဖြစ်နေ၏။ သမီးက

အဘွားကို သိပ်ချစ်တာ။ ည အိပ်ရာဝင်တိုင်း အဘွားနှင့် ဘွတ်တီးတွတ်တာ ပြောပြီးမှ အိပ်ရာဝင်ကြတာ။ အမေ့ ဘဝမှာ မည်သည့်အခါမှ ဆေးရုံ မတက်ဘူးခဲ့။ သားသမီးတွေ မွေးတာတောင်... အရပ်လက်သည်နှင့် မွေးသည်တဲ့လေ။ အမေ ဆေးရုံဆို သိပ်ကြောက်သည်။

"လှိုင်ရတနာတိုက်ခန်းက ကိုယ့် သူငယ်ချင်း ဆရာဝန်လေးကိုခေါ်ပြရင် မကောင်းဘူးလား..."

"ကောင်းတော့ ကောင်းတယ် အချိန်ဆွဲသလို ဖြစ်မှာ စိုးတယ်"

"ကဲ ကဲ၏ အကျိုးပေးပါ အစ်ကိုရယ်... ညိုတို့ဘက်မှာ ဘုရားရှိပါတယ်။ အမေက ဆေးရုံမှ မတက်ချင်ဘဲ... အမေ့ ဆန္ဒ မပါဘဲ ဇွတ် မလုပ်ပါနဲ့။ သွားသာ ခေါ်လိုက်ပါ။ အမေ... အားတင်းထားနော်..."

"အင်း..."

မြတ်စွာဘုရား... ညိုပြာ ပြောမှ သတိရသည်။ ဘုရားစင်ပေါ်မှ ဗုဒ္ဓဆင်းတုတော်ကို လှမ်းကြည့်လိုက်တော့ အေးမြသော မျက်နှာတော်ကို ဖူးတွေ့လိုက်ရသည်။

*

"ဒေါက်... ဒေါက်... ဒေါက်"

အခန်းသော့ခလောက်ကို လေးငါးချက် ခေါက်မိသည်။ 'ကျွိခနဲ' မြည်သံနှင့်အတူ... အခန်းတံခါး ပွင့်လာသည်။ ကျွန်တော့်ကို မြင်တော့ သူ ပျာပျာသလဲ ဖြစ်သွားသည်။

သူနှင့်ကျွန်တော်က ကျောင်းနေဖက် သူငယ်ချင်းတွေ၊ ဆေးဖော် ဆေးဖက်၊ ကစားဖော် ကစားဖက်။ သူဆရာဝန် ဖြစ်သွားချိန်တွင် ကျွန်တော်က စာရေးဆရာ ဖြစ်လာသည်။

ဂုဏ်နှင့် အဆင့် ကွာချင်တိုင်း ကွာသွားသည်။

"ဟာ... သူငယ်ချင်း ညကြီးမိုးချုပ် ဘယ်သူ ဘာဖြစ်လို့တုံး..."

"အမေကွ... ကောက်ကာငင်ကာ မောတယ်၊ မွန်းတယ်နဲ့ အသက်ရှူရတာ ခက်နေလို့ မင်းဆီ ပြေးလာခဲ့တာ"

"ဟုတ်လား...အဘွားကြီး ဆေးလိပ် ခိုးသောက်ပြန်ပြီနဲ့ တူတယ်။ ကိုယ်လည်းခုပဲ အိပ်ရာ ဝင်မလို့ လုပ်နေတာ။ ဟိုဘက် တိုက်ခန်းက လူနာတစ်ယောက် အသည်းအသန် ဖြစ်လို့ သွားကြည့်ပေးရသေးတယ်။ ည၊ ည အိပ်ရတယ်ကို မရှိပါဘူးကွာ... ဆရာဝန်ဖြစ်ရတာလည်း မလွယ်ဘူးဟေ့ မင်းလို အလုပ်တစ်ဖက်နဲ့ စာရေးနေရရင်... သိပ်ကောင်းမှာ..."

စာရေးဆရာဘဝကို အားကျစွာ သူညည်းသည်။ 'လူဟာရတာ မလို၊ လိုတာ မရတတ်တဲ့ အမျိုးပါပဲလား'။ သူယူထိုက် ယူသင့်သည့် ဆေးတချို့ကို ဆေးအိတ်ထဲ ကောက်ထည့်ပြီး နှစ် ယောက်သား တိုက်အောက်သို့ ဆင်းလာခဲ့ကြသည်။ သူ့မိန်းမ က တိုက်ခန်းတံခါး သေချာပိတ်ပြီး နှုတ်ဆက် ကျန်ရစ်ခဲ့ သည်။

မိုးက ဖွဲဖွဲကလေးသာ ရွာတော့သည်။

သူက... လမ်းလျှောက်မြန်သည်။ သူ့နောက် လိုက်ရသော ကျွန်တော့်မှာ ဟောဟဲ ဟောဟဲ ဖြစ်နေတော့သည်။ ကျွန်တော်တို့လမ်းက ရုံ့ဗွက်တွေနှင့် နစ်နေသည်။ ရေဆင်းရေမြောင်း မရှိ၍ ရေဖြင့် ပြည့်လျှံနေသည်။ ရုံ့ဗွက်ထဲ သုတ်သီးသုတ်ပျာ သွားနေသော သူ့ကိုကြည့်ပြီး အားတုံ့အားနာ ဖြစ်နေမိသေးသည်။

ခုနက ဆရာဝန်ကြီးနှင့် ခေါ်ပြတာ မပြောဖို့ ဆုံးဖြတ်မိသည်။

အိမ်ကိုရောက်တော့ အမေ့အိပ်ခန်းသို့ သူ တန်းဝင်သွားသည်။ အမေနှင့် သူက သားရင်း မိဘရင်းလို ခင်သည်။ အမေ့ကို မြင်တော့... သူက စုတ်သပ်ပါတော့သည်။ သူ့ကို မြင်တော့ အမေ့မျက်နှာ၊ အရောင်ပြောင်းသွားသည်။ ရောက်၊ ရောက်ချင်း လျှာအောက်ထဲ ဆေးတစ်လုံး ထည့်ပေးကာ ဂုံခိုင်းလိုက်သည်ကို တွေ့ရသည်။ နှလုံးခုန်သံကို နားကြပ်နှင့် သေသေချာချာ နားထောင်သည်။ အောက်စီဂျင် အရနည်းသော အဆုတ်ကိုလည်း သူ သေချာ စမ်းသပ်သည်။ သွေးတိုင်းပြီး ကျော၊ ဗိုက်၊ ခြေ ၊ လက် တစ်ခုမကျန် စေ့စေ့စပ်စပ် ကြည့်သည်။ ပြီးမှ သူ သက်ပြင်းရှည်ရှည်ကို မှုတ်ထုတ် လိုက်သည်။

မိနစ်ပိုင်အတွင်း ရောဂါရှာဖွေမှုနှင့် ရောဂါအမည်တပ်မှုကို ဦးနှောက်ဖြင့် တွေးခေါ် ဆုံးဖြတ်ပြီးသွားဟန် တူသည်။

"ဆေးရုံမှာ အောက်စီဂျင် ပေးရှူ လိုက်ရင်တော့ သိပ်ကောင်းသွားမယ် သူငယ်ချင်း..."

"ဘာပဲဖြစ်ဖြစ်ပါ... သူငယ်ချင်းရယ်... အိမ်မှာပဲ အမေ့ဝေဒနာ သက်သာအောင်...၊ မင်း ကြိုးစား ကုပေးပါ။ အမေ့ကို အပ်ပါတယ်ကွာ"

အသံက ဝမ်းနည်းသံဖြင့် တုန်ခါနေလိမ့်မည်။

"ဦးဦးဆရာဝန်ကြီးနော်... ဘွားဘွားကို နေကောင်းအောင် ကုပေးပါ"

သမီးကြီးက ဝင်ပြောသည်။ သမီးခေါင်းကို သူက ပွတ်သပ် ပေးလိုက်သည်။

"အေးလေ ... ဆရာဝန်ပဲကွာ... လူနာ၊ ဝေဒနာနဲ့ ထိပ်တိုက် ရင်ဆိုင်ဖို့... အသင့် ဖြစ်နေရမှာပေါ့။ ဒီပြဿနာကို ငါ ရှောင်လွဲ မသွားရက်ပါဘူး။ အတတ်နိုင်ဆုံး ကုသပေးမှာပါ။ မနက်ဖြန် မနက်သာ အီးစီဂျီနဲ့ ဓာတ်မှန် ရိုက်ကွာ..."

"အေးပါ သူငယ်ချင်းရယ်... "

သူက တစ်ခါသုံး ဆေးထိုးအပ်ဖြင့် အမေ့ကို ချိန်ချိန်ဆ ဆနှင့် ဆေးတစ်လုံး စ,ထိုး လိုက်သည်။ ဆေး သုံးလေးမျိုးနှင့် သောက်ဆေး တစ်ခွက်ကိုလည်း ပေးတိုက်လိုက်သည်။ မိနစ်ပိုင်းအတွင်း သူ လုပ်ပုံ ကိုင်ပုံက မြန်ဆန်လွန်းလှသည်။ ၁၅ မိနစ်၊ မိနစ် ၂၀ ကြာတော့ အကြောဆေး တစ်လုံးကို သွင်းပေးပြန်သည်။ အမေ နည်းနည်း ငြိမ်ကျသွားသည်။

သူ လက်ဆေးပြီး အိမ်ရှေ့ခန်းတွင် ကျန်တော်နှင့် အတူ ထိုင်ဖြစ်သည်။ နဂိုကြည်လင်သော သူ့မျက်နှာ အပြုံး

ရိပ် သန်းလာသည်။ သူ ဝေဒနာကို ခေတ္တ ထိန်းချုပ် ထားလိုက်နိုင်မှန်း ရိပ်စားမိသည်။

ကျွန်တော့်ရင်... အေးချမ်းသွားသည်။

ညီငြာက ကော်ဖီနှစ်ခွက် လာချပေးသွားသည်။ သမီးကြီးက မုန့်ဘူးမှ မုန့်များဖောက်၍ "ဦးဦး ဆရာဝန် စား" ဆိုပြီး လာချ ပေးသွားသည်။ သမီးကြီးက ငယ်ငယ်က ချူချာတော့ သူနဲ့ပဲ ကုဖြစ်သည်။ သူနှင့် ကျွန်တော် စာအကြောင်း၊ ပေအကြောင်း ပြောဖြစ်သည်။ သူက စာရေးစာဖတ် ဝါသနာပါသည်။ ဆေးဆောင်းပါး ရေးဖို့ သူ့ကို ကျွန်တော် တိုက်တွန်းဖူးသည်။ သူ စာဖတ်ရမှာ၊ ဘာသာပြန်ရမှာ ပျင်းသည်တဲ့ သူ စာရေးဖြစ်ရင် ဝတ္ထုတိုလေးတွေ ရေးမယ်ဆိုပဲ။ "ရူးပါကော" လို့ ပြောဖြစ်သည်။

အမေ့ အိပ်ခန်းထဲသွားပြီ နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်ကို စမ်းသပ်ကြည့်သည်။ အမေက တည်ည်းညည်းနှင့် အိပ်ပျော်နေ၏။ အမေ တစ်ရေးနိုးတော့... ဆေးတစ်ခွက် ထပ်တိုက်သည်။ မွန်းမွန်းကျပ်ကျပ်တော့ ရှိတုန်းပဲ။

"ဒီနေ့အဖို့တော့... စိုးရိမ်စရာ မရှိတော့ပါဘူး။ စိတ်ချရတဲ့ အနေအထားတော့ မရောက်သေးဘူး။ အချိန်မရွေး ထဖောက် လာနိုင်တယ်။ တစ်ပတ် ဆယ်ရက်လောက် တော့ ပုံမှန်ဖြစ်အောင် ကုယူရမယ်။ အရင်က အဆုတ်ရောဂါ ဖြစ်ဖူးတော့ အဆုတ်ပတာလည်း ဖြစ်နိုင်သလို... အသက် အရွယ်အရ နှလုံးရောဂါ တစ်ခုခုလည်း ဖြစ်နိုင်တာပဲ။

အသက်ကြီးပြီ။ ဂရုစိုက်ကွာ။ အီးစီဂျိနဲ့ ဓာတ်မှန်ကိုတော့ သုခမှာ သွားရိုက်လိုက်ပေါ့။ မနက်စောစော ကိုယ် တစ်ခေါက် လာကြည့်ပေးမယ်။ ဒီကြားထဲ ဖောက်လာရင် အားမနာနဲ့နော်။ ကိုယ့်ကိုသာ ပြေးခေါ်။ တကယ်တော့ ဆေးရုံပို့သင့်တဲ့ ဝေဒနာနော်။ အဲဒါတော့ မင်းခေါင်းထဲ ထည့်ထား။ လိုအပ်မှ မနက်ကျရင် ဒရစ်လေး ဘာလေး သွင်းကြတာပေါ့...”

သူအိမ်ပြန်မယ်လုပ်တော့ မနက် ၃ နာရီ ထိုးနေပြီ။ မပုံ့ မရဲနှင့် ဆေးကုသခ ပေးတော့ သူက ခေါင်းခါပြသည်။ အားနာလိုက်သည့်ဖြစ်ခြင်း။ ဖတ်ချင်လို့ဆိုပြီး မဂ္ဂဇင်း သုံးလေးအုပ် ကောက်ယူသွားသည်။

“မနောက်နဲ့လေ၊ ဒါ နာရေးကွ... မင်းက ဆရာဝန်တိုင်း ငွေမက်တယ် ထင်သလား။ မင်းနဲ့ ငါက သူငယ်ချင်းလေ။ မေ့သွားပြီလား။ ကုသိုလ်ကောင်းမှုဆိုတာ ဆရာဝန်အဖို့ ယူတတ်ရင် အများကြီးပဲမောင်”

သူက ကျွန်တော့်ပခုံးကို ပုတ်ကာ ပြောသည်။ သူ့ကို လိုက်ပို့ဖို့လုပ်တော့... “မင်းအမေနားမှာ ရှိနေသင့်တယ် နေခဲ့” တဲ့။ သူ ခံပြင်ရောက်တော့ စဲနေသောမိုး ခပ်ပြင်းပြင်း ထပ်ရွာသည်။

သူ့ခမျာ မိုးစိုတော့မည်။

ဟင်းချကာ... ခြေပစ်လက်ပစ် ထိုင်ချရင်း မျက်လုံးကို မှိတ်ထားလိုက်မိသည်။ ဦးနှောက်ထဲ တွေးစရာများ ကျန်ရစ်ခဲ့သည်။

ဆရာဝန်ကြီးနှင့် ဆရာဝန်လေး ဘာများ ကွာပါလိမ့်။ တွေးခေါ်ယူဆချက် မတူလို့လား။ ယုံကြည်မှု ခံယူမှုချင်း မတူလို့လား။ ပဟေဠိ ဆန်နေတော့သည်။

*

မိုးညဉ့်... ထိုခဏ...။

ဘ၀မုန်တိုင်းကား မာယာ များလွန်းသည်။ ဘ၀ဆိုတာ ပင်လယ်ပြာကြီးနှင့် တူလိုက်တာ။ အရာအားလုံး စက္ကန့်ပိုင်းအတွင်း ဖြစ်ပျက်သွားနိုင်တာချည်းပဲ။ အချိန် အပိုင်းအခြားလေး တစ်ခုအတွင်း စိုးရိမ်စိတ်၊ ကြောက်လန့်စိတ်တို့ဖြင့် ခြောက်လှန့်နေခဲ့သမျှ ခုတော့လည်း...အရာအားလုံး ပုံမှန်နီးပါး ဖြစ်သွားပြီး ငြိမ်ချက်သား ကောင်းနေသည်။

ဗုဒ္ဓ ဒေသနာတော်တွေကို ဖတ်၊ ဗုဒ္ဓစာပေဟွေ့ မတောက် တစ်ခေါက် ရေး၊ ‘မှန်သောတရား’ ကို သိမြင်ပြီးဟု ထင်ခဲ့သမျှ စိတ်သဏ္ဌာန်မှာ အနှစ်မဲ့မှန်း တွေးထင်မြင်လာသည်။

ရုက်ဖို့ ကောင်းလိုက်တာ။

အတ္တဒိဋ္ဌိ ပယ်သတ် တရားတော်ကို ဖတ်ပြီး အတ္တ မစင်သေးသူ အဖြစ်လည်း အကြွင်းမဲ့ ယုံမှတ်လာသည်။ လူသားပီပီ အတ္တ၊ မာန်မာန ကြီးနေဆဲ။ ထိုခဏအတွင်း အမေတစ်ခုခု ဖြစ်သွားခဲ့ရင် သည်အချိန် အရူးမီးဝိုင်း ရှိုက်ကြီးတငင်နှင့် ငိုကြွေးနေမှာ သေချာသည်။ ယပ်တောင်ကလေးခတ်၊ ကားကလေးစီးပြီး အသုဘ လိုက်ပို့ခဲ့သော ကျွန်တော်။ ကြီး

ငယ်မဟူ ခန္ဓာတွေကို ဝါးမျိုသွားသော မီးသင်္ဂြိုဟ်စက်၊ ငိုကြွေးနေသော မိသားတစ်စု၊ သံဝေဂရစရာ မြင်ကွင်း။

သို့သော် ရုပ်နာမ်၏ မမြဲမှုကို မရှုမြင်ခဲ့မိတာ အမှန်။

စဉ်းစားနေဆဲမှာ အမေ လူးလူးလွန့်လွန့်နှင့် နိုးလာသည်။ အမေ့ဘေးတွင် ညီငြိုးနှင့် ကျွန်တော် ရှိနေသည်။ သမီးကြီးက အမေ့ခြေရင်းမှာ ခွေခွေလေး အိပ်နေသည်။ မျက်လုံးကို ဝှေ့၍ ကြည့်သည်။

ညီငြိုးက အမေ့လက်ဝါးလေးကို တယုတယနှင့် ဆုပ်နယ်ထားသည်။ စိုနေသော ချွေးပေါက်ကလေးများကို ကျွန်တော် သုတ်ပေးမိသည်။ အသက်ကို မှန်မှန်ကလေး ရှူနေ၏။

"အမေ... သက်သာရဲ့လား... အသက်ရှူရတာကော ဘယ်လိုနေသေးလဲ..."

"ရင်ထဲမှာတော့ မွန်းနေတုန်းပဲ။ သောက်ဆေးတွေ ပြင်းလို့လား မသိဘူး။ အမေ ခေါင်းတွေ မူးနေတယ်"

"အမေ့ မျက်လုံးများတွင် မျက်ရည်ကြည်လေးများ ရစ်ဝဲနေတာ တွေ့လိုက်ရသည်။ အမေ ဝမ်းနည်းနေတာလား၊ ငိုကြွေးနေတာလား။ ရှိုက်လည်း မရှိုက်၊ ငိုလည်း မငို၊ အမေ့ကြည့်ရတာ တစ်ခုခု အပေါ် ခံစားနေရဟန်တူသည်။

"ခုနက သေရမှာ အမေ တကယ် ကြောက်လန့်နေခဲ့တာ အသက်ရှင်ဖို့ ကြိုးစားရင်း အမေ ဘုရားမှေ့၊ တရားမှေ့ ဖြစ်သွားလိုက်တာ။ ရန်းရင်း ကန်ရင်း အော်ရင်း ဟစ်ရင်း အမေသာ သေသွားခဲ့ရင် အယူတိမ်းသွားမှာ သေချာတယ်။ အဲဒါ တွေးရင်း အမေ ရင်ထုမနာ ဖြစ်မိတယ်။ ကျန်နေတဲ့

အသက် အပိုင်းအခြားလေးမှာတော့ အမေ အသေမှန်အောင် ကြိုးစားတော့မယ် သားရယ်..."

စကားပြောရင်း အမေ မော့နေသည်။ မျက်လုံး မှိတ်လိုက်တော့ အမေ့ ပါးပြင်မှာ မျက်ရည်စီးကြောင်းလေး လိမ့်ဆင်းလာသည်။ အမေ့တွင် သီလ ရှိသည်။ ဒါန ရှိသည်။ ကျောင်းဒကာ၊ ဘုရားဒကာ၊ ရဟန်းအမေ ဆိုသော ဂုဏ်ပုဒ်များလည်း ရှိသည်။

သည်အမေက အသေမှန်အောင် ကြိုးစားရဦးမယ်တဲ့။ အမေ့မှာ ဘာများ လိုနေပါလိမ့်။

အမေဆောက်လှူခဲ့သော ကျောင်းတွင် ယောဂီဝတ်ဖြင့် နေပါရစေဟု အခါအားလျော်စွာ ပြောဖူးသည်။ သားသမီးတွေ မကျွေးနိုင်လို့ ဘုန်းကြီးကျောင်း ပို့ထားသည်ဟု ပြောဆိုကြမည့် အရပ်စကားကို ကြောက်၍ ဟန့်တားဖူးသည်။

အမေကို မခွဲနိုင်လို့၊ အမေကို ချစ်လို့ဟု ထင်ခဲ့မိတာ တကယ်တမ်းကျတော့ သိက္ခာကျမှာ စိုး၍ကို...။

သည်တစ်ကြိမ်တော့... ဘယ်လို တားတား ရတော့မည် မထင်။ တရားစခန်းဖွင့် ထားသော သားရဟန်းကလည်း အမေ့ကို ဝိပဿနာတရား ရွှတ်ရင်း ကျောင်းမှာပဲ နေစေလိုသည်။

အဘွားနှင့်မြေး၊ သားနှင့်အမေ၊ ယောကျ်မနှင့် ချွေးမ၊ သည် သံယောဇဉ်ကို အမေ တကယ်ပဲ ဖြတ်တောက်နိုင်စွမ်းရှိပါမည်လား။ တွေးရင်း တွေးရင်း... ရင်ထဲ ပူလာသည်။

မသိမိုက်မဲမှု မောဟ လွှမ်းခြုံခဲ့နေရဆဲ... ကျွန်တော့် အဖို့ စိုးတထိတ်ထိတ် ဖြစ်ခဲ့ရသော ထိုခဏကို ဘဝတွင် မေ့ပျောက်ဖို့ ခက်နေမည်မှာ သေချာသည်။

အမေ့အရိပ် ပျောက်သွားမှာ စိုးလန့်ခဲ့သော ကျွန်တော်။ သေမှာကြောက်၍ ရုန်းကန်ခဲ့သော အမေ။

ဒီသားအမိ နှစ်ယောက်၏ အနာဂတ်က တွေးကြည့်ရင် မြင်နေရပါပြီ။ တစ်ချိန်ချိန်တွင် ဒီအမေနှင့် ဒီသား...။

တွေးရင်းနှင့် ရင်ထဲ၌ ဝမ်းနည်းစိတ် အုံထလာခဲ့သည်။

စီးကျသွားသော မျက်ရည် တစ်စက်ကို ညှိုပြာ မမြင် အောင် ခိုးသုတ်လိုက်ရပါတော့သည်။

❑

[ဓေတ်သစ် မဂ္ဂဇင်း၊ အတွဲ(၃) အမှတ်(၈) ၁၉၉၈ခုနှစ်]

ဟိန်းထက်စာပေ

မနက်ဖြန်တိုင်းလွမ်းပါရစေ



(၁)

သက်သာဆိုင်ထဲ လက်ဖက်ရည် တစ်ခွက်ကို သုတ်သီး သုတ်ပျာနှင့် ဝင့်သောက်ခဲ့ပြီး ဂျူတီဝင်ရန် ဓာတ်ရောင်ခြည် ထိန်းသိမ်းရေးဌာနရှေ့ လှေကားမှ ဆေးရုံအပေါ်သို့ တက်ရန် လျှောက်လာမိခဲ့သည်။

သူ့ကို မြင်တော့ ဓာတ်လှေကား မောင်းသူက ပြုံးပြပြီး တံခါးကို အသင့် ဖွင့်ပေးသည်။ စိတ်ထဲ သိမ့်ခနဲ တစ်ချက် ခံစားလိုက်ရချိန် ဓာတ်လှေကားက အပေါ်သို့ တရွေ့ရွေ့နှင့် မောင်းတက် သွားသည်။ ဓာတ်လှေကား စီးနေရင်းက လက်ထဲမှ စီးကရက်တိုကို တစ်ဖွာ နှစ်ဖွာ ရှူရှိုက်ဖြစ်သေးသည်။

ဓာတ်လှေကား ရပ်တန့်သွားပြီး ပွင့်သွားသော တံခါးမှ အပြင်သို့ ခြေတစ်လှမ်း လှမ်းထွက်ပြီး ဆေးလိပ်ကို နင်း ခြေ ပစ်ခဲ့သည်။ လူသွားစင်္ကြံမှတစ်ဆင့် (၁၇)၊ (၁၈) ဘက်သို့

လျှောက်လာခဲ့သည်။ အဆောင်ဝ စေ့ထားသော တံခါးကို တွန်းဖွင့်ပြီး စီရရီ စီတန်းထားသော ခုတင်များကို ဖြတ်ကျော်ခဲ့သည်။

နေ့စဉ် ထိတွေ့ ရှုမြင်နေကျ ရန်ကလေးများက သင်းပျံ့နေ၏။ လူနာတချို့က သူ့ကို ပြုံးပြ နှုတ်ဆက်ကြသည်။ နေကောင်းရဲ့လား၊ သွက်သာသွားမှာပါ၊ ဒီအပတ်တော့ ခွဲရမှာ သေချာပါတယ်ဟု တချို့ကို အားပေးစကား ပြောဖြစ်သေးသည်။

"ဆရာ၊ ခုနက ဆရာဆီကို ဧည့်သည်အမျိုးသမီး တစ်ယောက် လာ မေး သွားတယ်။ ခဏနေ သူ ပြန်လာပါမယ်တဲ့။ ဆရာ့ကို ခဏလေး စောင့်ခိုင်းသွားဖို့ မှာသွားတယ်၊ ကျွန်မတောင် သူ့နာမည်လေးကို ရေးမှတ် ထားလိုက်သေးတယ်။ ရော့.... ဆရာ... ဟောဒီမှာ..."

အဖျားတိုင်းနေသော သင်တန်းသူ သူနာပြု ဆရာမလေးက သူ့ကို မြင်တော့ ဆီးပြောသည်။ စာရွက်ခေါက်လေးကို လှမ်းယူရင်း ကျေးဇူးတင်စကား ပြောဖြစ်သွားသည်။

"သြော်၊ အေး... အေး ၊ ကျေးဇူးပဲနော်"

စာရွက်ခေါက်ကလေးကို အိတ်ထဲသို့ ထိုးထည့်ပြီး ညတာဝန်ကျ၊ ဆရာမ ဆီမှ တာဝန်များကို လွှဲပြောင်း ယူထားလိုက်သည်။ ပြီး ထိုင်ခုံပေါ် ထိုင်ချရင်း စာရွက်ခေါက်ကလေးကို ဖြန့်ကြည့်မိချိန်။

*

'ဟာ' ဟူသော အာမေဋိတ်သံ တစ်ချက် နှုတ်ဖျားမှ ခုန်ပေါက် ပြေးထွက် သွားတော့သည်။

အံ့သြမှုနှင့် လှုပ်ရှားတုန်လှုပ်သွားသော စိတ်တို့ မနည်း ကြိုးထိန်းချုပ် ထားလိုက်ရသည်။ လန်းဆန်း တက်ကြွ နေခဲ့သောစိတ် တစ်စစီ ပြိုလွင့် ပျက်စီး သွားကြသည်။

ဘဝနှင့် ထပ်တူ ရင်ထဲ အသည်းထဲ ထာဝစဉ် ကိန်းအောင်း နေခဲ့သော နာမည်လေးက ဘယ်ဘဝ ဘယ်အချိန်မျိုးမှာပဲ ဖြစ်ဖြစ် မေ့မရနိုင်။

နာမည်ပိုင်ရှင်က သူ့ကို နားအလည်ဆုံးနှင့် စာနာမှု အရှိဆုံးသော သူငယ်ချင်းပဲ မဟုတ်လား။ မွေးရပ်မြေကို ကျောခိုင်း ထွက်လာကတည်းက နာကြည်းခံပြင်းမှု ဝေဒနာများစွာဖြင့် ရင်ထဲက သံယောဇဉ် မှန်သမျှကို ဖြတ်တောက် ထားခဲ့မိရာ အချစ်ဆုံး သူငယ်ချင်းကိုပင် မဆိုမဆိုင် သူစိမ်း ပြင်ပြင် မေ့ထားဖြစ်ခဲ့သည်။

သူနှင့် ပြန်ဆုံစည်းရမည်ကို ဝမ်းသာသလိုလိုတော့ အဖြစ်သား။ ထိုဝမ်းသာမှု နောက်ကွယ်တွင် ဝေဒနာ ဂယက် လှိုင်းများနှင့် ရောပြွမ်းနေမည့် သတင်း အစအန တို့သည်လည်း ကပ်ပါလာနိုင်မည်ကို သူ မှန်းဆ တွက်ကြည့်မိသည်။

နာကြည်း ခံပြင်းမှု များစွာဖြင့်...။

အကျည်းတန် အရုပ်ဆိုးခဲ့သော သူ့ဘဝမှာ နှောင်ဖွဲ့စရာ သံယောဇဉ်တို့ ကုန်လုနီးပြီ ထင်ခါမှ အမှတ်မဲ့ ဝင်လာသော

နှောင်ကြိုးလေး တစ်မျှင်က သူ့နှလုံးသားကို ချည်နှောင်လာပြန်ပြီကော။

ခိုင်နှင့် မျက်နှာချင်းဆိုင် ထိုင်မိကြချိန်တွင် စေ့ထားသော တံခါးများ ပြန်လည် ပွင့်လာမည်တော့ အမှန်။ ရင်ထဲ မောဟိုက်သလို ဖြစ်သွားသည်။

ကျေးဇူးရှင် အမေ့ရုပ်သွင်သည် သူမြင်လွှာထဲ ဖျတ်ခနဲ ပေါ်လာ၏။ သားအတွက် ယူကျုံးမရစိတ်ဖြင့် နေဝင်ချိန် မတန်ဘဲ လောကအလယ်မှ ကျောခိုင်းထွက်သွားသော ချစ်မေမေ။ အမေ့ကို သတိရတိုင်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်။ အလိုမကျမှုနှင့် နာကြည်း မုန်းတီးမှုများလည်း မနေ့တစ်နေ့ကလို အသစ်ပြန်လည် မွေးဖွားလာတတ်သည်။

သူ့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိပြီး အံကြိတ်မိသည်။

တစ်ကိုယ်လုံး တောင့်တင်းနေ၏။ တံတွေးကို မျိုချကာ သက်ပြင်းသဲ့သဲ့ကို ရှိုက်ပြီး စိတ်ကို အငြိမ်သက်ဆုံး ဖြစ်အောင် ကြိုးစားယူရသည်။

လှုပ်ရှားနေသော စိတ်တို့က မငြိမ်မသက်နှင့်...။

"ခိုင်ရယ်... နင်နဲ့ငါ တွေ့ဆုံရတာ ကောင်းသော တွေ့ဆုံခြင်းမျိုး ဖြစ်ပါစေကွယ်"

နှုတ်မှ တိုးတိုးလေး ရေရွတ်ကာ ခိုင် ပြန်အလာကို ရင်တုန် မောဟိုက်စွာဖြင့် စောင့်ကြိုရင်း စိတ်တွေ လွင့်မျောကြပြန့်နေလေသည်။

*

(၂)

"ကျွန်တော့် မိုက်ခဲ့သမျှတွေကို ခွင့်လွှတ်ပါ အမေ။ ဒီနေ့က စပြီး သူနာပြု တစ်ဦးရဲ့ ဖြူစင်တဲ့ နှလုံးသားနဲ့ မဆပ်လိုက်ရတဲ့ အမေ့ အပေါ် တင်ခဲ့တဲ့ အကြွေးတွေကို သား ဆပ်ပါရစေ။ ရောက်လေရာ ဘဝမှာ အေးချမ်း သာယာစွာနဲ့ အနားယူနိုင်ပါစေ အမေရယ်"

အသံများ တုန်ယင် အက်ကွဲစွာ ရင်ထဲမှာ ဆို့နင့်ကြေကွဲနေသည်။

ထိခြင်းငါးပါးဖြင့် အမေ့ အုတ်ဂူကို ပျပ်ဝပ် ရိုကျိုးစွာ ဦးချကန်တော့ပြီး အမေကြိုက်သော နှင်းဆီပွင့် ရဲရဲကလေးများကို ဂူပေါ်တွင် ဖြန့်ကြဲပေးလိုက်သည်။ အမေနှင့် အဝေးဆုံး အရပ်သို့ ထွက်ခွာသွားရတော့မည်။

မဖြစ်နိုင်မှန်းသိလျက်နှင့် ခဏတာလေးပဲဖြစ်ဖြစ်၊ အမေ့ရင်ခွင်ထဲ ခိုဝင်ချင်လိုက်တာ၊ မျက်လုံးများ စိုစိုစွတ်စွတ်နှင့်။

အမေ့ အုတ်ဂူကလေးကို မှီပြီး သူ အကြာကြီးထိုင်နေမိသည်။

ကုက္ကိုပင် ထိပ်ဖျားမှ ဥသြငယ်လေး တစ်ကောင်က ဆွေးဆွေး မြည့်မြည့်နှင့် ကူးခွေနေသည်။ လေတစ်ချက် အဝှေ့မှာ ကုက္ကိုရွက်ခြောက်များနှင့် ပန်းနုရောင်ရင့်ရင့် ကုက္ကိပွင့်လေးတွေက တဖြောက်ဖြောက်နှင့် ကြွေဆင်းလာကြသည်။

"သွားကြစို့ လွမ်းသူရယ်၊ တော်ကြာ သိပ် မှောင်သွားလိမ့်မယ်"

"မထူးပါဘူး ခိုင်ရယ်၊ ငါ့ဘဝ အလုံးစုံဟာ မှောင်ပိန်းနေပါပြီ။ ငါ အမေ့ကို ဒီအတိုင်းပဲ ထားခဲ့ရတော့မှာလားဟင်"

"ကြော်... လွမ်းသူရယ်"

ခိုင် သည်မျှသာ ညည်းညူနိုင်သည်။ အချစ်ဆုံး သူငယ်ချင်း၏ အမေ့ ရုပ်ပုံလွှာသည် စိတ်အာရုံထဲမှာ ထင်ထင်ရှားရှားနှင့်၊ ခိုင်ဘယ်လိုမှ စိတ်မကောင်းနိုင်တော့။

အမေ့ အုတ်ဂူကို မှီထိုင်ရင်း ငိုနေသော လွမ်းသူကို ကြည့်ပြီး ရုင်ထဲမှာ ဆို့နှင့် ကြေကွဲလာသည်။ ချစ်သူကို ဆုံးရှုံးရသော ဝေဒနာတွင်စဖက်နှင့်။

"နင့်အစား ငါ ရင်နာလိုက်တာ လွမ်းသူရယ်"

*

(၃)

"ဆရာ၊ ရုံးခန်းမှာ ဆရာနဲ့ တွေ့ချင်လို့တဲ့၊ ဧည့်သည် အမျိုးသမီး တစ်ယောက် ရောက်နေတယ်"

ဆရာမလေး တစ်ဦး၏ စကားကြောင့် သူ အတွေးများ ပြတ်တောက် သွားသည်။ ရင်နင့်စွာ နှမြောဖြစ်မိသည်။ တထိတ်ထိတ် တလန့်လန့်နှင့် ရင်တွေ ခုန်သွားသည်။

"ကြော်... အေး၊ ဆုရာလာခဲ့မယ်"

"ဖြစ်လေရာ ဘဝတိုင်းမှာလည်း သားဟာ အမေ့ရဲ့ သားပဲ ပြန်ဖြစ်ပါရစေ အမေ၊ အမေ သက်ရှိထင်ရှား ဘဝနဲ့ အမေ့ကျေးဇူးတွေကို မပေးဆပ်နိုင်တာကိုတော့ သားလေ အမြဲတမ်း ထိခိုက် ကြေကွဲနေမှာပါ အမေရယ်"

"သားလေ ဒီနှစ် နှစ်ချင်းပေါက်ပဲ အောင်ခဲ့တယ် အမေ။ ဂုဏ်ထူးတောင် သုံးခု ပါသေးတယ်။ ဒါပေမဲ့ အမေရယ်၊ သားတက္ကသိုလ် မတက်တော့ပါဘူး။ အမေ မှတ်မိမလား မသိဘူး။ အမေနဲ့ သား မွေးလူနာနောက် လိုက်ခဲ့တဲ့ တစ်နေ့လေ၊ အဲဒီနေ့က သား ဆယ်တန်းအောင်ရင် သူနာပြု သင်တန်း တက်ပြီး အမေ့ကျေးဇူးကို ဆပ်တော့မယ်လို့ သား ဆုံးဖြတ်ခဲ့တယ် အမေ။ ခုတော့ သား သူနာပြု သင်တန်းလည်း တက်ခွင့် ရခဲ့ပြီအမေ။ ဒါပေမဲ့ သား ဖြေလို့ မရပါလား အမေရဲ့"

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ စကားတပြောပြောနှင့် ငိုနေမိသည်။ ဥဩသံလေးက တခွဲခွဲနှင့် ကူခွဲဆဲ။ သုဿာန်တစ်ခုလုံးကို စွေစောင်းစောင်း ညနေခင်း နေရောင်က ဖြန့်ဆင်း ထိုးကျနေသည်။

သူ့ရှေ့မှာ ခြေသံတချို့ကို ကြားလိုက်ရသည်။ မျက်နှာမှ လက်ဝါးကို ဖယ်လိုက်ပြီး မျက်ရည်ဝါးဝါးဖြင့် လှမ်းကြည့်မိသည်။

နွမ်းလျလှ အပြုံးလေးနှင့် ခိုင်သည် သူ့ဆီ လျှောက်လာနေသည်။ သူ့ရှေ့ အရောက်တွင် ထိုင်ချပြီး သူ့ ပခုံးလေးကို ဆုပ်နယ် ကိုင်လာသည်။

ကလူးကို့စ် ပုလင်းကို တိုင်တွင် ချိတ်ထားပေးခဲ့ပြီး လိုအပ်တာ တချို့ကို သင်တန်းသူ ဆရာမလေး နှစ်ယောက်ကို ညွှန်ကြား ပြသကာ လူနာ ခုတင်ဘေးမှ ထွက်လာခဲ့သည်။ လူနာ ခုတင် တချို့ကို ဖြတ်ကျော်မိသည်နှင့် ခိုင် ရုပ်သွင်ကို အဝေးမှ လှမ်းမြင်လိုက်ရသည်။

ခိုင်သည် သူ့ကို နောက်ကျောပြု၍ ထိုင်နေသည်။ သူ ခြေသံလုံလုံဖြင့် လျှောက်လာခဲ့မိသည်။ ပြီး ခိုင်၏ ပခုံးစွန်းလေး နှစ်ဖက်ကို နောက်မှ ဖွဖွကလေး ဆုပ်ကိုင်ရင်း နှုတ်ဖျားမှ အသံထွက်သွားသည်။

"ခိုင်"

လည်တိုင်ကလေးကို နောက်သို့ လည်ပြီး စွင့်စွင့်ကား ကားနှင့် လွမ်းသူကို ပြုံးပြသည်။ ခိုင့် မျက်ဝန်းက အပြစ်ကင်းစွာ လှပနေဆဲ၊ ဝမ်းသာကြည်နူးစွာ မော့ကြည့်ရင်း ခိုင့် မျက်လုံးထဲတွင် မျက်ရည်ကလေးများ လည်လာသည်။

လွမ်းသူ ခိုင့်ရှေ့ ခုံလေးပေါ် ဝင်ထိုင်ရင်း ပြုံးနေမိသည်။ နှစ်ဦးသား စကား မပြောဖြစ်သေး၊ တစ်ဦးကို တစ်ဦး အတော်ကြာကြာ စိုက်ကြည့်ဖြစ်ကြသည်။ ခိုင် မျက်လုံးများတွင် မျက်ရည်တချို့ စို့လာသည်။ ဝမ်းသာလို့လား၊ ဝမ်းနည်းလို့လား ဆိုသည်ကို မသိ။ ရင်ခုန်ခြင်းဖြင့် ငေးမောနေဆဲပင်။

"လွမ်းသူရယ်၊ နင် သိပ်ကို နေနိုင်တာပဲနော်။ ဟိုတုန်းက နင့်ကို ငါ အသည်း သိပ်ငယ်တတ်တာပဲလို့ ထင်ခဲ့တာ။

ခုတော့ နင့် အသည်းတွေက ဒေါင်ဒေါင်ကို မြည်လို့ပါလား ဟယ်"

"ရင့်ကျက်လာတဲ့ သဘောလောက်ပါ ခိုင်။ ငါ့ဘဝ အတွေ့အကြုံနဲ့ဆို ဒီလောက်တော့ ရင့်ကျက်ဖို့ ကောင်းတာပေါ့လေ"

"နင်၊ ရင့်ကျက်တာကလည်း ကြောက်စရာ ကောင်းလိုက်တာ။ ငါတို့ကိုတောင် အဆက်အသွယ် လုံးဝ မလုပ်ဘူး။ နင် ငါ မန္တလေး ဆေးတက္ကသိုလ်မှာ တက်နေတာ သိသားနဲ့ ဟယ်"

မလုံမလဲပြုံးကာ ခေါင်းညိတ်မိသည်။

လွမ်းသူက ခိုင့်ကို သူနာပြုများ အနားယူသော အခန်းထဲသို့ ခေါ်လာခဲ့သည်။ အလုပ်သင် ဆရာဝန်လေး နှစ်ဦးက သူတို့ကို မြင်တော့ အလိုက်တသိနှင့် နေရာမှ ထပေးသည်။ အားတုံ့အားနာစွာ ပြုံးပြမိ၏။

ခိုင်၏ မိဘများကို သတင်းစကား မေးမိသည်။ ခင်မင်ရင်းစွဲ ရှိခဲ့သူတချို့ အကြောင်းကိုလည်း ပြန်ပြောရင်း ရယ်ဖြစ်ကြသည်။

"ခိုင်... နင် ငါ ဒီမှာ ရှိနေတယ်ဆိုတာ သိသွားတာကို ပဲ ငါ သိပ်အံ့သြနေမိတာ"

"မအံ့သြနဲ့လေ၊ နင်သာ ငါတို့ကို သံယောဇဉ် ဖြတ်တောက် ထားနိုင်ပေမယ့် နင့်အပေါ် ငါတို့တစ်တွေက ခုထိ သံယောဇဉ် ကြီးနေဆဲပါ။ နင့် အကြောင်းတွေကို ငါတို့

အမြဲတမ်း နားစွင့် နေခဲ့ကြတာပါ။ နောက်ဆုံးပြောမယ်ဟာ။ နင် ဟိုတစ်လောက နည်းပြဆရာလေး သင်တန်း တက်တာ တောင် တို့က သိနေတာ"

တအံ့တသြ ဖြစ်မိသည်။ ခိုင်သည် သူ့အပေါ် အရိပ်သဖွယ် ကြီးစိုးဆဲပါလား။ ကိုယ့်အပြစ်နဲ့ ကိုယ်မို့ မချိပြုံးလေး သာ ပြုံးပြပြီး ခိုင့် အပြောကို လွမ်းသူ ခေါင်းတဆတ်ဆတ် ညိတ်ရင်း ငြိမ်နေမိသည်။

"အို... လာရင်းကိစ္စကို ငါ မပြောရသေးဘူး။ နင့်ကို ငါ အကူအညီ တောင်းချင်လို့ လာခဲ့တာ။ လူနာတစ်ယောက် အတွက် ဆိုပါတော့"

"ဩော်... ဟုတ်လား။ ဘယ်သူလဲ၊ ဒီဆေးရုံမှာ တက်နေလို့လား"

လွမ်းသူက အငမ်းမရ မေးလိုက်သည်။

"မိတ္ထီလာ ဆေးရုံကနေ ဒီကို ပြောင်းလာတာ။ လောလော ဆယ် ဆေးရုံကို မတက်ဖြစ်သေးဘူး။ အိမ်မှာပဲ ထားတယ်။ သမားတော်ကြီး တစ်ယောက်နဲ့ အနီးကပ် ဆေးကုနေတယ် လေ။ နင် ငါ့ကို ကူညီတဲ့ အနေနဲ့ အဲဒီလူနာကို ခဏလေး လိုက်တွေ့ပေးပါလား"

"ဟာ... ခိုင် ငါက ဆရာဝန်မှ **မဟုတ်တာ**။ ငါက သူနာပြုလေ။ ငါ သူ့ ရောဂါကို ကုသဖို့ထိ **မတတ်နိုင်**ဘူး။ နင်ဆို ဟုတ်တုတ်တုတ်"

"ဒါကို ငါသိပါတယ်။ ဒါပေမဲ့ လူနာက နင့်ရဲ့ ပြုစု ယုယမှုကို ခံယူချင်နေတာ။ နင် ငါ့ကို ကူညီတဲ့အနေနဲ့ လိုက် တွေ့ပါလားဟင်"

"အင်း... တွေ့တာက တွေ့လိုဖြစ်ပါတယ်။ ဒါပေမဲ့ ခိုင် နင် ငါ့ကို မညာနဲ့နော်။ လူနာက ဘယ်သူလဲ၊ တို့ မိတ္ထီလာ ကဆိုတော့ ငါ့အသိထဲကပဲလား။ နာမည်ကကော..."

မျက်နှာထား တည်တည်ဖြင့် **မေးဖြစ်**မိသည်။ ခိုင်က လျော့ရဲစွာ ပြုံးရင်း စကားကို ခဏလေး ဆိုင်းထားသည်။ လွမ်းသူ့ မျက်နှာကို ဖွေရှာကြည့်သည်။ ခိုင့် မျက်လုံးတွေမှာ လှုပ်ရှားတက်ထားသော အရာတစ်ခုကို သူ တွေ့လိုက်ရသည်။

"အို... ဟုတ်သားပဲ၊ နင် စိတ်ခိုင်ခိုင်ထားနော်။ ငါမပြော ရက်ပါဘူး။ နှုတ်ကိုလည်း ဒုက္ခ မပေးချင်ပါဘူး။ နင် ငါ့ ကို နားလည်ပါနော်၊ လူနာ... လူနာကလေ၊ နွေ... နွေ နွေဦးပေါ့"

"ဘာ... ဒီနွေဦး ဟုတ်လား ခိုင်"

ခိုင်က ခေါင်းကလေးညိတ်ပြီး အဖြေပေးသည်။

လွမ်းသူ တစ်ကိုယ်လုံး မြောက်သွားသလို ခံစားလိုက် ရသည်။

အံ့သြ တုန်လှုပ်မိသည်။ ကြားရသော စကားက မယုံ နိုင်စရာ ကောင်းနေသည်။ ခိုင့် မျက်ဝန်းတွင် တိုးလျှိုး တောင်းပန် သော ကရုဏာ သံစဉ်ကလေးများ ရောယှက်ထွေးလျက် နှုတ်ခမ်းနှစ်လွှာတို့ ပွင့်ဟနေသည်။

*

ခေါင်းကို ဂွေ့ယမ်း ပြမိသည်။

ခိုင်က သူ့ လက်အစုံကို ဆုပ်ကိုင်လာသည်။ လွမ်းသူ မျက်နှာ အေးစက်မာကျောနေ၏။ သက်ပြင်းရှိုက်သံများ လွမ်းမိုးနေပြီ။ အသက်ရှူ မဝသလို ရင်ထဲမှာ အက်ကွဲ ဆွေးမြည့်နေ၏။

"မျော်လင့်တကြီးနဲ့ လာခဲ့တဲ့ ခိုင့်ကို ဥပက္ခာပြုတော့မှာလား လွမ်းသူရယ်"

"အဖြစ်က ငါ့ကို ကြိုးဆွဲပြီး ငိုခိုင်းကြမယ့် အဖြစ်မျိုးပဲ ခိုင်။ ငါ့ မျက်ဝန်းအစုံက ထွက်အန်လာတဲ့ မျက်ရည်တွေဟာ သူတို့ နှလုံးသားကို တကယ်ပဲ အေးမြနိုင်စွမ်း ရှိမယ်တဲ့လား"

"ဘာပဲဖြစ်ဖြစ်ပါ လွမ်းသူရယ်။ နင့်ရဲ့ မျက်ရည် တစ်စက်ဟာ နွေ့အတွက် အင်အားတစ်ခု ဖြစ်လာမှာ အမှန်ပါပဲ"

ခိုင့် စကားကြောင့် လွမ်းသူ အင်းမလှုပ် အဲမလှုပ်ဘဲ ခပ်ထွေထွေ ဖြစ်သွားသည်။ ထိုင်ရာမှ ထရပ်ကာ ဆေးရုံ မှန်ပြတင်းမှ တစ်ဆင့် အပြင်သို့ ငေးကြည့်လိုက်မိသည်။

မိုးရနံ့များ သင်းနေ၏။ အပြင်မှာ မိုးရွာနေသည်။

တဖြောက်ဖြောက်နှင့် ကြွေနေကြသည့် မိုးရေစက်ကလေးများနှင့်အတူ လွမ်းသူ ရင်တွေ အခုန်မြန်နေသည်။ သောကငွေ့များသည်ပင် ရင်ခုန်မှုကို ဖြစ်ပေါ်စေသည်လား။ ခံစားမှု လွန်ကဲသောကြောင့် လွမ်းသူ တစ်ကိုယ်လုံး နွမ်းလျလာသည်။

တကယ်ဆို၊ လွမ်းသူသည် နွေ့ချက်နှာကို ဖူးတွေ့ချင်ပါသည်။ ယုယမှုများနှင့် ဖြည့်ဆည်း ပေးချင်ပါသည်။ နွေ့ကို ရင်ခွင်ထဲ ထည့်ကာ ချော့သိပ် ထားလိုက်ချင်ပါသည်။

သို့သော် နွေသည်ကား လွမ်းသူ၏ နွေ မဖြစ်နိုင်တော့ပါ။ လွမ်းသူမှာ အမေ့ကို ပေးထားခဲ့သော ကတိတစ်ခု ရှိနေပါပြီ။ နွေနှင့်တွေ့လျှင် ဖြစ်ပေါ်လာမည့် ခံစားမှုက ရင်တွင်း ပူလောင်စေမည့် ခံစားမှုမျိုး။

ဟိုရောက်ရင် လွမ်းသူ ဒုတိယအကြိမ် အသည်းနာရပေဦးမည်။

ပြီး နွေ့ အသိုက်အဝန်းကို မကျေနပ်မှုများလည်း ဟိုကသည်က ပေါ်လာချေဦးတော့မည်။ ထိန်းသိမ်း ထားသမျှ ဒေါသများ ပေါက်ကွဲလာချေဦးတော့မည်။

လွမ်းသူ သက်ပြင်းသဲ့သဲ့ ရှိုက်လိုက်မိသည်။

ခိုင်က ထရပ်သည်။ ပြီး အေးစက် ပူနွေးသော လက်တို့ဖြင့် လွမ်းသူ လက်မောင်းကို ဆုပ်ကိုင်လာသည်။ လွမ်းသူ ခိုင့်ကို ငဲ့စောင်းကြည့်မိသည်။

"နွေ့ဆီကို လိုက်ခဲ့ပါ လွမ်းသူရယ်၊ ခိုင် တောင်းပန်ပါတယ်။ နွေ့အဖို့ အချိန်ဆိုတာ ကန့်သတ်မဲ့ မျှော်လင့်ချက်ပါ။ လွမ်းသူကို နွေ တွေ့ချင်လွန်းလို့၊ လွမ်းသူနဲ့ စကားတွေ သိပ်ပြောချင်လွန်းလို့ ခိုင့်ကို မရမက အခေါ်ခိုင်းတာပါ။ ခိုင့်ကို ငဲ့ပြီး နွေ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါ လွမ်းသူရယ်"

လွမ်းသူ၏ အသံများက တုန်ယင်အက်ကွဲလျက်။

ခိုင်၏ မျက်နှာကလေး ရွှင်ကြည်သွားသည်။ မျက်နှာတွင် အပြုံးများနှင့် နှလုံးသားတွင် မျက်ရည်များ ဝဲနေကြသည်။

*

(၄)

သားဖွားပုံးလေးကို ဆွဲပြီး အိမ်ပေါ်သို့ အမေ တက်လာပုံက အားရစရာ၊ မည်သို့ပင် ပင်ပန်းနေစေကာမူ အမေ ကိုယ်တိုင် မွေးပေးရသော မွေးလူနာနှင့် ကလေးငယ် ကျန်းမာသန်စွမ်းနေလျှင် အမေသည် တက်ကြွလန်းဆန်းနေမြဲ။

အမေ့ မျက်နှာတို့ ရွှင်လန်းတက်ကြွ နေသော်လည်း အမေ့လက်၊ အမေ့ခြေတို့ လှုပ်ရှားမှု နှေးကွေးပုံကို ကြည့်၍ အမေ မည်မျှထိ ပင်ပန်းလာမှန်း လွမ်းသူ ခန့်မှန်း၍ ရသည်။

အမေ သားဖွားပုံးကို လှမ်းဆွဲယူပြီး စားပွဲပေါ် တင်ထားလိုက်သည်။ အမေ့ ခေါင်းပေါ်မှ ဦးဆောင်းကို ဖြုတ်လိုက်ပြီး ယပ်ခတ်နေသည်။ အမေ့ တစ်ကိုယ်လုံး ချွေးတို့ဖြင့် စိုရွှဲနေ၏။

"မောသလား အမေ၊ မွေးတဲ့ကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလားဟင်"

အမေ့ကို ရေအေးအေး တစ်ခွက် ခပ်ပေးပြီး လွမ်းသူက မေးသည်။

ခိုင့်စကားများက လွမ်းသူ၏ နှလုံးသားကို ဆုပ်ကိုင်လိုက်သည့်နှယ် စိမ့်ခနဲ နာကျင်စေပြီ။

ရင်ထဲမှာ ကျပ်နေ၏။ အသက်ရှူ မဝသလို ခံစားလာရသည်။

တင်းထားသမျှတွေ လျှောကျကုန်သည်။ ဆုံးဖြတ် ထားသမျှတွေ မေ့ကွယ်ကုန်ပြီ။

နွေသည် လွမ်းသူ၏ အချစ်ဦး ဖြစ်ခဲ့ဖူးပါ၏။

နွေသည် လွမ်းသူ၏ အချစ်ဆုံးလည်း ဖြစ်ခဲ့ဖူးပါ၏။

အချစ်ဦး နွေအတွက်၊ အချစ်ဆုံး နွေအတွက်...။

သတိ ပြန်ဝင်လာချိန်၊ ရုပ်ချည်း ဆုံးဖြတ်မှု တစ်ခုကို ပြုမိသည်။ ရင်ထဲတွင် ပေါ့သွားသလိုရှိ၏။ လည်ချောင်းထဲမှ တစ်ဆို့နေသော စကားစုများကို အပြင်သို့ ရောက်အောင် ကြိုးစား တွန်းကန်မိသည်။

"ခိုင်"

အသံက ဆို့ဆို့နှင့်နှင့် ဆွေးမြည့်နေလိမ့်မည်။ လက်အစုံတို့သည် ခိုင်၏ ပခုံးစွန်းလေးကို ဖွဖွဆုပ်ကိုင်မိလျက်သား ဖြစ်သွားချေသည်။

ခိုင်၏ မျက်ရည်ရွဲသော မျက်လုံးများသည် မျော်လင့်မှု ရောင်ခြည်များ တောက်ပလာကြသည်။

"လွမ်းသူ"

နှင်းဆီဖူးငုံလွှာလေးများ ဟသွား၏။

"လာ သွားကြစို့၊ လွမ်းသူရဲ့ ကြေမွ နွမ်းလျနေတဲ့ နှလုံးသားကို နွေ့အတွက်၊ နွေ့အတွက်လေ"

"မမောပါဘူးသားရယ်၊ ကလေးလေးက ဝဝကစ်ကစ် ချစ်စရာလေးရယ်၊ ယောကျ်ားလေး၊ သူ့အဖေဆို ဝမ်းသာ လွန်းလို့ အိမ်ရှေ့ခန်းမှာ ကနေလိုက်တာ ကွေးနေတာပဲ"

အမေ့ အပြောကြောင့် လွမ်းသူ ပြုံးမိသည်။

မမောပါဘူးဆိုသော အမေ့မျက်နှာက နွမ်းနယ် လှပါသည်။ အမေသည် အမေ့၏ နွမ်းနယ်ပင်ပန်းမှုကို လွမ်းသူ မမြင်အောင် ကြိုးစားဖုံးဖိ ဟန်ဆောင်တတ်သည်။ အမေ့တွင် မာန်မရှိတော့ဘဲ ဟန်သာ ရှိတော့သည်ကို လွမ်းသူသိနေသည်မှာ ကြာပါပြီ။

လွမ်းသူ၏ ဘဝသည် အမေပင် ဖြစ်သည်။

လွမ်းသူ၏ မျှော်လင့်ချက်များသည်လည်း အမေ့ အတွက်သာ ဖြစ်သည်။ လွမ်းသူ အားထားရာ မဟာမြင့်မိုရ်တောင် သည်လည်း အမေပင် ဖြစ်ပါသည်။

အမေ၏ ပင်ပန်းနွမ်းနယ်မှုကို မမြင်ရက်။

အမေ့ကို သံသရာ ခရောင်းကြမ်းမှ ဆွဲနုတ်လိုလှပါပြီ။

အမေ၏ ဘုရားပေး လက်ဆယ်ချောင်းနှင့် သားဖွား အတတ်ပညာသည် မိခင် ဘယ်နှဦးကို စောင့်ကြို မွေးဖွားနိုင် တော့မှာလဲ၊ အမေ အသက် ၅၀ ကျော်နေပြီ။ အမေ အနားယူဖို့ ကောင်းနေပါပြီ။

*

"သား ကျောင်းသွားတော့လေ၊ ထားခဲ့ပါသားရယ်။ အမေ ဟာအမေ ခူးစားပါမယ်"

"ရပါတယ် အမေရယ်။ သား အချိန်ရပါသေးတယ်။ အမေသာ အေးအေးဆေးဆေး စားပါ။ ခိုင်တို့တောင် မလာသေးဘူး"

အမေ့ကို စားစရာများ ခူးခပ်ထည့်ပေးပြီး အမေ့ ဘေးတွင် ဝင်ထိုင်ကာ အမေ့ကို ယပ်ခတ်ပေးနေမိသည်။ အမေ ထမင်းစားနေသည်က အားမရစရာ၊ တို့ကနန်း ဆိတ်ကနန်း၊ လည်ချောင်းထဲ ခြောက်သွေ့နေလို့လား။

"အမေ ထမင်းစားနေတာကလည်း အားမရလိုက်တာ အမေရဲ့။ အမေ နေလို့မှ ကောင်းရဲ့လားဟင်။ အားရပါးရ စားလိုက်စမ်းပါ"

ပြောရင်းနှင့် အမေ့နဖူးလေးကို စမ်းကြည့်မိသည်။ အမေသည် လွမ်းသူကို စေ့စေ့ကြည့်ပြီး ပြုံးနေသည်။ မျက်နှာ တစ်ဝန်းလုံး နွမ်းနွဲ့စွာ နေသော်လည်း အမေ့မျက်ဝန်းအစုံက ချစ်ခြင်းမေတ္တာ များစွာဖြင့် တောက်ပနေသည်။

အမေ့ အပြုံးတို့က လွမ်းသူ့ရင်ကို နွေးထွေးစေသည်။ အမေ့အပြုံးကို လွမ်းသူ ထာဝရ မြင်တွေ့ချင်ပါသည်။ အမေ့ အပြုံးတွေကို ရင်ထဲမှာ အကြာကြီး သိမ်းထားလို့ ရရင် သိပ် ကောင်းမှာ။

"အမေ နေကောင်းပါတယ် သားရယ်။ လူနာအိမ်က လက်ဖက်ရည်နဲ့ မုန့် ကျွေးလိုက်တာ လေခံသွားတယ် ထင်ပါရဲ့ကွယ်၊ အို... ထားခဲ့စမ်းပါ သားရယ်၊ အမေ ဆေးလိုက်ပါ့မယ်၊ အိုးတွေခွက်တွေလည်း ဒီအတိုင်းပဲ ထားခဲ့၊ ဟော စက်ဘီးသံ ကြားရတယ်၊ သမီးတို့ လာနေပြီနဲ့တူတယ်"

"နင်လေ သိပ်ကို ကဲတာပဲ၊ နွေ နင့်ကို ရွှေဘုံသာဘုရား ကြီးနား ခြံသေ့နှစ်ကောင်ရှေ့မှာ စောင့်နေမယ်လို့ မနက်က ငါ့ကိုပြောသွားတယ်၊ နင်က နွေ နေမကောင်းမှာ ပူရတာနဲ့၊ ကျောင်းပျက်မှာကို စိုးရိမ်ရတာနဲ့၊ ငါ့ဆို ဖုတ်လေတဲ့ ငပိတောင် မမှတ်ဘူး၊ နင်လေ ငါခင်သလို ငါ့ကို မခင်ဘူး၊ သိပ် မုန်းဖို့ကောင်းတယ်"

"နင် ထင်လို့ပါ **ခိုင်ရယ်။ နင်ဟာ** ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းပါ"

"ငါသိပါတယ်၊ နင် အဲသလို အပြောမျိုးနဲ့ပဲ အနိုင်ယူခဲ့တာပဲ မဟုတ်လား"

ခိုင်က ရယ်ကျဲကျဲနှင့်ပြောသည်။ လွမ်းသူ ပြုံးနေမိ၏။

နွေ့စဉ် ခိုင်ရယ်၊ လွမ်းသူရယ်၊ နွေဦးတို့ ကျောင်းအုတ်သွားနေကျ။ စ်ားအတူ လာအတူ သွားအတူနှင့် ငယ်သူငယ်ချင်းတွေ။ နွေဦး မိဘတွေက ချမ်းသာသည်။ မြို့မျက်နှာဖုံးတွေ။

ခိုင့်အဖေကျတော့ သည်ဆေးရုံမှ ဆရာဝန်ကြီး၊ ခိုင်က ဆရာဝန်ကြီး၏ တစ်ဦးတည်း**သောသမီး**၊ စိတ်ရင်း စေတနာမှန်ကန်သော ခိုင်ကို လွမ်းသူ ခင်သည်။

ပညာထူးချွန်တာ၊ ဝါသနာပါတာချင်း လွမ်းသူနှင့် ခိုင်တို့ တူလှသော်လည်း ခိုင်က စိတ်ထန်သည်။ မဟုတ်မခံ ဆတ်ဆတ်ကြဲ။ ငယ်ငယ်ကဆို လွမ်းသူအတွက် သူပဲ ဒိုင်ခံရန် ဖြစ်သည်။ နွေကျတော့ ကျန်းမာရေးက မကောင်းလှ။

"သူတို့ကို ခဏလေး၊ သား စောင့်ခိုင်းရင် ရပါတယ်၊ ကဲ အမေထ ထပါ အမေရယ်၊ အိမ်ရှေ့မှာ ရေနွေးအိုး ရှိတယ်"

အမေ့ လက်ထဲက ပန်းကန်ကို ဆွဲလုကာ အမေ့ကို ထိုင်နေရာမှ အတင်း ထခိုင်းသည်။ အမေသည် ဘယ်လို ကလေးမှန်း မသိဘူးဟု ချစ်စနိုး တစ်ချက်ညည်းကာ နောက်ဖေး မီးဖိုချောင်တွင်းမှ ဧည့်ခန်းဆီ့ ထွက်သွားသည်။

"ခိုင်ရယ်၊ ခဏလေးနော်၊ ငါ ဒီမှာပြီးတော့မယ်"

လွမ်းသူ လှမ်းအော်ပြောလိုက်သည်။ "ရတယ်၊ ရတယ် နင်သာပြီးအောင်လုပ်" ဟု ခိုင် ပြန်အော်ပြောသည်။ ခူးခပ်ပြင်ဆင်ထားသော ဟင်းခွက်များကို ကြောင်အိမ်ထဲထည့် အိုးခွက်ပန်းကန်များကို ဆေးကြောပြီး လွမ်းသူ အိမ်ရှေ့သို့ အမြန်ဆုံး ထွက်လာခဲ့သည်။

"ဟင် ခိုင်၊ နင် တစ်ယောက်တည်းလား၊ နွေကော နွေ"

လွမ်းသူ မေးလိုက်သည်။ ခိုင်က လျှာလေးကို ထုတ်ပြရင်း ခေါင်းယမ်းပြသည်။

"ငါ ဘယ်သိဖို့မလဲ၊ နင့်နွေနဲ့ ငါက တစ်အိမ်တည်း နေတာမှ မဟုတ်တာ၊ ပြီးပြီနော် **သွားကြစို့**"

ခိုင်က အမေ့ကို နှုတ်**ဆက်ကာ အိမ်ပေါ်**မှ ဆင်းသွားသည်။ လွမ်းသူသည် နံရံတွင် အသင့်ချိတ်ထားသော လွယ်အိတ်ကို ဆွဲလွယ်ရင်း ခိုင့်နောက်မှ ပြေးဆင်းလိုက်လာ သည်။ ခိုင်က စက်ဘီးကို တွန်းရင်း ခြံဝင်းဝတွင် ရောက်နေပြီ။

"နွေ နေမကောင်းဘူလား ခိုင်ရယ်၊ သူ ဒီနေ့ ကျောင်း မတက်ဘူးလား"

ခဏခဏ နေမကောင်းသည့် ကြားက ပညာရေးမှာ ထူးချွန်တာကိုပဲ ကုသိုလ်ထူးသည်ဟု ဆိုရမည်။ လွမ်းသူတို့သည် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဖြေကြရမည်။ သုံးဦးလုံး အောင်မည်မှာ သေချာနေပြီ။ ဆရာ၊ ဆရာမ အားလုံးတို့ကလည်း လွမ်းသူတို့ သုံးဦးကို နှစ်ချင်းပေါက် အောင်မည် ဖြစ်ကြောင်း အတပ်ပြောထားသည်။

စာမေးပွဲ မအောင်ဖို့ လွမ်းသူမှာ သောကဖြစ်စရာ မလို။ လွမ်းသူအဖို့ မသေချာသည်မှာ တက္ကသိုလ်ဝင်တန်း အောင်ပြီး ဘာဆက်လုပ်ရမည်နည်း ဆိုသည့် အချက်တစ်ခုကိုသာ ဖြစ်သည်။

အမေ့ကို လွမ်းသူ အနားပေးလိုလှပါပြီ။

အမေ့ဆန္ဒက မည်သို့ ရှိနေမှန်း မသိသေး။ ဆယ်တန်း အောင်လျှင် အလုပ်တစ်ခုခု ဝင်လုပ်ပြီး အမေ့ကို တစ်လှည့် လုပ်ကျွေးမည်ဟု လွမ်းသူ အားခဲထားသည်။ မိတ္ထီလာ ကန်ပေါင်နား တံတားကလေးပေါ် ရောက်တော့ ခိုင်က လွမ်းသူကို လှမ်းပြောသည်။ ဟိုမှာ သေနာတွေတဲ့။

*

"အလကားကောင်ပါကွာ။ သူအမေက လူတကာရဲ့ ဟိုဟာ ဒီဟာ လုပ်ပေးရမှ ထမင်းနပ်မှန် စားရတဲ့ကောင်ပါ၊ ကျောင်းမှာ ဆရာတွေက မြှောက်စား ထားလို့သာ မိုးပေါ် ရောက်နေတဲ့ အကောင်ပါ"

အခြောက်တိုက် စော်ကားသွားသည်။

စိတ်ထဲတွင် ထောင်းခနဲ ဖြစ်မိသော်လည်း လွမ်းသူ ဖက်ပြီင် ရန်မပြုလို။ သည်အပြောမျိုးတွေ ပြောခံရပေါင်း မနည်းတော့၊ အရွယ်ကလေး ရလာကတည်းက သည်အပြော မျိုးတွေ နာမဆုံအောင် ကြားခဲ့ရသည်။ ငယ်ငယ်ကဆို ခွန်းတုံ့ပြန် ရန်ပွဲဖွဲ့မိသော်လည်း ခုတော့ လွမ်းသူ အရေးပွဲ ထူနေပါပြီ။

ဟိုတုန်းကဆို အမေ့ရင်ခွင် ခေါင်းတိုး၍ သည်အလုပ်ကို မလုပ်ဖို့ တိုက်တွန်းခဲ့ ဖူးသည်။ အမေသည် လွမ်းသူကို ကျန်းမာရေး ဝန်ထမ်းများ၏ စေတနာ မေတ္တာ ဝါသနာ အနစ်နာ အကြောင်းတွေကို ပြောပြသည်။ ပါရမီ မာတ်ခံ မပါလျှင် သားဖွားဆရာမ ဖြစ်ဖို့ မလွယ်ကြောင်းနှင့် သားဖွား ဆရာမ တစ်ဦး၏ လူထုအတွက် အရေးပါမှုကို အမေ အမြဲ ပြောပြခဲ့သည်။

လက်တွေ့နှင့် အမေ့လုပ်ငန်းအပေါ် သဘောပေါက် နားလည်ခွင့် ရသောအခါ လွမ်းသူတစ်ယောက် ကဲ့ရဲ့ရွံတ်ချ သမျှကို လျစ်လျူနိုင်ခဲ့သည်။

"ဟွန်း စော်ကားလှချည်လား။ ဒီကောင်တွေကို ငါ ပါးကွဲအောင် လိုက်ရိုက်ပစ်လိုက်မယ်"

ခိုင်က ဒေါသဖြင့် ပြောသည်။ ခိုင်၏ စက်ဘီး ကယ်ရီယာ ကို လွမ်းသူက အလုအယက် ပြေးဆွဲ ထားလိုက်သည်။ ခိုင် သည် လွမ်းသူကို မကျေမနပ် ကြည့်ကာ မျက်လုံးတို့ထက်

ဖခင် မရှိတော့သော အရိပ်တစ်စက် လွတ်နေသည့် လွမ်းသူတို့ မိသားစုသည် လောကဓံကို အတော်ကလေး ခံခဲ့ကြရသည်။ မုဆိုးမသားဟူသော ပတ်ဝန်းကျင်၏ နှိမ်ချသော အကြည့်များ အောက်မှ ဤအခြေသို့ ရောက်လာအောင် အတော်ကို ရုန်းထွက်ခဲ့ကြရသည်။

သားဖွားဆရာမ သား၊ မုဆိုးမသား လွမ်းသူ။

တစ်နေ့ကျရင် တိုင်ပေါ်တက်၍ အလံ စိုက်နိုင်အောင် ကြိုးစားရမည်။ အနှိမ်ခံ အမွေဘဝကို အမြင့်မှာ အေးချမ်းစွာ ခံစားစေနိုင်ရမည်။

အမွေအတွက် လွမ်းသူ တစ်ယောက် ကြိုးစားရန် များစွာ ကျန်သေးသည်။

စက်ဘီးကို တွန်း၍ လျှောက်လာပြီး နွေဦး စောင့်နေမည်ကို သတိရမှ စက်ဘီးပေါ် ခုန်တက်လိုက်သည်။

ရွှေဘုံသာဘုရားရှေ့ ခြေသွေ့နှစ်ကောင် ရှေ့တွင် နွေဦးသည် သူ့ကို အပြုံးကလေးလှလှနှင့် ပြုံးကာ စောင့်ကြိုနေသည်။ စက်ဘီးအရှိန် လျှော့၍ နွေဦးရှေ့ အရောက်တွင် ရပ်တန့် လိုက်သည်။

"ခိုင် ဘာဖြစ်သွားတာလဲ၊ နွေ အော်လိုက်တာတောင် မကြားယောင် ဆောင်သွားတယ်၊ မောင်နဲ့ စကားများသွားလို့လား၊ သူ့စိတ်ကို သိသားနဲ့ကွယ်၊ မောင်အလျှော့ပေးတာ မဟုတ်ဘူး၊ အတန်းထဲရောက်ရင် ချော့လိုက်ဦးနော်"

"အင်းပါ၊ သူ အမြဲစိတ်ကောက်နေကျပါ"

*

မီးဝင်းဝင်း တောက်နေသည်။

တံတားပေါင်တွင် ထိုင်၍ ကျောက်စိုးနှင့် တင်အောင်က စပ်ဖြဲဖြဲ မျက်နှာနှင့်၊ သူတို့က မိဘ အရှိန်ဖြင့် မိုက်ဂုဏ် ဖွင့်နေသူများ ဖြစ်ကြသည်။

သူတို့နှင့် ဆေးရာသို့ ခိုင့်ကို အတင်း ဆွဲခေါ်လာခဲ့ရသည်။

"ဒေါသမကြီးစမ်းနဲ့ ခိုင်ရယ်။ သူတို့ နားမလည်လို့ ပြောကြတာပါ၊ သူတို့ နှစ်ယောက်လုံးကို ငါ့ အမေကပဲ မွေးပေးခဲ့ရတာပါ"

"အို နင်က အစစ ပျော့လွန်း အားကြီးတယ်၊ ကိုယ့်ကို တမင်စော်ကားမှန်း သိလျက်နဲ့ ခေါင်းပဲ ငုံ့ခံ နေတာပဲ၊ နင် ယောကျ်ားများ မဟုတ်ဘူး၊ လွတ် နင် ရင်မဆိုင်ရဲရင် နင့်အစား ငါ တုံ့ပြန်မယ်"

"သည်းခံလိုက်ပါ ခိုင်ရယ်၊ လူဆိုတာ လူစရိုက် အဆင့်အတန်း နိမ့်တဲ့သူက နိမ့်ကျတာပဲ၊ တန်ဖိုး နားမလည်တဲ့ လူတွေရဲ့ စကားကို နေရာတိုင်းမှာ လိုက်တုံ့ပြန်နေရင် တို့ တစ်တွေပါ အောက်တန်းစားတွေ ဖြစ်ကုန်မှာပေါ့၊ လာစမ်းပါ တို့ကျောင်းကိုပဲ သွားကြရအောင်"

"နင် အလကားကောင်၊ ယောကျ်ား မဟုတ်ဘူး"

ခိုင်က အံကလေးကြိတ်ကာ မျက်စောင်းခဲပြီး ပြောသွားသည်။ ပြီး စက်ဘီးကို ရှေ့သို့ တွန်းထိုးကာ တအားနင်း၍ သူ့ အပါးမှ ထွက်သွားသည်။

ရုတ်တရက် ငေးမောရင်း လွမ်းသူ ကျန်ရစ်ခဲ့သည်။

(၅)

တိုယိုတာ ကားပြောကလေး ရွှေတိဂုံဘုရား လမ်းထဲ ဘုရားလမ်း ဘူတာရှေ့ အရောက်တွင် အရှိန်လျှော့ ရပ်တန့် သွားသည်။

ယာဉ်ထိန်းရဲသည် ယောက်လမ်းဘက်မှ လာနေသည့် ကားတွေကို ဦးစားပေး လွှတ်ပေးနေသည်။ လွမ်းသူ တစ် ယောက် စီးကရက် တစ်လိပ်ပြီး တစ်လိပ် သောက်ပြီး အတွေး များစွာဖြင့် လိုက်ပါလာခဲ့သည်။

ခိုင်က သူ့ကို စောင်းငဲ့ ကြည့်သည်။ ခိုင်၏ အကြည့် စူးစူးရဲရဲကို သူ မခံနိုင်၍ တစ်ဖက်သို့ လှည့်ပြီး ဟိုဟို သည်သည် လှမ်းကြည့်ပစ်လိုက်သည်။

ရင်ထဲ မချိလိုက်တာ ခိုင်ရယ်။

"တကယ်တော့ နွေဦးဟာ နင့်အပေါ် တကယ့်ကို ချစ် ရှာတာပါ၊ အရီးထွေး ဆုံးတဲ့ညကပဲ သူ့ကို မန္တလေးကို ကား တစ်စီးနဲ့ အတင်း ခေါ်သွားကြတယ်လေ။ အဲဒီတုန်းက နွေဦး အစ်ကို ဒေါက်တာအောင်မွန်က မန္တလေး ဆေးရုံကြီးမှာလေ။ ဟိုရောက်တော့ သူ့ကို တစ်အိမ်လုံးက အလစ်မပေးခဲ့ကြဘူး။ အမြဲ စောင့်ကြည့် နေခဲ့ကြတယ်"

ခိုင့် အပြောကြောင့် သူ ခိုင့်ကို လှည့်ကြည့်မိသည်။

"အရီးထွေး သူ့အမေ ပယောဂနဲ့ သေခဲ့ရတယ်ဆိုတာ ကို နွေဦး မိတ္ထီလာကတည်းက သိခဲ့ရှာတာ၊ သူတို့ကြောင့်

သေရတယ်ဆိုပြီး တငိုငိုနဲ့ပေါ့။ သူ့အမေတောင် မခေါ်မပြော ဘဲ မဲစားမသောက် ဆန္ဒပြ နေခဲ့တာ။ သူ မန္တလေးကနေ အကြိမ်ကြိမ်ပဲ ကြိုးစားပြီး နင့်ဆီ ပြေးလာဖို့ ကြိုးစားခဲ့တယ်။ တော်တော်နဲ့ မအောင်မြင်ဘူးပေါ့။ ဒါပေမဲ့ တစ်နေ့ နွေဦး ရည်မှန်းချက် ပြည့်ခဲ့တယ်လေ။ သူ ညကြီးမင်းကြီးပဲ ငါ့ဆီ ရောက်လာတယ်"

"ဟိုတုန်းက အဖြစ်တွေကို ပြန်လည်း မတွေးချင်ဘူး၊ သတိလည်း မရချင်ဘူး။ အဲဒီ ခံစားမှုတွေကိုလည်း ငါ့မှာ ခံနိုင်ရည် မရှိတော့ပါဘူး ခိုင်ရယ်"

"ဒါပေမဲ့ ငါ ဆက်ပြောပါရစေ။ မျှော်လင့်တကြီးနဲ့ လာ ခဲ့တဲ့ နွေဦးဟာ မိတ္ထီလာကိုလည်း ရောက်ရော နင့်ကို မတွေ့ ရတော့ဘူးလေ။ နင် ရန်ကုန်မှာ သူနာပြုသင်တန်း တက်နေ ပြီပေါ့။ သူ ငါ့ကို ရန်ကုန်အထိ လိုက်ပို့ခိုင်းတယ်။ ဒါပေမဲ့ နင် ဆယ်တန်းကို ဂုဏ်ထူး သုံးခုနဲ့ အောင်တာတောင် တက္ကသိုလ် မတက်ဘဲ သူနာပြုသင်တန်းကို ဘာကြောင့် တက်ရတယ် ဆိုတဲ့ ရည်ရွယ်ချက်ကို ငါ ပြောပြမိတယ်"

"ပြောပြီးမှ ငါ မှားသွားမှန်း သိလိုက်တယ်။ အဲဒီ အကြောင်းလည်း ပြောရော နွေဦး ချုံးပွဲချ ငိုတော့တာပဲ။ သူ့ကြောင့် နင့် ရည်ရွယ်ချက်တွေ မပျက်စေချင်ဘူးတဲ့။ သူနာပြု သင်တန်းကို ပြီးဆုံးအောင် မတက်နိုင်ဘဲ သူ့ကြောင့် ဦးတည်ချက် ပျောက်သွားခဲ့ရင် သူ့ကို အရီးထွေးက ဘယ်ဘဝမှာပဲ တွေ့တွေ့ ခွင့်လွှတ်မှာ မဟုတ်တော့ဘူးတဲ့။ အရီးထွေး အတွက် သူ့

အမေ့မှာ စိတ်လှုပ်ရှား ထိခိုက်မှုကို မခံနိုင်သည့် ရောဂါ မျိုးပဲ မဟုတ်လား။ လုပ်ဖော်ကိုင်ဖက်တွေက နားနားနေနေ အနားယူဖို့ တိုက်တွန်းကြသော်လည်း အမေသည် သူ့ ဝေဒနာကို ဖုံးကွယ်ကာ လုံးဝ မနားသေး။ အမေ၏ ပျော့ကွက်ကို လွမ်းသူ သိမှာ ကြောက်ရွံ့ဟန်တူသည်။

အမေ့ သားပဲ၊ အမေ့အကြောင်း သူ သိတာပေါ့။

လွမ်းသူ ဆယ်တန်းကို ဖြေဆိုပြီးခဲ့ပြီ။ အောင်လျှင် အမေ့ကို အလုပ်မှ အနားယူဖို့ သွေးတိုးစမ်း စကားလေးတွေ ပြောမိသည်။ အမေက သူ သားဖွားသည့် အလုပ်ကို နောင် ဆယ်နှစ်ထိ လုပ်နိုင်ပါသေးတယ်တဲ့။ အမေ မသေနိုင်သေးပါဘူးတဲ့။ သားသာ တက္ကသိုလ် ဆက်တက်ဖို့ လုပ်ဝါဟု ပြုံးပြုံးလေး ဖြင့် ပြောသည်။

အမေ့ကို တစ်ယောက်တည်း ထားခဲ့ပြီး သူ တက္ကသိုလ် ဘယ်လိုတက်ရပါ့မလဲ။ အမေ့ကို ဘယ်သူပြုစုမှာလဲ။ သူ့ကို ငဲ့ပြီး အမေ အမျိုးသမီး ကျန်းမာရေး ဆရာမ သင်တန်းကို တောင် မတက်ဘဲ နေခဲ့သေးတာ။

အမေ့ကို တစ်ယောက်တည်းထားခဲ့ပြီး ငါ ဘယ်မှ မသွားဘူး။ တက္ကသိုလ်ကို စာပေးစာယူနဲ့ ဘွဲ့ယူလို့ ရသားပဲ။ ဘွဲ့ထက် သူ့ဘဝမှာ အမေက ပိုအရေးကြီးသည်။

"အို... တော်ပါတော့ သားရယ်၊ သားအိပ်ချင်အိပ်တော့။ အမေ နေသာသွားပါပြီ"

အမေ့ စကားကြောင့် သူ အတွေးများ ပြတ်တောက်သွားသည်။

ဘဝကို အလွမ်းကမ္ဘာထဲမှာပဲ မှောင်ချ ထားလိုက်တော့မယ် တဲ့လေ"

လွမ်းသူ ရင်ထဲမှာ ယခုပင် လုံးဝ ဟာလာဟင်းလင်း ဖြစ်သွားတော့သည်။ 'သြော် နွေရယ်' ဟု နှလုံးသား၌ တီးတိုး သံကလေးများ မြည်ကြွေးမိသည်။

မျက်ရည်ကလေးများ ရစ်ဝဲလျက် ပူနွေးသော သက်ပြင်း ရှည်ကြီးတွေကို လွမ်းသူ မှုတ်ထုတ်နေမိသည်။ တစ်ချိန်လုံး ခေါင်းငုံ့ နားထောင်နေရင်းက ရင်ထဲမှာ ကတုန်ကယင် ဖြစ်လာသည်။ ကျလုဆဲ မျက်ရည်တွေကိုပင် မထိန်းနိုင်တော့။

ကားပြကလေးမှ ဦးဝိစာရလမ်းမကြီး တစ်လျှောက် အရှိန်ဖြင့် ပြေးလွှားနေသည်။ မှေပစ်ဖို့ အမြဲ ကြိုးစားခဲ့ဖူးသည်။ ကိုင်တွယ်လို့ မရတဲ့ အသိ ဆိုတာတွေကို စိတ်ဆိုး မာန်ဆိုး ဖြစ်မိသည်။ အတိတ်ဆိုတာ ဖျက်လို့မရတဲ့ အရေး အကြောင်း တစ်ခုပဲလို့ လွမ်းသူ နားလည်မိချိန်...။

*

အမေ့ကျန်းမာရေးက သိသိသာသာ ချို့တဲ့လာသည်။

အမေ့မှာ နှလုံးရောဂါ ရှိနေသည်တဲ့။ ခိုင့် အဖေက တစ်ညနေ လွမ်းသူကို ပြောပြသည်။ မေမေ စိတ်မချမ်းမြေ့စရာ အမှုကို မပြုပါဘူးဟု နှုတ်ဖြင့်ဖွင့်၍ ကတိမပြုမိသော်လည်း ထိုညက လွမ်းသူ စိတ်ထဲ အမေ့ကို စိတ်အချမ်းသာဆုံး ဖြစ်အောင် ကြိုးစားတော့မည်ဟု ဆုံးဖြတ်မိသည်။

ထိန်ထိန်သာနေသော လမင်းကြီးကို မော့ကြည့်ရင်း လွမ်းသူ ရှေ့ဆက်ရမည့် ဘဝခရီးကို တွေးဆနေမိသည်။

"မောင့်မျက်နှာ မမြင်မတွေ့ရဘဲ နေရတာ၊ နွေ သိပ်ကို ဝမ်းနည်းတာပဲ၊ နွေ အိမ်မှာ နေရတာ ငရဲကျနေတာပဲ မောင်ရယ်၊ တစ်စက္ကန့်လေးတောင် မပျော်ဘူး၊ နွေနဲ့ မောင့်ကို မေမေတို့ ဘယ်လိုပဲ သဘောမတူတူ တစ်နေ့ကျရင် နွေနဲ့ မောင်တို့ အတူတူ နေကြရမှာပါနော့"

ခိုင် ယူဆောင်လာပေးသော စာလေးမှ စကားလုံးလေးများကို နားထဲတွင် ကြားယောင်လာသည်။

ပိတောက်ပင်တွေကြားက ညဉ့်ငှက်ကလေးတစ်ကောင်က ခပ်တိုးတိုး မြည်တမ်းသံ ကြားရသည်။ လရောင်ကလေးကို ကြည့်ကာ မှုရယ်မပြုံးနိုင်ဘဲ မတင်မကျသော သောကများနှင့် အတူ နွေဦးကို မှန်း၍ လွမ်းဖြစ်မိသည်။

"လွမ်းသူဟာ သူ မဟုတ်ပါဘူး နွေရယ်၊ လွမ်းရတဲ့ သူဟာ မောင်ပါ"

*

(၆)

"ဒီမှာ ဆရာမကြီး၊ တကယ်လို့ ရှင့်မှာ သမီး ရှိခဲ့လို့၊ ရှင့်သမီးသာ ရှင့်လို လူတကာ အညစ်အကြေးကို ကိုင်တွယ်ရတဲ့ သားဖွားဆရာမ တစ်ဦးရဲ့ သားနဲ့ဆိုရင်ကော၊ ရှင် သဘောတူနိုင်မတဲ့လား၊ ကိုယ့်သမီး လူတကာရဲ့ အလယ်မှာ

"ရပါတယ် အမေရယ် သား မအိပ်ချင်သေးပါဘူး။ အမေ ဆေးသောက်ပြီးပြီနော်။ ကော်ဖီ ပူပူလေး သောက်ဦးမလား အမေ"

"မသောက်တော့ပါဘူး သားရယ်။ အမေ ဘုရားရှိခိုးလိုက်ဦးမယ်။ သား အနားယူတော့နော်။ ဒါနဲ့ သားကို မေးရဦးမယ်။ ခုတစ်လော နွေဦး တစ်ယောက် အမေတို့ဆီ မလာပါလား။ သားနဲ့ စိတ်ကောက်နေကြလို့လား"

"မကောက်ပါဘူး အမေရယ်။ သားတို့ဆီ သူ လာတာကို သူ့ အမေက သဘောမကျလို့တဲ့။ စိတ်တွေ ဘယ်လို ဖြစ်သွားကြမှန်း မသိပါဘူးအမေရယ်။ နွေဦးအမေ သားကို ဆက်ဆံတာလည်း ဟိုတုန်းကလို မဟုတ်ဘူး"

"မဟုတ်ဆို သားက အမှေသားကိုး"

အမေ ထိုမျှသာ ပြောသည်။ အမေ ဘာကို ဆိုလိုမှန်း လွမ်းသူ သိသည်။ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။ နွေဦးကို လွမ်းသလိုလို ဖြစ်လာသည်။ နွေဦးနှင့်သူ လွတ်လွတ်လပ်လပ် မတွေ့ရသည်မှာ စာမေးပွဲ နောက်ဆုံးနေ့ ကတည်းကပင် ဖြစ်သည်။

အမေ ဘုရားရှိခိုးနေစဉ် လွမ်းသူ အိမ်ရှေ့ဝရန်တာသို့ ထွက်လာသည်။ လရောင်က ပိတောက်ရွက် အကြိုအကြား မှ ထိုးဆင်း ကျနေသည်။ မိတ္ထီလာ၏ နေ့အချိန်များသည် ပူပြင်းလွန်းလှသလောက် ညချမ်းသည်ကား စွဲမက်ဖွယ်ရာ အေးမြလှသည်။

မျက်နှာငယ်ရမယ့် အဖြစ်မျိုး ရှင် လက်ခံနိုင်မှာ မဟုတ်ပါဘူး၊ ခုလည်း ကျွန်မ ဒီအတိုင်းပဲ၊ ကျွန်မသမီးကို ရှင့်သားနဲ့ ဘယ်လိုနည်းနဲ့မှ သဘောတူနိုင်ဘူးရှင့်"

စိတ်ထဲမှာ ယမ်းပုံမီးကျ ဖြစ်သွားသည်။

ရုက်ရွဲ့ မုန်းတီးမှုများ ဟိုက သည်က ပေါ်လာသည်။ လွမ်းသူ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေ၏။ အမေသည် သူ့ကြောင့် ခေါင်းမော်ရဲအောင် ဖြစ်နေပြီ။ ပတ်ဝန်းကျင်ကို သွေးအေးအေးနှင့် ဘာမဆို ရင်ဆိုင်တတ်သော အမေက အေးအေးစက်စက်၊ လွမ်းသူ ဒေါသတကြီးနှင့် တုံ့ပြန်မိသည်။

"ခင်ဗျားကြီး၊ ကျုပ်ကို ပြောချင်ပြောဗျာ၊ ကျုပ်ကြောင့် ကျုပ်အမေနဲ့ သားဖွားပညာကို မစော်ကားနဲ့"

"နင်က အနှလက်နဲ့ ရွေးခွက်နှိုက်ချင်တာကိုး၊ ငါပြော ရတာပေါ့"

"ဘာ...ဗျာ"

"သား...သားလေး ငြိမ်ငြိမ်နေစမ်း"

နေရာမှ ထမလို ဖြစ်သွားသော လွမ်းသူကို အမေက လှမ်း တားလိုက်သည်။ အမေ့ကို ငဲ့ပြီး စိတ်ကို ထိန်းချုပ်ရသော်လည်း လွမ်းသူ တစ်ကိုယ်လုံး မွန်ထူစွာ တုန်ယင်နေသည်။

အမေ့မျက်နှာက တည်ငြိမ်နေဆဲ။

ခုထိ တစ်ဖက်သား၏ တိုက်ခိုက်မှုကို အမေ တစ်ယောက် တစ်ခွန်းမျှ ခွန်းတုံ့မပြန်သေး။ ခေါင်းတညိတ်ညိတ်နှင့် တိတ်ဆိတ်မြဲ ငြိမ်သက်နေဆဲပင် ရှိသေးသည်။

နွေ့ မေမေ၏ စကားများက လွမ်းသူရင်ကို ဆောင့်တိုးနေသည်။ သူ၏ နှလုံးသားရေးရာအတွက် ခေါင်းမော်ရဲအောင် အပြောခံနေရရှာသော အမေ့ကို ကြည့်ကာ ရင်ထုမနာဖြစ်နေမိသည်။

အမေသည် လွမ်းသူကို တစ်ချက်စိုက်ကြည့်သည်။

အမေ့ အကြည့်ကြောင့် စိတ်တွေ တထိတ်ထိတ်လန့်နှင့် အသက်ရှူ မဝသလို မွန်းကျပ်စွာ ခံစားလိုက်ရသော်လည်း မေမေ့ မျက်လုံးများတွင် ကြေကွဲမှုများနှင့်အတူ စေတနာကရုဏာ ရသကလေးတွေ ရောယှက် ပါလာခဲ့သည်ဖို့ လွမ်းသူ အင်းချ နိုင်သေးသည်။

ဇရာကြောင့်လား၊ ရောဂါ ဝေဒနာကြောင့်လား၊ စိတ် အလွန်အမင်း ထိခိုက်နေ၍လားတော့ မသိ၊ မြင်တွေ့နေကျ အမေ့မျက်နှာက အိုစာလွန်းသည်ဟု ထင်မှတ်နေမိသည်။

"မှန်တယ်၊ နွေ့ဦး မေမေပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မတစ်ခုတော့ ပြောပါရစေဦး၊ ရှင်လည်း မှတ်မိဦးမှာပါ။ ဟောဒီ အညစ်အကြေးတွေ ကိုင်တဲ့ ကျွန်မ လက်တွေနဲ့သာ ရှင့် သမီးလေး နွေ့ကို မမွေးဖွား ပေးခဲ့ရင် ရှင်နဲ့ နွေ့ဦးဟာ ခုဆို လူ့လောကကြီးမှာ ရှိမှာ မဟုတ်ဘူးနော်။ ကျွန်မတို့ တစ်တွေဟာ ရှင်တို့လို လူနာတွေအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကြတဲ့ သူတွေပါ"

"အို... ကျွန်မ ဒါတွေကို နားထောင်ဖို့ လာခဲ့တာ မဟုတ်ဘူး။ ရှင်တို့ရဲ့ နာသုံးနာ ဆိုတာကိုလည်း ကျွန်မ နားမလည်

ဘူး။ ဗိုက်နာရင် ရှင်တို့လို သားဖွားဆရာမတွေကို ခေါ်မွေးမယ်။ တန်ရာတန်ကြေးပေးရင် ပြီးတာပဲ မဟုတ်လား”

နွေဦး မေမေ စကားကြောင့် အမေ နှုတ်ခမ်းကို ကြိတ်လိုက်သည်။

လည်ချောင်းကို ရှင်းလင်းဟန်နှင့် အမေ တံတွေးကို မျိုချနေသည်။ ပြီး နွေဦး မေမေ၏ မျက်နှာကို နဖူးကြောကလေးများ တင်းလာသည် အထိ စိုက်ကြည့်သည်။

အမေ့ မျက်နှာပြင် တစ်ခုလုံး တင်းမာခက်ထန်လို့ နေပါပြီ။ လွမ်းသူသည် အမေ့ ပါးစပ်မှ ပွင့်ထွက် လာတော့မည့် စကားကို ရင်တုန်မောဟိုက်စွာ စောင့်စား နေမိသော်လည်း တကယ်တမ်း အမေပြောလာတော့မည့် စကားများကို လွမ်းသူ အတပ်သိနေပါပြီ။

“ငွေရှိတဲ့လူက ငွေစကား ပြောနိုင်တာပေါ့ရှင်။ ရှင် မမွေးနိုင်လို့ ကယ်ပါ ကူပါ လုပ်နေတုန်းက ရှင် ဒီလို လေသံမျိုး မဟုတ်ပါဘူး။ ပြီးတော့ ကျွန်မ ရှင်ဆီက ငွေကြေး တစ်ပြားတစ်ချပ်မှ မယူခဲ့ပါဘူးနော်။ စေတနာသန့်သန့်နဲ့ မွေးပေးခဲ့တာပါ။ အေးလေ... ထားလိုက်ပါတော့၊ ကျွန်မ ရှင့်ကို နားလည်ပါတယ်။ ကျွန်မ ကတိပေးတယ်။ ကျွန်မ ဟောဒီ သားကြီး မောင်လွမ်းသူဟာ ရှင့်သမီးနဲ့ ဘယ်တော့မှ မဆက်သွယ်စေရဘူး။ ရှင် လိုချင်တာ ဒါပဲ မဟုတ်လား၊ ရှင် သွားတော့။ ရှင့် မျက်နှာကို ကျွန်မ လုံးဝ မကြည့်ချင်တော့ဘူး”

အမေ၏ ပီပြင် ပြတ်သားသော နှုတ်ထွက် စကားလုံးများက လွမ်းသူ ရင်ထဲက အသည်းနှလုံးကို ဖြုတ်ထုတ်သွားသလို နာကြည်းလွန်းလှပါပြီ။

လွမ်းသူ တစ်သက်တာဝယ် တစ်ကြိမ်မျှသာ ပွင့်ခဲ့သော အချစ်ပန်းကလေးကို ခြေမွှ ဖျက်ဆီးခြင်း ခံရပြီကော။ ချစ်ရတဲ့ သူနှင့် ရာသက်ပန် ဝေးရပေတော့မည်။ ဘူးဆိုဖရုံမသီးတတ်သည့် အမေက သူ့ ကတိတစ်လုံးကို သက်ဆုံးတိုင် ပြင်တော့မည် မဟုတ်ပါ။

ဖေဖေ ကားမှောက်၍ ရုတ်တရက် ဆုံးပါးစဉ်က ခံစားခဲ့ရသော ဝေဒနာများနှင့်လည်း မတူ။ ခု ခံစားနေရသည့် ဝေဒနာများက ပူပြင်းလွန်းလှပါသည်။ ရင်ထဲမှာ ဆို့နင့် ကြေကွဲမှုနှင့်အတူ မျက်ဝန်းမှ တစ်ဆင့် ကျကြွေ သက်ဆင်းပြီး ပါးပြင်အနှံ့ ပြည့်လျှံကုန်ပါပြီ။

“ကျေးဇူးပဲ... ရှင့် ကတိ တည်ပါစေ”

ပြောပြောဆိုဆိုနှင့် နွေဦးမေမေ အိမ်ပေါ်မှ ဆင်းသွားသည်။ လွမ်းသူ တစ်ယောက် သူ့ ကျောပြင်ကို ကြည့်ရင်း စိတ်ကို မထိန်းနိုင်ဘဲ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကြမ်းပြင်ကို ထုရိုက်မိသည်။

အမေသည် အိပ်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် တမ်းလျှောက်နေ၏။ တိတ်ဆိတ်ငြိမ်သက်မှုက အရေးနှင့် လွှမ်းမှုကြား စက္ကန့်ကလေးပေါင်း များစွာ ခြားသွားသည်။ အမေ့ အတွက် စိတ်မကောင်းလှပါ။ အမေ့ ရောဂါအတွက် အမေ့ကို

စိတ်အချမ်းသာဆုံး ထားခဲ့သည်ကြားမှ ဤအဖြစ်မျိုး ကြုံလာရသည်ကို သူ ခွင့်မလွတ်နိုင်။

မည်သူ့ကို အပြစ်ဆိုရမည်နည်း၊ မိမိ ကိုယ်တိုင်လား၊ နွေဦး မေမေကိုလား၊ ကံကြမ္မာသည် မည်သို့သော အခြင်းအရာကြောင့် သည်မျှအထိ ရိုင်းပြလာပါသနည်း၊ လွမ်းသူ ဘဝပေး အကျိုးတရားကို ရှုမှန်းလာမိသည်။

"လွမ်းသူ"

အမေသည် သူ့ကို အသံမာမာဖြင့် ခေါ်သည်။ သူ ရင်များ ခုန်သွား၏။ အမေ ဘာများ ပြောမည်နည်း။ ကြောက်ကြောက် လန့်လန့်နှင့် အမေ့ကို လွမ်းသူ မော့ကြည့်လိုက်မိချိန် အမေ၏ ပြင်းထန်လှသော လက်ဝါးပြင်များက တဖြန်းဖြန်းနှင့် သူ မျက်နှာကို ဖြတ်ရိုက်ခြင်း ခံလိုက်ရသည်။

မျက်နှာပြင် တစ်ခုလုံး ပူထူ သွားသည်။ အမေ့ မျက်လုံးများ ဒေါသဖြင့် ဝင်းထိန်နေသည်။ အမေ ဤမျှထိ ဒေါသကြီးနေတာ မျိုး တစ်ကြိမ်တစ်ခါမျှ လွမ်းသူ မတွေ့ဘူး၊ မမြင်ဘူးပါ။

"နင်... နင့်ကြောင့်၊ နင် အသုံးမကျလို့ ငါတို့ သားဖွား ဆရာမတွေကို အစော်ကား ခံရတာ။ နင် လူမဟုတ်ဘူး၊ ခွေး။ ခွေးထက်မိုက်တဲ့လူ"

အမေ့ အသံများ ငိုသံတစ်ဝက်ဖြင့် ကျယ်လောင်နေသည်။

"ရိုက်ပါ အမေရယ်၊ အားပါးတရသာ ရိုက်လိုက်စမ်းပါ၊ အမေတို့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စေတနာနဲ့ မေတ္တာတွေကို သား မျက်မြင်ကိုယ်တွေ့ပါ၊ သား အမေတို့ကို မစော်ကားရဲပါဘူး။ အမေတို့တစ်တွေကို စော်ကားသလို ဖြစ်ခဲ့ရင် သားကို အမေ သေအောင်သာ သတ်ပစ်လိုက်စမ်းပါ"

"ရိုက်မယ်၊ နင့်ကို သေအောင်ကို သတ်မယ်၊ မြွေမြွေ မှတ်ထား၊ ငါ ကတိပေးလိုက်တာကို နင်ကြားတယ် မဟုတ်လား၊ အဲဒီ ကတိကို တစ်သက်နဲ့တစ်ကိုယ် မဖောက်မိအောင် နင် ထိန်း"

လက်ညှိုး တထိုးထိုးနှင့် ပြောရင်းက အမေသည် ရင်ညွန့်ကိုဖိ၍ ခွေကျသွားသည်။

"လွမ်းသူ"

"ဒေါ်တွေး"

အော်သံနှင့်အတူ ခိုင်နှင့် သူ့ဖေဖေတို့ ပြေးတက်လာကြသည်။ လွမ်းသူက သူ့ရှေ့တွင် ပုံလဲကျသွားသော အမေ့ကို ပြေးမွေ့ထားလိုက်သည်။

"အမေ... အမေ"

လွမ်းသူ စိုးရိမ်တကြီးနှင့် အမေကိုယ်ကို လှုပ်ပြီး ခေါ်သည်။ အမေသည် အသက်ကို ခပ်မျှင်းမျှင်းလေး ရှူ၍ လွမ်းသူကို မျက်လုံးတစ်ချက် ဖွင့်ကြည့်သည်။ အမေ့ မျက်လုံးများက ခုနကနှင့် မတူတော့။ အမေ့ မျက်လုံးများတွင် အထင်းသားပေါ်နေသည်။ ခဏနေ အမေ့ မျက်လုံးများ ပြန်မှိတ်သွားတော့သည်။

"အမေ... အမေရယ်"

လွမ်းသူတစ်ယောက် သူ့အမေကို လှုပ်ယမ်းရင်း တစ်ရှိုက်မက်မက်နှင့် ခေါ်သည်။ ခိုင့် ဖေဖေသည် လွမ်းသူ ဘေးတွင် ဒူးထောက် ထိုင်ချလိုက်ပြီး မေမေ၏ လက်ကောက် ဝတ်ကို စမ်းကြည့်ကာ ရင်ဝကို နှိပ်နယ်ပေးသည်။

"ဦးရယ်၊ မေမေ အသက်မှ ရှိသေးရဲ့လား"

ခိုင့်ဖေဖေက လွမ်းသူကို တစ်ချက်ကြည့်သည်။ ပြီး ခေါင်းကို ယမ်းပြသည်။ 'မေမေ၊ မေမေရဲ့ အဖြစ် ဆိုးလှ ချည့်လား' ဟု လွမ်းသူသည် သူ့အမေ တစ်ကိုယ်လုံး ပွေ့ဖက် ပိုက်ထွေး ထားရာမှ ဆွေးမြည့်စွာ ပြောနေသည်။ အမေကား မထူးနိုင် တော့ပါ။

"ဦး...၊ ခိုင်... "

လွမ်းသူ အားကိုးရာမဲ့စွာ ညှိမှိုင်းနေသော မျက်နှာငယ် လေးဖြင့် ခေါ်သည်။

"စိတ်ကို တင်းလိုက်စမ်းပါ မောင်လွမ်းသူ။ ဦး မင်းကို ပြောလျက်နဲ့ကွယ်။ ဒေါ်ထွေးကို စိတ်အချမ်းသာဆုံး ထားပါလို့။ ခုတော့... "

"လွမ်းသူ ရယ်"

မျက်ရည်များ ပါးပြင်အနှံ့ ဒလဟော စီးကျသွားသည်။ ခိုင့် ဖေဖေသည် လွမ်းသူ၏ ပခုံးကို ညင်သာစွာ ဖက်ထားရင်း "လူလေး၊ လွမ်းသူ ဖြေပါတော့ လူလေးရယ်၊ ဖြေပါတော့" ဟူ၍ တစ်လုံးချင်း အက်ကွဲကြေမွစွာ ပြောလိုက်သည်။

"မေမေရဲ့ သားကို တကယ်ပဲ စွန့်ပစ် ထားခဲ့ပြီလား၊ သား ဘို့ သတ်မသွားတော့ဘူးလား အမေရယ်"

မယုံနိုင်စရာ ကောင်းနေပါသည်။ အံ့သြ တုန်လှုပ်ဖို့လည်း ကောင်းနေပါပြီ။ အဖြစ်အပျက်က မျက်စိတစ်မှိတ် လျှပ်တစ်ပျက် အတွင်း၌ မြန်ဆန်လွန်းလှသည်။

*

အမေ၏ နှဲ့ဂုံးချုပ်ဘဝက မလှမပလိုက်တာ။

ရင်အရှိကို ဖွင့်ဟ ငိုချသော်လည်း ပေါ့မသွား၊ ဆို့နင့် ကြေကွဲမှုတို့ဖြင့်သာ ရင်ထဲမှာ တစ်ခုခုနွေးနွေး ဖြစ်နေသည်။

ဘဝမှာ တန်ဖိုးအကြီးဆုံး၊ အားအကိုးဆုံး၊ သူ့ဘဝ တစ်လျှောက်လုံးကို အရာရာတိုင်း၌ ဦးဆောင်ခဲ့သော မဟာမြင့်မိုရ်တောင်ကြီးက ပြိုကွဲလေပြီကော။

သူ့ဘဝသည် ခုမှ အထီးကျန်ဖြစ် ကျန်ရစ်ခဲ့သည်။

ခြောက်သွေ့လိုက်တာ၊ သားအမိ နှစ်ဦးနေခဲ့သော ဘဝမှ တစ်ဦးက ရုတ်တရက်ခွဲထွက်သွားလေတော့ ကျန်သူမှာ အဆွေးပိုရမြဲရယ်။

မြင်မြင်သမျှ မြင်ကွင်းတိုင်းတွင် အမေ့ မျက်နှာသည် လွမ်းမိုး နေရာယူနေမြဲ။ အမေ့ပုံရိပ် ထင်ဟပ် လာတိုင်းလည်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်။ အမေသည် သူ့ကြောင့် ဘဝကို စောစီးစွာ အဆုံးသတ် ကျောခိုင်းရလေခြင်း မဟုတ်ပါလား။

အမေ့ကို လွမ်းသူ သတ်တာ။ လွမ်းသူကြောင့် အမေ သေရတာ။ အမေ့ ကျေးဇူးကို ဆပ်ခွင့် လုံးဝ မရလိုက်ဘဲ ကျေးဇူးရှင် မေမေသည် သူ့ဘဝမှ ထွက်ခွာသွားခဲ့ပြီ။

အမေ့ကို သတိရတိုင်း နွေဦး မေမေကို လုံးဝ ခွင့်မလွှတ်နိုင်ခဲ့။ နွေဦး အမေကြောင့် မေမေ သေရတာ၊ နွေ့ကို ချစ်ခဲ့မိသောကြောင့် အမေ သေရတာ။ သင်းတို့ကို ငါဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူးဟေ့။

"အမေရယ်၊ အမေ ပေးခဲ့တဲ့ ကတိကို သား တစ်သက်လုံး မချိုးမဖောက်ဘဲ ထိန်းသိမ်းထားပါ့မယ်၊ သားကို ခွင့်လွှတ်ပါ အမေရယ်"

နှုတ်မှ ဖွင့်ဟ ပြောဆိုမိသည်။ ခြံအတွင်းမှ သရက်ပင်ပျို ထက်တွင် ချိုးကလေးတစ်ကောင်က သူ့ကို သရော်သလိုနဲ့ ချဲပြ နေသည်။ သူမျက်လုံးများသည် မျက်ရည်တို့ဖြင့် မြင်တွေ့ သမျှကို ဝိုးဝါးစေပါသည်။

ခိုင်က သူ့ပါးပြင်မှ စီးကျနေသော မျက်ရည်စက်များကို လက်ဝါးကလေးဖြင့် သုတ်ပေးရှာသည်။

"ငါ့ မျက်ရည်တွေကို မသုတ်ပါနဲ့ ခိုင်ရယ်၊ အမေ့ အတွက် ငါ့ မျက်ရည်တွေ နှကျချင်သလောက် ကျပါစေဟာ၊ ငါ့ကြောင့် သေခဲ့ရတဲ့ အမေအတွက် အစားထိုးစရာ ဒီမျက်ရည်တွေပဲ ရှိတော့တာပါ"

သူမျက်ဝန်းမှ ထွက်ကျလာသော မျက်ရည်တွေကို သုတ်ပေးနေသော ခိုင့် မျက်ဝန်းတွင်လည်း မျက်ရည်တွေက စိုစို ရွှဲရွှဲနှင့်။

အရိုးထွေး ဘဝတစ်ပါးသို့ ပြောင်းသွားသည်မှာ တစ်လ ပြည့်တော့မည်။ လွမ်းသူဆို မပြောနဲ့၊ သူတောင် အရိုးထွေးကို တစ်နေ့မှ မေ့မရသေး။

"နင် မငိုပါနဲ့ ခိုင်ရယ်၊ နင် ငါ့အတွက် မျက်ရည် မကျစမ်းပါနဲ့"

"နင့် အတွက် ငါ ရင်နာလွန်းလို့ပါ လွမ်းသူရယ်၊ ငါ့ကို လည်း ငိုခွင့်ပေးပါဟယ်"

*

(၇)

"နွေ့မှာက သာလာ ဆီမီးယား(THALARCEMIA) လို့ ခေါ်တဲ့ သွေးခန်းတဲ့ရောဂါ ရှိနေတယ်။ အရင်ကတည်းက တစ်လ တစ်ကြိမ် သွေးသွင်း နေခဲ့ရတာ။ ခုတော့ သွေးသွင်းလို့ မရတော့ဘူး။ သတိလစ်လိုက်၊ ကယောင်ကတမ်းတွေ ပြောလိုက်၊ ပြန်သတိလည် လာလိုက်နဲ့ပဲ။ နင့်ကိုတော့ တသသနဲ့ မေးနေရှာတာ။ နောက် တစ်ရက် နှစ်ရက် လောက်ပဲ ခံတော့ မယ်လို့ သမားတော်ကြီးက ကောက်ချက်ချထားတယ်လေ"

ခိုင်က ကြေကွဲဝမ်းနည်းစွာဖြင့် ပြောနေသည်။

"တော်ပါတော့ ခိုင်ရယ်၊ တော်ပါတော့ကွယ်၊ ငါ မကြားပါရစေနဲ့တော့၊ ဒီစကားတွေကို ငါကြားနိုင်တဲ့ အင်အား မရှိတော့ပါဘူး"

လွမ်းသူ၏ လှိုက်မောစွာ ဟန့်တားလိုက်မှုကြောင့် ခိုင်သည် အကြင်နာ မျက်ဝန်းဖြင့် ကွက်ခနဲ တုစ်ချက်ကြည့်ကာ ကားကို မဲ၍ မောင်းနှင်နေတော့သည်။

မကြာမီ ဝမ်းနည်းကြေကွဲစရာ တစ်ခုခုကို ကြုံတွေ့ရတော့မည်မှန်း ကြိုသိနေသော လွမ်းသူ နှလုံးသားတို့သည် ဘောင်ဘင်ခတ်နေ၏။

ကားစက်သံမှ လွဲ၍ အရာအားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ သူ အသက်ရှူ မဝသလို ခံစားနေရသည်။ မျက်လုံးများကို ဝေ့ကြည့်သည့်အခါ ခိုင်သည် အသံမထွက်ဘဲ နှလုံးသားနှင့် ငိုရှိုက်နေသည်ကို တွေ့မြင်လိုက်ရသည်။

နွေ၏ အခြေမှန်ကို သူက ပို၍ သိနေပေလိမ့်မည်။ သူ ဆရာဝန်လောင်း မဟုတ်လား၊ အင်းလျားကန်ပေါင်ရိုးနားရောက်တော့ ခိုင်က ကားကို မြေနီလမ်းကလေး တစ်ခုထဲသို့ ကွေ့ချိုး ဝင်လိုက်သည်။

ခြံဝင်းတစ်ခု အတွင်းသို့ ခိုင်က ကားကို မောင်းဝင်လိုက်၏။ ခြံဝင်းဝတွင် 'ဒေါက်တာအောင်မွန်' ဟု ရေးထိုးထားသော သစ်သား ဆိုင်းဘုတ်ကလေးကို တွေ့လိုက်ရသည်။ နွေဦး၏ အစ်ကို အိမ်ပဲကိုးဟု စိတ်ထဲတွင် ရေရွတ်မိသည်။

ဆင်ဝင်အောက် အရောက် ကားကလေး ရပ်တန့် သွားသည်နှင့် လူတစ်ဦးက တံခါး လာဖွင့်ပေးသည်။ လွမ်းသူ ကားပေါ်မှ ဆင်းလိုက်၏။ ခိုင်က လွမ်းသူ လက်မောင်းကလေး

ကို ဆုပ်ကိုင်လာသည်။ လွမ်းသူ ခြေအစုံသည် ရွေ့လျားရန် ဝန်လေးစွာ တုံ့ဆိုင်းနေလေသည်။

"လာ... လွမ်းသူ၊ တို့ နွေ့ ဆီကို သွားကြရအောင်"

ခိုင် ဦးဆောင် ခေါ်ဆောင်ရာသို့ လွမ်းသူ လိုက်ပါသွားခဲ့မိသည်။

အခန်းကလေး တစ်ခန်းထဲ နီယွန်းယွန်း မီးလုံးကလေးများ ထွန်းညှိထားကြသည်။ နွေသည် အိစက်သော ဖဲမွေ့ရာပေါ်တွင် မျက်လုံးများကို မှေးစင်း၍ အသက်ကို ခပ်မျှင်းမျှင်းလေး ရှူရှိုက်နေသည်။

ဟိုတုန်းက နွေနှင့် ခု နွေက တခြားစီ။ ကွာချင်တိုင်း ကွာနေသည်။

နွေ၏ ခုတင်ဘေးတွင် နွေ့မေမေနှင့် နွေ့ဖေဖေ။ ပြီးတော့ နွေ့အစ်ကို ဒေါက်တာအောင်မွန်။

သူတို့တွေ မျက်နှာက ကြေကွဲစွာ ညှိုးနွမ်းနေကြသည်။

လွမ်းသူ ခုတင်ဘေးတွင် ဝင်ထိုင်ချလိုက်၏။ ခိုင်က သူတို့နှင့် စကားတိုးတိုး ပြောနေသည်။ ခိုင်ဘာတွေ ပြောလိုက်မှန်း မသိ၊ မကြာမီ သူတို့တစ်တွေ အခန်းအပြင်ဘက်သို့ ထွက် သွားကြသည်။

နွေ့ဘေးတွင် ခိုင်နှင့်လွမ်းသူတို့ နှစ်ယောက်တည်း။

နွေ့ တစ်ကိုယ်လုံး ဖြူဖျော့ပြာနှမ်းနေသည်။ နွေ့စားပွဲပေါ်တွင် ကိုးတန်းတုန်းက နွေရယ်၊ ခိုင်ရယ်၊ သူရယ် သုံးဦးသား ပညာရည်ချွန်ဆု ယူတုန်းက ရိုက်ထားသည့် ဓာတ်ပုံလေး တစ်ပုံ။

အတိတ်က အရိပ်ကလေးတွေ၊ နွေသည် သည်ဓာတ်ပုံကလေးဖြင့် အလွမ်း ဖြေခဲ့ဟန် တူသည်။ 'သြော်... နွေရယ်၊ အချစ်ဆုံးရယ်' ဟု လွမ်းသူ တမ်းတစွာ နှုတ်မှ ရွတ်ဆိုမိသည်။ နွေ့ လက်ကလေးကို သူ့လက်ဖဝါးကလေးဖြင့် တယုတယ ဆုပ်ကိုင်မိသည်။

"နွေ"

လွမ်းသူက ဆို့နင့်စွာဖြင့် ခေါ်ကြည့်သည်။ နွေသည် အပြစ်မဲ့စွာ အိပ်စက်နေဆဲ၊ နွေ အသက်ကို ပင်ပန်း ခက်ခဲစွာ ရှူရှိုက်နေရသည်။ လွမ်းသူသည် နွေ၏ လက်ဖဝါးကလေးကို သူ့ပါးတွင် ကပ်၍ ပွတ်သပ်နေသည်။

"နွေရယ်၊ မောင်လေ နွေ့ဘေးမှာ ရောက်နေပါပြီ"

လွမ်းသူ အသံကြောင့်လား မသိ၊ နွေ့ မျက်တောင်ကလေးများ လူးလွန့်လာသည်။ နှုတ်ခမ်းခြောက်ကလေးများ လှုပ်ရှားလာသည်။

"နွေ... နွေလေး... နွေ့ဘေးမှာ လွမ်းသူ ရောက်နေပြီလေ"

ခိုင်က နွေ့ နားရွက်ကလေးနား ကပ်၍ တိုးတိုးကလေး ပြောသည်။ နွေ မျက်လုံးတွေကို အားယူ ဖွင့်နေသည်။ နွေ မျက်လုံးအပွင့် ပထမဆုံး မြင်လိုက်ရသည်မှာ အချစ်ဦး၏ မျက်နှာ ဖြစ်လိမ့်မည်။ အပြုံးကလေး တစ်ပြုံး ဖူးပွင့်လာ၏။

မျှော်သာမျှော်ခဲ့သော်လည်း လွမ်းသူသည် နွေ့အပါးသို့ ရောက်လာလိမ့်မည် နွေ မထင်ခဲ့။ ခုတော့ နွေ့ဆီသို့ နွေ

တမ်းတစွာ စောင့်မျှော်ခဲ့ရသော အချစ်ဦး၊ အချစ်ဆုံးက ရောက်နှင့်နေပြီ။ နွေ့ ရင်ထဲမှာ အပျော်ချောင်းကလေးများ စီးဆင်း သွားသည်။

မချိပြုံးကလေး တစ်ပြုံးနှင့် မျက်လုံးများ တောက်ပ ရွှန်းလဲ့မှု ကင်းကာ မျက်တွင်းနက်နက် အတွင်းမှ အားဖျော့စွာ သူ့ကို ကြည့်နေသည်။

"နွေ... အချစ်ဆုံးရယ်"

မချိပြုံးကလေးက အငိုရိပ်ကလေးများ သန်းနေပြီ။

"မောင်... နွေ... မောင်..."

နွေ့အသံများ မဝိမသာ ထွက်လာကြသည်။ နွေ စကားလေး တစ်ခွန်း နှုတ်ခမ်းကလေးမှ ထွက်လာဖို့ အတော်ကို အားယူနေရသည်။

"နွေ... မောင့်ကို သစ္စာဖောက်ခဲ့တာ မဟုတ်ရပါဘူး။ သူတို့ ဂုဏ်မြင့်ဖို့ အတွက် နွေ့ဘဝ၊ နွေ့အချစ်၊ နွေ့နှလုံးသားကို မီးလောင်တိုက် အသွင်းခံခဲ့ရတာပါ"

"မောင်သိပါတယ် နွေ။ ခိုင် ပြောပြလို့ မောင်အကုန်လုံး သိနေပါပြီ"

မျက်တောင်ကလေးကို ပုတ်ခတ်လိုက်ချိန်၌ မျက်ရည် ဥကလေးများ တစ်ပေါက်ချင်း ပါးပြင်သို့ စီးဆင်း လာကြသည်။ နွေ့မျက်ရည်များကို ခိုင်က တယုတယနှင့် သုတ်ပေးသည်။

"နွေ... စကားကို ဖြည်းဖြည်းပြောနော်။ နွေ သိပ်ကို မော နေလိမ့်မယ်"

"မောပါစေတော့ သူငယ်ချင်း။ နွေ မောင်နဲ့ စကားတွေ တစ်ဝကြီး ပြောခဲ့ပါရစေ"

"ဩော်... သူငယ်ချင်းရယ်၊ နွေလေးရယ်"

ခိုင်သည် နွေ၏ ပါးကလေးကို နမ်းလိုက်ရင်းက တလှိုက် တမောနှင့် ညည်းလိုက်သည်။ နွေသည် လွမ်းသူအား ဝင့်ဝင့် စားစား ကြည့်ကာ ပြုံးနေ၏။ နွေ့အပြုံးတို့က လွမ်းသူ ရင်ကို နာစေလိုက်တာ။

လွမ်းသူ ပြောပြလိုက်ချင်သည်။ သောက လေးတွေ၊ အလွမ်းလေးတွေကို နွေ သိအောင် ပြောပြလိုက်ချင်သည်။ လွမ်းသူ အသည်းနှလုံးထဲတွင် ခံစားမှုများစွာတို့က အသစ် အသစ် အဖြစ်ဖြင့် ကြိုးစိုးနေရာယူနေပြီကော။

"မောင်"

"နွေ"

"နွေ့ကို ခွင့်လွှတ်နိုင်သေးရဲ့လား၊ ချစ်နိုင်သေးရဲ့လား မောင်ရယ်"

"ခွင့်လွှတ်လျက်ပါ နွေရယ်၊ ပြီးတော့ မောင် နွေ့ကို အမြဲတမ်း ချစ်နေမှာပါ။ အမှေအတွက် မောင်လေ၊ သူနာပြု ဘဝနဲ့ ကျေးဇူးတွေ ဆပ်ခဲ့ ပြီးပြီလေ။ ဒီအချိန်မှာ အမှေ ကတိတွေကို မောင်... မောင် ဖျောက်ဖျက်ရင်လည်း မောင့်ကို အမေ ခွင့်လွှတ်မှာပါ နွေ။ နွေ နေကောင်းရင် မောင် နွေ့ကို လက်ထပ်ပါရစေ"

"အို မောင်ရယ်... နွေ့ မောင်ရယ်၊ နွေ ဝမ်းသာလိုက်တာ ကွယ်။ နွေ့ကို ဖက်ထားပေးပါ မောင်ရယ်နော်"

နွေ အသက်ရှူသံများ ပြင်းပြလာခဲ့သည်။ နွေ မောပန်း နေရှာသည်။ နွေ၏ ညည်းညူသံများက လွမ်းသူ အသည်း နှလုံးကို သံချွန် ထက်ထက်ကလေးဖြင့် ထိုးလိုက်သလို။ လွမ်းသူ ခိုင့် မျက်ဝန်းကို လှမ်းကြည့်သည်။ ခိုင်က ခေါင်းကို ညိတ်ပြရှာသည်။ လွမ်းသူ ခုတင်ဘေးတွင် ဝင်ထိုင်ကာ နွေ၏ ကိုယ်လေးကို ရင်ခွင်ထဲသို့ သိုင်းကျုံးထည့်ကာ ဖက်ထား လိုက်မိသည်။

လွမ်းသူ ရင်ခွင်ထဲ၌ နွေသည် မှေးစင်းစွာ မှေးနေသည်။

"နွေ့ကို နမ်း...နမ်းပါဦး မောင်ရယ်"

နှုတ်ခမ်းကလေးကို နွေ့ အလိုက္ခ ငုံထွေးထားလိုက်မိ သည်။ ပါးကလေးများ၊ နဖူးကလေးများ၊ လည်တိုင်ကလေး များကို တယုတယနှင့် မွေးကြူဖြစ်မိသည်။ နွေက လွမ်းသူ၏ လည်တိုင်ကလေးကို ဖက်၍ နေရာအနှံ့ ပြန်နမ်းသည်။

ဝေးကွာနေခဲ့သော အနမ်းများက ချိုနေ၏။ အချစ်၏ နောက်ဆုံး အနမ်းကလေးများဟု လွမ်းသူ ထင်နေမိသည်။

နွေသည် လွမ်းသူ ရင်ခွင်ထဲတွင် မျက်လုံးကလေးများ စင်း၍ မှေးနေသည်။ ပါးပြင်ကလေးပေါ် မျက်ရည်ကလေး များ စီတန်းနေ၏။

"မောင်... နွေသိပ်ပျော်တာပဲ မောင်ရယ်"

"မောင်လည်း ပျော်ပါတယ် နွေ"

နွေ၏ နှုတ်ခမ်းလွှာကလေးသည် ခပ်ယဲ့ယဲ့ ပြုံးနေ၏။ နွေ ၏ ခေါင်းကလေးသည် ပခုံးပေါ် မှီထားရာမှ ရုတ်တရက် လျော့ကျသွားသည်။

ဟိုတုန်းကလည်း ကျုပ် အမေ သေခဲ့ရပြီးပြီ' စသည်ဖြင့် စိတ်ထဲတွင် ပြောနေမိသည်။ စကားများမှာမူ လည်ချောင်းထဲမှာပင် နစ်မြုပ် ပျောက်ကွယ်ကုန်သည်။ လွမ်းသူ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေ၏။

နွေ့ကို သတ်သူမှာ ဂုဏ်၊ နွေ့ကို သတ်သူမှာ ငွေ၊ နွေ့ကို သတ်သူမှာ ဓန မက်မောသူတို့။ ထိုသို့သာ စွပ်စွဲနေမိသည်။ ထိုသို့သာ လွမ်းသူ ထင်မှတ်နေတော့သည်။ ထိုသို့သာ ယုံကြည်နေသည်။

ရင်ထဲမှ ဒေါသမီးလျှံများသည် ကြာလျှင် ပေါက်ကွဲပေလိမ့်မည်။

ဥပက္ခာမဲ့ နှလုံးသားထဲ၌ လှုပ်ယမ်းခတ်နေသော တုံ့ပြန်မှုတစ်ရပ် ပြုလုပ်လိုသည့် ပြင်းပြသော စိတ်ဆန္ဒများကို ကြာလျှင် ထိန်းကွပ်မှု ကင်းမဲ့လာသည်။

ထိုအသိကြောင့်ပင် အားလုံးကို ကျောခိုင်းကာ ချာခနဲ လှည့်၍ လွမ်းသူ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ အခန်းအပြင်သို့ အရောက်တွင် စိတ်အစဉ်သည် ခိုကိုးရာမဲ့ ဖြစ်နေ၏။ တဒုန်းဒုန်း တဒေါက်ဒေါက်ဖြင့် လှေကားမှ ကမူးရှူးထိုး တစ်ဟုန်ထိုး ပြေးဆင်းလာခဲ့သည်။

အသည်းနှလုံးများသည် အချစ်ဦးနှင့် ကျန်ရစ်ခဲ့သယောင် ရင်ထဲတွင် နှလုံးသားမဲ့ ဟာလာဟင်းလင်း ဖြစ်နေတော့သည်။

*

ရင်ထဲတွင် လျှပ်စီးလက်သလို ခံစားလိုက်ရသည်။ ခိုင်သည် ကပျာကယာနှင့် နွေ့လက်ကောက်ဝတ်ကလေးကို စမ်း၏။ ပြီး ခုတင်ပေါ် ခေါင်းအပ်ကာ ရှိုက်ကြီးတငင်နှင့် ငိုချလိုက်သည်။ လွမ်းသူသည် အသက်မဲ့ နွေ့ ကိုယ်လေးကို တင်းကျပ်စွာ ထွေးပွေ့ထားလိုက်သည်။

"ခိုင်... လုပ်ပါဦး ဆရာဝန်မကြီးရယ်။ နွေ... နွေရယ် မောင် အချစ်ရဆုံးနွေ၊ မောင့်ကို တွေ့ချင်တယ်ဆိုကွယ်။ မောင့်ကို ထကြည့်ပါဦး"

အသည်းနှလုံးတို့ထက် ပြင်းထန်သော ဝေဒနာ တစ်ရပ်ကို စူးရှစွာ ခံစား လိုက်ရသည့် အချိန်၌ လွမ်းသူသည် မတားဆီး နိုင်သော ငိုရှိုက်သံများ ထွက်သွားသည် လွမ်းသူ၏ ငိုရှိုက်သံကြောင့် အခန်းထဲသို့ သူတို့တွေ ပြေးဝင်လာကြသည်။

သည်အခါ ပို၍ပင် ဆူညံသွားတော့သည်။

"နွေ... မေမွေးသမီးလေး နွေ"

"ကိုယ်ကျိုးနည်းကြပေါ့လား သမီးလေးရယ်။ ဖေကြီးတို့ကို ခွင့်လွှတ်နိုင်သေးရဲ့လားကွယ်"

ဒေါသမီးလျှံများဖြင့် နီရဲစူးရှနေသော လွမ်းသူ မျက်လုံးများသည် သူတို့ မျက်နှာကို စိုက်ကြည့်မိ၏။

လွမ်းသူသည် နွေ့မိဘတွေကို ဒေါသဖြင့် ကြည့်နေရင်းမှ 'ခင်ဗျားတို့ကြောင့် ဖြစ်ရတာ၊ ခင်ဗျားကြီးကြောင့် ဖြစ်ရတာ၊ ကျုပ် သိပ်ချစ်တဲ့နွေ၊ ခင်ဗျားတို့ကြောင့် ခုလိုဖြစ်ရတာ၊ ခင်ဗျားတို့ ဂုဏ်မက်လို့၊ ခင်ဗျားတို့ အတန်းအစား ခွဲလို့၊

(၈)

မိုးတွေ ဖြိုင်ဖြိုင်ကျနေပြန်သည်။

မိုးမင်းဒေဝါသည် လေးညှို့တင်းကာ သဲသဲမဲမဲ။

လွမ်းသူသည် မိုးထဲလေထဲတွင် တစ်ယောက်တည်း လျှောက်နေသည်။ ဖိနပ်မပါ၊ ထီးမပါဘဲ။

သူ့မျက်ဝန်းတွင် မျက်ရည်များဖြင့် ပြည့်နေလိမ့်မည်။

ထိုမျက်ရည်များကို မိုးရေစက်ကလေးများက ဖယ်ရှားယူသွားကြသည်။ တစ်ကိုယ်လုံးလည်း မိုးရေထဲ၌ နစ်မြုပ်နေသည်။

အေးမြသော မိုးရေစက် ကလေးများသည် လွမ်းသူ တစ်ကိုယ်လုံးမှ ပျံ့နှံ့ထွက်နေသော သောကငွေ့များကို ငြိမ်းအေးခြင်းငှာ မစွမ်းသာလှ။

နွေ...။ ချစ်သောနွေ။

မိုးထဲက နွေ။ နွေသည် မိုးရွာသောနေ့၌ သူ ချစ်မြတ်နိုးသော လွမ်းသူနှင့် အသိုင်းအဝိုင်းကို ရာသက်ပန် ကျောခိုင်းကာ လွမ်းသူအား အလွမ်းလွင့်ပြင်၏ သောကကမ်းပါး တစ်နေရာ၌ မသနားစွာ ထားရစ်ခဲ့လေသည်။

နွေသည် မျှော်လင့်ချက်မဲ့စွာ လွမ်းသူအား ထားခဲ့ပြီကော။ နွေမရှိတော့သည့်နောက် လွမ်းသူသည်လည်း...။

"လွမ်း... လွမ်းသူရေ..."

ခေါ်သံကြောင့် လွမ်းသူ နောက်သို့တစ်ချက် လှည့်ကြည့်မိသည်။ ထီးကလေးတစ်ချောင်းနှင့်ခိုင်။ လွမ်းသူနောက်သို့

ပြေးလျှောက် လိုက်လာသည်။ ရွှေ့လျားသော ဦးတည်ချက်မဲ့ ခြေလှမ်းများသည် ရပ်တန့်သွားသလို ဖြစ်သွား၏။

သို့သော် လွမ်းသူက လျှောက်မြဲတိုင်း လျှောက်နေသည်။

ခိုင်သည် လွမ်းသူအတွက် မချိတင်ကဲ မျက်ရည်တွဲလဲနှင့် လွမ်းသူ၏ဘဝ၊ လွမ်းသူ၏ အချစ်ကိုလည်း ယူကျုံးမရ တသသနှင့်။ လွမ်းသူအား ခိုင် မီလာသည်။ ခိုင်ကလွမ်းသူကို ထီးကလေး မိုးပေးသည်။ လွမ်းသူ ခိုင့်ကို စောင်းငဲ့ ကြည့်လိုက်သည်။

ကော့ပျံရှည်နက်သော မျက်တောင်တို့ထက် မျက်ရည်ပုလဲစက်များ ခိုတွဲနေကြသည်။ ခိုင်က တံတွေးကိုသာ မျိုချနေသည်။ ဘာစကားမျှ မပြော။ ပြောချ၍လည်း မရလှ။ အတန်ကြာမှ ခိုင်သည် လွမ်းသူ၏ လက်မောင်းကို တွဲခိုကာ ဆိုသည်။

"ဘာဖြစ်လို့ ပြန်သွားရတာလဲ လွမ်းသူရယ်၊ ခိုင့်ကားနဲ့ လိုက်ပို့ပေးမှာပေါ့၊ မိုးရွေကြီးထဲမှာ ခုလို လျှောက်သွားနေတော့ အအေးပတ်ပြီး နေမကောင်း ဖြစ်နေမှာပေါ့ကွယ်"

ခိုင့် စကားသံများက အသည်းနှလုံးနှင့် ရင်းယူရသော အသံမျိုး။ အကြင်နာတွေက လှိုင်းထနေသည်။ သံယောဇဉ် တံပိုးတပ်ပြီး ရင်အရှိကို ဖွင့်ဟနေသယောင်။

"မလိုတော့ပါဘူး ခိုင်ရယ်။ ငါ့မှာ အမေရယ်၊ နွေရယ် မရှိတဲ့နောက်မှာ ဥတုရာသီ ဆိုတာလည်း ရှိမှာ မဟုတ်တော့ပါဘူး။ အို... ဘာပဲဖြစ်ဖြစ်ပါ၊ ခိုင် ကျန်ရစ်ခဲ့နော်။ ငါ

အခုလိုပဲ တစ်ယောက်တည်း မိုးရေစက်ကလေးတွေနဲ့ အတူ လျှောက်နေပါရစေကွယ်”

“သြော်... လွမ်းသူရယ်၊ နင့်ဘဝမှာ ဥတုရာသီနဲ့ နွေ မရှိပေမဲ့၊ ခိုင်လေ ခိုင်၊ လွမ်းသူနဲ့အတူ အမြဲရှိနေမှာပါ”

“သြော်... ခိုင်ရယ်”

ရင်ထဲ၌ တီးတိုး ရေရွတ်ဖြစ်သည်။ ခိုင်သည် စွင့်စွင့်ကားကား ကြည့်နေ၏။ အကြည့်တိုင်း၌ ကရဏာ မေတ္တာရိပ်များ ရောယှက်နေသည်။

ခိုင်၏ မေတ္တာ၊ ကျိတ်ပုန်းမလေး၏ အချစ်၊ အချစ်ဆုံးသူ၏ ဖြူစင်သော ကရုဏာကို အချစ်ဦး မရှိသည့်နောက် လွမ်းသူ လျစ်လျူ နိုင်စွမ်း ရှိမည်လား။ သြော်... ဒါကြောင့် နွေ့ကို ပြောပေးဖို့ ပြောခဲ့စဉ်က ခိုင် ငိုခဲ့သည်ကိုး။ အချစ်ကို လျစ်လျူပြု ခံခဲ့ရသည့် ခိုင်လည်း တကယ်ဆို သနားစရာပါပဲလား။ သူ့ဘဝ တစ်လျှောက်လုံး လွမ်းသူနှင့် နွေ့အတွက် ပူပင်သောက များခဲ့လိုက်တာ။

နွေသည် လွမ်းသူ၏ အချစ်ဦး ဖြစ်သည်။ ခိုင်သည် လွမ်းသူ၏ အချစ်ဆုံး ဖြစ်လိမ့်မည်။ အချစ်ဦးအတွက် လောင်မြိုက် ပူပြင်းစွာ ငိုကြွေးခဲ့ရသော သောကတွေကို အချစ်ဆုံး၏ အေးမြသော မေတ္တာရိပ်မြုတဲ ခိုလှုံရန် ခိုင် အသည်းတံခါးလေး ဖွင့်၍ ကြိုနေပြန်ပြီကော။

“လွမ်းသူရယ်၊ ခိုင်လေ၊ လွမ်းသူကို သိပ်ချစ်ခဲ့ရတာပါကွယ်၊ လွမ်းသူ ခိုင့်ကို ချစ်နိုင်တယ်မဟုတ်လား”

အရှက်ကလေးကိုပင် မငဲ့တော့။ ခိုင်က ပွင့်လင်းစွာ ရင်ဖွင့်နေပြီ။

“သူလေ၊ နောက်ဆိုရင် လွမ်းစရာလည်း မလိုတော့ဘူး၊ အဆွေးတွေလည်း မရှိသင့်တော့ဘူး၊ သူ့နောက်က အရိပ်လေးလို ခိုင် အမြဲလိုက်နေပါရစေနော်”

ခိုင်က အရည်ရွှန်းနေသော မျက်ရည်များဖြင့် ကြည့်ကာ ပြောလိုက်သဖြင့် လွမ်းသူ့ရင်မှာ အေးမြကြည်လင်သွားသည်။

အလွမ်းလေးတွေ နေကွယ်လေပြီလား။ လွမ်းသူသည် ခိုင်၏ လက်ဝါးကလေးကို ဆုတ်ကိုင်ထားလိုက်မိသည်။ ထို အချိန် မိုးရေစက်ကလေးများက သူတို့နှစ်ဦး မလုံမခြုံ ဆောင်းထားသော ထီးကလေးပေါ် တဝုန်းဝုန်းနှင့် ဖြန့်ကျဲ ချလိုက်သည်။ ခိုင်၏ အပျော့ မျက်ဝန်းလေးနှင့် အပြုံးမျက်ဝန်းတို့၏ အကြင့်နှာ သံယောဇဉ်တွေက အချစ်အတွက်...။

“မလွမ်းရဘူး၊ မဆွေးရဘူး ဆိုပေမဲ့ အမေနဲ့ နွေ့အတွက်တော့ မနက်ဖြန်တိုင်း လွမ်းပါရစေ ခိုင်ရယ်”

❑

[မြန်မာနိုင်ငံ သူနာပြုအသင်း နှစ်လည်မဂ္ဂဇင်း (၁၉၈၆–၈၇)]

တမ်းတခြင်းမျက်ဝန်း

အဘွားတွင် သားသမီး လေးယောက်ရှိသည်။

ထိုသားသမီးတို့မှ မွေးဖွားလာသော မြေးဒဖယောက် ရှိသည်။ မြေးများမှ မွေးဖွားလာသော မြစ်က ၁၂ ယောက် နှင့် 'မြစ်' တို့ မွေးဖွားလာသော 'တီ' က နှစ်ယောက်တောင် ရှိနေပြီ။

အဘိုးက နယ်ချဲ့ဆန့်ကျင်ရေး ကာလတစ်လျှောက် ရခိုင် မျိုးချစ်များနှင့် အတူ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သော တော်လှန်ရေး ရဟော်ကြီး တစ်ဦး ဖြစ်သည်။ အဘွားက လယ်ပိုင်ကြီးတစ်ဦးဖြစ်သည်။ အဘွားက လယ်ပိုင်ကြီးတစ်ဦး သမီးဖြစ်ပြီး ရခိုင်တို့၏ ရှေးဟောင်း မင်းနေပြည် ဖြစ်သော မြောက်ဦးမြို့ ဇာတိ ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးစ ပြည်တွင်း ဆူပူမှုကာလတွင် ကလေး လေးယောက်ကို လက်ဆွဲ

ပြီး ပိုင်ဆိုင်သမျှ လယ်မြေ၊ ယာမြေများနှင့် ကျွဲနွားများကို ရောင်း ချကာ စစ်တွေမြို့၌ အခြေချ နေထိုင်ခဲ့သည်။

အဘွား၏ သားအငယ်ဆုံးဖြစ်သော စံထွန်းအောင်မှာ တပ်မတော်သားတစ်ဦး ဖြစ်သည်။ ကျွန်တော်တို့ တူ၊ တူမများက သူ့ကို 'စံစံ' ဟု ချစ်စနိုး ခေါ်ကြသည်။ စံစံသည် ကျွန်တော် မူလတန်း ကျောင်းသား အရွယ်ကတည်းကပင် အဘွား၏ တူတစ်ယောက် ဖြစ်သော တပ်ကြပ်ကြီး ဘိုးသာနှင့် ရန်ကုန်သို့ လိုက်သွားခဲ့သည်။ စံစံသည် တပ်မတော်ထဲသို့ ဝင်ရောက်သွားပြီး အဘွားထံ စာ မကြာခဏ ရေးသည်။ အဘွားက စံစံ ထံမှ စာများရောက်တိုင်း ကျွန်တော့်ကို ဖတ်ပြခိုင်းသည်။ အဘွားက ဆေးပြင်းလိပ် ခဲ၍ ပြုံးပြုံးကလေးဖြင့် နားထောင်နေတတ်၏။ စံစံထံသို့ ပြန်စာကိုလည်း အဘွားက နှုတ်မှ ရွတ်ပြကာ ကျွန်တော်က လိုက်ရေး ပေးရသည်။ အဘွားသည် သားအငယ်ဆုံး ဖြစ်သော စံစံကို ချစ်သလို မြေးဦး ဖြစ်သော ကျွန်တော့်ကိုလည်း အလွန်ချစ်သည်။ ကျွန်တော်သည် အဘွားနှင့် အတူအိပ်သည်။ အိပ်ရာဝင်တိုင်း အဘွားက ရှေးဟောင်း ရခိုင်ပုံပြင်များကို တစ်ညတစ်ပုဒ် အမြဲတမ်း ပြောပြတတ်သည်။ အဘွား၏ ပုံပြင်များတွင် အဘိုးအကြောင်းများလည်း တစ်ခါတစ်ရံ ပါလာ၏။ ဇာတိသွေး ဇာတိမာန် တက်ကြွစေသော နယ်ချဲ့နှင့် ဖက်ဆစ် တော်လှန်ရေး ပုံပြင်များလည်း ပါဝင်တတ်၏။

အဘွား၏ ခြံဝိုင်းကလေးက ပေ ၁၀၀ ပတ်လည်ခန့် ရှိသည်။ စားပင် ပန်းပင်များစွာတို့ ပေါက်နေပြီး စစ်တွေမြို့

၏ ရပ်ကွက်ကြီး တစ်ကွက်ဖြစ်သော 'နေပူခံရွာ' ကလေးတွင် ရှိသည်။ ခြံထဲတွင် အိမ်ကြီးကြီးတစ်အိမ် ဆောက်ထား၏။ ရှေးက အိမ်ကြီးရခိုင်ပင် ဖြစ်သည်။

နေပူခံ ရွာကလေးမှ ခေတ်ပညာတတ်များ ပေါ်ထွန်းခဲ့၏။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာများလည်း ပါသည်။ တပ်မတော်သားများကဖြင့် အများဆုံး။ တစ်ရွာလုံးတွင် စာရေးဆရာဆို၍ ကျွန်တော် တစ်ဦးတည်းသာ ပါရှိသည်။ ကျွန်တော် စာရေးဆရာ ဖြစ်လာခြင်းမှာ အဘွား၏ ပုံပြင်များကြောင့်ဟု ထင်မိသည်။

စံစံသည် ဒု–တပ်ကြပ် ရာထူးဖြင့် ထားဝယ်ဘက်က တပ်ရင်းတစ်ခုတွင် တာဝန်ကျစဉ် ထားဝယ်သူ တစ်ဦးဖြင့် အိမ်ထောင်ကျခဲ့သည်။ စံစံတွင် သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကား၏။ စံစံသည် မွေးရပ်မြေမှ ထွက်ခွာသွားပြီးနောက် နှစ်ပေါင်း ၃၀ ကျော် အတွင်း အဘွားထံ အလည်တစ်ခေါက်သာ ရောက်ခဲ့ဖူး၏။

အဘွားသည် သား၊ ချွေးမနှင့် မြေးများကို ကိုယ်တိုင် ကိုယ်ကျ ကျွေးမွေးတတ်သည်။ အဘွားက ဥပုသ်နေ့တိုင်း ဥပုသ် ဆောက်တည်၏။ ဒါနနှင့် သီလလည်း မြဲသည်။ တစ်ခါတစ်ရံ ဝိပဿနာ တရားများကိုလည်း အားထုတ်တတ်သည်။ အဘွားတွင် ရံဖန်ရံခါ ဗိုက်အောင့်သော ဝေဒနာ ခံစားခဲ့ရ ရုံကလွဲ၍ ကျန်းမာရေး အလွန်ကောင်းသည်။ အဆေ သွားတုတပ်ရချိန်တွင် အဘွားက သွားတစ်ချောင်းမှ မကျိုးသေးပေ။

ဆံပင် ကမူ ဖွေးနေအောင် ဖြူနေ၏။ အဘွား ဟိုဘဝက ဆုတောင်း ကောင်းခဲ့လေရောသလား မသိ။ အသက်ကြီးရင့် သော်လည်း မျက်စိမှုန်၊ ခါးမကိုင်း၊ နားမထိုင်းခဲ့ပေ။

စံစံသည် သူ မိသားစုနှင့် ရွာသို့ အလည်ပြန်လာစဉ် အဘွားနှင့် တစ်လခန့်နေသွားသည်။ နောက်ပိုင်းတွင် စာက လွဲ၍ လူ လုံးဝ ပေါ်မလာတော့ပေ။ စာပင် အရေးကျလာ ၏။ အဘွားသည် စံစံသတင်းကို အမြဲ နားစွင့် နေတတ်၏။ ရန်ကုန်မှ ပြန်လာသူ တချို့ကိုလည်း စံစံအကြောင်း အမြဲ သွားမေးတတ်သည်။ စံစံတစ်ယောက် စစ်တွေမှ ပြန်သွားပြီး နောက် တပ်ရင်း အသီးသီး၌ ပြောင်းရွေ့ တာဝန်ထမ်းဆောင် ပြီး ရာထူးအဆင့်ဆင့် တိုးခဲ့သည်။

ကျန်တော် ၇ တန်း ကျောင်းသားဘဝ အရောက်တွင် စံစံရှေ့တန်းတွင် ကျဆုံးသွားကြောင်း ရန်ကုန်မှ ရောက်လာ သူတချို့ စကားကြောင့် သိရသည်။ ဘယ်လို ဘယ်နေ့ ကွယ် လွန်သွားသည်ကိုမူ မည်သူကမှ တိတိကျကျ မပြောနိုင်ကြ ပေ။ စံစံ တကယ် ရှေ့တန်းတွင် ကျဆုံးခဲ့သည် မှန်လျှင် အဘွားချွေးမထံမှ စာတစ်စောင်လောက် အနည်းဆုံး ရောက် လာမှာ သေချာသည်။

သို့အတွက် စံစံ ဆုံးပါးသွားသည်ကို ကျန်တော်တို့ အတည်မပြုခဲ့ကြပါ။ ဟုတ်ကောင်း ဟုတ်လေမလားဟုသာ ဦးဟ သံသယ ဖြစ်ခဲ့ကြသည်။

*

ရန်ကုန် ပြည်သူ့ဆေးရုံကြီးရှိ ဆေးဘက် ပညာသင် ကျောင်းသို့ သင်တန်း တက်ရောက်ရန် ထွက်ခွာမည့် ညက ဖြစ်သည်။ အဘွားသည် အိမ်ရှေ့ ဝင်လိုက် အိမ်နောက် ဝင် လိုက် လုပ်နေ၏။ နောက်ကျန်တော့်ကို သူ့ အိပ်ခန်းထဲသို့ ခေါ်သွားပြီး တိုးတိုးကလေး ပြောသည်။

"အဘွား မြေးကို မှာရဦးမယ်။ မင်းတို့ရဲ့ 'စံစံ' ရှိတဲ့ အရပ်ကို မရောက် ရောက်အောင် သွားပြီး စုံစမ်းပေး။ အဘွား ဆီကို စာလေး တစ်စောင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် အလည် တစ် ခေါက်ဖြစ်ဖြစ် လာခဲ့ပါဦးလို့ ပြောပေးနော် ငါ့မြေး။ တကယ် လို့ သူတို့ မိသားစု လာဖို့ ခရီးစရိတ် မရှိဘူးဆိုရင်လည်း အဘွားက ထုတ်ပေးမှာပေါ့။ ပြီးတော့ ဟောဒီ လက်စွပ် ကလေးကို ယူသွား။ အဲဒါ မင်းတို့ 'စံစံ' ငယ်ငယ်က ဝတ်တဲ့ စိန်လက်စွပ်ကလေးပေါ့။ ဒါကို သူ့သားဖြစ်ဖြစ် သူ့သမီး ဖြစ်ဖြစ် ပေးဝတ်လိုက်ဖို့ အဘွားက မှာတယ်လို့ ပြောနော် ငါ့မြေး။ မြေးလည်း ဘုရား၊ တရား၊ သံဃာကို မမေ့နဲ့။ အဘွားဆီလည်း စာ ခဏ ခဏရေး။ ငွေကြေး မလုံလောက် ရင်လည်း အဘွား ဆီကို မှာနော်"

အဘွား အမှာစကားကြောင့် ကျန်တော် ရင်ထဲမှာ ဆို့တက်သွားသည်။ အဘွား လက်ကိုင်ပဝါဖြင့် မျက်ရည် သုတ်နေသည်ကို မြင်ရ၏။ အဘွားရင်ခွင် တိုးဝင်ကာ ဝမ်းပန်း တနည်းဖြင့် ကျန်တော် ငိုမိသည်။ အဘွားနှင့် ကျန်တော် ခဏတာလေး ခွဲရဦးမည်။

"စိတ်ချစမ်းပါ အဘွားရယ်၊ စံစံကို မတွေ့ တွေ့အောင် ရှာပြီး အဘွားဆီကို မရောက်ရောက်အောင် ပို့ပေးပါမယ်လို့ မြေး ကတိပေးပါတယ် အဘွား"

အဘွားကို ကတိပေးပြီး ဦးချကန်တော့မိသည်။

"အဲဒါကြောင့် အဘွားက မြေးကို အားကိုးတာပေါ့။ ငါ့မြေးလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆန္ဒ ပြည့်ဝပါစေ"

မျက်ရည်စစဖြင့် အဘွားဆု ပေးနေ၊ ပြုံးလည်း ပြုံးနေသည်။ အဘွား အပြုံးက အရေအတွန့် ကောက်ကြောင်းများဖြင့် လှပနေသည်။ ကျွန်တော် ပန်းချီ ရေးတတ်လျှင် အဘွား၏ ရုပ်သွင်က အကောင်းဆုံး ပန်းချီကား တစ်ချပ် ဖြစ်လာမှာ သေချာသည်။ အဘွားတွင် ပန်းချီကျော်များ အကြိုက် ရုပ်လက္ခဏာများဖြင့် ပြည့်စုံ၏။ သည်ရွာ၊ သည်အိမ်၊ သည် အဘွား၊ သည်အမေနှင့် ဆွေမျိုးတစ်သိုက်ကို ခွဲခွာသွား ရမှာမို့ ကျွန်တော့် ရင်ထဲ၌ ကျိတ်၍ ငိုနေမိသည်။ ထိုညက အဘွား သည် မုန့်ဖိုးဆိုပြီး ကျွန်တော့်ကို ငွေ ၁၀၀၀/– ထုတ်ပေးသည်။ ထိုခေတ် ထိုကာလက ထိုငွေသည် အလွန် များပြားသော ငွေကြေးပမာဏပင် ဖြစ်သည်။

အဘွားသည် ကျွန်တော့်အား လေယာဉ်ကွင်းထိ လိုက်ပို့၏။

*

ဒု–အရာခံဗိုလ် စံထွန်းအောင်၊ ကရင်သောင်းကျန်းသူတွေနဲ့ ရင်ဆိုင် တိုက်ပွဲဝင်ရင်း သူရဲကောင်း ပီသစွာ ကျဆုံးသွားခဲ့တာ အမှန်ပါပဲ ညီလေး။ သူ ကျဆုံးချိန်မှာ သား နှစ်ယောက်၊ သမီး တစ်ယောက် ကျန်ရစ်ခဲ့တယ်။ သူ့ မိသားစုတွေကတော့ ထားဝယ်ကို ပြန်သွားကြတယ်။ ဒု–အရာခံဗိုလ် စံထွန်းအောင်ဟာ နိုင်ငံတော် သမ္မတကြီးက ချီးမြှင့်တဲ့ သူရဲကောင်းဘွဲ့တောင် ချီးမြှင့် ခံရသေးတယ်"

တပ်မတော် မှတ်တမ်းရုံးမှ ဗိုလ်ကြီးစိုးလွင်က သက်ဆိုင်ရာ ဖိုင်များကို စေ့စပ်သေချာစွာကြည့်ကာ စံစံ အကြောင်း ပြောနေသည်။

ကျွန်တော့် မျှော်လင့်ချက်များ လွင့်စဉ် ထွက်သွား၏။ ရင်ထဲ၌ ဆို့နှက်သွားသည်။ စံစံက သူရဲကောင်း ပီသစွာ ကျဆုံးသွားခဲ့သည်မှာ သေချာသွားပြီ။ စဉ်းစားမရသည်က စံစံ့ ဇနီးသည်က အမေနှင့် ဆွေမျိုးများထံ သတင်းမပေးနိုင်လောက်အောင် ဘာအကြောင်းများ ရှိနေပါလိမ့်မဲ့။ ရင်ထုမနာ ဖြစ်မိသည်။ အဘွား၏ မျှော်လင့်ချက် များစွာဖြင့် စောင့်မျှော်နေမည့် အဘွား ရုပ်သွင်ကိုလည်း ကျွန်တော် မြင်ယောင်နေမိသည်။

တပ်မတော် မှတ်တမ်းရုံးမှ ထွက်လာတော့ မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲနေသည်။ စံစံ အတွက်လား၊ အဘွား အတွက်လား ခွဲခွဲခြားခြား ကျွန်တော် မသိပါ။ ထိုညက အဘွားထံ စာတစ်စောင် ကျွန်တော် ရေးဖြစ်သည်။

စံစံ ရှမ်းပြည်နယ်ဘက်တွင် တာဝန် ထမ်းဆောင်နေ
ကြောင်း၊ ဗိုလ်ကြီးပင် ဖြစ်နေကြောင်း ရေးဖြစ်သွားသည်။
အဘွား၏ မျှော်လင့်ချက် ကမ္ဘာလေးကို မပျက်စေလို၍ လိမ်ညာ
ရေးလိုက်မိသော်လည်း ကျွန်တော့်ကို ကျွန်တော် ယူကျုံးမရ
ဖြစ်နေမိသည် ကတော့ဖြင့် အမှန်။ **အဘွား**ထံသို့လည်း
ကျွန်တော့် အသုံးစရိတ်များထဲမှ ငွေတချို့ကို ဖယ်ပြီး သုံးလ
တစ်ကြိမ်၊ လေးလတစ်ကြိမ် စံစံ့ အယောင်ဆောင်၍ ပို့ပေး
နေမိသည်။

အဘွားကို ကျွန်တော် မည်သည့် အချိန်ကာလ တစ်ခုထိ
လိမ်ညာနိုင်မည်နည်း။

ကျွန်တော်သည် သင်တန်း ပြီးဆုံး၍ ရန်ကုန်၌ပင်
တာဝန်ကျသည်။ ကျွန်တော် အိမ်ထောင်ကျပြီး ၃ နှစ် တစ်
ကြိမ်၊ ၄ နှစ် တစ်ကြိမ် အဘွားထံ ရောက်သည်။ အမေက
ကျွန်တော်နှင့် ရန်ကုန်တွင် လိုက်နေသည်။ အဘွားက
ကျန်းမာရေး ပြည့်စုံ၏။ အဘွား အသက် ၁၀၀ ပင် ပြည့်တော့
မည်။ အဘွား ကျန်းမာရေးက ဒေါင်ဒေါင်မြည်ဆဲ။ ကျွန်တော့်
ဦးလေး ဇနီးသည် ရင်သားကင်ဆာဖြင့် လွန်ခဲ့သော ၅ နှစ်
ခန့်က ကွယ်လွန်သွားခဲ့သည်။ အဘွားနောက်မှ လာသော်
လည်း အဘွားရှေ့က ထွက်သွားသည်။ မုဆိုးဖို ဦးလေးနှင့်
မြေးငါးယောက်ကို အုပ်ထိန်းကာ အဘွားက အိမ်တွင် အိုး
ပူကြီး လုပ်နေသည်။

ဈေးဆိုလည်း အဘွားကိုယ်တိုင် သွားသည်။ ထမင်းဆို
ချင်လည်း အဘွားကိုယ်တိုင် ချက်သည်။ မြေများက ပုံပိုးရုံ

သာ။ အိမ်တွင် ဆွမ်းခံကြွသော ကိုယ်တော် ၅ ပါးနှင့် အပတ်
စဉ် ဆွမ်းအုပ် ၂ အုပ် ရှိသည်။ ဦးလေးသည် ငွေကြေးပြည့်စုံ
သော လုပ်ငန်းရှင်တစ်ဦး ဖြစ်၍ အဘွား၏ ဒါနပါရမီကို
အစွမ်းကုန် ဖြည့်ဆည်း ပေးနိုင်ခဲ့သည်။

ဦးလေး အလုပ်က ပြန်လာတိုင်း အဘွားကိုယ်တိုင်
ထမင်းခူးကျွေးသည်။ ဦးလေးတွင် မြေးပင် ရနေပြီ။ အဘွား
အဖို့တော့ **မြစ်ပေါ့**။ အဘွားသည် သားတွေ၊ မြေးတွေ မြစ်
တွေနှင့် **အတူနေရလျှင်** အမြဲပျော်နေတတ်သည်။ ချွေး
တလုံးလုံးဖြင့် **မမောနိုင်** မပန်းနိုင် ချက်ပြုတ် ကျွေးမွေးတတ်
သည်။

အဘွားက ကျွန်တော့်ကို ပင်စင်ယူလျှင် ခြံဝိုင်းကလေး
တွင် အိမ်ကလေး တစ်လုံး ဆောက်၍ နေဖို့ ကိုက်တွန်းသည်။
ကျွန်တော်သည် ခွင့်ဖြင့် **စစ်**တွေမြို့တွင် ရောက်နေစဉ် တစ်ရက်
အဘွားသည် ကျွန်တော့်**အား** ထုံးစံအတိုင်း သူ့ အိပ်ခန်းသို့
ခေါ်သွားပြီး သံသေတ္တာထဲ**တွင်** ပလတ်စတစ်အိတ်ဖြင့် ကျကျနန
ထည့်ထားသော စာအိတ်**များကို** ထုတ်ပြသည်။ ထိုစာများက
'စံစံ' အယောင်ဆောင်၍ **ရေးထား**သော စာများပင် ဖြစ်သည်။

"သြော်... အဘွား**ရယ်**" ဟု ဆို့ဆို့နင့်နင့် ကျွန်တော်
ရေရွတ်မိသည်။ အဘွားက **စံစံ**ကို မျှော်လင့်ဆဲ၊ တမ်းတနေ
ဆဲ။

"ဒီတစ်ခါ ရန်ကုန်မှာ မြေးဦးလေးနဲ့ ဆုံရင် ပြောဖြစ်
အောင် ပြောစမ်း။ အဘွား မသေခင် အဘွား သားလေးကို

မြင်သွားချင်တယ်လို့၊ ပြောသာပြောရတာပါ။ သားငယ်က စစ်သားကြီးဆိုတော့ တာဝန်က ကြီးပါဘိနဲ့"

ညည်းညည်းညူညူကလေးဖြင့် အဘွားက ပြောသည်။

"ဟုတ်ကဲ့ အဘွား၊ ကျွန်တော် မဖြစ်မနေ ပြောမှာပါ"

အဘွားသည် အငယ်ဆုံးသားဖြစ်သူ စံစံအား ရင်ထဲတွင် ငုံထားမတတ် ချစ်ရှာပေလိမ့်မည်။ သားကိုလွမ်းလို့ အဘွား မည်မျှထိ ငိုမိလေရော့သလဲ။ အိပ်မပျော်သော ရက်များကလည်း ရေတွက်မရအောင် ရှိနေမည်သာ။

အဘွားစိတ်က ကြွံခိုင်သယောင်ယောင်နှင့် ပျော့ပျောင်းနူးညံ့သည်။ အဘွားသည် ရန်ကုန်ကို ရွေတိုဂုံဘုရားဖူးရန် တစ်ကြိမ်သာ ရောက်ဖူးသည်။ နောက် မည်သည့် အခါမှ ရန်ကုန်သို့ ခေါ်၍ မရတော့ပေ။ ရန်ကုန်သို့ အလည်လိုက်ခဲ့ဖို့ ခေါ်တိုင်း "မင်းတို့ ရန်ကုန်က မွန်းကျပ်လွန်းတယ်၊ အဘွား နေမရဘူး။ ဒီခြံလေးမှာ နေရတာပဲ အရမ်းအေးချမ်းတယ်" ဟု အဘွားက ပြောရင်း ငြင်းတတ်သည်။

အဘွားက မြေးကိုချစ်၏။ ခြံနှင့် အိမ်ကိုလည်း သံယောဇဉ်ကြီးသည်။ အတောင်အလက်စုံ၍ သားတွေ၊ မြေးတွေ၊ မြစ်တွေသာ သည်ခြံဝိုင်းထဲက ထွက်ခွာပျံသန်း ကြသော်လည်း အဘွားကဖြင့် သည်ခြံဝိုင်းကလေး၏ အရှင်သခင် အဖြစ်ဖြင့် သစ်ရိပ် ဝါးရိပ်အောက်တွင် တရားဘာဝနာ ပွားများကာ အသက်ရာကျော် ရှည်လျက် ရှိနေမည်သာ။

*

အဘွား ၁၀၃ နှစ် မွေးနေ့ မရောက်ခင် အဘွားကျန်းမာရေး ချို့တဲ့ လာခဲ့သည်။ ကျွန်တော့် အမေအား အဘွားကို ပြုစုရန် စစ်တွေသို့ လွှတ်လိုက်ရသည်။ အဘွားသည် နေပူခံရှာကလေးတွင် အကြီးဆုံး အဘွား ဖြစ်သလို စစ်တွေ တစ်မြို့လုံးတွင်လည်း အသက်အရှည်ဆုံး ဘွားသက်ရှည် တစ်ဦးပင် ဖြစ်သည်။ အဘွားက အသက်ကြီးသော်လည်း သတိမြဲသည်။

အဘွားကို ချစ်ခင် လေးစားသော ဓမ္မမိတ်ဆွေ အများအပြား ရှိ၏။ အဘွားကို သတင်းလာမေးရင်း ဝိုင်းဝန်းပြုစုစောင့်ရှောက်ကြသည်တဲ့။ အထူးကု ဆရာဝန်ကြီးများဖြင့် ပုံအော ကုသော်လည်း ကျန်းမာရေးက တိုးတက် ကောင်းမလာ။ တစ်နေ့ စစ်တွေက ဦးလေးထံမှ ကျွန်တော့်ထံ ဖုန်းဝင်လာသည်။

"ဟေ့ကောင် မောင်ကြီး၊ မင်းလာမှ ဖြစ်တော့မယ်။ မင်း အဘွား အခြေအနေ တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာတယ်။ မင်း ခွင့်ရသလောက် ယူလာခဲ့။ ညီလေးစံစံ ကိစ္စအတွက် မင်းပဲ တာဝန်ယူ ရှင်းမှ ဖြစ်မယ်"

"ဟုတ်ကဲ့... ဦးလေး။ လေယာဉ်လက်မှတ် ရတာနဲ့ ကျွန်တော် ချက်ချင်းလိုက်လာခဲ့မယ်"

အဘွားက သားဖြစ်သူ စံစံအား တမ်းတ ချောင်လင့် နေပေလိမ့်မည်။ ဇလွန်မြို့ တစ်ဖက်ကမ်း နန်းတော်ကျွန်း ကျေးရွာကလေးတွင် ယာလုပ်နေသော သမီးလတ် မြသန္တာထံလည်း သတိရနေမည်သာ။ ဒေါ်လေး လိုက်နိုင်တာ မလိုက်နိုင်တာ အပထား။ အဘွား အခြေအနေကို ဒေါ်လေးထံ

ကြေးနန်းရိုက် အကြောင်းကြားမိသည်။ ဒေါ်လေးတို့ မိသားစု တပ်မှ အငြိမ်းစားယူပြီး ယာ လုပ်စားနေကြသည်။

စံစုံကိစ္စ ဘယ်လို ဖြေရှင်းမလဲ။ သူငယ်ချင်း ပန်းချီဆရာ တစ်ဦး၏ အကူအညီဖြင့် ဗိုလ်မှူးဝတ်စုံဖြင့် ပုံတူပန်းချီ ရေးခိုင်းသည်။ သူငယ်ချင်း **ပန်းချီဆရာကလည်း အမြန်ဆုံး** အကူဆုံး ဖြစ်အောင် ရေး**ဆွဲပေး**သည်။ ထိုပန်း**ချီကားကို** ဓာတ်ပုံ ရိုက်ယူသည်။

ပန်းချီနှင့် ဓာတ်ပုံ **အကူ**အညီဖြင့် ကျွန်တော်ဦးလေး စံစံသည် ဗိုလ်မှူးစံစံ ဖြစ်**သွားပြီ**။ ယင်းပုံများကို ကြည့်၍ ကျွန်တော် မျက်ရည်ဝဲ**နေ၏**။ အိမ်က ဇနီးနှင့် ကလေးများက လည်း စစ်တွေသို့ လိုက်**ချင်နေ**ကြသည်။ လေယာဉ်လက်မှတ် ကလည်း မလွယ်။ မလွယ်**သော** လက်မှတ်တစ်စောင် ရဖို့ ကျွန်တော် အတော်ကလေး**ကို** ကြိုးစား ယူခဲ့ရကာ စစ်တွေသို့ ထွက်လာခဲ့၏။

စစ်တွေ လေဆိပ်တွင် **ကျွန်တော့်**ကို တူတစ်ယောက်လာ ကြိုသည်။

"အဘွား အခြေအနေ ဘယ်**လို**နေသေးလဲကွာ"

"အဘွား၊ ဒီတောင်ကို မကျော်နိုင်တော့ဘူး ထင်ပါရဲ့ လေးလေး၊ အဘွားအတွက် ကျွန်တော်တို့ အားလုံး ယူကျုံး မရ ဖြစ်နေကြပါတယ်"

သူ့စကားကြောင့် ကြေကွဲမှု မျက်နှာများ ဟန်ဆောင် ဖုံးကွယ်၍ မရတော့။ ကျွန်တော် အဘွားကို အမြန်ဆုံး တွေ့ချင် လာသည်။

"အင်း၊ အကောင်းဆုံး ဖြစ်အောင် ကြိုးစားကြသေးတာ ပေါ့ကွာ။ ရော့...မင်း ငါ့ပစ္စည်းတွေ ရွေးယူလာခဲ့။ ငါ ကားတစ်စီးစီး ငှားပြီး အိမ်အမြန် ပြန်မယ်"

စစ်တွေလေဆိပ်မှ ကျွန်တော်သည် မွေးရပ် ဇာတိရွာ ကလေး ဖြစ်သော နေပူခံ ရွာကလေးသို့ ကားစင်းလုံး ငှားကာ ထွက်လာခဲ့သည်။ ရွာကလေး ပြောင်းလဲ မသွားသေး။ အိမ် ပုံစံလေးများ နည်းနည်းပြောင်းလဲ သွားရုံက လွဲ၍ ကျွန်တော် တို့ ငယ်ငယ်က အတိုင်းပင် ရှိသေးသည်။ အိမ်ရှေ့တွင် ကားဆိုက် သည်နှင့် အမေနှင့် ဦလေးတို့နှစ်ဦး ပြေးထွက် လာကြသည်။ ကျွန်တော့်ကို မြင်တော့ တူ တူမများက အသံထွက်အောင် ငိုချင်နေကြသည်။

အိမ်ပေါ် လှမ်းတက်လိုက်သည်နှင့် အဘွား၏ သား ရဟန်းများက အိမ်ဦးခန်း ဘုရားစင်အောက်တွင် ဓမ္မတရား တော်များ ရွတ်ဖတ်နေသည်ကို တွေ့လိုက်ရသည်။ သည်လို ဆို အဘွားအခြေအနေက...

"ကဲသား၊ တစ်ခါတည်းပဲ အိမ်ခန်းထဲဝင်။ အဘွားက သားကြီးကို စောင့်နေသလား မသိဘူး။ ခုပဲ ဆရာဝန် လက်လျှော့ပြီး ပြန်သွားတယ်။ အသက်ကယ်ဆေး ဆိုလား ထိုးပေးသွားသေးတယ်။ ဘာမှလည်း မစားတော့ဘူး။ တရား ပဲ နာနေတော့တာ"

"ဟုတ်၊ ဟုတ်ကဲ့အမေ"

အမေ အသံက ငိုသံများ ရောယှက် ပါနေသည်။ ဓမ္မ တရားများ ရွတ်ဖတ်နေသော သံဃာတော်များကို ဦးချ ကန်တော့ကာ အဘွား အခန်းသို့ ဝင်လိုက်လာခဲ့သည်။ အဘွား ဘေးတွင် ဒူးထောက် ထိုင်ချလိုက်၏။ အဘွားက နည်းနည်း ပိန်သွားသည်။ အသားအရေက ဖြူဖွေးနေဆဲ။ အဘွား လက် ဖဝါးလေးကို အမြတ်တနိုးနှင့် ချုပ်ကိုင်လိုက်မိသည်။ အဘွား လက်များ အေးစက်နေ၏။ ကျွန်တော် ရင်ခုန်သွားသည်။

"အဘွား၊ အဘွား၊ ကျွန်တော်ရောက်လာပြီ အဘွား"

ကျွန်တော် သုံးလေးခွန်း ခေါ်လိုက်တော့ အဘွားမျက်လုံး ပွင့်လာသည်။ မျက်လုံးများက ကျွန်တော်ကို ရူးစိုက် ကြည့် နေ၏။ နှုတ်ခမ်းကလေးများ အနည်းငယ် ဟလာသည်။ အသံ ကဖြင့် ထွက်မလာတော့။ အဘွား ဘာပြောချင်မှန်း၊ ဘာပြော လိုက်မှန်း ကျွန်တော်သာ သိလိုက်သည်။

"အဘွား၊ စံစံနဲ့ကျွန်တော် ဟိုလက ရှေ့တန်း မထွက်ခင် မင်္ဂလာခုံမှာ တွေ့လိုက်သေးတယ်။ အဘွား အတွက်တောင် ဓာတ်ပုံတွေ ပေးလိုက်သေးတယ်။ စံစံက ဗိုလ်မှူးတောင် ဖြစ်နေပြီ အဘွားရယ်"

အသံများ တုန်ယင် အက်ကွဲနေသည်။ ရင်ထဲမှာ နာကျင် စွာ တင်းကျပ်နေ၏။ မျက်လုံးများတွင် မျက်ရည်များ ဝိုင်းဝါး နေ၏။ အဘွားသည် စံစံ ဓာတ်ပုံကို အားယူ၍ တစ်ချက် ကြည့်ပြီး ရင်ဘတ်တွင် ဖိကပ် တင်ထားလိုက်သည်ကို တွေ့ လိုက်ရသည်။ အဘွား ရင်ခွင်သို့ စံစံ ရောက်သွားလေပြီ။

အဘွားက သူခေါင်းဆုံးအောက်သို့ လက်ဟန်ဖြင့် တစ်ခုခု နှိုက်ယူရန် ပြသည်။ ကျွန်တော် လက်ထိုး နှိုက်ကြည့်၏။ လက်ကိုင်ပဝါလေးဖြင့် ထုပ်ထားသော အထုပ်ကလေး တစ်ထုပ် ကွက်လာ၏။ အထုပ်ကလေးကို ဖြေကြည့်လိုက်တော့ အဘွား နောက်ဆုံးအချိန် မတိုင်မီထိ ပန်ဆင်ခဲ့သော စိန်နားကပ်ကြီး တစ်ရန်။ သည်နားကပ်ကလေးကို ကျွန်တော် ငယ်စဉ်က အဘွားထံမှ အမွေအဖြစ် အမှန်မထင် တောင်းခဲ့ဖူးသည်။ "ပေးတာပေါ့ မြေးရယ်" ဟု ထိုစဉ်က အဘွား ပြောခဲ့၏။ ကျွန်တော် မေ့နေခဲ့သည်။ အဘွားက သတိရမြဲ။ အဘွား နောက်ဆုံး အချိန်ထိပင် သားနှင့်မြေးကို အမှတ်ရမြဲပါလား။

အဘွား မျက်လုံးများ မှိတ်သွား၏။ ၅-မိနစ်ခန့် မှေးနေ သည်။ အရှင်သူမြတ်များ ပရိတ်များ ရွတ်ဖတ်ပေးနေဆဲ။ သားနှင့် မြေးကို တွေ့လိုသောဇော၊ သံယောဇဉ်ကြိုးမျှင်တန်း လေးတွေ အဘွား ထွက်သက်နှင့်အတူ တွယ်ပါသွားမှာ စိုးရိမ်မိ သည်။

အဘွားက ကျောင်းအမ၊ ရဟန်းအမ၊ ဇရပ်၊ သိမ်တို့၏ ဒကာမကြီး၊ အဘွား ပြုခဲ့သော ကုသိုလ်များက နည်းနည်း နောနောမှ မဟုတ်တာ။ အဘွား အသက်ရှည်လွန်းသည်။ သီလမြဲခြင်းကြောင့် ဖြစ်လိမ့်မည်။

အဘွားသည် အားလုံးကို မျက်လုံး တစ်ချက် ဖွင့်ကြည့်၏။ ဘုရားခန်းမှ အမျှဝေသံနှင့်အတူ ကြေးစည်သံများ လွင့်ပျံ့လာ သည်။ အဘွား သာမု ခေါ်နေလေမည်လား။ အဘွား

ခေါင်းကလေး တည့်မတ်နေရာမှ တစ်ဖက်သို့ ဖျတ်ခနဲ ထိုးကျသည်။ အဘွား ဘဝတစ်ပါးသို့ ပြောင်းသွားလေပြီ။

အိမ်မှာရှိနေသော လူအားလုံး အုပ်ဆိုင်းဆိုင်းကလေး ငိုနေကြသည်။ ကျွန်တော်က အဘွား နောက်ဆုံး ပေးခဲ့သော စိန်နားကပ်လေးကို ဆုပ်ကိုင်ကာ အသံမထွက်ဘဲ ငိုနေမိသည်။ အဘွားတစ်ယောက် စံစံ ရှေ့တန်းတွင် ကျသွားသည်ကို တကယ်ပင် နောက်ဆုံး သေသည်အထိ သိမသွားလေသလား၊ သိလျက်နှင့် အချစ်ဆုံး သားတစ်ယောက် သေဆုံးသွားခြင်းကို လက်မခံနိုင်၍ သိလျက်နှင့် မသိယောင်ဆောင် နေခြင်းလား။

တမလွန်ရောက် အဘွားက အသိဆုံး ဖြစ်နေလိမ့်မည်။ ခုလောက်ဆို ကြိုရောက်နှင့်နေသော စံစံနှင့် အဘွားတို့ လေဟာနယ် တစ်နေရာတွင် ဆုံစည်းနေမည်လား။

❑

[ကရဏာ မဂ္ဂဇင်း၁၉၉၇-ခုနှစ်]

ဟိန်းထက်စာပေ

တစ်ခြမ်းပဲ့ပြဇာတ်

ခေါင်းထဲမှာ မူးမူးနောက်၊ လမ်းလျှောက်လိုက်လျှင် ခြေတစ်ဖက်က ဆွဲနေသယောင်ယောင်၊ ဇက်ကြောတွေက လည်း ဟိုကထိုး၊ ဒီကနာ၊ ရင်ထဲ တလှပ်လှပ်နှင့် အမြင်များ ဝိုးဝါးနေသည်။

ရာသီကြောင့် ထင်ပါရဲ့။ ခုတစ်လော ခိုက်ခိုက်တုန် အောင် ချမ်းသည်။ ရေမချိုးဖြစ်တာကလည်း သုံးလေးရက် ရှိပြီ။ လူတောသူတော သွားရင် ရေမွှေးဆွတ်လိုက်၊ ပေါင်ဒါ ရိုက်လိုက်နှင့်။ ဆရာဝန်ကလည်း ရေချိုးရင် သတိထားချိုးဖို့ အမြဲသတိပေးတတ်သည်။

သွေးပေါင်ကလည်း တက်လိုက် ကျလိုက် ဖြစ်နေသည်။ သွေးပေါင်နှင့် ပတ်သက်ရင် တက်ရင်လည်းမူး၊ ကျရင်လည်း မူးတတ်တော့ ဆေးသောက်ရမှာ အခက် ဖြစ်နေတတ်သည်။ တက်နေသော သွေးပေါင်ကို ကျသွားအောင် သွေးကျဆေး

တစ်မျိုးမျိုး သောက်လိုက်ရတာက လွယ်သော်လည်း ကျနေတဲ့အချိန် သွေးကျဆေး သောက်မိရင်တော့ ခေါင်းမထူနိုင်အောင် မူးကာ၊ အလူးအလဲ ခံရတတ်၍ သွေးပေါင် မချိန်ဘဲ ဘာဆေးမှ မသောက်ရဲတာက အမှန်။

မနက်က သွေးပေါင် ဝင်ချိန်ဖြစ်သည်။ အပေါ် ၁၃၀၊ အောက် ၉၀ ဖြစ်နေ၍ မိတ်ဆွေ ဆရာဝန်က သွေးကျဆေး ရယ်၊ မူးရင် သောက်ဖို့ ဘီ–၆ ရယ် ပေးလိုက်သေးသည်။ မနက်တစ်ခွက် နေ့လယ်တစ်ခွက်၊ ညတစ်ခွက်ပေါ့။ တစ်နေ့လုံး မလန်းဆန်းဖြစ်နေ၏။ သွေးကျဆေး သောက်ထားတော့ လူက ခွေလုမတတ်။ စိုးရိမ်စိတ်ကလေးကြောင့် အလုပ်တိုက်ထဲကနေ ဘယ်မှ မသွားဖြစ်တော့။ လက်ဖက်ရည်တောင် အောက်က လှမ်းမှာ သောက်ဖြစ်သည်။

မြရိပ်ညို မဂ္ဂဇင်းတွင် လာလုပ်နေသော စာရေးဆရာ၊ အယ်ဒီတာ အစ်ကိုကြီး ကိုကြည်သန့်နှင့်ပင် ဟုတ်တိပတ်တိ စကားမပြောဖြစ်။ ခါတိုင်းဆို စလိုက် နောက်လိုက်နှင့် စာအကြောင်း ပေအကြောင်း ပြောနေတတ်ကြရာ အချိန်က ကုန်မှန်းမသိ ကုန်သွားတတ်သည်။

ဒီနေ့တော့ နေမကောင်း၍ ထင်ပ၊ အချိန်က မကုန်နိုင်။ ဧည့်သည်ကလည်း ဟောတစ်ယောက်၊ ဟောတစ်ယောက်နှင့်။ သည်ကြားထဲ ပွဲစားတွေက တစ်ယောက်ပြီး တစ်ယောက် လာသေးသည်။ သူတို့ တက်လာတိုင်း စိတ်ထဲမှာ စနိုးစနောင့်ဖြစ်ပွားစတတ်၏။

အိပ်ချင်နေသည်။ တစ်ရေးလောက် မှေးပြီး နားလိုက်ချင်သည်။ သောက်တုန်းက သွေးကျဆေး သောက်ပြီး သွေးအရမ်း ကျသွားမှာကိုလည်း စိုးရိမ်နေသည်။ အပေါ် သွေး ၁၁၀ အောက်သွေး ၇၀ ဆိုရင် နေလို့ မရတော့။ ဘာအလုပ်မှ မလုပ်ရဘဲ မူးနေတတ်သည်။

သွေးအား သိပ်ကျသွားရင် သွေးကြောပိတ်ပြီး ရုတ်တရက် သေသွားတတ်သည်တဲ့။ ခုလည်း သွေးကျဆေး နှစ်ခွက်တောင် သောက်မိသွားပြီ မဟုတ်လား။ သွေး အရမ်းကျသွားပြီ ထင်သည်။ သွေးပေါင်ချိန် ကိရိယာတော့ ရှိသည်။ သွေးပေါင် ချိန်ပေးမည့်သူ မရှိ။ ကိုကြည်သန့်က ဆေးပညာနှင့် အတော်လေး ဆေးသည်။ ပန်းစကားဂျာနယ် တာဝန်ခံ အယ်ဒီတာ တက္ကသိုလ်ဓော်ထူးဦး ရောက်လာတော့ ဝမ်းပန်းတသာနှင့် သူ့ကို သွေးပေါင် ချိန်ခိုင်းသည်။ ကြက်ခြေနီ နည်းပြမို့ အားကိုးမိခါမှ သူကလည်း ဝေ့လည်လည်။ ဘယ်လိုကိုင်၊ ဘယ်လိုလုပ် ပြောနေ သင်နေတာနှင့်ကို အဖြေက တိတိကျကျ၊ မရလိုက်။

စိတ်ဓာတ် အတော်ကျသွားသည်။ ရောဂါရှာဖွေရေးမှာ လုပ်ခဲ့တုန်းကဆို ဆရာဝန်တွေ ဘယ်ကိုကြည့်ကြည့် မလွတ်စတမ်း။ အဲသလောက် များသည်။ တစ်ယောက်ယောက်ကို အကျိုးအကြောင်း ပြောပြီး ချိန်ခိုင်းလိုက်ရုံသာ။ ရုံးကို လွမ်းမိသေးသည်။ အနှစ် ၂၀ လုံးလုံး ဆေးရုံလေး ရှုရှိုက်ကာ

နေခဲ့သမျှ ခုတော့လည်း အရက်ပြန်နဲ့ကလေးပင် မရတော့။ မိုက်ကိုစကုပ်နှင့်လည်း ဝေးခဲ့ပြီ။

ပင်စင် ယူလိုက်ပြီးနောက် ကျန်းမာရေး အသိုင်းအဝိုင်းနှင့်လည်း ဝေးကွာ သွားသည်။ ရောဂါကလည်း တစ်ခုပြီး တစ်ခု။ နှလုံးသွေးကြော ကျဉ်းနေသလို၊ နှလုံးနာမ်ကြောတွေပဲ ယောင်နေသလိုလို၊ ဆေးခန်းကိုတော့ တစ်လ တစ်ကြိမ် သွားနေရသည်။

နှလုံးအထူးကု ဆရာဝန်မကြီးက (အီးစီဂျီ) ရိုက်၊ သွေးဖောက်၊ နားကြပ်နှင့် လေးငါးချက်လောက် မထိတထိလေး စမ်းကြည့်ပြီး "အိုကေ" လို့ ပြောကာ နောက်တစ်လ ထပ်ချိန်းတတ်ပြန်သည်။ ငွေ လေးငါးထောင်လောက် လုံးခနဲ ထွက်သွား၏။ အဲဒီ ဆေးခန်းပြတာ သုံးလေးရက်သာ ရှိသေးသည်။

"အငန် နည်းနည်းလျှော့နော်။ သွေး နည်းနည်းတိုးနေတယ်။ ကလီစာဓာတ် များတဲ့ အစားအသောက်ကို ရှောင်၊ ယူရစ်အက်စစ်လည်း များတယ်။ ဆာလ်ဖာနဲ့ မတဲ့တော့ အစားအသောက်နဲ့ပဲ ထိန်းရမယ်။ မြေပေါ် ၆ လက်မ မြေအောက် ၆ လက်မ မစားနဲ့။ အဲဒါတွေကို ဝေးဝေးရှောင်"

"ဟုတ်ကဲ့ ဆရာမကြီး"နဲ့ ခေါင်းတညိတ်ညိတ် လုပ်ကာ နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။ ဆေးခန်းက အပြန် မစားရမယ့် အသီးအနှံနှင့် တွင်းအောင်းသတ္တဝါတွေ စာရင်း ကောက်မိသေးသည်။

"ဂေါ်ဖီလာတို့ ဝေလငါးတို့ စားလို့ရလို့ တော်သေးတာပေါ့" ညည်းညည်းညူညူ ပြောဖြစ်သေးသည်။ အဲဒီနေ့က စပြီး မတက်တာ ကြာပြီဖြစ်သော သွေးပေါင်က ကျသွားသည် မရှိ။ ဆေးသောက်ရင် ကျသွားလိုက်၊ ဆေးရပ်လိုက်ရင် ပြန်တက်လိုက်နှင့် ဆရာဝန်ကြီးနှင့် နောက်တစ်ခေါက် ပြဖို့ ဆိုတာကလည်း ငွေကြေး အခြေအနေကို ချိန်တွက်ရသေးသည်။ တစ်လတစ်လ ဆရာဝန် တစ်ကြိမ်ပြဖို့ ကြိုးစား ရှာဖွေလိုက်ရတာ ဖတ်ဖတ်ကို မောလို့ရယ်။ စမ်းသပ်ခတွေလည်း တစ်လ ထက်တစ်လ ပိုမြင့်လာသည်။

ငယ်ငယ်က ဆရာဝန်ဖြစ်အောင် မကြိုးစားခဲ့မိတာကို ခုမှ နောင်တ ရနေမိသည်။

"စိတ်ကြောင့်လည်း ဖြစ်မှာပါ ညီလေးရယ်။ ဆရာဝန်က သွေးတိုးနေတယ်လို့ ပြောလိုက်တာနဲ့ မင်းသွေးက လန့်ပြီး ခုန်ဆွခုန်ဆွ ဖြစ်နေတာ။ မင်း သွေးကလည်း ကုန်ဈေးနှုန်းတွေလို ပါပဲလား။"

ကိုကြည်သန့်က နေ့လယ်က စ သေးသည် သူ့ကို မထိတထိလေး ပြုံးပြမိ၏။ လူတစ်ကိုယ်လုံးလည်း ပရုတ်ဆီနဲ့သင်းနေပြီ။ ဆေးခန်း တစ်ခန်းခန်းကို သွားပြီး သွေးတိုင်းကြည့်လိုက်ရင် ကောင်းမလား၊ သွေးပေါင်၊ တစ်ခါချိန်ရုံလေးနှင့် စောင့်ရမှာကိုက အကြာကြီး။ ပြီးတော့ ဗေဒင် ဟောစာတမ်းလို ဟိုပြော ဒီပြော ပြောဦးမည်။

"ဘာလဲ၊ အစ်ကိုက မပြန်ချင်ဘူးလား"

"ပြန်ချင်တာပေါ့ ညီလေးရယ်။ ဘယ့်နယ် ပြောပါလိမ့်၊ ဟဲ... ဟဲ။ ညီလေးကို အားနာလို့သာ အချိန်မတော်... ပြန်ပြန်နေရတာ၊

*

ညည့်ဆို ကားတွေက အလုအယက် အပြိုင်အဆိုင် မောင်းတတ်သည်။

စန္ဒာမြို့ငှ် ရုပ်ရှင်ရုံရှေ့ ရောက်တော့ ကားတံခါး ဖွင့်ကာ ဝုန်းခနဲ တွန်းပိတ်လိုက်ပြီး၊ လမ်းမပေါ်သို့ ဆင်းလိုက်သည်။ ကိုကြည်သန့်ကိုပင် နှုတ်မဆက်ဖြစ်။ တစ်ဖက်ကားလမ်းကို ဖြတ်ကူးကာ အိမ်ကို ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ကားဂိတ်နှင့် အိမ်က သိပ်မဝေးလှ။ ၁၀ မိနစ် ၁၅ မိနစ်ခန့် လျှောက်ရုံသာ။

"ရှင် ဒီနေ့ စောလှချည်လား"

"စောတော့ မင်းက ဘာလုပ်ချင်လို့လဲ။ ကဲ မြန်မြန် ထမင်းချူး၊ ငါ ထမင်းစားပြီးရင် ဆေးခန်း သွားဦးမယ်"

မိန်းမကို "ဘု" ပြောလိုက်တော့ ဆူအောင့်အောင့်နှင့် ငြိမ်သွားသည်။ ထမင်း နည်းနည်း စားဖြစ်သည်။ ဆရာက တစ်ဖက်လမ်းမှာ နေသည်။ အိမ်ကနေ လမ်းလျှောက်လိုက်ရင် လေးငါးမိနစ်အတွင်း ရောက်သည်။ ဂျင်းအင်္ကျီ ဝတ်ကာ အိမ်က ထွက်မယ်လုပ်တော့ အငယ်မက မုန့်မှာလိုက်သေးသည်။

သိပ်တော့ အကြောင်းမထူးလှ။ အိမ်ရောက်မှ ဒေါက်တာမျိုးအေးဆီ သွားပြီး ချိန်လိုက်ဦးမည်။ ဆရာက အသည်းအထူးကု သုတေသန ဆရာဝန်။ ရောဂါရှာဖွေရေးမှာ လုပ်တုန်းက အတူသွား၊ အတူလာ၊ ညီအစ်ကိုလို ခင်သည်။ ဆရာပိုင် ဆန်နီကားကလေး မရောင်းခင်တုန်းကဆို ဆရာနှင့် ကျွန်တော် မနက်တိုင်း ရုံးသွားနေကျ။ ဆေးသုတေသနက ဇီဝကလမ်းမှာ ကျန်းမာရေးဓာတ်ခွဲခန်းက မော်ကွန်းတိုက်လမ်းထဲမှာ၊ တစ်လမ်းပဲ ခြားသည်။

ခုတော့လည်း ဆရာနှင့် ကျွန်တော် နီးလျက်နှင့် ဝေးနေတော့သည်။ ည ၇ နာရီ ထိုးသည်နှင့် ပစ္စည်းသိမ်း သော့ခတ်ပြီး "အစ်ကိုရယ်၊ ဒီနေ့တော့ စောစောပြန်ကြရအောင်" လို့ ကိုကြည်သန့်ကို ပြောဖြစ်သွားသည်။ အလုပ်ခန်းက ဆင်းလာတော့ အပြင်မှာ အချမ်း ပိုနေသည်။

ဆူးလေဘုရားနားမှာ ဂိတ်ထိုးသည့် 'ငြိမ်းချမ်းရေး' ကားတွင် ရှေ့ခန်းမှာ နှစ်ယောက်သား ဝင်ထိုင်ကာ အိမ်ပြန်ခဲ့ကြသည်။ ခါတိုင်းဆို သူနှင့် ကျွန်တော် လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ အကြာကြီး စကား ပြောဖြစ်သည်။ တစ်ခါ တစ်ခါ စာရေးဆရာ၊ သတင်းစာဆရာ၊ သန့်ဝင်း(မြန်မာစာ)တောင် ပါသေး။ ခုတစ်လော သူလည်း ပေါ်မလာ။ မိန်းမဗိုက် မီးကင်းစောင့်နေရသည် ဆိုပဲ။

"အိမ်က မိန်းမက ပြောတော့မှာပဲကွာ။ ဒီနေ့ စောစော ပြန်လာလို့"

ဆရာက အိမ်မှာပဲ ဆေးခန်းထိုင်သည်။ လူနာကလည်း ပြောရလောက်အောင်မလာ။ ကလေးဆေးရုံမှာ ကလေးအထူးကု ဆရာဝန်ဘဝတုန်းက ဆရာ့ ဆေးခန်းမှာ လူစည်သည်။ သုတေသန လုပ်ငန်းကို ဝါသနာ ပါလွန်းလို့ သုတေသနကို ပြောင်းလာမှ ရှိစုမဲ့စု ကားကလေးတောင် ရောင်းလိုက်ရသည်။ အချိန်ရှိတုန်းဆို ဆရာ့ဆေးခန်းမှာ လူမစည်တတ်။ ညလွဲသန်းခေါင်ဆို ဆရာ့ဆေးခန်း ရုံလျှံတတ်သည်။

လူနာတွေကလည်း ဆေးရုံလက်ကိုင်ရှိမှ အထင်တကြီးနှင့် ပြချင်ကြတာ။ ဆရာက လူ့ အသည်းကို သုတေသန ပြုနေသူ။ စာအုပ် ထူထူကြီးတွေနှင့် ပျော်မွေ့နေသူ။ နိုင်ငံခြားတော့ ခဏ ခဏ သွားရပါရဲ့။ အသည်းရောဂါတွေကလည်း မြန်မာလူထုကို အတော် နှိပ်စက်နေပြီလေ။ အသည်းကင်ဆာ ဖြစ်နှုန်း အများဆုံး ၁၀ နိုင်ငံထဲမှာ မြန်မာနိုင်ငံ ပါတယ်ဆိုပဲ။ ညနေ တစ်ခွက်စာ ဆေးကို အိတ်ကပ်ထဲ ထည့်ပြီး ဆရာ့ တိုက်ခန်းကို လျှောက်လာခဲ့သည်။ ခါတိုင်းဆို ဆရာ့ကို စာအုပ်တစ်အုပ်နှင့် အပြင်မှာ တွေ့ရတတ်သည်။

ဧည့်ခန်းမှာ မတွေ့တော့ အော်ခေါ်မိသေးသည်။

"ဆရာ၊ ဆရာ"

အိမ်ခန်းတံခါးကို လှုပ်တော့ "ဟယ်" လို့၊ နောက်ဖေးက ဆရာထူးလိုက်သံ ကြားရသည်။ ဟိုဘက် အခန်းက ကောင်ကလေးက တံခါး လာဖွင့်ပေး၏။ ဆရာ ကိုယ်လက် သန့်စင်နေဟန် တူသည်။

"ဦးထွန်းအောင်ကြီး၊ မသိသေးဘူးနဲ့ တူတယ်"

"ဟင့်အင်း၊ ဘယ်သူဘာဖြစ်လို့လဲ"

ကောင်လေး အမေးကို ကျွန်တော်က ခေါင်းခါ ဖြေလိုက်သည်။

"ဒီလို ကိုထွန်းအောင်ရယ်။ ကျွန်တော်ခုမှ ဆေးရုံက ဆင်းလာတာ၊ မနက်ဖြန် စာတမ်း ဖတ်ပွဲလည်း ရှိတော့ ပြောဆင်းလာခဲ့တာ။ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ပေါ့ဗျာ၊ ရင် အရမ်းကြီးကျပ်ပြီး ဆေးရုံကို တန်းတက်လိုက်ရသေးတယ်"

အိပ်ခန်းထဲက လှုပ်တုပ်လှုပ်တုပ်နှင့် ထွက်ကာ ပြောတော့ တအံ့တသြ ဖြစ်သွားရသည်။ ဆရာ့ လက်မောင်းကို ကိုင်ကာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ချိုင်းလိုက်သည်။ မျက်နှာက ဖြူဖပ်ဖြူရော်နှင့်၊ မျက်လုံး ဟောက်ပက်ပက်။

"ဟာ ဆရာရယ် ကျွန်တော့်ကို အကြောင်းကြားလိုက်ရင် ပြီးရော။ ဆရာနဲ့ ကျွန်တော်က ညီအစ်ကိုလို နေလာခဲ့တာပဲ။ နှစ်တွေက နည်းသလား ဆရာရယ်"

အားမလို အားမရနဲ့ ပြောဖြစ်သွားသည်။

"ကျွန်တော် သတိရတယ်...၊ ဒါပေမဲ့ ခင်ဗျားက မိုးချုပ်မှ ပြန်ရောက်တတ်တော့ ခင်ဗျားကို အကြောင်းမကြားမိဘူး။ အေးကလည်း သိပ်အေးတော့ ရင်က အရမ်းကို ကျပ်လာတာ။ အကြောဆေး၊ အမိုင်နိုတို့ သွင်းလိုက်ရင် သက်သာသွားလိမ့်မယ်မှန်း သိပေမယ့်၊ သွင်းပေးမယ့်လူ မရှိတော့ ဒီအတိုင်းလည်စင်း ခံနေရတာပါပဲ"

ဆရာ့အသံက ဝမ်းနည်းသံ ပါနေသည်။ ဆရာဝန်ဆိုတာ လူတိုင်းလူတိုင်းက လိုလိုလားလား၊ ကိုးကိုးစားစား၊ အချိန်မရွေး ချဉ်းကပ် အကူအညီ တောင်းခံနိုင်သူ ဖြစ်သော်လည်း ဆရာဝန် ကိုယ်တိုင် အရေးပေါ် ဖြစ်လာလျှင် ဘယ်သူမှ မတတ်နိုင်ရှာ။

နယ်က ဆရာဝန်တွေ ပိုပို ဆိုးတတ်သည်။ အမှန်က ဆရာဝန်ဆိုတာ သူများအတွက် လူလုပ် နေကြရတာပါပဲ။

"ဖြစ်မှ ဖြစ်ရလေ ဆရာရယ်။ ကျွန်တော်လည်း ခုတစ်လော သွေးတွေတိုးနေလို့ အိမ်မှာ ရှိနေတယ်။ ခုတောင် သွေးပေါင်လေး ချိန်လိုက်ချင်တာနဲ့ ဆရာ့ဆီ ပြေးလာခဲ့တာ။ ခုတော့ လူမမာ သတင်းမေး လာသလို ဖြစ်သွားပြီ။ ရင်ကျပ် ရောဂါက ဆရာ့မှာ ဟိုတုန်းက မရှိပါဘူး"

"ရှိတယ်၊ ခုလောက် တစ်ခါမှ မဖြစ်ဖူးဘူး။ ရင်က သိပ် ကျပ်တော့ လှဲလို့လည်း နေမရ၊ မတ်တတ်ရပ်လို့လည်း နေမရနဲ့ ဟောဒီခုံမှာ ငုတ်တုတ် ထိုင်ပြီး မျက်နှာကို ပင့်ကာ လေနဲ့ တည့်တည့်ကြီး ထိုးထားတာ။ အသက်ကို မနည်းလု ရှူရတယ်ဗျာ။ အဲသလို ဝေဒနာ ကြိတ်မှိတ် ခံစားနေရတဲ့ ကြားထဲက အရေးကြီးတဲ့ ကလေးလူနာက လာသေးတယ်။ နေမကောင်းဘူးလို့ ပြောလည်းမရဘူး။ ဒါနဲ့ အသက်ရှူ မဝတဲ့ကြားက "ဆရာဝန်ပဲ သည်လောက်တော့ ရှိမှာပေါ့" ဆိုပြီး အားတင်းပြီး ထကူ ပေးလိုက်သေးတယ်။ လူနာလည်း ပြန်ရောကျွန်တော် မခံနိုင်တော့ဘူး။ ဘေးပတ်ဝန်းကျင်က လူတွေကို

ဆေးရုံ ပို့ခိုင်းလိုက်ရတယ်။ ဆေးရုံ မရောက်ရင် ကျွန်တော် သေသွားနိုင်တယ်။ ကဲ... ကဲ တက်ဗျာ၊ နောက် မှ အေးအေး ဆေးဆေး စကားပြောကြတာပေါ့"

ဆရာ့ပုံစံက သဲ့သဲ့လေးသာ ကျန်တော့သည်။ သည်တစ်ဝိုက် ဘယ်သူ ဘာဖြစ်ဖြစ် ဆရာ့ကို လာပင့်တတ်သည်။ ခု တော့ ဆရာ့အဖြစ်က မတွေးဝံ့စရာ။

ဆရာ့ ဝေဒနာက ကျွန်တော့်ကို လာမှန်သည်။ နှစ်ရက် အတွင်း အတော်ကို ချောင်ကျ သွားသည်။ သွေးပေါင်ချိန် ကိရိယာကို ယူပြီး အဆင့်သင့်ဖြစ်ပြီ ဆိုမှ ဆရာ့ လက်ကို တွဲကာ ခေါ်လာခဲ့သည်။

"ဆရာ မနက်ဖြန် စာတမ်းဖတ်လို့ ဖြစ်ပါ့မလား"

ကျွန်တော်က စိုးရိမ်တကြီးနှင့် မေးပြီး ခုတင်ပေါ် တက်ကာ ပက်လက်ကလေး လှဲအိပ်ချလိုက်သည်။ အသက်ကို မှန်မှန် ရှူနေ၏။ ဆရာက အပေါ်သွေး အောက်သွေးကိုစမ်းသည်၊ သေချာပြီဆိုမှ နားထဲက နားကြပ်ကိုဖြုတ်ကာ စားပွဲပေါ် လှမ်းတင်လိုက်သည်။

"၁၃၀/၉၀ ဗျာ၊ သွေးတိုးတာ နည်းနည်းလေးပါ။ စာတမ်းကလည်း ဖတ်ဖြစ်အောင် ဖတ်ရမှာပေါ့ဗျာ။ ခင်ဗျာလည်း သွေးပေါင်ချိန်တာ လောက်တော့ အိမ်က မိန်းမကို သင်ပေးထားဦး။ တော်ကြာ ကျုပ်လို ဖြစ်နေဦးမယ်"

ဆရာက လေသံ တိုးတိုးဖြင့်ပြောသည်။ သွေးပေါင်ချိန်တာလေး တစ်ခုလောက် မိန်းမတတ်ထားရင် ဆေးခန်းသို့ပင်

လာစရာမလို။ သွေးတိုးအတွက် ဘာဆေး ဘယ်လို သောက်ဆိုတာ သိနေသားပဲ။

"ဟုတ်တယ် ဆရာရယ်။ အိမ်မှာကလည်း ကျွန်တော်က လွဲလို့ ဘယ်သူမှ ဘာမှ မတတ်ကြဘူး"

ပြောပြောဆိုဆိုနှင့် ကျွန်တော် လှဲနေရာမှ ထကာ ဘေးတွင် ရပ်နေသော ဆရာ့လက်မောင်းကို တွဲပြီး ကုလားထိုင်ပေါ် ပြန်ထိုင်ခိုင်းသည်။ ကံကောင်းလို့ ဆရာ မသေ။ ရင်ကျပ်လူနာ အတော်များများ တွေ့ဖူးသည်၊ မြင်ဖူးသည်။ ဖြစ်လိုက်ရင် အသည်းအသန်ချည်း။ အောက်စီဂျင် မကူရင် အသက်ပါ ပျောက်သွားနိုင်သည်။

ဆရာက ဓာတ်ဘူးကို မျက်ရိပ်ပြသည်။ ဓာတ်ဘူးထဲက ရေးနွေး နှစ်ခွက်ကို ငှဲ့ထည့်ပြီး ဆရာ့ ဘေး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ဘာဆေး သောက်ရမယ် ဆိုတာကတော့ ခင်ဗျား သိပြီးသားဆိုတော့ စားပွဲပေါ်တင်ထားတဲ့ ဆေးတွေထဲကသာ ယူသောက်ပါတော့"

"ရတယ်ဆရာ ရတယ်။ ကျွန်တော့်မှာ ဆေးပါလာတယ်။ သွေးပေါင် အရမ်းကျသွားမှာ စိုးလို့သာ၊ မသောက်ဖြစ်သေးဘဲ၊ ဆရာ့ဆီ ပြေးလာတာ။ ကျွန်တော်က ဟစ်ပိုကရစ်တီးရဲ့ ပြဇာတ်ထဲက အတိုင်းပါပဲ။ ဆရာက ဇာတ်ကောင် မစုံပဲ ကလိုက်တာကိုး"

"ဘာ၊ ဘယ်လို ကိုထွန်းအောင်"

ကျွန်တော့် အပြောကို ဆရာက အငမ်းမရ မေးသည်။

ဆရာ မှေသွားပြီလား၊ ဟစ်ပိုကရစ်တီးဆိုတာ ဆေးအတတ်ပညာရဲ့ ဖခင်ကြီးလေ။ သူက ဆေးဝါး ကုသမှုဟာ ဇာတ်ကောင် သုံးဦးပါတဲ့ ပြဇာတ်နဲ့ တူတယ်လို့ ဥပမာ ပေးခဲ့ဖူးတယ်။

အဲဒီ ဇာတ်ကောင် သုံးဦးကတော့ လူနာ၊ ဆေးဆရာ၊ ရောဂါ တဲ့လေ။ ဆရာက ဆေးဆရာ မပါပဲ ပြဇာတ် ကလိုက်တာကိုး။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ဗျားပြောမှပဲ ရှင်းတော့တယ်။ ဆရာဝန် လူနာ၊ လူနာ ဆရာဝန်ဆိုတော့ တစ်ခြမ်းပဲ နေတာပေါ့"

ဆရာ သဘောကျစွာ ရယ်နေသည်။ မိုးချုပ်မှ အိမ်သို့ ပြန်ဖြစ်သည်။ ကွန်ပျူတာစာတမ်းကို ဆရာ့ လက်ရေးမူနှင့် ဝင်တိုက်ပေးခဲ့သည်။ ဆရာက သလိပ်ကလေး တဟဟနှင့် အသက်ရှူ ဝနေ၏။ မူးတူးတူးဖြစ်နေသော ကျွန်တော့် ခေါင်းလည်း နည်းနည်းကြည်လင်နေသည်။

သွေးပေါင် ပြန်ကျသွားပြီ ထင်ပါရဲ့။

❑

[အင်းစိန်မဂ္ဂင်း၊ ၁၉၉၇၊ စွန်လ]

ဖွေးပန်းတစ်ပွင့်



(က)

အမှောင်ထုက သိပ်သည်းလွန်း အားကြီး နေသည်။ ဝန်းကျင်အားလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်ခါတစ်ရံသာ ဖြတ်မောင်းသွားသော အဝေးပြေး ကားသံများမှတစ်ပါး အခြား အသံဗလံများ လုံးဝ မကြားရပါ။

စောစောပိုင်းကမူ သည်ဝန်းကျင်တွင် ဆူညံ၊ ညည်းသံ အော်ဟစ်ပြောဆိုသံများ ကြီးစိုးနေခဲ့သည်။

ရုန်ကုန်–မန္တလေး ကားလမ်း နံဘေးရှိ ပဲနွယ်ကုန်းတိုက် နယ် ဆေးရုံငယ်အတွင်း ထိန်လင်းသော မီးရောင်အောက်တွင် တာဝန်ကျ ဆရာဝန်နှင့် ဆေးရုံဝန်ထမ်း အချို့သည် ချွေးတလူးလူးဖြင့် လှုပ်ရှား သွားလာ နေကြသည်။

မကြာမီ သူတို့တစ်တွေ အရေးပေါ် ခွဲစိတ်ကုသမှု တစ်ခုကို ပြုလုပ်ကြပေလိမ့်မည်။ ထို ခွဲစိတ်ကုသမှု၏ အလိုအပ်

ဆုံး အသက်ကယ်သွေးကို ရရှိခဲ့ပြီးမို့လည်း ဒေါက်တာခင်မြလွင်သည် သွေးလှူဒါန်းပေးနေသော ဓာတ်ခွဲ ကျွမ်းကျင်သူ မပွင့်ဖြူအား ကျေနပ်နှစ်သိမ့်စွာဖြင့် ပြုံးကြည့်နေတော့သည်။

မပွင့်ဖြူက နှုတ်ခမ်းကလေး တွန့်ရုံမျှသာ ပြန်ပြုံးပြပြီး တစ်ဖက်ခုတင်ပေါ်ရှိ မှန်ကွဲစများကို ခက်ခက်ခဲခဲ ထုတ်ယူအပြီး၊ ကုန်ဆုံးသွားသော သွေးများအစား မိမိကိုယ်ထဲမှ သွေးကို လက်ခံယူနေသော လူနာအား ဝေဝဲကြည့်သည်။ သွေးထဲမှာ HIV အသည်းရောင်အသားဝါနှင့် အခြား ကူးစက်ရောဂါတချို့ ရှိမရှိ စစ်ဆေးကြည့်ဖို့ပင် အချိန် မပေးနိုင်ခဲ့။ အလျင်စလိုနှင့် သွေးသွင်း ပေးလိုက်ရသည်။ လူနာက ကားမောက်၍ ရရှိထားသော ဒဏ်ရာများစွာတို့ဖြင့် မှေမျောနေရှာသည်။

တစ်ကိုယ်လုံး သွေးသံရဲရဲနှင့်၊ သွေးသွင်းရမည့် လူနာများကို သွေးအုပ်စု ခွဲကြည့်အပြီး တိုက်တိုက်ဆိုင်ဆိုင် အေဘီ သွေးချင်း တူနေလေတော့ အစပထမတွင် ပွင့်ဖြူ သွေးလှူရန် တွန့်တို နေခဲ့မိသည်။ ဓာတ်ခွဲခန်းထဲမှာ တစ်ယောက်တည်း ချီတုံချတုံ ဖြစ်နေခဲ့သည်။ ဆုံးရှုံးရမည့် သွေးအား အစားထိုး မပေးနိုင်ခဲ့ပါလျှင် လူနာသည် သေမင်းကို ပြုံးရယ်ပြနိုင်မည် မဟုတ်ပေ။

လွှ အသက် တစ်ချောင်းကို သည်အတိုင်းပဲ အဓိပ္ပာယ်မဲ့ အဆုံးရှုံး ခံလိုက်ရမလား။

ပွင့်ဖြူ သွေးမလှူဖြစ်လို့ လူနာ တိမ်းပါးခဲ့လျှင် သည်ဆေးရုံနှင့် သည်မြို့ကလေးတွင် သူ့ကို စေတနာ အခေါင်းပါးဆုံး မိန်းကလေး တစ်ယောက်ဟု သတ်မှတ်ကြပေဦးမည်။

သူ့ကို ဘဝတာ တစ်လျှောက် မဆုံစည်း နိုင်တော့ဟု မပွင့်ဖြူ ယုံမှတ်ထားခဲ့သည်။ သူသည် မိမိနှင့် မိမိတို့ မိသားစု အပေါ် ဘဝပျက်လုမတတ် အနိုင်ယူ ချိုးနှိမ်ခဲ့သည့်တိုင် အောင် ယခု သူသည် လူနာတစ်ဦး ဖြစ်နေသည်။

ဖြစ်လျှင် ပျက်တတ်သော လောကဓံနှင့် သူ ရင်ဆိုင်တိုးနေရပြီကော။

သွေးကလည်း သွေး၊ ပွင့်ဖြူနှင့်မှ တိုက်တိုက်ဆိုင်ဆိုင် တူမှ တူတတ်သည်။ တွေဝေ မနေတော့။ ရှိရင်းစွဲ အကြောင်နာတို့ဖြင့် မုန်းတီးနာကျင်မှုကို ဥပေက္ခာပြုကာ ဒေါက်တာခင်မြလွင်နှင့် ညှိနှိုင်းပြီး သူ့ကို သွေးဒါန ပြုလိုက်မိပြီ။

သည်အဖြစ်ကို ကွယ်လွန်သူ ဖေဖေသာ သိခွင့် ရှိခဲ့ပါမူ ကျေနပ် ဝိတိ ဖြစ်လေမလား။ အမုတ်သည်ာ နည်းတဲ့ မိန်းကလေးမဲ့လို့ ကရဏာဒေါသလေးများဖြင့် အပြစ်ဖို့ ဆူပူကြိမ်းမောင်း လေမည်လား။ သူ မတွေးထင်တတ်ပါ။

သွေးလှူခြင်းကို သွားလေသူ ဖေဖေ့အတွက် ဒါနတစ်ခု အဖြစ် အမြဲ လှူနေကျ။ သွေးလှူဒါန်းပြီးတိုင်းလည်း "ရောက်ရာ အရပ်က သာဓုခေါ်ပါ အဖေရယ်" လို့ တိုးတိုးကလေး ရေရွတ်တတ်မြဲ။

အစွဲအလမ်းကြောင့် ထင်ရဲ့။ "သာဓု သာဓု သာဓု ပါသမီးရယ်" ဟု အဖေ့ အသံများ တိုးဝှေ့ ရိုက်ခတ်သံလိုလို အမြဲ ကြားနေကျ။ ခု မြတ်သော သွေးအလှူ အတွက်မူ ကြည်နူးရမည့်အစား ဆို့နင့်သော ဝေဒနာများ ခံစားနေရသည်။ ဖေဖေ့ကို သတိရလိုက်တာ။

မေမေနှင့် သူ့အပေါ် စေတနာ ကြီးမားလှသော ဖေဖေ၊ ဘဝ နေဝင်ချိန်ထိ လူတောသူတော မတိုးနိုင်ဘဲ ဝေဒနာစုံကို ကြိတ်မှိတ် ခံစားခဲ့ရသော ဖေဖေသည် ဖေဖေ၏ မေတ္တာ ရောင်ပြန်လေးများဖွင့် သွင်ပြင်မျက်နှာကို ရုတ်ချည်း မြင်တွေ့လာပြန်တော့လည်း တစ်သက်တာတွင် ကြမ္မာရိုင်းခဲ့သော နေ့တစ်နေ့ကို မနေ့တစ်နေ့ကလို ခံစားလာရပြန်သည်။

*

(ခ)

"ခင်ဗျားဟာ ကျုပ်တို့ရဲ့ စီးပွားရေး လုပ်ငန်းစုထဲမှာ အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ လူတောသူတော တိုးမရအောင် ဖြစ်နေတဲ့ ရောဂါဆိုးကြောင့်သာ ဆက်ဆံရမှာ စိုးထိတ်ကြောက်လန့် နေကြတာပါ"

မြမောင် စကားကြောင့် ဖြုန်းဆို သီလ အံ့သြတသင့် ဖြစ်မိ သည်။ သူ့ကို လူပုံအလယ်မှာ အရှက်ခွဲကြတော့မှာလား၊ ယုံကြည်မှုနှင့် စိတ်အချရဆုံး၊ ဆိုးတူကောင်းဖက် ပုဂ္ဂိုလ်တွေက သူ့အပေါ် ဘယ်လို ဆုံးဖြတ်ကြမှာလဲ။ မတုံမရဲဖြင့် သူမိတ်ဆွေများ၏ မျက်လုံးများကို ဝေ့ကြည့်မိသည်။

စုဝေးထိုင်နေကျ ခုံဝိုင်းကလေး ပေါ်တွင်ပင် ထိုင်ခွင့် မရတော့။ သူ့အတွက် သီးခြား ခုံလေးတစ်ခု လုပ်ပေးထား သည်။

"ကျွန်တော်လည်း အတတ်နိုင်ဆုံး ဆေးကုနေတာပါပဲ"

"ခင်ဗျားရောဂါက ဆေးကုလို့ ပျောက်တော့မယ့် ရောဂါမှ မဟုတ်တာ၊ ဒီတော့ ခင်ဗျား ပိုင်ဆိုင်ခွင့်ရှိတဲ့ အစုနဲ့ အမြတ်တွေ အားလုံးကို ထုတ်ပေးဖို့ ကျုပ်တို့ အားလုံး ဆုံးဖြတ်လိုက်ကြတယ်၊ အဲဒီ ဆုံးဖြတ်ချက်ကို သဘောတူပေးဖို့ ကိုသီလကို အားလုံးကိုယ်စား တိုက်တွန်းချင်တယ်"

မြမောင် အသံက စီးစီးပိုးပိုးနှင့် အမိန့်ပေးသလို ဖြစ်နေ သည်။

"ဒီ အထိတောင် ခင်ဗျားတို့ ဆုံးဖြတ် လိုက်ကြပြီလား ဗျာ၊ ကျွန်တော့်ကို ဆေးဝါး ကုသခွင့် အချိန်လေးတောင် မပေးကြတော့ဘူးလား၊ ဟောဒီ အနာကြီးရောဂါတွေကကော ဆေးကုလို့ မရတော့ဘူးတဲ့လား၊ ဆေးဝါးကုသနိုင်တဲ့ ငွေကြေး ပမာဏလည်း ကျုပ်မှာ ရှိနေပါသေးတယ်။ ကျုပ်ကို မငဲ့ညာရင်တောင် မိတဆိုးလေး ကျုပ် သမီးလေးကို ထောက်ထားစာနာဖို့ စဉ်းစားပေးကြပါဦး။ ဒီလုပ်ငန်းတွေ အောင်မြင်ဖို့ ကျုပ် ဘယ်လောက်ထိ ကြိုးစားခဲ့ရတယ်၊ ဘယ်လောက်ထိ အပင်ပန်းခံ အနစ်နာခံခဲ့ရတယ် ဆိုတာ ခင်ဗျားတို့ အားလုံး သိပါတယ်"

ဖြစ်ရပ်မှန် စကားလုံးများ ပြောဖြစ်သည်။ အားလုံးကို တိုးလျှိုးတောင်းပန်မိ၏။ အသံများက ကြေကွဲဝမ်းနည်းသံ ပါနေသည်။ သတိလက်လွတ် ဖြစ်မသွားအောင် မနည်း ထိန်းနေရသည်။

"စိတ်မကောင်းပါဘူး ကိုသီလ။ ခင်ဗျားရဲ့ စွမ်းဆောင်မှု စွမ်းပကားကို ကျုပ်တို့ အကြွင်းမဲ့ ယုံကြည်ပါတယ်။ အား

လည်းကိုးပါတယ်။ ခင်ဗျားရဲ့ ဘဝ ဝဋ်ကြွေးတွေလို့ပဲ ပြောရ မလား၊ မဆင်မခြင်နဲ့ စည်းပျက်ကမ်းပျက် နေခဲ့လို့ပဲ ဆိုရ မလား။ ကံ ကံ၏ အကျိုးပေးပေါ့ဗျာ”

သီလ ခေါင်းငုံ့ပြီး ငြိမ်ကျသွားသည်။ တူသောအကျိုး ပေးဆိုတာ မဖြစ်နိုင်ဘူး။ ဒီဘဝမှာ သူ ဘာမှ မလုပ်ခဲ့မိသည်ကို သူသာ အသိဆုံး။ ဒါဆို ပြီးခဲ့သော ဘဝက အကျိုးဆက်များလား။ ကျလွယ်သော မျက်ရည်များ စီးကျလာ၏။ ရင်ထဲ ဆို့နေကာ နားထင်နားရင်းများ ပူလာသည်။ အံကို ခဲထားမိသည်။

မြင်လွှာတွင် ထင်သမျှ မပိုပိုးတဝါး။

ရှုံးနေသော စစ်ပွဲတစ်ပွဲကို ဂုဏ်သိက္ခာအတွက် ဆက် တိုက်နေလို့ကော ဘာအကျိုးထူးတော့မှာလဲ။ ရှုံးသင့်၍ အရှုံး ပေးရတော့မည်။ အမှန်နှင့် အမှားသည် ရှုံးခြင်း နိုင်ခြင်းနှင့် ဆိုင်လိမ့်မည် မထင်။ ကြေကွဲပျက်စီးသွားရမည့် ဘဝကြမ္မာ အတွက် မရိုင်မြိတတ်သော အနိစ္စတရားကိုသာ လက်ကိုင် ပြုရတော့မည်။

ခေါင်းကို မေးတင် မော့လိုက်သည်။ မျက်နှာတွင် မျက် ရည် စီးကြောင်းများ စွန်းထင်း နေပေလိမ့်မည်။ ငိုနေသော မျက်နှာတွင် အပြုံးများ ရှိလာသည်။ အရာရာကို ဥပေက္ခာ ပြုကို ပြုရတော့မည်။ တိုးလျှိုး တောင်းပန်နေလို့တော့ ဘာ အကြောင်းထူးမှာလဲ။

လူတစ်ယောက်မှာ ရှိသင့်သည့် မာနတရားလေးကဖြင့် ရှိကို ရှိရလိမ့်မည်။

“အေးလေ ကျုပ် မငြင်းတော့ပါဘူး၊ ဘဝအကျိုးပေးက မှ မကောင်းတာကိုးဗျာ။ ဝဋ်ကြွေးလို့ပဲ ယူဆ ရတော့မှာပေါ့၊ ကျုပ် လက်ခံပါတယ်၊ စာချုပ်ပေါ်မှာလည်း လက်မှတ်ထိုးပေး ပါ့မယ်၊ ဒါပေမဲ့ ကိုမြမောင်ကို ကျုပ်တစ်ခု မေတ္တာရပ်ခံ ချင်တယ်”

“ဘာများလဲ ကိုသီဟ”

“ခင်ဗျားသားနဲ့ ကျုပ်သမီးလေး ပွင့်ဖြူ ကိစ္စလေးဗျာ”

“အဲဒါကိုလည်း တစ်ဆက်တည်းပဲ ပြောလိုက်ပါရစေ ကိုသီလ၊ ခင်ဗျားသမီးနဲ့ ကျုပ်သား ကိစ္စကို ဖျက်သိမ်းဖို့ လည်း ကျုပ်ဆုံးဖြတ်လိုက်ပြီ၊ ကတိတစ်လုံးကို ဖျက်လွယ် တဲ့ လူတစ်ယောက်လို့ အပြစ်တင်ချင်ရင်လည်း တင်ပါတော့ ကိုသီလ”

“ဗျာ”

သီလ အသံများ ကျယ်သွားသည်။ အစုရှယ်ယာဝင်တွေ အလှိုင်လှိုင် ပြန်သွားကြသည်။ သူ မတားမိ။ သူ ရင်ဆိုင်ရမှာက မြမောင် တစ်ယောက်တည်းသာ။

“မြမောင် သူငယ်ချင်း ခင်ဗျား ဆုံးဖြတ်ချက်ကို မပြင် နိုင်တော့ဘူးလား။ ခင်ဗျား ငွေကြေး မလည်ပတ်လို့ တရား တပေါင်တွေဖြစ်ပြီး ဘဝပျက်လုမတတ် ဖြစ်ခဲ့တုန်းကဆို ကျုပ်လေ... ကျုပ်”

“အဲဒါကို ကျုပ် မငြင်းပါဘူး ကိုသီလ။ ကျေးဇူးတရားကို တစ်ခြား နည်းလမ်းတစ်ခုနဲ့ ကျွန်တော် ပေးဆပ်ပါရစေ၊

မျိုးဆက် တစ်ဆက်အတွက် လူပုံအလယ်မှာ ခေါင်းမဖော်ဝံ့တဲ့ အဖြစ်မျိုးကိုတော့ ကျုပ်ဘယ်လိုမှ မစွန့်စားရဲဘူး ကိုသီလ။ ကျုပ်ကို ခွင့်လွှတ်ပါဗျာ”

သီလ အဖြစ်မှန်ကို ဖွင့်ချလိုက်ချင်သည်။ မဖြစ်နိုင်သေး၊ သမီးလေး မျက်နှာကို ငဲ့ရဦးမည်။ မြမောင်နှင့် သီလက ငယ်ပေါင်းတွေ။ မြမောင်၏ ဝမ်းနည်းသယောင် ဆောင်နေသော မျက်ဝန်း၏ နောက်ကွယ်တွင် ပြုံးနေသော အသည်းနှလုံး ရှိမှန်း သီလ သိသည်။

မြမောင်က မှင်ကောင်းသလို ဟန်ဆောင်လည်း ကောင်းသည်။

ကမ်းပေးလာသော စာချုပ်ကို ဖတ်ကြည့်ပြီး အလျင်စလို လက်မှတ် ထိုးပေးလိုက်သည်။ စာချုပ်ကို အလျင်အမြန် ကောက်ယူပြီး-

“ဟေ့ကောင်တွေ သီလ ပြန်ရင် သူထိုင်ခဲ့တဲ့ ခုံကို မီးသာ ရှို့လိုက်ကွာ။ ရောဂါ ကူးစက်မှာ စိုးလို့ပါ၊ ကျုပ်ကို ခွင့်ပြုပါဦး ကိုသီလ”

မြမောင် လိုချင်သည်က စာချုပ်ပေါ်က သီလ၏ လက်မှတ်ကလေး။ မလိုတစ်မျိုး လိုတစ်မျိုးနှင့် ပြောင်းလဲမြန်သော သူ့မျက်နှာက ခုတော့လည်း တင်းတင်းမာမာနှင့် ခပ်ထွေထွေ ပြုံးကာ အခန်းထဲက ထွက်သွားသည်။

သည်ပွဲတွင် မြမောင် နိုင်သည်။ “သူထိုင်ခဲ့တဲ့ ခုံကို မီးသာ ရှို့လိုက်ကွာ” ဟု ပြောလိုက်သော စကားတစ်ခွန်းက

သူ့ နှလုံးသားကို စူးနစ်စေသည်။ အင်းလေ ဘာတတ်နိုင်မှာလဲ၊ သီလ တစ်ယောက်တည်း ငူငူစင်းစင်းနှင့် ထိုင်ကျန်ရစ်ခဲ့သည်။ သီလ အပြန်ကို လိုက်ပို့ရန် စောင့်နေသူကား ဒရိုင်ဘာလေး မောင်ပု တစ်ယောက်တည်းသာ ကျန်နေသည်။ မောင်ပုက သူ့ထံမှာ ကားမောင်းလာတာ ၅ နှစ်ခန့် ရှိခဲ့ပြီ။

ဟိုတုန်းကတော့ သီလနှင့် သိကျွမ်း ရသည်ကိုပင် ဂုဏ်ယူတတ်သူများရှိသည်။ ခုတော့လည်း ဘယ်ဆီ ရောက်သွားကြမှန်းမသိ။

သီလ စိတ်တင်းလိုက်သည်။ “တောက်” တစ်ချက်ပင် ခေါက်မိသေးသည်။ အိတ်တစ်လုံး အပြည့်ထည့်ထားသော ငွေများကို မောင်ပုကို ထမ်းစေကာ ရုံးခန်းမှ ထွက်လာခဲ့သည်။

“ဒီ လုပ်ငန်းစုတွေကို ချယ်လှယ်ဖို့ ဆရာ့ကို မြမောင် ကန်ထုတ်လိုက်တာပါ”

*

“သမီးလေး ပွင့်ဖြူ”

“ရှင်... ဖေဖေ”

ဆက်တီကုလားထိုင်ပေါ်တွင် ပစ်ထိုင်ချရင်း အသံတုန်ဖြင့် ခေါ်သည်။ မျက်ရည်စမ်းစမ်းဖြင့် မော့အကြည့်တွင် ဖေဖေ့ မျက်ဝန်းထဲမှ မျက်ရည်ဥကလေးများ တွဲရစ် စို့နေသည်ကို တွေ့ရသည်။

ထောက်ထား ရိုင်းပင်း ကူညီလိုသော နှုးညံ့သော စိတ်ထား ကလေးများ ရှိနေခြင်းသည်ပင် ဖေဖေ၏ ထူးခြားသော လူပီသမှုပင်။ လောကကြီးမှာ လူဖြစ်လျက်နှင့် လူမပီသရင် အလကားပဲတဲ့။

"ဘဝပေး ကုသိုလ်လို့ပဲ သဘောထား လိုက်ပါတော့ ဖေဖေရယ်။ အနာကြီးရောဂါ ဖြစ်နေတဲ့ လူတစ်ယောက်ရဲ့ သမီးကို ဘယ် အသိုင်းအဝန်းကကော လက်ခံပဲ့ပါ့မလဲ။ ဖေဖေပဲ ကိုယ်ချင်းစာကြည့်လေ။ ဒီအတွက် သမီးမှာ နားလည်မှု ရှိနေပါတယ် ဖေဖေ"

"ဩော် လိမ္မာလိုက်တဲ့ သမီးရယ်၊ ဖေဖေရဲ့ ကိုယ်ပေါ်က အနာကြီး ရောဂါမျိုး ဖေဖေတို့ မျိုးရိုးစဉ်ဆက် တစ်လျှောက် လုံးမှာ တစ်ဦးတစ်ယောက်မှ မဖြစ်ခဲ့ဘူးသမီး၊ ဟောဒီ ဘဝ က်အကြောင်းမလှတဲ့ ဖေဖေတစ်ယောက်တည်းသာ ကွက်ပြီး ခံစားနေရတာပါ။ အဲဒါကလည်း ဖေဖေ့ အမှားကြောင့်ပါ။ အချိန်မီ ကုသနိုင်ပါလျက်နဲ့ သမီးရဲ့ အရွက်နဲ့ ဂုဏ်သိက္ခာကို ငဲ့ပြီး ဆေးဝါး မကုသခဲ့လို့ ခုလို ဘဝမျိုးနဲ့ ကြုံရတာပါ။ ခုတော့ ဖေဖေ့ရဲ့ စေတနာတွေက သမီးအတွက် ဝေဒနာ ဖြစ်ကုန်ပြီ။ ဖေဖေ ဘယ်လို ဖြေသိမ့်ရမှာလဲ သမီးရယ်"

ဖေဖေသည် ပြောရင်းနှင့် မောနေ၏။ မောဟိုက်စွာ အသက်ကို ခပ်ပြင်းပြင်း ရှူနေရသည်။ မှိန်ပျသော မျက်ဝန်း အစုံတွင် မျက်ရည်ကြည်တို့ လဲ့လက်နေသည်။ ဖေဖေ့ မျက်လုံး တွင် ပွင့်ဖြူအား ပြောလိုသော စကားလုံး များစွာကို ရှာဖွေ တွေ့နေရသည်။

ကြုံဆုံဖြစ်ပျက်ခဲ့သော ဖြစ်စဉ်အားလုံးကို ဖေဖေ ရှင်းပြ သည်။

ပွင့်ဖြူ မတုန်လှုပ်မိ။ တစ်နေ့တစ်ချိန် သည်ကိန်း ဆိုက် လာတော့မည်မှန်း မျှော်လင့်ပြီးသား။ အောင်မြင်သော လူ တစ်ယောက် ဘဝမှ လူတောသူတော တိုးဝင်ရင် နာခေါင်း ရှုံ့ခံရတော့မည့် ကြမ္မာဆိုးနှင့် ပက်ပင်းတိုးသည့် ဖေဖေ့အဖြစ် ကိုက ကြေကွဲဝမ်းနည်းစရာ။

"သမီး ဖေဖေ့သမီး၊ ဖေဖေ့ကို နာကြည်း မုန်းတီး သွား ပြီလား သမီးရယ်၊ ဖေဖေ့ကြောင့် ဝန်းကျင်အလယ်မှာ မျက်နှာ ငယ်ရသလို အရှက်တကွဲ အကျိုးနည်း ရပြီပေါ့။ နောက်ဆို စွေစပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းခြင်းဆိုတဲ့ သတင်းလည်း ပါလာတော့မယ်။ သမီးဟာ၊ အဖေရဲ့ အချစ်ဆုံး တစ်ဦးတည်း သော သမီးပါ။ ဖေဖေ့ကြောင့် သမီးဘဝမှာ ဝမ်းနည်းဆွေးမြည့် ကြေကွဲမှုတွေ့ ကြုံတွေ့ရတာမျိုး ဖေဖေ မမြင်မတွေ့လိုတာ အမှန်ပါ သမီးရယ်"

ငိုသံပါကြီးနှင့် ပြောနေသော ဖေဖေ့ကို ကြည့်ကာ ဝမ်း နည်းမိသော်လည်း ဦးမြမောင် သားနှင့် လမ်းခွဲရသည့်အတွက် ကြေကွဲစရာ မလိုပေ။ အစကတည်းက ဖေဖေ့ဆန္ဒ၊ ဖေဖေ စိတ်ဆင်းရဲမှာ စိုးလို့ ခေါင်းညိတ်မိခဲ့ခြင်းသာ။ ချစ်လို့မှ မဟုတ် ဘဲ။ ဖေဖေ့သမီး ဖြစ်ရခြင်းကိုပင် ဂုဏ်ယူမိပါသေးသည်။

ဖေဖေ့တွင် ချစ်စရာတော်သော မေတ္တာတရားနှင့် ကြင်နာ တတ်သော အသည်းနှလုံး ရှိသလို တစ်ဖက်လူ အပေါ် ငဲ့ညှာ

(၈)

နေခြည်ဖြာနေပြီ။

တိတ်ဆိတ်ငြိမ်သက်မှုများ ပြန်လည် အသက်ဝင်လာသည်။ ဆေးရုံဝန်ထမ်းတချို့ ဂျူတီချိန်းသွားကြပြီ။ ဓာတ်ခွဲ(ပ)တန်း ကိုဇော်ဝင်းက အဆောင်များမှ ရောက်လာသော သွေးများကို စစ်ဆေးရန် ပြင်ဆင်နေသည်။

ပွင့်ဖြူ ရင်ထဲမှာ တအုံနွေးနွေး ဖြစ်နေ၏။မျက်လုံးများ ရီရီဝေဝေနှင့် မျက်တောင်များ စင်းကျကာ ထိုင်ခုံလေးပေါ် ထိုင်ရင်း နိုးတစ်ဝက် အသိဖြင့် တစ်ချက်တစ်ချက် အိပ်ငိုက်မိသည်။

တစ်မှေးမျှ ပွင့်ဖြူတို့ မအိပ်ခဲ့ကြ။

သည် ဆေးရုံပေါ် ရောက်လာသမျှ လူနာတိုင်းအား ဆင်းရဲချမ်းသာမရွေး ဒေါက်တာခင်မြလွင်က အလေးပေး ဂရုစိုက်တတ်မြဲ။ ပဲနွယ်ကုန်းမြို့နှင့် အနီးတစ်ဝိုက်ရှိ ရွာများက သူ၏ စေတနာကို အမွမ်းတင်ကြမြဲ။ သို့တိုင် ညကကားမောက်၍ ရောက်ရှိလာသူများအနက် တစ်ဦး တစ်ယောက်ကို ဗိုလ်ပင် ဂရုစိုက် ကုသရသည်ဟု စိတ်ထဲ၌ ထင်နေမိသည်။

ဒီတစ်ည အရေးပေါ်လူနာ လေးငါးခြောက်ယောက်ရှိသည်။ ပွင့်ဖြူ ကိုယ်တိုင်ပင် သွေးအုပ်စုချင်း တူနေ၍ လိုအပ်သော သွေးကို လူနာတစ်ဦးအတွက် ပေးလှူခဲ့ရသေးသည်။ နှစ်ဦးလုံး နွမ်းနယ်လှပြီ။

ဓာတ်ခွဲခန်းထဲတွင် တစ်မှေးလောက် ဝင်အိပ်လိုက်လျှင် ရသော်လည်း ပွင့်ဖြူ တစ်ကိုယ်ကောင်း မဆန်လို၍ ဆရာဝန်၊

"ဒီ အနာကြီးရောဂါဟာ ဖေဖေတို့ မျိုးရိုးမှာ ဖေဖေ တစ်ဦးတည်းပဲ နောက်ဆုံးအမွေ ဖြစ်ပါစေ"

ဖေဖေသည် ပွင့်ဖြူဘေးမှာ တတွတ်တွတ်နှင့် ဆုတောင်းနေသည်။ ဘုရားစင်ရှေ့တွင် ဒူးထောက်ထိုင်ချကာ ငြိမ်သက်သွားသည်။ ဒုက္ခတစ်ခုနှင့် တိုးတိုင်း ဘုရား၊ တရား၊ သံဃာ၏ မေတ္တာရိပ်သည်သာ အအေးမြဆုံး။

ဖေဖေ့ကို လေးစားသော၊ ဖေဖေ၏ ဦးဆောင်မှုကို အကြွင်းမဲ့ ယုံကြည်လက်ခံသော စီးပွားဖက်များကပင် ဖေဖေ့ကိုယ်ပေါ် စွဲထင်းနေသော အနာကြီးရောဂါကြောင့် စွန့်ခွာ ထွက်သွားကြပြီ။

နောင်ဆို အသိုင်းအဝန်းနှင့် မေးပြောခေါ်ထူး မိတ်ဆွေများပင် ရှောင်ကွင်း သွားကြဦးမည်။ ဖေဖေ့သမီး ပွင့်ဖြူကို ကောဟင်။

သည်လိုနှင့် ပွင့်ဖြူ မန္တလေးတက္ကသိုလ်မှ ပညာတစ်ပိုင်း တစ်စဖြင့်ပင် ဖေဖေ့ ဆန္ဒအရ နုတ်ထွက်ခဲ့ရသည်။ အိမ်၊ ခြံမြေ၊ ကား တစ်ခုမကျန် ရောင်းချကာ သားအဖနှစ်ဦး ရန်ကုန်သို့ ထွက်လာပြီး ဆင်ခြေဖုံးရပ်ကွက်ကလေး တစ်ကွက်တွင် ဓာတ်မြုပ်နေခဲ့ကြသည်။

စောစောစီးစီး လှုပ်လောကမှ ထွက်သွားသော မေမေ့ဘဝကဖြင့် အေးချမ်းလိုက်တာ။ အို လူဆိုတာမျိုးက တစ်နေ့နေ့မှာ သေခြင်းတရားနှင့် ထိပ်တိုက်တိုးရမှာပါလေ။

*

သွားဖို့ အရွေးခံရတဲ့ ကြေးနန်းစာလေ။ ညက မမမြ ငြောမလို့ဘဲ။ အရေးပေါ်လူနာတွေနဲ့ ရှုပ်နေလို့"

"အို ပွင့်ဖြူ ဝမ်းသာလိုက်တာ မမရယ်၊ အဖေသာသိခွင့်ရရင် သိပ်ကို ဝမ်းသာသွားမှာပဲ"

ပွင့်ဖြူ အလွန်အမင်း ဝမ်းသာသွားသည်။

"နောက်ပြီး ပွင့်ဖြူကို မမမြ ကျေးဇူးတင်စရာ ရှိတယ်"

"ကျေးဇူး ဟုတ်လား မမ၊ မမမြက ပွင့်ဖြူအပေါ် ဘာကျေးဇူးတွေ တင်နေလို့လဲ မမမြကလည်း မဟုတ်တာ ငြောရော့မယ်"

"ညတုန်းက လူနာအတွက် သွေးလှူခဲ့လို့ပါ၊ ပွင့်ဖြူသွေးသာ မရခဲ့ရင် လူနာအတွက် မတွေးဝံ့စရာဘဲနော်၊ ပွင့်ဖြူကိုယ်ပေါ်ကထုတ်ပေးလိုက်ရတဲ့ သွေးတစ်ပုလင်းဟာ လူအသက်တစ်ချောင်းကို အသက်ရှင်ခွင့် ရသွားတယ်"

"အင်း ... ဒါကတော့ မမမြရယ် ကိုယ့်ဆေးရုံ၊ ကိုယ့်မျက်စိအောက်ကို ရောက်လာတဲ့ လူနာတစ်ဦးကို မိတ်ဆွေပဲဖြစ်ဖြစ်၊ ရန်သူပဲဖြစ်ဖြစ် ဆင်းရဲချမ်းသာမရွေး အတတ်နိုင်ဆုံးပြုစု ကုသ ဖေးမ ကူညီရမှာက ပွင့်ဖြူတို့ ကျန်းမာရေးဝန်ထမ်းတွေ အလုပ်လေ၊ တစ်ခုတော့ ရှိတာပေါ့လေ၊ မမမြတို့ ဆရာဝန်တွေ၊ သူနာပြုတွေလိုတော့ ဓာတ်ခွဲခန်း ဝန်ထမ်းတွေက လူနာနဲ့ တိုက်ရိုက်ထိတွေ့မှု နည်းပါးကြတာပေါ့"

"မမမြ နားလည်ပါတယ်။ ပွင့်ဖြူတို့လို ကန့်လန့်ကာနောက်ကွယ်က ဓာတ်ခွဲကျွမ်းကျင်သူတွေဟာ လူနာတစ်ဦးရဲ့

ဆရာများနှင့်အတူ မိုးလင်းပေါက် လူနာဆောင်ထဲ နေကာလိုအပ်သမျှ ကူညီပေးနေခဲ့သည်။

"မမခိုင် ကော်ဖီလေး သောက်လိုက်ဦးလေ"

အတွေးများ ပျက်လွင့်သွားဟန် တူသည်။ မျက်လုံးများက ပွင့်ဖြူထံ ရောက်လာ၏။ အကြည့်က စူးရှလွန်းသည်။ သောကစိတ်များလည်း အထင်းသား တွေ့ရ၏။ လေးတွဲစွာ ပင့်သက်ပင် ရှိုက်နေသေးသည်။

ပွင့်ဖြူက ကော်ဖီ မပူတပူလေးကို တစ်ငုံတည်းဖြင့် အပြီးမော့ချကာ အခန်းထဲမှ ထွက်လာခဲ့သည်။ ဒေါက်တာလည်း သူ့နောက်မှ လိုက်လာ၏။

"ပွင့်ဖြူ"

"ရှင် မမမြ"

သူ့အသံက တုန်ယင်နေသလို ပွင့်ဖြူပခုံးလေးကို ဖွဖွကလေး ဆုပ်ကိုင်လာသည်။ ဆေးရုံစက်လမ်းတွင် လူရှင်းနေ၏။ မနက်ခင်းလေးများက ရင်ကို နွေးထွေးကာ အင်အားကို ဖြစ်ထွန်းစေသည်။

"ပွင့်ဖြူ ဆေးဘက်ပညာသင်တက္ကသိုလ် တက်ခွင့်ရတာ အားလုံးက ဝမ်းသာနေကြချိန်။ ခုတစ်ခါ ပွင့်ဖြူအတွက် ဂုဏ်ယူစရာတစ်ခု ပေါ်လာပြန်ပြီ"

"ဘာများလဲ မမမြ"

"မနေ့ညက စာတစ်စောင် N.H.L က ဝင်လာတယ် AIDS ရောဂါနဲ့ ပတ်သက်လို့ ဂျပန်ကို ၃ လ ပညာတော်သင်

ရောဂါဝေဒနာကို တိတိကျကျ ရှာဖွေ မပေးကြဘူးဆိုရင် မမမြတို့ ရှေ့တန်းမှာ လူနာကို နဖူးတွေ့ ဒူးတွေ့ ကုသနေကြရတဲ့ ဆရာဝန်အဖို့ ယောင်ချာချာ ဖြစ်နေမှာပေါ့။ ကမ္ဘာ့ဆေးသိပ္ပံလောကမှာ ရောဂါ ရှာဖွေရေးနဲ့ သုတေသန လုပ်ငန်းဟာ သိပ်ကို အရေးပါလွန်းတယ်၊ ပွင့်ဖြူနေရာမှာ မမမြသာဆိုရင် မနေ့ညက လူနာအတွက် သွေးလှူချင်မှ လှူမှာ”

လျှောက်လာနေသော ခြေလှမ်းလေးများ ရပ်တန့်သွားသည်။

“ဩော် မမမြရယ်၊ ပွင့်ဖြူ အစက လူနာအတွက် သွေးလှူဖို့ ငြင်းပယ်ခဲ့ရတာက ပွင့်ဖြူ မလှူချင်လို့ မဟုတ်ရပါဘူး။ ပွင့်ဖြူဟာ ရောဂါရှာဖွေရေး ဝန်ထမ်းတစ်ဦးပါ။ ကွယ်လွန်သွားပြီးဖြစ်တဲ့ ဖေဖေ့လို အနာကြီးရောဂါရှင် တစ်ဦးရဲ့ သမီးက သူ့အပေါ် အခွင့်ကြုံတုန်း အငြိုးတကြီးနဲ့ အနာကြီး မျိုးဆက်ပါတဲ့ သွေးကို သွင်းရက်တယ်လို့ ထင်သွားမှာ စိုးလို့ရယ်ပါ”

မမမြက ပွင့်ဖြူ၏ ပခုံးလေး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူ့ နှုတ်ခမ်းလေးများ တဆတ်ဆတ် တုန်နေသည်။

“ပွင့်ဖြူဟာ ရှာမှရှားတဲ့ တကယ့် ကရုဏာရှင်မလေးပဲ၊ ဒီလောက် သဘောထား ဖြူစင်တဲ့ စိတ် စေတနာတွေ မြင့်မြတ်တဲ့ မိန်းကလေးအပေါ် အနိုင်ယူရက်သူက ယူရက်တယ်နော်”

“ဒါကတော့ ပွင့်ဖြူရဲ့ ဘဝ ဝဋ်ကြွေးတွေပဲလို့ ထားလိုက်ပါတော့၊ ဘဝတစ်ကွေ့မှာ အကြင်နာတွေ ခေါင်းပါးလှ

တဲ့ လူသားတွေနဲ့ တွေ့ကြုံဆုံတွေ့ခွင့် ရခဲ့လို့သာ ရောဂါပိုးတွေ အချိန်မရွေး ကူးစက်နိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ သလိပ်တွေနဲ့ တစ်နေ့တာ နပန်းသတ်နေရတဲ့ ဓာတ်ခွဲဝန်ထမ်း ဖြစ်လာရတာပေါ့။ ပွင့်ဖြူ သူတို့ကိုတောင် ကျေးဇူးတင်မိသေးတယ်။ ဒါနဲ့ ညတုန်းက လူနာနဲ့ မမမြ ဘယ်လို ပတ်သက်နေလို့လဲ”

ငိုလည်း မငို၊ ရှိုက်လည်းမရှိုက် ကျောက်ဆစ်ရုပ်တုပမာ ခံစားမှုမဲ့ အရုပ်ကလေး တစ်ရုပ်ဟု ဆိုလိုက်ချင်သည်။ ခွင့်လွှတ်တတ်သော၊ ကြင်နာတတ်သော မိန်းကလေး တစ်ဦးရှေ့တွင် ဟန်မဆောင်၊ မဖုံးကွယ်နိုင်တော့သည့် သူက ဓါးက်တာခင်မြလွင်ပင် ဖြစ်သည်။

“ပွင့်ဖြူရယ် မမမြကို ခွင့်လွှတ်ပါကွာ။ မမမြဟာ တခြားလူ ဟုတ်ရိုးလား၊ ဦးမြမောင်ရဲ့ သမီးပါ။ ပွင့်ဖြူအပေါ် တင်နေတဲ့ မမမြတို့ မိသားစုတစ်တွေရဲ့ အကြွေးတွေကို မမမြ ဘယ်လို ပေးဆပ်ရမှန်းကို မသိတော့ဘူး”

“ရှင် မမမြက ဦးမြမောင်ရဲ့ သမီး၊ ဖေဖေ့ သူငယ်ချင်း ဦးမြမောင်နော်”

“ဟုတ် ဟုတ်ပါတယ်ကွယ်၊ ပွင့်ဖြူအဖေ ဦးသိလကို မမ ကောင်းကောင်းသိပါတယ်၊ အဲဒီတုန်းက မမ ချင်းတောင်မှာ တာဝန်ကျနေခဲ့တယ်လေ”

မမမြ အသံများ လှိုက်လှဲ တုန်ယင်နေသည်။ ပွင့်ဖြူရင်ထဲ သိမ့်ခနဲ ခံစားလိုက်ရ၏။ စူးနင့်သော ခံစားချက်ကြောင့်

ရင်သည် နိမ့်ချည်မြင့်ချည် လှိုက်ခုန်နေသည်။ အံ့လည်း အံ့ပါရဲ့။ နာလည်း ဝိုနာလာသည်။

ပွင့်ဖြူ ခမ်းသုဘ်သုတ်ကလေး လျှောက်လာခဲ့မိသည်။

ကံတရားကိုပဲ အပြစ်တင်ရမလား၊ မတူညီသော အလွှာ နှစ်ရပ်၏ မေတ္တာသမားချင်း ဆုံတွေ့ခွင့် ရခဲ့ကြသည်။ သူသည် ပွင့်ဖြူအား အော်ခေါ်ကာ ကျန်ရစ်ခဲ့သည်။ မမမြက ဦးမြမောင်ရဲ့ သမီးဆိုပဲ။

*

အကယ်၍သာ သွေးလှူဒါန်းခဲ့သူမှာ ပွင့်ဖြူဟုသာ သိရှိချိန်ဝယ် ဦးမြမောင် တစ်ယောက် မည်သို့ဖြစ်လေမည်နည်း။ အလွန်အမင်း တုန်လှုပ်ချောက်ချားသွားမည်လား၊ စိတ်ဆိုး မာန်ဆိုး ဟော့ဟော့ဒိုင်းဒိုင်း ရန်တွေ့ လေမည်လား စသည့် အတွေးများက ပွင့်ဖြူ စိတ်ထဲ ဂယက်ရိုက် လွှမ်းမိုး နေခဲ့သည်။

မလာခင်က အကြိမ်ကြိမ်ငြင်းခဲ့မိသည်။ မမမြက ရှိခိုး ဦးတင် တောင်းပန်ပြီး ဇွတ်အတင်း ခေါ်ခဲ့ခြင်းကြောင့်သာ သူ့ဆန္ဒကို ဖြည့်ဆည်းရန် သဘောတူခဲ့မိသည်။ လိုက်လာပြီးမှ ပြန်ပြေးရမလို၊ ခေါင်းညိတ်ပြီးမှ မှားမိသည်။ မျက်နှာချင်းဆိုင် တွေ့ဆုံရန် စိုးထဲက မငဲ့မရဲ ဖြစ်လာခဲ့သည်။

ခြေလှမ်းများ တုံ့နေးနေကြသည်။ သူက ပွင့်ဖြူ၏ လက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်ပြီး အားပေးစကားများ

ပြောနေသည်။ ခုတင် တစ်လုံး နှစ်လုံး ကျော်ဖြတ်ရသည်။ ခုတင်များရှိ လူနာများက သူတို့အား ပြုံးပြ နှုတ်ဆက်ကြသည်။

ခေါင်းတွင် ပတ်တီးအဖွေးသားနှင့် မှိန်းနေသည့် ဦးမြမောင်ကို သူက အသာအယာကလေး လှုပ်နှိုးလိုက်သည်။

"ဖေဖေ ဖေဖေ ခဏထပါဦး။ ဖေဖေ့ အသက်ကို ကယ်ထားတဲ့ သွေးလှူရှင်နဲ့ တွေ့ချင်တယ်ဆို ထကြည့်ပါဦး။ ခု သမီး ခေါ်လာခဲ့ပြီ"

တစ်သက်နှင့် တစ်ကိုယ် ဤသို့ တစ်ကြိမ်မှ ရင်မခုန်ဖူး။ ခု ရင်ခုန်သံသည် မီးရထားဆယ်စင်း အပြိုင် ခုတ်မောင်းနေသည့် ရင်ခုန်သံမျိုး။ မျက်လုံးကို ဖွင့်အကြည့် မြင်လွှာတွင် ထင်သွားမည့် ပွင့်ဖြူ ရုပ်သွင်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ပြဿနာလေးကို ရင်တုန်မောဟိုက် စွာ စောင့်စားနေရသည်မှာ စက္ကန့်ပိုင်းအတွင်း အတော်ကို ပင်ပန်းလွန်းလှပါသည်။

ဦးမြမောင် ခေါင်းထူထသည်။ မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်အကြည့် နောက်သို့ ခြေတစ်လှမ်း ပွင့်ဖြူ ဆုတ်မိရက်သား ဖြစ်သွားသည်။

"ဟင်" ဟု နှုတ်မှ အသံထွက်ကာ သူ့ခေါင်းကို ဒုန်းခနဲ မြည်အောင် ခေါင်းအုံးပေါ် ပြန်ချလိုက်သည်။ ခေါင်းမှ ဒဏ်ရာများ နာကျင် ကိုက်ခဲသွားဟန် တူသည်။ စုပ်သပ်ကာ မျက်နှာမဲ့နေ၏။ သူ ပွင့်ဖြူကို မှတ်မိသွားခဲ့လေပြီ။

ပွင့်ဖြူသည် မမြဲကို အားကိုးတကြီး လှမ်းအကြည့် သူက စောင့်ကြည့်ပါဟု ဆိုသည့် သဘောမျိုးဖြင့် မျက်ရိပ်ပြသည်။ စိတ်ကို ကြိုးစား ထိန်းထားရသော်လည်း ခြေဖျား လက်ဖျား အေးစက်ကာ ပွင့်ဖြူ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။

တစ်ဖန် သူသည် မျက်လုံးကို ဖွင့်ကြည့်ပြန်သည်။ သည်တစ်ကြိမ်အကြည့်က လျင်မြန် ဖျတ်လတ်လှသည်။

"သူ သူလားသမီး၊ ဖေဖေ့ကို သွေးသွင်းပေးခဲ့သူဆိုတာ"

"ဟုတ် ဟုတ်ကဲ့ပါ အဖေ၊ သူနာမည်က မပွင့်ဖြူပါ"

ဦးမြမောင် ထိတ်လန့် ရုန်ရွာစွာ ဆွေ့ဆွေ့ခုန်မတတ် နှုတ်ဖျားမှ အာမေဠိတ်သံ ထွက်ပေါ်လာသည်။ သူ မည်မျှထိ ကျောချမ်း သွားမည်။ တုန်လှုပ်သွားမည်ကို ပွင့်ဖြူ ကိုယ်ချင်းစာမိသည်။

သူလို အထက်တန်းလွှာ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်၏ ကိုယ်ခန္ဓာထဲသို့ ပွင့်ဖြူလို အနာကြီး မျိုး ဆက်ဝင်သူ တစ်ဦး၏ သွေးတစ်ပုလင်း ဝင်ရောက်ခဲ့ပြီကိုး။ အဘယ်သူသည် မကြောက်မရွံ့ မတုန်လှုပ်ဘဲ နေပါမည်နည်း။

"မင်း... မင်း... အကြံ ပက်စက်လှချည်လား၊ မင်း... မင်း... သီလအတွက် ငါ့ကို လက်စားချေတာပေါ့လေ"

သူသည် ဂနာမငြိမ်စွာ လက်ညှိုး ငေါက်ငေါက် ထိုး၍ ဒေါသူပုန် ထတော့သည်။ ရုတ်တရက် မပွင့်ဖြူ ရင်ထဲ

ထောင်းခနဲ ဒေါသဖြစ်မိ၏။ ခုထိ သူ့ကို အထင်အမြင် သေးတုန်း၊ စော်ကားတုန်းမို့ ခွက်ခွက်လန်အောင် ရန်တွေ့လိုက်ချင်ပါသည်။ သို့သော် နူးညံ့သော ပွင့်ဖြူ အသည်းနှလုံးတို့က လူနာတစ်ဦး စိတ်ချမ်းသာမှုကိုသာ ရှေးရှုနေမိသည်။

"အဲသလို မဟုတ်ရပါဘူး ဦးရယ်၊ ပွင့် ပွင့်ဖြူ စေတနာ အသန့်ရှင်ဆုံးနဲ့ လှူ လှူခဲ့တာပါ"

"ဘာ စေတနာလဲ မသိဘူး၊ ငါ မသိဘူး၊ နင်လို အနာကြီးရောဂါ ရှိတဲ့ သွေး သွေး"

ဦးမြမောင် အရူးမီးဝိုင်း ဖြစ်နေသည်။

အခန်းထဲရှိ လူနာအားလုံး၏ မျက်လုံးများက သူတို့ထံ ရောက်လာသည်။ ပွင့်ဖြူထိုနေရာမှ ကျောခိုင်းရန် ခြေလှမ်း ပြင်လိုက်၏။ မရ။ မမြက အတင်းဆွဲထားသည်။

"အတ္တမာန ဌေ ဂုဏ် ဓနတွေ ကြီးမားလှချည်လား ဖေဖေရယ်။ ခုခေတ် ခုကာလမှာ စေတနာသွေး၊ မေတ္တာသွေး အကြင်နာသွေးမှ တစ်ပါး ငွေပေးဝယ်လို့ရတဲ့ သွေးဆိုတာ မရှိတော့ပါဘူး။ လူစိတ်ကင်းမဲ့တဲ့ လူတရို့နဲ့ ကိုယ့်ဖို့သာ ကြည့်တဲ့ အထူးကု ဆေးခန်းပိုင်ရှင် တရို့သာ လူသွေးကို ရောင်းကုန်အဖြစ် ဈေးကွက် တင်နေကြတာ။ ဦးသီလကို ဖေဖေ ဥပေက္ခာ ပြုခဲ့သလို ပွင့်ဖြူသာ မနေ့ညက ဖေဖေ့ကို ဥပေက္ခာ ပြုလိုက်ရင် ဖေဖေ ခုလို စကားပြောခွင့်တောင် မရနိုင်တော့ဘူး။ ပွင့်ဖြူလို စေတနာထား မှန်ကန်တဲ့ မိန်းကလေး တစ်ယောက်ကို ထပ်ပြီး အနိုင်မယူပါနဲ့တော့ ဖေဖေရယ်။ သမီး တောင်းပန်ပါတယ်"

မမမြ အသံက သြဇာသံ ပါနေသည်။ ခေါသဖြစ်ခြင်း၊ ရွဲက်ခြင်း၊ နာကြည်းခြင်းတို့လည်း ပါနေသည်။

"နောက်ပြီး ပွင့်ဖြူဟာ ဒီဆေးရုံမှာ သွေးလိုအပ်တဲ့ လူနာတိုင်းကို သူနဲ့ သွေးအုပ်စုချင်း တူရင် အမြဲ လှူခဲ့တဲ့ သွေးလှူရှင် တစ်ယောက်ပါ။ ဦးသီလလို အနာကြီး ရောဂါသည် တစ်ဦးနဲ့ နီးနီးကပ်ကပ် ပြုစုနေထိုင်ခဲ့ရလို့ သူ့သွေးထဲမှာ အနာကြီးရောဂါပိုး ရှိမရှိ၊ ကူးစက်နေမနေ ဆိုတာကို သူကိုယ်တိုင်ရော ရောဂါဗေဒ ဆရာဝန်ကြီးတွေရော အကြိမ်ကြိမ် စမ်းသပ်စစ်ဆေး ကြည့်ဖူးတယ်၊ တစ်ကြိမ်မှ အနာကြီးရောဂါပိုး ဆိုတာ မတွေ့ခဲ့ရဘူး၊ ပြီးတော့ ဖေဖေတို့ ထင်ထားသလို ပွင့်ဖြူဟာ ဦးသီလရဲ့ သမီးရင်း မဟုတ်ဘူး။ ဦးသီလရဲ့ မယားပါ သမီး၊ တကယ်တော့ ပွင့်ဖြူဟာ ဦးသီလ သွေးနဲ့ ဘယ်လိုမှ မပတ်သက်တဲ့ မွေးပန်းတစ်ပွင့်ပါ ဖေဖေ"

မမမြ၏ ပြောစကားကြောင့် ဦးမြမောင် တစ်ယောက် အတော်လေး ငြိမ်ကျသွားသည်။ သူသည် ပွင့်ဖြူကို တစ်လှည့်၊ မမမြကို တစ်လှည့်ကြည့်ကာ သက်ပြင်းရှိက်နေသည်။

"ပွင့်ဖြူဟာ သီလရဲ့ မယားပါသမီးဆိုတာ တစ်ခါမှ ကိုသီလ မပြောဘူးပါလား၊ ဟုတ်ရဲ့လား၊ သူတို့က ငယ်လင်ငယ်မယားတွေပဲ"

"ဟုတ်ပါတယ် ဦး...၊ လင်သေ သားဆုံး နှစ်နှစ်သမီး တစ်ယောက်နဲ့ ဒုက္ခရောက်နေတဲ့ မေမွေကို ဦးသီလ ယူခဲ့တာ

ပါ။ ပွင့်ဖြူဟာ ဦးသီလရဲ့ သမီးရင်း မဟုတ်ပေမဲ့ သမီးရင်းထက် ဖေဖေ့ကို ပိုချစ်ပါတယ်"

"သြော်" ဟု ဦးမြမောင် ညည်းညူနေသည်။

"ပြီးတော့ ဖေဖေတို့ တစ်ယူသန် စွဲလမ်း ထားသလို အနာကြီးရောဂါ ဆိုတာ ဝင့်နာ၊ ကံနာ မယျောက်ကင်းနိုင်တဲ့ ရောဂါ၊ မျိုးရိုးအလိုက် ဖြစ်တတ်တဲ့ ရောဂါ၊ ကူးစက်တတ်တဲ့ ရောဂါ မဟုတ်ဘူး ဖေဖေ"

မမမြ စကားကို ရပ်ထားသည်။ ပွင့်ဖြူကို တစ်ချက် လှမ်းကြည့်၏။

"အနာကြီး ရောဂါကို ကုသရင် ပျောက်တယ်၊ ရောဂါ ရှိတဲ့သူနဲ့ အိမ်ထောင်ကျတိုင်းလည်း ရောဂါကူးစက် ခံရတာမှ မဟုတ်ဘူး၊ ကူးစက်ရုံလည်း အလွန်အလွန်ကို နည်းတယ်။ အဲ တစ်ခု တော့ရှိတယ် ဖေဖေ။ အနာကြီး ရောဂါပိုး တွေ့တာနဲ့ ဆေးရုံဆေးခန်းကို ပြဖို့ ရွက်ကြောက်မနေနဲ့။ ရောဂါ အဆင့်အလိုက် ဖွဲ့ရှိရှိနဲ့ နှစ်ရှည်လများ ဆေးမှန်မှန်စား၊ ကုသခံရင် ပျောက်ကင်းတဲ့ ရောဂါပါ ဖေဖေရယ်။ ပွင့်ဖြူ ဖေဖေ ဦးသီလက အရွက်ကြောင့် ဘဝဆုံးရှုံးရတဲ့ လူတစ်ဦးပါ"

မှန်ပါသည်။ အနာကြီးရောဂါ ရှိခဲ့သည်ဟုသာ သိရှိပြီး ကုသရန် ရွက်ကြောက်ခဲ့ပါလျှင် ပွင့်ဖြူဖေဖေကို အကြင်နာတရား၊ မေတ္တာတရား ခေါင်းပါးတဲ့ ဝန်းကျင်အယယ်မှာ ဦးသီလလို ဒုက္ခပင်လယ် ဝိုင်းနေလေမည်သာ။

ပွင့်ဖြူ သက်မကို ချလိုက်၏။

နေရာတကာတွင် ငွေရှိပါလျှင် ဘာမဆို အလုပ်ဖြစ်သည်ဟူသော သူ့အယူမှာ သည်တစ်ခါ မှားနေပေလိမ့်မည်။ သူ့ မျက်ဝန်းအိမ်မှ မျက်ရည်တို့က ပါးပြင်သို့ တစ်ပေါက်ချင်း ကျလာသည်။ ထိုမျက်ရည်များက ပွင့်ဖြူနှင့် ဦးသိလအတွက်လား၊ အစွဲအလမ်းကြောင့် ကျေးဇူးတရားကို မထောက်ထားမည်ဟုတာနိုင်ဘဲ အတ္တတရားတွေ ကြီးမားခဲ့သော သူ့အတွက်လားတော့ မသိပါ။ ရင်တွင်းမှ အံ့သြမှု၊ ဝမ်းနည်း ဝမ်းသာမှုတို့ဖြင့် တုန်ယင်နေသော ဦးမြမောင်၏ အခြင်းအရာမှာ မြင်ရသူအဖို့ မချိတင်ကဲ ဖြစ်ကုန်ကြသည်မို့ မပွင့်ဖြူသည် အမြင်မှန် အသိတရား ရလောက်ပြီဟူသော အသိဖြင့် မမမြအား ဝမ်းသာ ဝမ်းနည်း ပြုံးပြကာ သည်သားအဖကို ကျောခိုင်းလိုက်သည်။

ဆေးပညာသင်အဖြစ် ဂျပန်သို့ ခရီးထွက်ရန် ပြင်ဆင်ရဦးမည်။

နှုတ်မှသာ တောင်းပန်စကား မဆိုသော်လည်း ဦးမြမောင် တစ်ယောက် ပွင့်ဖြူကို အားတုံ့အားနာ ဖြစ်နေသော၊ ရှက်ရွံ့သော၊ တောင်းပန်သော၊ အကြည့်မျိုးစုံနှင့် ကြည့်ကာ ကျန်ရစ်ခဲ့မည်ကို ပွင့်ဖြူ ကျောခိုင်းထွက်ခွာရင်း အတပ် သိလိုက်ပါပြီ။

ပွင့်ဖြူ မျက်နှာတွင် အပြုံးပန်းများ ဝေဆာစွာ ဖူးပွင့်လာနိုင်ခဲ့ပြီ။ သူတို့ အားလုံးကို ပွင့်ဖြူ ကျောခိုင်းရင်း အနာဂတ် ဘဝသစ်အတွက် အင်အားများ တိုးလာခဲ့ပြီ။

ယုံကြည်ချက်၊ ခံယူချက်များ တိုးပွားလာခဲ့ပြီ။

အားလုံးအတွက် ရင်ထဲမှာ ခံစားမှုကလေးတွေ အသီးသီး ရှိသွားကြပြီဆိုလျှင် ပွင့်ဖြူ ကျေနပ်ပါပြီ။

❑

[စစ်ပြန်မဂ္ဂဇင်း ၁၉၉၈ ခုနှစ်]

အကြင်နာ

"ဆရာ၊ ဆရာ"

"ဆရာ၊ ဆရာ ခင်ဗျာ"

အိမ်ရှေ့မှ ခြံတံခါး လှုပ်ခတ်သံနှင့် အတူ အော် ခေါ်သံများကြောင့် ကွေးကွေးကလေး အိပ်နေသော ကျွန်တော် လန့်နိုးသွားသည်။ နားစွင့်ကြည့်တော့ တစ်ဖက်ခန်းမှ ဟောက်သံများကို ကြားနေရသည်။ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလိမ့်မည်။

ညသည် တိတ်ဆိတ်နေ၏။ ခွေးဟောင်သံများ တစ်ချက် တစ်ချက် ကြားရသည်။ လူတစ်စု စကားတိုးတိုးနှင့် တစ်ယောက် တစ်ပေါက် ပြောနေသံများကို ကြားရသည်။

"ဆရာ၊ ဆရာ ဦးစိုးအောင်"

စောင်ကို ခွာလိုက်၏။ ခြင်ထောင်ကို မ ထွက်ကာ ခုတင်မှ ဆင်းလိုက်သည်။ အိမ်ရှေ့သို့ ထွက်လာပြီး မီးခလုတ်

စိမ့်ခနဲ အေးစက်သွားသည်။ ခြစည်းရိုး တံခါးကို မဖွင့်ခင် မျက်နှာများကို လှမ်းကြည့်မိသည်။

မျက်နှာလေးတွေက မြင်ဖူးသလိုလို၊ ယောကျ်ား နှစ်ယောက်၊ မိန်းကလေး တစ်ယောက်။ သူတို့ မျက်နှာများ၌ သောကစိတ်များ အထင်းသား မြင်နေရသည်။

"ဆို... ဘာကိစ္စတုံး။ ညအချိန်မတော်ဗျာ။ အိပ်နားဝန်းကျင်ကိုလည်း သတိထားကြပါဦးလား။ အော်ကြီးဟစ်ကျယ်နဲ့ဗျ။ ကျုပ်တို့ ဆရာဝန် မိသားစုကို ဒီရပ်ကွက်ထဲက မောင်းထုတ် နေကြဦးမယ်။ လူနာက ဘယ်မှာတုံး။ တစ်ခါတည်း ခေါ်မလာဘူးလား"

ကျွန်တော့် အသံများက မာနေမည်လား မသိ။ ခြစည်းရိုး တံခါးကို ဖွင့်ရင်း မေးပြော ပြောနေခြင်း ဖြစ်သည်။ တချို့ လူနာတွေက တစ်ဆိတ်ကို တစ်အိတ်လုပ်၍ ဆရာဝန် လာပင့်တတ်သည်။ ချောင်းဆိုးရုံ၊ နာစေးရုံနှင့် လာပင့်တတ်သေးသည်။ ဒါမျိုး ကြုံရင် ညလေးက ဗျစ်တောက် ဗျစ်တောက်။ ပြီးတော့ အမှတ်သညာ မရှိ။ လူနာလာခေါ်လျှင် သူက လိုက်မြဲ။

"ဒီလိုပါ အစ်ကိုရယ်။ ကျွန်မ အဖေက ဆရာ့ လူနာပါ။ မူးတယ်မူးတယ် ပြောပြီး မေးပြောခေါ်ထူး မရတော့လို့ပါ။ အဖေတစ်ယောက် တစ်ခုခု ဖြစ်သွားမှာကို ကျွန်မတို့ အရမ်းစိုးရိမ်နေကြပါတယ် အစ်ကိုရယ်"

"အင်း၊ ဒါဆိုလည်း လိုက်ရတာပေါ့"

သုံး လေးခုကို ထောက်ခနဲ ထောက်ခနဲ မြည်အောင် ဖွင့်လိုက်သည်။ အိမ်တွင်းရော၊ ခြံစည်းရိုးမီးပါ လင်းလက်သွား၏။ မီးအလင်းကြောင့် အဆက်မပြတ် ခေါ်သံများ ရုတ်တရက် ငြိမ်သက်သွားသည်။

"ဟော၊ နိုးပြီ"

"ကျွန်တော်တို့ပါ ဆရာ၊ ကျောင်းကုန်း (၁)လမ်းထဲက ပါ"

ဝမ်းသာအားရနှင့် အဆောတလျင် ပြောလိုက်သော စကားသံ တချို့ကိုလည်း ကြားရသည်။ နံရံကပ် နာရီကို လှမ်းကြည့်လိုက်တော့ ည ၂ နာရီ ထိုးနေပြီ။ အမေသည် ချောင်းတဟွတ်ဟွတ်ဆိုးကာ အိပ်ခန်းထဲမှ ထွက်လာသည်။ အမေ ဆေးများ သောက်ရဲ့လား မသိ။ အမေက အင်္ဂလိပ်ဆေး သောက်ရမှာ အလွန်ကြောက်သည်။ အမေ ဆေးသောက်ကာ နှင့် ပတ်သက်၍ ညီလေးက တဗျစ်တောက်တောက်။

"သားကြီးရယ်၊ လူနာ လာခေါ်နေတယ် မဟုတ်လား။ မင်းညီလေးကို နှိုးပေးလိုက်ဦးလေ။ အင်း အိပ်ပျက်တဲ့ ညတွေကလည်း မနည်းတော့ပါလား"

အမေက ညည်းညည်းညူညူနှင့် ပြောသည်။

"ဟုတ်ကဲ့ပါအမေ၊ ဘယ်သူတွေဆိုတာ သွားကြည့်လိုက်ဦးမယ်။ ညီလေးကို အမေပဲ နှိုးထားလိုက်ပါ"

အိမ်တံခါး ဖွင့်ကာ အိမ်အောက်သို့ ဆင်းလာခဲ့၏။ လျှပ်ပြေးတိုက်သွားလေသော လေအေးများကြောင့် တစ်ကိုယ်လုံး

ငိုသံများ ရောယှက်ပါလာသည်။ သူတို့လူနာ အတွက် စိုးရိမ်နေကြသည်။ ညီလေး ခြေသံများကို ကြား၏။ သူတို့ မျက်လုံးများ ဝင်းလက်သွားသည်။

"ဟော၊ ဆရာဆင်းလာပြီ"

တစ်ယောက်က ဆေးသေတ္တာကို အလုအယက် ပြေးဆွဲသည်။

"ကဲ... ကဲ အချိန်မရှိဘူး။ လာသွားကြစို့။ အစ်ကို၊ ကျွန်တော် လိုက်သွားတော့မယ်"

"မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား။ မတော်... ဟို"

ကျွန်တော်က စိုးရိမ်စိတ်ကလေးဖြင့် မေးမိသည်။

"ဟာ၊ အစ်ကိုကလည်း ကျွန်တော့်ကို ဒီဝန်းကျင်မှာ ဘယ်သူမှ အနှောင့်အယှက် မပေးပါဘူး။ အစ်ကိုသာ အမွေ့ကို ပြန်အိပ်ဖို့ ပြောပါဦး"

"ဒါဆိုလည်း ပြီးတာပါပဲကွာ။ သွား...သွား"

ကျွန်တော့်ညီ ဆရာဝန်၊ လူနာနောက် ယုံယုံကြည်ကြည် လိုက်သွားသည်။ ဟိုမှာ လုသည်။ ဒီမှာ တိုက်သည်ဟု မကြာခဏ ဂျာနယ်များတွင် ဖတ်နေရတော့ ညီ့အတွက် စိုးတထင့်ထင့် ဖြစ်မိသည်က အမှန်။

ခြံစည်းရိုးတံခါးကို စေ့ရုံစေ့ထားကာ အိမ်ပေါ်သို့ တက်လာခဲ့သည်။ ညီ ဆေးခန်းက သံလမ်းမကြီးအဆုံး ရထားလမ်း ဖက်ကမ်း (၆) ရပ်ကွက်ထဲတွင် ရှိသည်။ သူလူနာ အတော်များများ ဆင်းရဲကြ၏။

ဆေးခန်းနှင့် အိမ်က မိနစ် ၂၀ ခန့် လျှောက်ရသည်။ သူ့ဆေးခန်းတွင် တစ်နေ့ကို လူ ၅၀ ကျော် ၁၀၀ နီးပါး အမြဲရှိသည်။

ယင်းအထဲက ဆေးအကြွေးကုသော လူနာလည်းပါသည်။ လပေး ကုသူများလည်း ရှိသည်။ ပိုက်ဆံလုံးဝမရှိလို့ပါ ဆရာရဲ့ ဟု ပြောဆိုကာ ကုသူများလည်း ကု၏။ ဆင်းရဲချမ်းသာ မရွေး လူနာတိုင်းကို အကြင်နာမိုး ရွာသွန်းမြဲ။

သူ့ကို (၅) ရပ်ကွက်၊ (၇) ရပ်ကွက်၊ မယ်ဇီးကုန်း၊ သံလမ်းသုခ နေရာအတော် များများက သိသည်။ ဘယ်အချိန်၊ ဘယ်ကိုပဲ လိုက်လိုက်၊ သူ့ကို ဒုက္ခပေးမည့်သူ မပေါ်သေး။ သူ့စေတနာကို လူဆိုးလူကောင်း မရွေး အသိအမှတ် ပြုကြသည်။

သည်တစ်ဝိုက်တွင် ဆေးခန်းထိုင်သော ဆရာဝန် ဆိုလို့ သူတစ်ယောက်သာ ရှိသည်။ သူ့ဆေးခန်း နာမည်ကို 'အကြင်နာ' လို့ ကဗျာဆန်ဆန် ပေးထားသည်။ ကျွန်တော် အိမ်ပေါ် ရောက်တော့ အိမ်ရှေ့ ဘုရားစင် အောက်တွင် အမေ ပုတီးစိပ် တရားထိုင်နေသည်ကို တွေ့ရသည်။

အမေသည် တစ်ရေးနိုးသွားလျှင် ဘော်ရုံနှင့် ပြန်အိပ်တတ်။ ခြေသံလုံလုံ လျှောက်၍ ဆက်တီခုံပေါ် ကျွန်တော် ထိုင်လိုက်သည်။

ဆေးလိပ်ခွက်ထဲက ဆေးလိပ်တိုကို ဘောက်ပြီး မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာဖြစ်သေးသည်။ အချစ်ချည်သွား သလိုလို တော့ ရှိသွားသည်။ ကွမ်းအစ်ကို ဖွင့်လိုက်၏။ ကွမ်းတစ်ယာကို ပါးစပ်ထဲ ထည့်ထားလိုက်သည်။

"သတ္တဝါအများ၊ ကျန်းမာချမ်းသာကြပါစေ"

အမေသည် အရိုန်မရွေး ဘုရားရှိခိုး ဆုတောင်း တရား ထိုင်တတ်၏။ သာမုခေါ် အမျှဝေအပြီး အမေ ထိုင်ရာမှ ထလာ ကာ ကျွန်တော့်ဘေး ခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။ အမေ့ ထံမှ ပရုတ်ဆီနံ့ သင်းနေ၏။ အမေက ငြိမ်းချမ်း၍ တည်ငြိမ်လှ ၏။ အမေ့ မျက်နှာ ကြည်လင်ရွှင်လန်းသည်ကို မြင်တွေ့ရ တိုင်း ရင်ထဲမှာ နွေးသွားတတ်သည်။

ဧရာ အရေးအကြောင်းများနှင့် အမေက အေးမြနေမြဲ။ သောကလွမ်းသော ဘဝတူးမြောင်းကို အမေ ကျော်လွား အနိုင် ယူခဲ့ပြီ။

"ကဲ သားကြီး၊ အိပ်ချင်ရင် အိပ်တော့။ သားငယ် ပြန် အလာကို အမေပဲ စောင့်လိုက်မယ်။ သားက မနက်ဖြန် အလုပ် သွားရဦးမယ်လေ"

"မဟုတ်တာ အမေရယ်။ အမေက အသက်လည်း ကြီး ပြီ။ သွားအိပ်ပါနော်။ သား ညီလေးကို စောင့်ရင်း စာဖတ်ချင် တယ် အမေ။ အင်း... အိမ်မှာ ဆရာဝန်တစ်ယောက် ရှိတာ လည်း မကောင်းပါဘူး။ လူတွေကလည်း ည ည ကျမှာပဲ အသည်းအသန် ဖြစ်ကြသလား မသိဘူး။ လူနာ မသေဘဲ ဆရာဝန် လဲနေမှ ဟုတ်ပေ့ဦးမယ်"

"အို သားကြီးကလည်း အဲသလို မပြောကောင်းဘူးလေ။ လူတိုင်းမှော် မေတ္တာထားပါ သားရယ်။ သားလေးကြောင့် လူနာတစ်ယောက် အသက်ရှင်ခွင့်၊ ဝေဒနာ ခံစားရတာ

သက်သာသွားရင် အမေတို့၊ သားတို့လည်း တစ်ပိုင်းတစ်စ ကုသိုလ်ရတာပေါ့။ မှတ်ထားနော် သားကြီး"

အမေသည် ကျွန်တော်တို့ကို ကလေးများလို့ မြင်နေဆဲ။

ဆုံးမ သွန်သင်ဆဲ။ တုန့်ပြန်မမိသော အမေရဲ့ မေတ္တာ တရားက အေးမြလွန်းလိုက်တာ။ သားသမီးတွေအပေါ် အချစ် တတ်ဆုံးအမေ။

*

ဒေါက်တာစိုးအောင်
M.B ,B.S (RGN)

'အကြင်နာ' ဆေးကုခန်းလေးမှာ ညီလေး ဆိုင်းဘုတ်တင် တဲ့ နေ့က ကျွန်တော်တို့ မိသားစု အရမ်း ဝမ်းသာကြည်နူးဖြစ် ကြသည်။ ဘုန်းကြီးဆွမ်းကျွေး အလှူလုပ်ဖြစ်သည်။ ဆရာဝန် ဆိုလို့ ကျွန်တော်တို့ မိသားစုနှင့် ဆွေမျိုးတစ်သိုက်တွင် သူ တစ်ယောက်သာ ရှိသည်။ အစ်မကြီးက အင်ဂျင်နီယာ။

အင်ဂျင်နီယာနှင့် ဆရာဝန်ကြားတွင် ကျွန်တော်က အလယ်လတ် သွားသည်။ ကျွန်တော် ၁၀ တန်း အောင်သော နှစ်တွင် အဖေ ဆုံးသည်။ အမေသည် သားသမီး သုံးယောက် နှင့် အားကိုးရာမဲ့ ကျန်ခဲ့ရသည်။ အမေ ဘာလုပ်၍ ဘာကိုင်

ရမှန်း မသိ။ ဆွေမျိုးတွေကလည်း ပေးရကောင်းနိုး၊ ကျွေးရကောင်းနိုးနှင့် အဆက်အဆံ သိပ်မလုပ်ကြ။

အဖေလက်ထက်က သောက်သောက်စားစား လာတတ်သော မိတ်ဆွေများလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့သည်။ သို့ရာတွင် အမေသည် စိတ်မပျက် အားမလျှော့။ နစ်မျောခြင်း မရှိ။ အမေ့တွင် မာန ရှိသည်။ မိခင်တစ်ယောက်၏ သတ္တိလည်း ရှိသည်။ အစ်မကြီးက အာအိုင်တီ နောက်ဆုံးနှစ်။ ညီလေးက ရှစ်တန်း အောင်ရုံပဲ ရှိသေးသည်။

အဖေ ထားခဲ့သော ပုံနှိပ်စက်ကလေးကို ရောင်းပြီး တခြားစီးပွားရေးတစ်ခု ပြောင်းလုပ်ဖို့ အမေ စီစဉ်သည်။ ပုံနှိပ်စက်ကလေးကို မရောင်းဖို့ အမေ့ကို ကျွန်တော် တားသည်။ ပထမတွင် အင်းမလှုပ် အဲမလှုပ် ပုံနှိပ်စက်သံလေးတွေ ကြားရတိုင်း အဖေ့ကို အမေ သတိရနေသည်ဟု ဆိုသည်။

သည်စက်ကလေးဖြင့် အဖေသည် ကျွန်တော်တို့ မိသားစုကို တင့်တင့်တယ်တယ် ထားနိုင်ခဲ့သည် မဟုတ်လား။ အဖေ ကိုယ်စား ပုံနှိပ်စက်သံလေးကို ကျွန်တော် ခေါင်းဆောင်ပြီး ဦးစီး လုပ်ကိုင်ချင်နေသည်။ ဆယ်တန်း အောင်ပြီးစ ကျွန်တော်က တက္ကသိုလ် ဆက်မတက်ဘဲ ပုံနှိပ်စက်ကို ဦးစီးခွင့် တောင်းသည်။ ကျောင်းပိတ်ရက်တိုင်း ကျွန်တော်သည် ပုံနှိပ်စက်တွင် ဝင်ကူ လုပ်ဖူးတော့ ပုံနှိပ်လုပ်ငန်း သဘာဝကို အနည်းအကျဉ်း သဘောပေါက်နေသည်။ ကျွန်တော် လုပ်လျှင် အောင်မြင်မည်ဟု ထင်နေသည်။ အဖေ တပည့်ရင်း စက်ဆရာများကလည်း

ကျွန်တော့်ကို ခင်ကြတော့ အားပေး အားမြှောက် ပြုသည်။ အမေနှင့် ကျွန်တော် ရက်အတော်ကြာ အတိုက်အခံ ပြောဟူ ရသည်။ အမေသည် ကျွန်တော့်ကို တက္ကသိုလ် ဆက်တက်စေလိုသည်။ အဖေ ရှာထားခဲ့သော အတွင်းပစ္စည်းများက ကျွန်တော်တို့ မောင်နှမ သုံးယောက် ဘွဲ့ရသည်အထိ စားသုံးလို့ မဖြစ်နိုင်မှန်း အမေ ချင့်ချိန်ကောင်း ချင့်ချိန်လိမ့်မည်။ သားသမီး သုံးယောက်ထဲက တစ်ယောက်ယောက် နစ်နာဆုံးရှုံး ရတော့မည်။

တကျိကျိ လုပ်လွန်းလို့ နောက်ဆုံး အမေ ခွင့်ပြုသည်။ အဖေ့ အမွေကို ထိန်းသိမ်းခွင့် ရ၍ ပီတိဖြာလိုက်သည့် ဖြစ်ခြင်း။

ပုံနှိပ်လုပ်ငန်း လည်ပတ်ဖို့ ပထမတော့ အခက်အခဲ အမျိုးမျိုးနှင့် ကြုံရသည်။ အလုပ်သမား ပြဿနာ၊ စာရိုက်မှား၍ လျော်ရသည်ကလည်း ခဏခဏ။ ရှိရင်းစွဲ ငွေကြေးတိုးမလာသည့်ပြင် ရှိသမျှ ရွှေတိုငွေစလေးများကို ထုခွဲရောင်းချ ခဲ့ရသည်အထိ အခြေအနေ ဆိုးခဲ့သည်။ အမေဆို နားပေါက်ဟောင်းလောင်းနှင့် လက်မြှောက် အရှုံးပေးလိုစိတ်ပင် ရင်ထဲမှာ ပေါ်လာ၏။

"အမေရယ်၊ စက်ကို ရောင်းချင် ရောင်းပါတော့" ဟု မာန်လျှော့စကား ပြောမိသည်။

"သား၊ ယောကျ်ား မဟုတ်ဘူးလား" တဲ့။

သည်စကား တစ်ခွန်းတည်းဖြင့် ယိုယွင်းပျက်ပြားနေသော ကျွန်တော့် နောက်တွင်၊ ကျွန်တော့် အသည်းနှလုံးတွင် အမေဟူသော အုတ်တံတိုင်းကြီး ရှိနေသားပဲ။ ရှိသမျှ ခွန်အားကုန် ထုတ်ကာ ပုံနှိပ်စက်ကလေး ပြုတ်မသွားအောင် ကျားကုတ်ကျားခဲ ကြိုးစား ခဲ့ရသည်။ တစ်နှစ်လောက် ကြာမှ ပုံနှိပ်စက်ကို လုပ်ငန်း၏ အကျိုးစီးပွားကို ကျွန်တော်တို့ မိသားစု ခံစားလာရသည်။ ဝင်ငွေက တစ်အိမ်လုံး၏ စားဝတ်နေရေးကို ထိန်းသိမ်းနိုင်လာ၏။ အမေ့ အပြုံး အရယ်လေးများကိုလည်း မြင်လာရသည်။ အမေ့ အပြုံးက အင်အားကို ဖြစ်ပေါ်စေသည်။

အစ်မ ဘွဲ့ရသည်။ ဘွဲ့ရ အလုပ်လက်မဲ့ ဘဝနှင့် တလည်လည်နှင့်။ ဆောက်လုပ်ရေးစီမံကိန်း တစ်ခုတွင် အလုပ်ရတဲ့ နှစ်တွင် အစ်မ အိမ်ထောင်ပြုသွားသည်။ အမေ မချိပြုံး ပြုံးနေ၏။ အမေ့ ရင်ထဲမှာ မချိတင်ကဲ ဖြစ်ကျန်ရစ်ခဲ့သည်။ ကွယ်ရာမှာ အမေ မျက်ရည်သုတ်ခဲ့၏။

ပညာတတ် သမီးကြီးကို အားကိုးအားထား ပြုကာ အငယ်တွေရဲ့ ပညာရေးကို ပျက်မသွားအောင် လုပ်မည် ဆိုသည့် အမေ့ရည်ရွယ်ချက်များ တစ်စစီ ပြိုကွဲသွားခဲ့ပြီထင့်။

ထိုစဉ် အမေ့ရင်ထဲ ဘယ်လို ခံစားခဲ့ရမှန်း ကျွန်တော် သိသည်။ ညှိုးငယ်နေသော အမေ့မျက်နှာကို ကြည့်ကာ တက်တခေါက်ခေါက် လုပ်နေမိသည်။

"အစ်မ တစ်ကိုယ်ကောင်း သိပ်ဆန့်တယ်ဗျာ။ ကျွန်တော်တို့ ညီအစ်ကိုကို မင့်ချင်ရင်တောင် အမေ့ကို သနားသင့်တယ်"

အစ်မ ရုံးတက် လက်မှတ်ထိုးသည့်နေ့က ကျွန်တော် အစ်မကို ထိုသို့ ပြောမိသည်။ အစ်မ မျက်ရည်ဝဲနေ၏။ အစ်မ အိမ်ခွဲ ဆင်းသွားသည့်နေ့က အမေသည် ကျွန်တော့်တို့ ညီအစ်ကိုကို ဖက်၍ငိုသည်။ မငိုမိအောင် တင်းထားသည့် ကြားက မျက်ရည်တစ်ပေါက် စီးကျသွားသည်။

"မငိုပါနဲ့ အမေရယ်။ ညီလေး ဆေးတက္ကသိုလ် တက်ခွင့်ရလို့ ကျောင်းစရိတ်က ပူစရာ လိုတော့ပါဘူး။ ပုံနှိပ်စက်လေးက အကျိုးဖြစ်ထွန်းနေပြီပဲ။ ကျွန်တော်လည်း ကြိုးစားမှာပါ။ နေ့ရောညရော့ စက်ကို မရပ်ဘဲ ကျွန်တော် ငွေရှာမှာပါ"

"အမေ့သားကြီးအတွက် စိတ်မကောင်းတာပါ။ မင်း အစ်မ ကျောင်းပြီးသွားတော့ သားကြီးကို ကျောင်းဆက်တက်ခိုင်းမလို့။ အမေစိတ်ကူးခဲ့တာ။ ခုတော့..."

"ဩော်... အမေရယ်၊ အားလုံးအတွက် သား ကျေနပ်ပါတယ်"

စိတ်ကူးထဲက တက္ကသိုလ်ကို ကျွန်တော်ခြေချချင်သည်။ ပညာတတ်ကြီးတစ်ဦးလည်း ဖြစ်ချင်ပါသည်။ သို့သော် ညီလေး တာဝန်က ရှိသေးသည်ပဲ။ ခုခေတ် ဆေးကျောင်းသားတစ်ဦး၏ စရိတ်သည်လည်း သေးလှသည်မှ မဟုတ်တာ။

တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွား၏။ မိသားစုပိုင် ပုံနှိပ်စက် တစ်လုံးမှ နှစ်လုံး ဖြစ်လာခဲ့သည်။ အခန်းငှား ဘဝမှ

"အစ်ကို၊ အစ်ကိုရယ်၊ တံခါးဖွင့်ပါဦး"

တံခါးထုအော်သံကြောင့် အတွေးလေးများဖြင့် ငြိမ်သက်နေသော ကျွန်တော် အတွေးရေလျှဉ်ကြောမှ လန့်နိုးသွားသည်။ ပိတ်ထားသော တံခါးကို အလျင်အမြန် ဖွင့်ပေး လိုက်၏။ ညီလေးက ဆေးသေတ္တာလေးကိုချကာ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

နာရီကြည့်တော့ ၄ နာရီ ခွဲနေပြီ။

"ဘယ်လိုနေလဲ ညီလေး။ လူနာ အခြေအနေ ကောင်းရဲ့လား"

"လေဖြန်းတာပါ အစ်ကို။ ကျွန်တော် အတတ်နိုင်ဆုံး ပြုစု ကုသပြီး ဆေးရုံ ပို့ခိုင်းလိုက်တယ်။ လူတွေကလည်း မတည့်စဲ့ အစာဆိုရင် သိပ်ကို စားချင်ကြတာ။ ဆေးလိပ် မသောက်ပါနဲ့၊ အင်္ဂန် လျှော့စားပါ ဆိုတော့လည်း နားမထောင်။ သွေးတိုးက အိုဗာ ဖြစ်နေတာ။ အဲဒါ နေ့လယ်က အုန်းနို့ခေါက်ဆွဲ စားတယ်တဲ့လေ။ နှလုံးသွေးကြောပိတ်ပြီး ဦးနှောက်ကို ထိသွားရင် မလွယ်ဘူး"

ညီလေးကို ကြည့်ရတာ ပင်ပန်း နွမ်းနယ်နေ၏။ သူ့အတွက်ကြောင့် သောက်လက်စ ဆေးလိပ်ကိုပင် လွှင့်ပစ်ရမလို၊ ခွက်ထဲ ထိုးချေပစ်ရမလို ဖြစ်သွားရသည်။ ကျွန်တော့်ကို ဆေးလိပ် မသောက်ဖို့ အကြိမ်ပေါင်းမနည်း ညီလေး ပြောခဲ့ဖူးသည်။

"ကဲ... ကဲ ညီလေး ကော်ဖီ သောက်ဦးမလား။ အစ်ကို ဖျော်ပေးမယ်လေ။ အမေတော့ ခုနကပဲ အိပ်ရာထဲ ဝင်သွား

စက်အတွက် အခန်းပိုင် ဝယ်နိုင်လာခဲ့သည်။ ပုံနှိပ်လောကတွင် ကျွန်တော့်နာမည် တစ်လုံးနှင့် ရပ်တည်လာနိုင်သည်။

ဆံပင်များက ဟိုတစ်ချောင်း သည်တစ်ချောင်း ဖြူလာခဲ့၏။ အစ်မသည် စောစောပိုင်းက ကျွန်တော်နှင့် မျက်နှာချင်း မဆိုင်ရဲ။ တာဝန်မကျေခဲ့သော သူ့အဖြစ်ကို တွေးရင်း သွေးလန့် နေခဲ့ဟန် တူသည်။ အစ်မတွင် သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားလာသည်။

အစ်မကြောင့် ဒေါသဖြစ်ခဲ့ရသော်လည်း တူ၊ တူမများ မျက်နှာမြင်တော့ သွေးကြောင့်ထင်ရဲ့။ အငြိုးအတေးများ ပျောက်လွင့်ကုန်သည်။ အစ်မနှင့် ကျွန်တော် အပြုံးချင်းပြိုင်ကြ၏။

အမေသည် မြေးများနှင့် ပျော်နေ၏။ ကျွန်တော့်ကိုလည်း အိမ်ထောင်ပြုဖို့ တစ်ခါတစ်ခါ စကားကြောင်းသေးသည်။ "မအိုသေးဘဲ ခေါင်းဖြူနေတဲ့ ကျွန်တော့်ကို ဘယ်မိန်းမက ကြိုက်မှာတုံး အမေရယ်" ဟု အမေ့ရင်ခွင် တိုးဝှေ့ကာ ကျီစယ်မိသေးသည်။

အမေ့ရင်ခွင်က ပြောင်းလဲသွားသည်မရှိ။ အမြဲ နုပျိုလန်းဆန်းနေခဲ့သည်။ ညီသည် ဆရာဝန်ဖြစ်လာ၏။ အလုပ်ခန့်စာစောင့်ရင်း 'အကြင်နာ' ဟု အမည်ပေးထားသော ဆေးကုခန်းကလေး တစ်ခန်းကို ကျူးဇကျာ်ရပ်ကွက်လေးတွင် ဖွင့်ဖြစ်သည်။

"အစ်ကိုရယ်၊ ညီလေးဆရာဝန် ဖြစ်ခွင့်ရတာ အစ်ကို့ကြောင့်ပါ"

*

တယ်။ ဆရာဝန် အစ်ကို၊ ဆရာဝန် အမေ ဖြစ်ရတာလည်း မလွယ်ပါလား ညီလေးရယ်။ ည ည အိပ်ကောင်းချင်း မအိပ်ရနဲ့ ကြာရင် မလွယ်ဘူးထင်တယ်”

“အားကိုးတကြီးနဲ့ လာခေါ်ပြန်တော့လည်း မလိုက်လို့က မဖြစ်ပြန်ဘူး။ အစ်ကိုကို့ ညီ သိပ်နားစေချင်တာပါ။ ညီ ဆရာဝန်ဖြစ်လို့ အစ်ကို အနားရမလား အောက်မေ့တယ်။ အခုတော့ ကျွန်တော်နဲ့ အတူ ရောပြီး အိပ်ပျက်နေလိုက်တာ”

“ဘာတတ်နိုင်မှာလည်း ညီလေးရယ်။ လူတွေရဲ့ ကျန်းမာရေးကို ကြည့်ရှု စောင့်ရှောက်ခွင့်ရတာ ကုသိုလ်ရပါတယ်။ ညအချိန်မတော် လူနာ လာခေါ်လို့ မလိုက်ပြန်တော့လည်း ဒီဆရာဝန် မိသားစု စေတနာ ခေါင်းပါးလိုက်တာ။ ကရုဏာတရား ကင်းမဲ့လွန်းလိုက်တာ ဆိုပြီး ကဲ့ရဲ့ ရွတ်ချကြဦးမယ်”

“အင်းနော်”

ညီလေးက ညည်းညည်းညူညူနဲ့ ‘အင်း’ လုပ်နေ၏။ ကျွန်တော့် မျက်လုံးများက အိပ်ရာသို့ ဝင်ရမှာကို ငြင်းဆန်နေပေပြီ။

“ညီလေး အိပ်ချင် သွားအိပ်လေ။ အစ်ကိုတော့ ဒီဝတ္ထုတိုလေး တစ်ပုဒ်ကို ဖတ်လိုက်ဦးမယ်”

“မအိပ်ချင်သေးဘူး အစ်ကိုရဲ့။ အစ်ကို့ကို ကျွန်တော် ပြောရဦးမယ်။ အမေ့ကိုလည်း အစ်ကိုပဲ ကြည့်ပြောပေးဦး”

ကျွန်တော့်လက်ကို ဆုပ်ကိုင်ပြီး ခပ်တိုးတိုးပြောသည်။ သူ့ လက်ကလေးများ အေးစက်နေ၏။ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

“ဘာများလဲ ညီလေးရယ်။ အမေ့ကို ဘာများ အသိပေးစရာ ရှိလို့တုံး”

သူ မျက်လုံးများ ဝင်းလက် တောက်ပနေ၏။ ခေါင်းကလေး ညိတ်ကာ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ တော်တော်နှင့် စကားသံ ထွက်မလာ။ တစ်ခုခုတော့ တစ်ခုခုပါပဲ။ ထစ်ထစ်ငေါ့ငေါ့ တိုးတိုးညင်းညင်း ထွက်လာသည်။ ညီလေး မူပျက်နေသည်။

“ဟို... ဟို... နောက်ကား ကျော်တက်ချင်နေပြီ အစ်ကို။ သူလည်းပဲ ဆရာဝန်ပါပဲ။ အစ်ကို တွေ့ရင် သဘောကျမှာပါ။ ချောတယ် အစ်ကိုရဲ့”

ဘယ်လိုမျှ မမျှော်လင့်သောစကား။ စိတ်အနှောင့်အယှက် အကြီးအကျယ် ဖြစ်သွားရသည်။ လူပ်ရှားနေသော အသည်းနှလုံးမှ ပဲ့တင်ထပ်လာသည့် စကားလုံးများကို တည်ငြိမ်သွားစေရန် ကြိုးစားနေရသည်။

“ဟာ... အမေ့ကို ငါ ဘယ်လို ပြောရမှာတုံး။ အမေသိရင် စိတ်မကောင်း ဖြစ်ဦးမှာပဲကွာ။ အေးလေ... ဘာတတ်နိုင်မှာလဲ။ ညီလေးက ဆရာဝန်တောင် ဖြစ်နေပြီပဲ။ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် ရှိနေပါပြီကွာ”

ညီသည် ထိုင်ရာမှ ထကာ ပြတင်းပေါက် အနီးသို့ သွားရပ်နေ၏။ သူ့ ကျောပြင် ကြည့်ကာ ပင့်သက်ကို ရှိုက်မိ၏။ ညီ့ကိစ္စ အမေ့ကို ဘယ်လို ပြောရပါ့။ ရင်ထဲတွင် တိုးတိုးလေး စကားတစ်ခွန်း ပြောမိသည်။

"အတောင်စုံတော့ ဒီသိုက်မြဲထဲက သူလည်း ပုံချင်ရှာမှာပေါ့"

*

"ဆရာ... ဆရာရှင့်"

"ဟော... နောက်တစ်ယောက်"

ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ ညီလေးက ပြုံးစစနှင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

"ကျွန်မသားလေး ကိုယ်တွေ့ အရမ်းပူပြီး တက်နေလို့ပါ ဆရာရယ်။ ထကြည့်ပေးပါဦး"

ငိုရှိုက်သံများနှင့် ခေါ်နေသော အသံကြောင့် ချထားသော ဆေးသေတ္တာကို သူ ကောက်ကိုင်လိုက်သည်။

"ကဲ... အစ်ကို ဆရာဝန်အစ်ကိုပီပီ ထပ်ပါရမီ ဖြည့်ပေးပါဦး။ နောက်ကား ကျော်တက်ပြီးရင်တော့ အစ်ကိုလည်း ဒီဒုက္ခ ဝင့်ဆင်းရဲက လွတ်ကျွတ်သွားမှာပါ"

ညီလေးက ပြောပြောဆိုဆိုနှင့်ပင် စေ့ထားသော တံခါးကို ဖွင့်ကာ အိမ်အောက်သို့ ဆင်းသွားသည်။

"ည အိပ်ပျက်တာလောက်ကိုပဲ ဒုက္ခဆင်းရဲတဲ့လား ညီလေးရယ်။ ဘဝတစ်ခုလုံးကို ပေးဆပ်ပြီး ညီလေး ဆရာဝန်ဖြစ်ဖို့ ကြိုးစားခဲ့ရတာတွေကော... ဟင်"

ရင်ထဲက ပဲ့တင်ရိုက်နေသော စကားလုံးများကို ညီလေးကြားနိုင်မည် မထင်တော့ပါ။

❑

[ကရဏာမဂ္ဂဇင်း (၁၉၉၇-ခုနှစ်)]